

www.burmeseclassic.com
BURMESE CLASSIC .com
လမင်းမိုမို
ကောင်းခြင်းတည့်
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

ကောင်းခြင်းတည့်ခုချိန်ခါ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၄၂၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၂၉၀၈၀၈

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို

# ကောင်းခြင်းတည့်
# ချစ်နှိုခါ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







## ၁

ခိုက်သည် အားနာပါးနာ ပါလာပြီးမှ ပင်လုံနှင့် လိုက်လာခဲ့မိတာ မှားပြီလားလို့ တွေးရင်း စိတ်ကလေး ကျဉ်းကျပ်နေပါသည်။ ပထမ ငြင်းတော့ငြင်းသေးတာပဲ။ သူက အတင်းခေါ်နေတော့ ကြာတော့ အားနာလာပြီး လိုက်လာခဲ့မိတာပါ။

တကယ်ဆိုတော့ ဒီရန်ကုန်မှာမို့ ခိုက် ပိုပြီး ဆင်ခြင်နေမိတာပါ။ ဗန်ကောက်မှာတုန်းက အတူတူသွားလာ အအေးဆိုင်ထိုင်ဖူးခဲ့ပြီးသားပဲ မဟုတ်လား။

"မမခိုက်"

"… …"

"ချမ်းနေလား၊ အဲကွန်းပိတ်ပြီး မှန်ဖွင့်ပေးရမလား"

"အင် …၊ ရပါတယ်၊ ကိစ္စမရှိပါဘူး ပင်လုံ မချမ်းပါဘူး"

"မမခိုက် ငြိမ်ပြီး ဘာသံမှမထွက်လို့ ချမ်းနေလားလို့"

www.burmeseclassic.com

www.burmeseclassic.com



အပြုံးကလေးမှာ သွားတက်ကလေးနှစ်ဖက်နှင့် ကလေးဆန်ဆန်လိုလို ညုတုတုလေးလိုလို ဖြစ်နေတဲ့ ပင်လုံ့မျက်နှာကို ဖျတ်ခနဲသာ တစ်ချက်ကြည့်ပြီး ဆက်ကြည့်မနေရဲဘဲ မျက်နှာပြန်လွှဲလိုက်ရင်း ...

"ဩော် ... ဟိုဟာပါ၊ ဆိုင်ကို သူငယ်ချင်းတစ်ယောက်လာမယ် ချိန်းထားတာ သတိရလို့ပါ၊ မ,တို့ မြန်မြန်လေးတော့ ပြန်ရအောင်နော် ပင်လုံ"

"ဗိုး ... မမခိုက်ရယ်၊ ခုမှ ထွက်လာတယ်ဆိုရုံပဲ ရှိသေးတယ်၊ ဆိုင်တောင်မရောက်သေးဘူး၊ မြန်မြန်ပြန်ရအောင်တဲ့"

"ခဏတော့ ရပါတယ်"

ပင်လုံ ပြုံးစိစိလေး ကျိတ်ရယ်နေတာကို ခိုက်သိပါသည်။ အင်း ... ခိုက်ပုံစံက ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်လှတဲ့ တကယ့်အပျိုကြီး အဘွားကြီးပုံ ပေါက်နေပြီလား။ ကိုယ့်ထက် လေးနှစ်ငယ်တယ်လို့ သိထားရတဲ့ ပင်လုံ့နံဘေးမှာ အခုထက် ပေါ့ပါးသွက်လက် တက်ကြွတဲ့ပုံစံမျိုးလေးနှင့်တော့ နေချင်သည်။

ဒါပေမဲ့ အဲဒီ ပေါ့ပေါ့ပါးပါးပုံစံက ဓာမင်တကာ လုပ်ယူထားတာလို မပေါ့မပါးကြီး ဖြစ်နေရင် ပိုဆိုးမည်။ ကိုယ်ယူထားတဲ့ ဟန်ပန်နဲ့ ကိုယ့်ပုံစံက အံဝင်ခွင်ကျဖြစ်မှ မဖြစ်ရင် လူဟာ ကိုးရိုးကားရား အထာမကျနှင့် ဟားချင်စရာကြီး ဖြစ်တတ်တာ။





အသက်သုံးဆယ်တွင်း ဝင်လာကာစက စ,ပြီးကိုယ့်ကိုယ်ကိုယ် သတိထားမိလာတာတွေ များများလာသည်။ ဒီဆံပင်ငါနဲ့လိုက်သေးရဲ့လား၊ ဒီအင်္ကျီပုံက ငါ့အသက်နဲ့ ကလက်နေပြီလား၊ ရယ်မောတာကအစ စကားပြောတာကအစ ဟန်မူရာနဲ့ အသက်အရွယ် လိုက်ဖက်ကိုက်ညီရဲ့လားလို့ အမြဲ အလုပ်ရှုပ်ခဲ့သွားနေမိတော့တာပင်။

ဘာကြောင့်လဲဆိုတော့ ခိုက်ရဲ့မျက်စိရှေ့တွေမှာပဲ ကိုယ့်အရွယ်နဲ့ မလိုက်ဖက်တဲ့ အဝတ်ကိုဝတ်၊ ကိုယ့်အရွယ်နဲ့ မလိုက်ဖက်တဲ့ ဟန်ပန်မူရာနဲ့ ကိုယ့်အရွယ်နဲ့ လုပ်ဖို့မသင့်တော့တဲ့ ဆံပင်ဆေးဆိုးတာ၊ ကျစ်ဆံမြီးချည်တာ၊ ဗိုက်ဖော်ချက်ဖော်တွေ လုပ်ထားပြီး အကြည့်ရဆိုးနေတဲ့ မိန်းမတွေ အများကြီးတွေ့နေလို့ပါပဲ။

ခုခေတ်ကြီးမှာ မိန်းမတွေဟာ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ခြယ်သ, လှအောင်နေလာကြတာ ဟိုအရင် ခိုက်တို့ ငယ်ငယ် အပျိုဖြန်းခေတ်ကထက် ပိုကဲလာကြသည်။ မိန်းမတချို့ရဲ့ ကိုယ့်အတွက် ဝတ်စားဆင်ယင် အလှပြင်မှုစရိတ်ဟာ (တစ်လအတွင်းမှာ) အိမ်ရဲ့မီးဖိုချောင်စရိတ်ထက်တောင် သာလွန်လာကြပါသတဲ့။

တချို့ကလည်း အရွယ်နဲ့ညီညီ ဆင်ယင်သည်။ တချို့က ကိုယ့်အသက် ကိုယ်အားမနာ မထော်မနန်း ဆင်ယင်သည်။ အောက်ဘက်ကြည့်တော့ ဆယ်ကျော်သက်နဲ့ နှင်းထား



www.burmeseclassic.com

www.burmeseclassic.com



ငါလား၊ မျက်နှာကြည့်တော့ အရေးအကြောင်းတွေ ကျိုးခြေတွေနဲ့ ဖြစ်နေတတ်သည်။

အဲသလို ဖြစ်နေကြတာချင်း အတူတူ အိမ်ထောင်သည်အအိုတွေ အဲသလို ပြင်ထားရင် "ဟင် ... သူ့အရွယ်ကြီးနဲ့" ဆိုတာထက်ပိုပြီး အတင်းဆိုလို့ မရ။ ခိုက်တို့လို အပျိုကြီးတွေ အဲသလိုကြီး မထော်မနန်း ပြင်ထားရင်တော့ "ယောကျ်ားလိုချင်နေလို့ သရဲမရဲ ပြင်ဆင်ရှိုးထုတ်နေရတာ"ဆိုတဲ့ သဘောပါ သက်ရောက်တတ်သည်။

ဒါကြောင့် ခိုက်ဟာ ပြုပြင်ဆင်ယင်မှုကို သတိထားသည်။ ပြီးတော့ ဟန်ပန်အမူအရာကိုလည်း သတိထားသည်။ အဲဒါအပြင် အနေအထိုင် အသွားအလာ အပြောအဆိုတွေကိုပါ သတိထားပါသည်။ အဲလို သတိထားထိန်းလွန်းပြန်တော့ သူငယ်ချင်း(အအို)တွေက ...

"ခိုက်ရယ် ... နင့်ပုံစံကလည်း ငါတို့ အအိုတွေထက်တောင် အဘွားကြီးပုံ ပိုပေါက်နေပြီ"တဲ့။

"အဘွားကြီးပုံ ပေါက်တာက တော်သေးတယ်၊ ကိုယ်နဲ့ မအပ်စပ်တော့တဲ့ပုံမျိုး ပြုပြင်ထားမိတာက ပိုဆိုးတယ်၊ ငါက အဲဒါကို ပိုရှက်တယ်၊ နင်တို့ပဲ နအောင်ပြင်ကြပါ၊ ငါ့မှာ အိုရုပ်ပေါက်လို့ ပစ်သွားမယ့်ယောကျ်ား မရှိဘူး၊ အေးဆေးပဲ"

ခိုက်က အနိုင်မခံ အရှုံးမပေး ပြောရသည်။





တစ်ခုခု လုပ်မိပြီးရင် "လူပြောစရာများ ဖြစ်နေမလား"တွေးတော စိတ်မသက်သာတတ်သည်မှာ ခိုက်ရဲ့ အကျင့်ဖြစ်နေပြီ။ ခုလည်းပဲ ခိုက်တွေးနေသည်မှာ ပထမဆုံးအကြိမ် ပင်လုံနဲ့ အပြင်ကို ကော်ဖီသောက်ဖို့ဆိုပြီး လိုက်လာမိသည်မှာ မှန်ရဲ့လား။ မှားသွားလား။ ဒီကောင်လေး ဘယ်လိုထင်မလဲ။ ဒီအပျိုကြီး လိုက်လျောတယ်ဟာလို့များ တွေးနေမလား။ စိုးရိမ်မကင်း ဖြစ်ရသည်မှာ ရင်တောင်မောလာသည်။

တကယ်တော့ ပင်လုံ ဆိုတဲ့ ကောင်ကလေးနှင့် ခသိတာ တစ်နှစ်နီးပါးလောက်တော့ ရှိပါပြီ။ မြန်မာပြည်ကလူချင်း ပထမဆုံး ဆုံစည်းကြသည်မှာ ဇန်ကောက်မှာ။ ကိုယ်လည်း ကိုယ့်ဆိုင်အတွက် အဝယ်ထွက်တာ။ သူလည်း သူ့ဆိုင်အတွက် အဝယ်ထွက်လာတာ။ မတော်တဆ တစ်နေရာမှာဆုံကြ မြန်မာမှန်းသိကြကာ စကားပြောဖြစ်သွားတဲ့ သိကြပုံမျိုးနဲ့ပါ။

သို့ပေမယ့် အမြဲသတိထားတဲ့ ခိုက်က အဲဒီတုန်းက ပင်လုံ့ကို ကိုယ့်ဆိုင်အမည်တောင်မှ ပြောမပြဖြစ်ခဲ့သေးပါ။ နာမည်နဲ့ ဖုန်းနံပါတ်လောက်ပဲ အချင်းချင်းသိကြတာဖြစ်သည်။ ရန်ကုန်ပြန်ရောက်ကြတော့ ပင်လုံ့ထံက ဖုန်းတွေလာပေမယ့် ခိုက်က ဖွင့်မကိုင်ခဲ့ပါ။

ကိုရီးယားပုံ ဆံပင်ပုံဆန်း အချွန်အမျှင်လေးတွေနဲ့။ ကိုယ်တိ Body fit အင်္ကျီဆန်းဆန်းလှလှတွေနဲ့ ဘောင်းဘီ၊ ခါးပတ်၊ ဖိနပ်၊ လွယ်တဲ့အိတ်၊ ဦးထုပ်မကျန် အမျိုးသားဖက်ရှင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်ပီပီ စတိုင်ကျ ကြည့်ကောင်းနေတဲ့ ကိုယ့်ထက်လည်း ငယ်ရွယ်တဲ့ ကောင်ကလေးတစ်ယောက်ဟာ ခိုက် အရောဝင်အဖွဲ့ကျရမည့်သူ မဟုတ်ပေဘူးလို့ ဆုံးဖြတ်ခဲ့လို့ပင်။

သို့သော် ရန်ကုန်မြို့လယ်ကောင်ကြီးမှာ ဘွားခနဲ ဆိုက်ဆိုက်မြိုက်မြိုက် တဲ့တဲ့တိုးလိုက်တဲ့အခါမှာတော့ ...

"မမခိုက် ဖုန်းတွေ ဘာလို့မကိုင်တာလဲ"ဆိုတဲ့ ရန်တွေ့စကားနဲ့ တ္တရင်းတနီး စိတ်တွေတို စိတ်တွေကောက်နေတဲ့ ပင်လုံ့ကို မသိချင်ယောင် ဆောင်လို့မရခဲ့ပါ။

"ပင်လုံ့ဖုန်းမှန်း မသိလို့ပါကွယ်၊ ပင်လုံ ရေးပေးလိုက်တဲ့ စာရွက်လေးက ပျောက်သွားတယ်ကွ၊ မ,က ကိုယ်မသိတဲ့ နံပါတ်ဆိုရင် ဖုန်းမထူးတတ်လို့ပါ"

အလိုက်သင့်လေး လိမ်ညာတောင်းပန်ရပါသည်။ အဲဒီနေ့ကလည်း ခိုက်က အမှတ်တမဲ့ မျက်ခြည်ပြတ်မည် ကြံပေမယ့် ပင်လုံက ပါးပါးနပ်နပ် ကားနံပါတ်ကိုလည်းမှတ်၊ နောက်ကလည်း ခိုက် မသိအောင်ပါလာ။ အသစ်ထပ်ရေးပေးလိုက်တဲ့ ဖုန်းနံပါတ်နဲ့ အဲဒီညပဲ ဖုန်းဆက်။ မကြာခင်မှာပဲ "ချမ်းခိုက်ခိုက်" ဆိုတဲ့ ခိုက်ဟာ ရန်ကင်းစင်တာ၊ ဒဂုံစင်တာနဲ့ ဂျန်ရှင်အိတ်တို့မှာ "Fascination"ဆိုတဲ့ နာမည်နဲ့ အမျိုးသမီးအသုံးအဆောင် အဝတ်အထည် ဖက်ရှင်ဆိုင် ဖွင့်ထားတဲ့အကြောင်း သူသိသွားပါသည်။

အဲဒီရဲ့နောက်တော့ ...။





ခိုက်ဟာ စုံတွဲတွေမှာ ယောကျ်ားလေးက ငယ်တာကို လုံးလုံးမကြိုက်တာပါ။ ဒါကြောင့်လည်း ပင်လုံ့ကို ကွေ့ကောက်လိမ်ပတ်ပြီး ရှောင်ဖယ်ဖို့ လ,ပေါင်းများစွာ ကြိုးစားခဲ့သည်။ ခိုက်ကို ဟိုလူနဲ့စပ် ဒီလူနဲ့ဟပ် အုပ်ထိန်းသူတွေအလား အိမ်ထောင်ရက်သား ချပေးချင်ကြတဲ့ သူငယ်ချင်းများကိုတောင် ပင်လုံ့အကြောင်း ယောင်လို့တောင် မဟ,ခဲ့ပါ။

သို့ပေမဲ့ ပင်လုံ ဆိုတဲ့ ကောင်ကလေးဟာ လွယ်လွယ်နဲ့ လက်လျှော့သူမှ မဟုတ်ခဲ့ဘဲ။ ခိုက် ဗန်ကောက်သွားရင် အတူတူ အဖော်ပြုမြဲဖြစ်တဲ့ Winnie Fashion ဆိုင်ရှင် မဝင်နီနဲ့ သူက ချိတ်ဆက်မိအောင် ကြိုးစားရင်းနီးမှု ရယူလိုက်တာမှ နောက်ဆုံးနှစ်ခေါက်မှာ ခိုက်တို့ထွက်မယ့်ရက်နဲ့ ကိုက်ညှိပြီး သူပါအတူ သွားဖြစ်အောင် စီစဉ်ဖန်တီးတော့တာပါပဲ။

လေဆိပ်ရောက်မှ ပင်လုံ့ကိုတွေ့တဲ့ ပထမတစ်ခေါက်မှာ ခိုက်ဟာ မဝင်နီကို စိတ်တွေတိုကာ ထုရိုက်ရသည်။ မမဝင်နီဟာ အသက်လေးဆယ့်နှစ်နှစ်ရှိတဲ့ အပျိုကြီး။ မျက်နှာလှလှလေးနှင့် ခန္ဓာကိုယ်ဝဝလေး ပိုင်ဆိုင်ကာ ခေတ်ဆန်ဆန် လူဝင်ဆန့်ဆန့် ပျော်ပျော်နေတတ်တဲ့ အစ်မကြီး ...။

အင်း ...။ ပြောရရင် မဝင်နီကြောင့် ပင်လုံနှင့်ပိုပြီး ခပ်မြန်မြန် ရင်းနှီးခဲ့ရပြန်သည်။ ပင်လုံကလည်း ခင်မင်နှစ်လိုဖွယ် ကောင်းတာတော့ အမှန်ပါပင်။ သူနှင့် ခရီးသွားရတာ စိတ်ချမ်းသာပြီး လူသက်သာရပါသည်။ ဗန်ကောက်မှာတော့ ခိုက်လည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းပိုပြီး ရင်းနှီးရန် ရဲတင်းလေရာ ရင်းနှီးသောမိတ်ဆွေများ ဖြစ်ခဲ့လေတယ်ပေါ့။

ဟိုကျတော့ ဝတ်စားဆင်ယင်တာကိုကလည်း ဒီမှာလို မြန်မာဆန်ဆန် မိန်းမဆန်ဆန်ကလေး မဟုတ်ဘဲ သွားရလာရ တိုးရ ခွေ့ရ တန်းစီရ သယ်ပိုးရ လွယ်ကူအောင် အများနည်းတူ Jean ကိုပဲ တစ်ဝက်တွေ၊ စကပ်တွေ၊ ကွာတားတွေဝတ်ဖြစ်နေတယ်လေ။ ဒီတော့ လူကလည်း ပိုပြီးပေါ့ပါးသွက်လက်သလိုဖြစ်မိကာ ဒီမှာလို တစ်စုံတစ်ရာက နှစ်ယောက်ရဲ့ ခင်မင်မှုအကြား တင်းကျပ်ခုခံမနေခဲ့။

ဒါပေမဲ့ ဒီပြန်ရောက်ရင်တော့ ခိုက်က အလိုအလျောက် ခပ်တည်တည် ခပ်တန်းတန်းကလေး ပြန်ဖြစ်သွားပြန်ရောပင်။ ခုချိန်ထိ ရန်ကုန်မြို့မှာတော့ ပင်လုံနဲ့ခိုက်တို့ တစ်ကြိမ်မှ အတူတကွ အပြင်မထွက်ဖူးခဲ့သေးကာ ခုမှ ဒါပထမဆုံးတစ်ကြိမ်။

ဒဂုံစင်တာ၊ ရန်ကင်းစင်တာတို့မှာ ဆိုင်ခန်းရောင်းဖို့ ငှားဖို့ရှိလာရင် သူ့လိုချင်တာမို့ လက်တို့လိုက်ပါလို့ ပင်လုံက မှာထားတာမို့ ဒဂုံစင်တာက ခိုက်ရဲ့အသိဆိုင်တစ်ဆိုင်က ပြန်ငှားမည်ဆိုတဲ့အခါ ပင်လုံ့ကို လှမ်းအကြောင်းကြားဖြစ်ခဲ့ပါသည်။ ဒီနေ့ ပင်လုံက အဲဒီဆိုင်ခန်းကို လာကြည့်ပြီး စကားနည်းနည်းလာပြောတာ။ ကိစ္စပြီးသွားတော့ သူ့ကို ဆိုင်ခန်းခေါ်ပြတာကျေးဇူးတင်တဲ့အတွက် ကော်ဖီတိုက် မုန့်ကျွေးပါရစေလို့ ဇွတ်ကိုဇွတ်ပဲ ပူဆာလွန်းမက ပူဆာတဲ့အခါ ...။





ပထမဆုံးအကြိမ်အဖြစ် ပင်လုံနဲ့ အပြင်ကိုလိုက်ခဲ့မိတာ။ မှားများမှားသလား၊ မှားများမှားသလားနဲ့ တထင့်ထင့်တွေးနေမိသည်မှာ ပိုလွန်းတယ်လို့တော့ မထင်စေလို။ ခိုက်မှာ ယောကျ်ားသနာနဲ့ ပတ်သက်တဲ့ အတွေ့အကြုံဆိုတာ တကယ်မရှိခဲ့တာ။ ဒီ ပင်လုံက ရိုးရိုးမိတ်ဆွေ ဆိုရင်တော့လည်း ဘာအရေးလဲ။

ခုတော့ သူက "ချစ်တယ်" လို့ မပြောရသေးရုံတမယ်။

"မမခိုက် ကျွန်တော် အရမ်းသတိရနေလို့ ဆိုင်ကို ခဏလောက် လာခဲ့မယ်နော်" လို့ ဖုန်းဆက်တာမျိုး။ ညနေဘက် ညဘက်တွေ နေ့စဉ်နဲ့အမျှ မပျက်မကွက် ဖုန်းဆက်တိုင်းလည်း အနှောင့်အသွားမလွှတ်လှတဲ့ စကားတွေနဲ့ ချွဲတတ် ညာတတ်တာမျိုး။ တော်ကြာ စားစရာသောက်စရာလေး၊ တော်ကြာ ပန်းစည်း ပန်းပွင့်လေး ဆိုင်ကို ယူယူပြီး ရောက်လာတတ်တာမျိုး။

ခိုက်ရဲ့ဆိုင်က ဝန်ထမ်းကောင်မလေးတွေဆိုရင် လူငယ်တွေပီပီ အကင်းပါးပါး ရိပ်မိသိရှိပြုံးစိနေတတ်ကြတာ။ ဒဂုံစင်တာ၊ ရန်ကင်းစင်တာ၊ ဂျန်ရှင်အိတ်တို့က ဆိုင်သုံးဆိုင်စလုံးက ဝန်ထမ်းလေးတွေ အားလုံးနဲ့တောင် သူ ခင်နေပြီ။ ခိုက်ဒီဆိုင်မှာမရှိ ဟိုဆိုင် ရှာဖွေပြီး လိုက်လာတတ်လွန်းလို့လေ။

အဲဒီတော့ သူ ဘာမှဖွင့်မပြောရသေးလည်းပဲ ခိုက်ရော၊ ပြိုင်တူလိုခင်ရတဲ့ မမဝင်နီရော ခိုက်ရဲ့ကောင်မလေးတွေရောဟာ ခိုက်ကို ပင်လုံ ချစ်ခင် မြတ်နိုးနေတယ်ဆိုတာ အားလုံး သိနေကြပါပြီ။



www.burmeseclassic.com

ပင်လုံဟာ ခိုက်ကို ဂရုစိုက် ယုယလှသူပါ။ မမခိုက်နှင့် ခိုက်မျက်နှာတင်းရင်လည်း ပျာယာခတ် ကြောက်တတ်လှသူပါ။ ခိုက်ဟာနှင့် ခိုက်သာ ကိုယ့်ထက်ငယ်တဲ့သူတစ်ယောက်ကို သံယောဇဉ်တွယ်ရမှာ စိုးကြောက်ရွံ့နေတာဖြစ်ပေမယ့် ပင်လုံ ခိုက်ကို တကယ်ချစ်ရှာတယ်လို့တော့ ယုံကြည်နေမိတာပင်။

ခုထိ သူ ဖွင့်မပြောဖြစ်သေးတာဟာလည်း ခိုက်ကို လန့်လို့ ရှိန်လို့ဆိုတာ ခိုက်သိသည်။ အခွင့်သာတာနှင့် ဖွင့်ပြောခွင့်ရဖို့ အမြဲတမ်း အခြေအနေ အချိန်အခါကောင်းကို သူချောင်းနေတာ ခိုက်သိနေခဲ့ပါသည်။

"မမခိုက်"

"အင်"

"စကားတွေ များလွန်းလို့ နားတွေငြီးလိုက်တာဗျာ"

"..."

"ခေါင်းကြီးက ဘာဖြစ်လို့ တစ်ချိန်လုံး ဟိုဘက်ကိုလှည့်နေတာလဲ၊ ဟိုဘက်မှာ ဖြတ်သွားတဲ့ ကားတွေပဲရှိတာ၊ ဘာစိတ်ဝင်စားစရာရှိလို့လဲ မမခိုက်"

"မ, တွေးနေတာပါ"

"ဘာတွေ နေပြန်ပြီလဲ"

"ဟိုလေ၊ ခုနေ မ,ရဲ့သူငယ်ချင်းတို့ ဆွေမျိုးတို့ တစ်ယောက်ယောက်နဲ့ ရင်ဆိုင်တိုးရင် ဒုက္ခပဲလို့"





"ဘာဒုက္ခရှိလဲ မမခိုက်ကလည်း၊ ကိုယ့်မိတ်ဆွေအပေါင်းအသင်းနဲ့ ကိုယ်သွားတယ်၊ လာတယ်၊ ဘာဖြစ်လဲ၊ မမခိုက်က ကလေးလေးလည်း မဟုတ်ဘူး၊ ကိုယ့်စီးပွားရေး ကိုယ်ဦးဆောင်လုပ်နေတဲ့ ရင့်ကျက်တည်ငြိမ်တဲ့ လူကြီးတစ်ပိုင်းအရွယ်လေ၊ သူများမသိအောင် ခိုးထွက်တာမဟုတ်လို့ သူများတွေ တွေ့မှာကို ကြောက်စရာ မလိုပါဘူး"

"ဒါပေမဲ့ မ,က ဘယ်သူနဲ့မှ ဒီလိုသွားလာတာ မဟုတ်ဘူး"

"တခြားသူမှ မဟုတ်တာ၊ ကျွန်တော်ပဲဟာ"

"ပင်လုံ မ,အကြောင်း သေချာမသိသေးလို့ပါ၊ မ,က ယောကျ်ားလေးမိတ်ဆွေလည်း သိပ်ခင်ခင်မင်မင် ထားတာမဟုတ်တော့ လူတွေက တွေ့ကြရင် ..."

"မမခိုက် အကြောင်း သေချာသိတယ်၊ အဲဒါက အရင်က၊ အခုက ကျွန်တော်နဲ့ တွေ့နေပြီလေ"

ခိုက်က ပင်လုံ့ကို မျက်စောင်းလေး မရွယ့်တရွယ်

...

"ပင်လုံနဲ့တွေ့တော့ ဘာထူးလို့လဲ"

"ထူးတာပေါ့၊ ကျွန်တော်က မမခိုက် အတွက် တခြားယောကျ်ားမဟုတ်ဘူး"

ခိုက်သည် ထပ်ကွန့်မပြောရဲပေ။ ကိုယ့်စကားက ...ဆင့် နင်းတက်စရာ အထစ်ကလေး ဖြစ်သွားမှာစိုးသည်။ ...နှစ်ငယ်သည် ဆိုတာဟာလည်း အတော်ကွာတာပဲ။ လေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်စာ ကလေးလုပ်လို့ရတဲ့သဘော။ လုပ်ချင်ရာလုပ် ပြောချင်ရာ ပြော လေးနှစ်စာ ပိုတင့်တယ်တာပေါ့။

"မမခိုက်"

"……."

"မမခိုက်"

ခိုက်သည် ပင်လုံ ဘာများရှေ့တိုးပြောမလဲလို့ ရင် ဖိုနေပြန်ကာ ထူးတောင်မှ မထူးရဲဘဲ ဟိုဘက်ကိုပဲ ပေပြီးလှည့် နေသည်။

"မမခိုက် လူတွေမြင်မှာ စိုးရိမ်ရင် လူများတဲ့နေရာ မသွားဘူးနော်၊ Hotel တစ်ခုခုက ကော်ဖီဆိုင် သွားလိုက် မယ်၊ အဲဒါဆိုရင် လူရှင်းတယ်"

ခိုက်က အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။ သူကလေးဟာ ခိုက် ကျေနပ်အောင်လည်း အမြဲအလိုလိုက်တတ်ရှာ ပါသည်။ မကြာခင်မှာတော့ ပင်လုံက သူ့ကားကို Summit ဟိုတယ်ဝင်းထဲ ချိုးကွေ့ချလိုက်ပါသည်။ ကားသော့ပိတ်ပြီး ပင်လုံနှင့်အတူ ဟိုတယ်ထဲ တွဲလျှောက်လာရင်း ခိုက်သည် ခြေ လှမ်းများမလိုလို ရှက်တက်တက် ဖြစ်နေမိပါသည်။

"မမခိုက်"

"အင်"

"နည်းနည်းလေး စောသေးပေမယ့် ဗိုက်ပြည့်တာတစ်ခုခု စားမလား"





"ဟင့်အင်း … ကော်ဖီပဲ သောက်တော့မယ်"

ပင်လုံ့ နောက်ကပါလာပြီး ဟိုတယ်ရဲ့ကော်ဖီဘား ထဲ ထိုင်မိကြပါသည်။ ကော်ဖီနှစ်ခွက်နှင့် ချောကလက်ကိတ် တစ်တုံး မှာပြီးတဲ့နောက် ခိုက်ဟာ ဟိုဟိုဒီဒီ မသိမသာ မျက်စိဝေ့ ကြည့်မိသေးသည်။ ဒီလိုနေရာထဲမှာ အသိမိတ်ဆွေတွေနဲ့ တွေ့ ရင် ခဲတော့ခဲယဉ်းပေမယ့် မပြောနိုင်ဘူးလေ။ တိုက်ဆိုင်မှုနှင့် လူ သိ … ရှိနေမှာစိုးတာ။

တကယ်တော့ ပင်လုံဟာလည်း ကိုယ်နဲ့တွဲပြီး လူ မြင်မခံနိုင်စရာ အကြောင်းမရှိတဲ့ လူရည်သန့် အဆင့်အတန်းရှိသူ တစ်ယောက်ပါပဲ။ ခိုက် ဘာသာ အပျိုကြီးလေးပီပီ ရှက်အွန့်တုန့် ဖြစ်နေတာ။ ကိုယ့်ထက်ငယ်တဲ့ လူရွယ်လေးတစ်ယောက်နှင့် တွဲထိုင်နေတာ လူသိတွေတွေ့ရင် ဘယ်လိုများ ဝေဖန်စကားဆို မလဲ၊ ကြံကြံဖန်ဖန် လျှောက်တွေးနေမိတာ။

ပင်လုံ့ရဲ့ မျက်တောင်မခတ်တမ်း ကြည့်နေတဲ့ တောက်ပရွှန်းဖြာတဲ့ မျက်ဝန်းများကြောင့်လည်း မြင်တဲ့လူက တွဲကလေးလို့ပဲ ထင်ချင်စရာပင်။ ကိုယ့်ဟာနဲ့ကိုယ် မနေတတ် မထိုင်တတ် ရှက်ရွံ့နေတယ်ဆိုပေမယ့် ဒီအနေအထားလေးကို ခိုက် ရင်ထဲမှာ မသာယာ မကြည်နူးဘူးလား ဆိုရင်တော့လည်း …။

မ,ဝန်မခံရဲပါဘူး ပင်လုံရေ …။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဟဲ့ ... ဟဲ့ .. လှဲ့ဝါ၊ ငါတို့ရပ်ကြီးတွေ သင်း မြင်သွားဦးမယ်နော်"

"အမယ်လေး ... မမြင်ပါဘူး အိစံရယ်၊ ငါတို့ကိုမြင်ရလောက်အောင် သူ့မှာ အာရုံမရှိဘူး၊ အာရုံက ဘေးနားကိုတင်ကပ်ပြီး အားကောင်းနေရတာ"

"နင့်ကားကို ကိုသက် သိလား"

"သိရင်လည်း သိမှာပေါ့၊ သိသိပေါ့ ဘာဖြစ်လဲ"

"အာ ... နင်ကလည်း၊ သိရင်တော့ ဘယ်သိပ်ကောင်းမလဲ၊ သူ့မိန်းမက လိုက်ချောင်းတယ်ဆိုရင်တောင် ကျေနပ်မှာမဟုတ်ဘူး၊ ခုဟာက သူ့မိန်းမရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ငါတို့နှစ်ယောက်က မဆီမဆိုင် လိုက်ချောင်းပြီး နောက်ယောင်ခံနေတာ သူ ဘယ်ကြိုက်မလဲ"

"မကြိုက်လည်း လဲသေပေါ့၊ သူ ချောင်းချင်စရာလုပ်လို့ လိုက်ချောင်းရတာ၊ အားအားယားယား အလကားနေရင်





တော့ ဘယ်သူမှ အချိန်ကုန်ခံ အလုပ်ပျက်ခံပြီး လိုက်မချောင်းဘူး၊ ချောင်းစရာ ဖြစ်လာလို့ ချောင်းရတာပဲဟာ"

"ဟဲ့ ... ကိုသက်က ခပ်ရွတ်ရွတ်ရယ်၊ ငါတို့မှန်းသိရင် သူ့ကားရပ်ပြီး ဘာလိုက်လုပ်တာလဲ တည့်တည့်လာမေးရင် မေးနေဦးမှာ"

"အမယ်လေး ... လာစမ်းပါစေ၊ မေးပါစေ၊ သူရွတ်ရင် ငါတို့လည်း ရွတ်ရုံပေါ့၊ ရှင့်ဘေးကပါတဲ့ မိန်းမ ဘယ်သူများလဲလို့ လိုက်ကြည့်တာပေါ့၊ ဒါပဲပေါ့"

"လှဲ့ဝါရယ်၊ နင်က သတ္တိရှိပေမယ့် ငါကြောက်တယ်ဟဲ့၊ ဒီကိစ္စသာ ကိုလင်း သိရင် ငါ့ကိုအော်မှာ၊ သူများလင်မယားကိစ္စ ဝင်ပါရမလားဆိုပြီး"

"သူများလင်မယားမှ မဟုတ်တာ၊ ကိုယ့်သူငယ်ချင်းလင်မယားပဲဟာ၊ ပါသင့်လို့ ပါရတာလို့ ပြောလိုက်"

ဝင်းအိစံသည် တကယ့်ကို မကြောက်စတမ်း ရုပ်ကြီးနဲ့ ဒေါသတကြီးဖြစ်နေတဲ့ လှဲ့လှဲ့ဝါကို မျက်စောင်းလေးတစ်ချက် ထိုးလိုက်မိပါသည်။ သူ ပြောရဲသလို ကိုယ်ကပြောရဲတာမဟုတ်။ ကိုသက် မြင်သွားမှာကိုလည်း အားနာမျက်နှာပူသည်။

စန္ဒီ့ယောက်ျားအဖြစ် ကိုသက်နဲ့လည်း ခင်မင်ကြသည် ဖြစ်သော်လည်း အတိုင်းအတာတော့ ရှိသေးတာပေါ့။ ခုလို သူ့နောက် လိုက်ချောင်းတာကို ကိုသက် သိသွားရင် ဒေါပွမှာအမှန်။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ရုပ်ကြီးကလည်း ကြောက်နေလိုက်တာ အိစံရယ်၊ ငါ့ကားလို လီမိတက်အဖြူရောင်ဆိုတာတွေက ရန်ကုန်မှာ လက်ညှိုးထိုး မကုန်ဝါဘူးဟယ်၊ ဆင်တူကားတွေ အများကြီး၊ ကိုသက် အလွယ်တကူ မရိပ်မိနိုင်ပါဘူးဟဲ့"

"နင်က ဘယ်အထိ လိုက်ချောင်းနေမှာလဲ"

"ဘယ်သွားကြလဲ၊ အတိအကျသိရင် လှည့်ပြန်မှာပေါ့"

"အေးလေ ... ဒါဖြင့်လည်း ပြီးတာပဲ"

"မပြီးလို့ကော ငါက ရှင် ဒါဘာလုပ်တာလဲလို့ သွားရန်တွေ့လို့ ဖြစ်ပါ့မလား အိစံရဲ့၊ စန္ဒီ့ကို ပြန်ပြောလို့ရရုံ သိရရုံပဲ လိုက်တာပါ"

"အဲဒီမိန်းမက ဘယ်ကလဲ"

"ဂျပန်ရဲ့စက္ကူတရီမှ့တဲ့"

"ဩော် ... သူနဲ့တစ်ရုံးတည်းပေါ့"

"အေးပေါ့၊ ဒီမိန်းမကလည်း ကိုသက်ကို အိမ်ထောင်သည်မှန်း မသိစရာ အကြောင်းကိုမရှိဘူး၊ သိမှာပဲ၊ အဲဒီမိန်းမက လှတော့ လှတယ်ဟဲ့၊ ငါတို့ထက်လည်း သုံးလေးငါးနှစ်တော့ ငယ်မယ်"

"သူကလည်းဟယ်၊ အပျိုလေးဖြစ်ပြီးတော့"

"သူတို့ကတော့ ဖောက်ပြန်နေတာမှ မဟုတ်တာဆိုတဲ့ ဆင်ခြေပေးကြမှာပေါ့ဟယ်။ တတွဲတွဲနဲ့ ကယုကယင်နဲ့ သာယာနေကြတဲ့ အခြေအနေမျိုး ဖြစ်ပုံရပါတယ်၊ ပြီးတော့





ဟယ် ကိုသက်က လခလည်းကောင်းတော့ သူ့ကိုလည်း ဟိုဟာလေးဝယ်ပေး ဒီဟာလေးဝယ်ပေးနဲ့ ကျပုံရပါတယ်၊ မေးပြီး ယူလို့ကောင်းအောင် တွဲနေမှာပေါ့၊ ကိုသက်ဆီက အလှကုန်တို့ ပိုက်ဆံအိတ်တို့ ဝယ်ထားတဲ့ ဘောက်ချာလေးတွေ စန္ဒီတွေ့တာ နှစ်ခါ သုံးခါရှိပြီ၊ ကိုသက်က ဂျပန်ရဲ့ မိန်းမကမှာလို့ ဝယ်သွားပေးရတာလို့ ပြောတယ်၊ သူ့ရုံးကို စန္ဒီက လိုက်မေးကြည့်လို့ ရတာမှမဟုတ်တာ"

ဝင်းအိစံက သက်ပြင်းလေးတစ်ချက် ချလိုက်ပါသည်။ စန္ဒီလည်း သနားပါတယ်။ ကိုယ့်ယောကျ်ားက နောက်မိန်းမတစ်ယောက်ကို ကိုယ့်ထက် ပိုဂရုစိုက် ယုယပြီး ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေး လုပ်နေတာကို မျှပြီးမသထားနိုင်ပါဘူး။ ပါးပါးလေးပဲ ဖောက်ပြန်ပြန် ထူထူထဲထဲပဲ ဖောက်ပြန်ပြန် သာယာပြီးတော့ပဲ တွဲသွားတွဲလာ လုပ်နေနေ အသည်းကို ကျွဲခတ်သလို ခံစားရချင်စရာပါ။

အဲဒီလိုကိစ္စနဲ့ စာရင်တော့ အိမ်က ကိုလင်း တစ်ယောက် ညတိုင်း အပေါင်းအသင်းတွေနဲ့ အရက်ဝိုင်းဖွဲ့ပြီး အိမ်အပြန် မိုးစုပ်စုပ်ချုပ်မှာ သိုင်းကွက်နင်းလာတတ်တာကို ခွင့်လွှတ်ပေးတော့မှာ ထင်ပါရဲ့။ အရက်သောက်မှာနဲ့ ဖောက်ပြန်မှာနဲ့ဆိုရင်တော့ အရက်ပဲ သောက်ချင်သောက်ပါစေ။ အဖောက်ပြန်တော့ ခံချင်ပါဘူးလေ။

"ဟဲ့ ... အိစံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကားကော၊ နင့်ဘက်က ခေါင်းထွက်ကြည့်စမ်း၊ ဒီမှာ မီးပွိုင့်မိကျန်ခဲ့ပြီ၊ တောက် ... လွတ်သွားပြန်ပြီ ထင်ပါရဲ့ကွာ"

"ဟဲ့ ... သူက ဆက်မသွားဘူး၊ ရှေ့မှာ ရှေ့မှာ၊ ဘယ်ဘက်ကို ချိုးကွေ့ဝင်သွားပြီ"

"ဘယ်ဘက်"

"အေး"

"ရှေ့ဘယ်ဘက်မှာက ဟိုတယ်ပဲ"

"အေး ... အဲဒီကိုပဲ ဝင်သွားတာ နေမှာပေါ့"

မီးပွိုင့်လွတ်လျှင် လဲ့ဝါသည် ကားကိုတစ်ရှိန်ထိုးမောင်းထွက်ပြီး အိစံပြောတဲ့ ဘယ်ဘက်က Summit ဟိုတယ် ဝင်းဘက် ချိုးကွေ့ချလိုက်ပါသည်။

"ဟော ... အစစ်ပေါ့ ဟိုးမှာ"

ကိုသက်ရဲ့ နက်ပြာရောင် ကယ်လ်ဒီးနားကားလေးကို ဟိုးရှေ့ပါကင်တစ်နေရာမှာ မြင်လိုက်ရပါသည်။

"ဟိုတယ်ထဲဝင်သွားပြီ ထင်တယ်ဟဲ့"

"အေး"

"ဘာလာလုပ်လဲ မသိဘူး"

"လာစားသောက်တာပဲ ဖြစ်ပါစေပေါ့ဟယ်"





အိစံသည် စိတ်လေးရှုပ်ထွေးကာ ပိုပြီးတော့တောင် ရင်တုန်လာသည်။ ကိုသက် တစ်ယောက်က ရက်စက်လိုက်တာ။ ကိုယ့်အပေါ် သစ္စာမဲ့မှုဟာ အိမ်ထောင်သည်ဘဝမှာ ခွင့်မလွှတ်နိုင်ဆုံးအရာ။

"ကဲ"

လဲ့ဝါက ကားကို ပါကင်ထိုးရပ်လိုက်ပြီး "ကဲ"လို့ စတီယာရင်ကို ထုရိုက်ရေရွတ်လိုက်သည်။

"ဘာဆက်လုပ်မလဲ လဲ့ဝါ"

"အင်း ... အစကတော့ လိုက်ချောင်းကြည့်ရုံပဲ စဉ်းစားတာ၊ ခုတော့ အထဲလိုက်ဝင်မယ်"

"ဟယ် ... ဖြစ်ပါ့မလားဟယ်"

"ဘာမဖြစ်စရာရှိလို့လဲ"

"မျက်နှာချင်းဆိုင်ကြီး တွေ့ရမှာ ဘယ်လောက် မျက်နှာပူစရာကောင်းလဲ လဲ့ဝါရယ်၊ ကိုသက်ကိုလည်း အားနာပါတယ်"

"အားမနာပါဘူး၊ ကိုယ့်သူငယ်ချင်းအပေါ် သစ္စာဖောက်နေတဲ့လူကို ဘာအားနာစရာရှိလို့လဲ"

"နင် ကိုယ်ချင်းစာကြည့်ဦးလေ၊ ဥပမာ ကိုမင်းဦး ဆိုပါတော့၊ ငါနဲ့စန္ဒီက လိုက်ချောင်းရုံမက ရင်ဆိုင်လိုက်တွေ့ပြီး နှုတ်ဆက်တဲ့အထိဆိုရင် သူ ကြိုက်မလား၊ နင်ရော ကြိုက်မလား"



www.burmeseclassic.com

www.burmeseclassic.com

"သူ ကြိုက်ကြိုက် မကြိုက်ကြိုက် ငါကတော့ မကြိုက်မရှိ ဘူး၊ ခုဟာက မျက်နှာချင်းဆိုင်တွေ့လည်း ဘာမှမျက်နှာ ပူစရာမရှိတော့ဘူး အိစံရဲ့၊ ကားနဲ့လိုက်နေတုန်း သူသိသွား ရင်သာ သူ့နောက်က လိုက်တယ်ဆိုပြီး မျက်နှာပူစရာ ဖြစ်တာ၊ အခု ငါတို့အထဲဝင်သွားလို့ သူတို့နဲ့ တည့်တည့် တိုးနေလည်း ဘာမှမဖြစ်ဘူးလေ၊ ငါတို့လည်း ငါတို့ဟာနဲ့ ငါတို့ ကိစ္စတစ်ခုခုနဲ့ လာကြတာ၊ မတော်တဆ လာတိုး နေတာပေါ့ဟယ်"

အင်း ...။ ဟုတ်တော့ ဟုတ်သည်။ သို့ပေမဲ့ ဝင်း အိစံသည် လှဲ့ဝါလောက်တော့ မရဲတင်းတဲ့သူ၊ ကိုယ့်ခင်ပွန်းအပေါ် လည်း အထိုက်အလျောက် ရှိန်သေးတဲ့သူဖြစ်ရာ သူများခင်ပွန်း ကို ခုလိုလူမိတာမျိုး သွားအမိဖမ်းလိုက်ရမှာ တကယ်ပဲ စိတ်ညစ် လှပါသည်။

"ကဲ ... ကဲ ... ကားပေါ်ကဆင်း၊ ဝင်ကြရအောင်"

"လှဲ့ဝါ"

"ဘာလဲ"

"ငါ ခုကတည်းက ကြိုပြောထားမယ်နော်"

"ဘာလဲ ... ပြော"

"ကိုလင်းကိုများ နင် ဒီလိုကိစ္စ ကြုံရင်တော့ ခုလိုတည့် တည့်သွားဖမ်းဖို့ နင် လုံးဝစိတ်မကူးနဲ့နော်၊ ကိုသက်က ဘာပဲဖြစ်ဖြစ် ကိုလင်းထက်တော့ အားနာသည်းခံတတ်





သေးတယ်၊ ကိုလင်းက မထင်ရင် မထင်သလို နှုတ်က ကြမ်းပြီး အပေါက်ဆိုးတယ်နော်၊ လူရှေ့သူရှေ့ပြဿနာ တွေ တက်ကုန်မယ်၊ ငါ့မှာ သူငယ်ချင်းတစ်ဖက် ယောကျ်ား တစ်ဖက် ဘယ်သူ့ဖျောင်းဖျရမှန်း သိမှာမဟုတ်ဘူး၊ ငါ့ ကိုပဲ တိတ်တိတ်ကျိတ်ပြောရင်ပြော သူ့ကိုတော့ ပေါ်တင် လိုက်ပြီး နင် မဖမ်းနဲ့"

လှဲ့ဝါက အိစံကို ငဲ့ကြည့်ရင်း တဟားဟား ရယ် မောလိုက်ပါသည်။ ကားတံခါးပိတ်ပြီး ရီမုတ်နဲ့ တွဲခနဲ သော့လှမ်း ပိတ်လိုက်တဲ့ စတိုင်ကိုက ဆရာမကြီးစတိုင်။ နေကာမျက်မှန်ကို နဖူးပေါ် တွန်းတင်လိုက်ရင်း ကားသော့ကို ဖွေ့ယမ်းလိုက်ကာ ...

"ကိုလင်းကိုလည်း ငါ ဒီလိုကြုံရမှာ မဟုတ်ပါဘူး အိစံရဲ့၊ နင့်ကိုလင်းက ဒီလိုင်းမှ မဟုတ်တာ၊ သူ့လိုင်းနဲ့သူ၊ နင့် ကိုလင်းက ချိန်းတွေ့ချင်းတွေ့ ပုလင်းနဲ့ပဲ ချိန်းတွေ့မှာ ဟား ဟား၊ အဲလိုပဲ ကိုမင်းဦးကိုလည်း ငါ ဒီလိုမိဖို့သိပ် မနီးစပ်ဘူး၊ ဘာဖြစ်လို့လဲ သိလား"

အိစံက ခပ်ပြုံးပြုံးမေးဆတ်ကာ "ဘာလဲ ... ပြော" ဆိုတဲ့ ပုံသဏ္ဍာန်နှင့်ပဲ နားစွင့်ထားလိုက်ပါသည်။ လှဲ့ဝါရဲ့ယောကျ်ား ကိုမင်းဦးဟာ အလွယ်တကူ ပြောရရင် လှဲ့ဝါရဲ့အနိုင်ကို ခံရလှ သည်။ လှဲ့ဝါရဲ့ ဦးဆောင်မှုအောက်မှာ တစ်ခါတစ်ရံ လူရှေ့မ ရှောင် သူရှေ့မရှောင်တောင် လှဲ့ဝါရဲ့ ပိုးခနဲ ပက်ခနဲ အပြောအဆို ကို ခံရတတ်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



လှဲ့ဝါခွင့်မပြုရင် ခြင်တောင်မရိက်ရဲဘူးလို့ ကိုလင်းတို့ ကိုသက်တို့က အမနာပစကား ဆိုတတ်ကြတဲ့အထိ။ မိန်းမရှိနိုး သွားမကျိုးဆိုတဲ့ အစားထဲကဖြစ်သည်။ လှဲ့ဝါ လက်ညှိုးညွှန် နိုင်းစေမှ လိုက်လုပ်တတ်ကာ ဗိုက်ကလေးရွှဲရွှဲမှာ ဘောင်းဘီတိုကို ချက်မြှုတ်ဝတ်ဆင်လျက် လက်မှာ သုံးကျပ်သားလောက် ဟဲန်းချိန်းကြိုး၊ လည်ပင်းမှာ ငါးကျပ်သားလောက် ဆွဲကြိုးကြီးတွေ ဝတ်ကာ စီးကရက်လေး လက်ဖျားကမချ၊ ဟိုလျှောက်လိုက် ဒီလျှောက်လိုက် ဂိမ်းမ်ဆော့လိုက် အိမ်ဖော်တွေကို ချက်ပြုတ်ကျွေလော့ခိုင်းပြီး စားသောက်လိုက်၊ လှဲ့ဝါက "ကိုမင်းဦး"လို့ ကျယ်ကျယ်ခေါ်လိုက်ရင် "ဟေ ... မိန်းမရေ့"လို့ ချိုချိုလေး ပြန်ထူးကာ သုတ်သုတ်ပျာပျာ ရောက်လာတတ်တဲ့ ယောကျ်ားမျိုးပေ။

"မိန်းမရှုပ်မယ်၊ ဖောက်ပြန်မယ်ဆိုရင် အထိုက်အလျှောက် ငွေသုံးရတယ်ဟဲ့၊ ခုခေတ်မှာ တစ်ပြားမှ မထွက်တဲ့ ဘယ်ယောကျ်ားကို ဘယ်သူက အကပ်ခံမှာလဲ၊ ကိုမင်းဦးက မိန်းမကိစ္စသုံးဖို့လည်း သူ့လက်ထဲ ပိုက်ဆံမရှိဘူး၊ ငါပေးတဲ့မုန့်ဖိုးအပြင် သူ့မှာ တစ်ပြားမှရှိတာ မဟုတ်ဘူး၊ ဒီထက် ပိုသေချာတာက သူ့ရဲ့ဇိမ်တွေကျနေတဲ့ စည်းစိမ်ကိုဖျက်ပြီး မိန်းမတစ်ယောက်ကို အပင်ပန်းခံ လိုက်ပိုးနေဖို့၊ အိမ်ကမိန်းမ မသိအောင် ပုန်းလျှိုးကွယ်လျှိုး သဲထိတ်ရင်ဖိုခိုးလုပ်ဖို့ကိုတောင် ကိုမင်းဦးက ပျင်းတာ"

ရှင်းရောပေါ့။





အိစံဟာ အပျင်းထူလှတဲ့ သူ့ယောကျ်ားအကြောင်း အားရပါးရ ပြောနေတဲ့ လှဲ့ဝါကို ကြည့်ရင်း သက်ပြင်းတစ်ချက်ချလျက် ...

"တကယ်တော့ဟယ် သူတို့ယောကျ်ားတွေဟာ တစ်ခုမဟုတ်တစ်ခု အပြောလွတ်စရာကို မရှိဘူး၊ မိန်းမရှုပ်ရင် ရှုပ်၊ မရှုပ်ရင် အရက်သောက်၊ မသောက်ရင် လောင်းကစား၊ မကစားရင် မိန်းမကိုနိုင်ပြီး ရိုက်နှက်ညှဉ်းပန်း၊ မညှဉ်းပန်းရင် အပျင်းထူ၊ ဒီထဲက တစ်ခုခုတော့ ပြေးကိုမလွတ်ဘူး ထင်တယ်"

"ဟုတ်ပ၊ နောက်ထပ် အများကြီး ကျန်ဦးမှာ၊ ဒါတွေက ကိုယ့်မိသားစုအပေါ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲပေးရုံရှိသေးတာ၊ တချို့လူတွေ အကျင့်စာရိတ္တမကောင်းတာ ဖိုးတွမ်တိဖြစ်နေတာမျိုးတွေက ရှိသေး၊ အဲဒါကျတော့ ကိုယ့်မိသားစုအပေါ်တင်မကတော့ဘဲ ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲထိပါ မကောင်းတာ ပါလာပြီ၊ သင်းတို့တွေဟာ မရှိမကောင်းရှိမကောင်းတွေမှအစစ်"

"ဒါဖြင့်လည်းဟယ်၊ ငါတို့ ခိုက်ခိုက်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းအားပေးနေကြတာ ကောင်းပါ့မလား"

"အင်း"

လှဲ့ဝါက ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစားယောင်ပြုရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သုံးယောက်က အိမ်ထောင်ကျ၊ ကလေးတွေ ဘာတွေရ၊ သူပဲ အပျိုကြီးဖြစ်ပြီး ဘက်ပဲ့ကျန်နေလို့ ငါတို့လိုပဲ အဖော်စုံရှာပါစေဆိုပြီး စိတ်ကောင်းစေတနာနဲ့တော့ အားပေးတာပဲ"

"အေးလေ ...၊ ကိုမင်းဦး သူငယ်ချင်း၊ ကိုလင်းသူငယ်ချင်း၊ ကိုသက်သူငယ်ချင်းနဲ့ တစ်ယောက်ပြီးတစ်ယောက် ငါတို့က ပြလိုက် စပ်လိုက် လုပ်နေကြတာ၊ သင်းတို့တွေကကော ယူပြီးရင် အပြစ်လွတ်လွတ်လေး ကောင်းကြမှာမို့လို့လား လဲ့ဝါရယ်"

"သိပ်သေချာတာပေါ့၊ ဘယ်ကောင်းလိမ့်မလဲ"

"ဟင် ... နင်ကလည်း"

"လောကမှာ အပြစ်လွတ်တဲ့မိန်းမ၊ အပြစ်လွတ်တဲ့ယောကျ်ားဆိုတာ ရှိမှမရှိတာ၊ သူတို့ယောကျ်ားတွေက အပြစ်တွေပိုများတာ၊ ငါ ခိုက်ခိုက်ကို မိတ်ဆက်ပေးတဲ့ ကိုရန်ပိုင်ဆိုတဲ့တစ်ယောက် သိတယ် မဟုတ်လား"

"သိတယ်လေ၊ ငါတို့ကို ဟော့ပေါ့လိုက်ကျွေးဖူးတဲ့လူ"

"အေး ... အခုလေ သူ့ကို ကောင်မလေးတစ်ယောက်က မယားစရိတ် ကလေးစရိတ် ထ,တရားစွဲတယ်"

"ဘုရားရေ"

"တော်ပါသေးရဲ့ ... တော်ပါသေးရဲ့၊ ငါတို့ပြတုန်းက မိခိုက် မကြိုက်မိပေလို့၊ လူပျိုကြီးမှ မဟုတ်ဘဲ၊ လူအိုကြီး အပုန်းဟဲ့"





"အဟိ ...၊ နင်ကတော့လေ ပြောတော့မယ်"

"ခုတော့ တရားထစွဲတဲ့သူတောင် ပေါ်လာတော့ သင်းလည်း အပွင့်ဖြစ်သွားပြီ ဟား ဟား၊ ယောကျ်ားတွေများ အပေါ်ယံကြည့်လိုက်ရင်တော့ ရွှေမင်းသားတွေ မရှားပါဘူး အများသားပါ၊ လူမမြင်ကွယ်ရာကျမှ လောက်တက်နေတာတွေ အများကြီး၊ ကောင်းကို မကောင်းကြဘူး"

"ဒါပေမဲ့ဟယ်၊ ငါတို့ အဖေတွေ လက်ထက်လောက်တုန်းကတော့ ကောင်းတဲ့ယောကျ်ားတွေ ရှိပါသေးတယ်၊ ငါတို့အဖေတွေဆိုရင် အင်မတန်ကောင်းခဲ့တဲ့ စံပြအဖေ စံပြယောကျ်ားတွေပါဟယ်"

"ခေတ်ကမှ မတူတော့တာဟဲ့ အိစံရဲ့၊ ခုခေတ်က ဘာမဆို အရလွယ်လိုက်တာမှ၊ ဟိုခေတ်တုန်းကတော့ ဒီလောက်မှ မလွယ်တာ၊ လူကောင်း ပိုများမှာပေါ့၊ ခုခေတ်က ယောကျ်ားတွေ ဖောက်ပြန်ကြတာလည်း အပြစ်မပြောနဲ့၊ မိန်းမတွေကိုကလည်း မကောင်းတော့တာလေ၊ သူတို့ရုပ်တည်ဖို့တစ်ခု သူတို့ကြည့်ပြီး လွတ်လပ်လပ် မလွတ်လပ်လပ် အခွင့်အရေးပေး အကပ်ခံတဲ့ မိန်းမတွေကတစ်မျိုး၊ တချို့ကျပြန်တော့လည်း မပြောတတ်တော့ဘူးဟယ်၊ ကိုယ့်ငွေကိုယ်သုံး ကိုယ်အကုန်ခံပြီးတော့တောင် ဓာတ်လမ်းရှုပ်ချင်တဲ့ မိန်းမတွေကလည်း ရှိသေးတာ"

"စိတ်ပျက်စရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပျက်မနေနဲ့၊ ဘယ်မလဲ နင့်ကိုသက်"

"မတွေ့ဘူး"

နှစ်ယောက်သား ဟိုတယ်ထဲ ဟိုဘက်လျှောက် ဒီဘက်လျှောက် ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေကြကာ ကိုသက်နှင့် သူ့ဘေးတွဲပါသွားတဲ့ အမျိုးသမီးတို့ကိုတော့ အရိပ်အယောင်တောင်မှ မတွေ့။

"တောက် ... ဘယ်လစ်သွားပြီလဲ မသိဘူး"

ဝန်ထမ်းလေးတစ်ယောက်က လက်နောက်ပစ်၍ ကပ်လာကာ ...

"ဘာများကူညီရပါမလဲ ခင်ဗျာ"

"ဩော် ... ဟိုဟာပါ၊ မလိုပါဘူး ရပါတယ်၊ မိတ်ဆွေတစ်ယောက် ဒီရောက်နေလား လာရှာတာပါ"

"ချိန်းထားလားခင်ဗျာ၊ နာမည်ဘယ်သူပါလဲ"

"ကိစ္စမရှိပါဘူး၊ ချိန်းထားတာတော့ မဟုတ်ဘူး၊ ဒီလိုပဲ တစ်ချက်ဝင်ရှာကြည့်ကြည့်တာပါ၊ သူက ဒီကိုလာတတ်လို့ပါ၊ ကျေးဇူးပဲနော်"

အိစံက လှဲ့ဝါလက်ကို ကုတ်ကာ ...

"ဟိုးဘက် ကော်ဖီဆိုင်ဘက်မှာ ရှာကြည့်မယ်"

နှစ်ယောက်သား ပတ်လျှောက်လာရင်း ကော်ဖီဆိုင်ဆီ မြင်ရနိုင်သည်တွင် ...

"ဟိုမှာဟဲ့ ... စုံတွဲတစ်တွဲ၊ ဟိုးဘက်မှာက ဘိုစုံတွဲ"





"ဒီဘက်က စုံတွဲကတော့ ကိုသက် မဟုတ်ဘူး၊ ကိုသက်က ခုနမြင်လိုက်တာ အင်္ကျီအပြာကွက်လေ"

"အေး ... အခုဟာက ငယ်သေးတယ်ဟဲ့၊ မဟုတ်ပါဘူး"

သူတို့နေရာကနေ လှမ်းမြင်နေရတဲ့ စုံတွဲတစ်တွဲမှာ အမျိုးသမီးက သူတို့ဘက် ကျောပေး၍ အမျိုးသားလေးက ဒီဘက်လှည့်ထိုင်နေတာမို့ အမျိုးသားလေးကို မြင်နေရပါသည်။ ကျောပေးထိုင်နေတဲ့ အမျိုးသမီးရဲ့ ခရမ်းပုပ်ရောင်အင်္ကျီ ဝတ်ဆင်ထားတဲ့ ကျောပြင်ပြန့်ပြန့်ကြော့ကြော့ကလေးရယ် အင်္ကျီလက်မောင်းက တစ်ချောင်းထိုး ဆန်ကာကွက်ပုံစံကလေးရယ်ကို ကြည့်နေရင်းက အိစံနဲ့ လှဲ့ဝါသည် ...

"အိစံ"

"လှဲ့ဝါ"

တစ်ယောက်လက်မောင်း တစ်ယောက် ရိုက်ရင်း အံ့သြတကြီး ရေရွတ်လိုက်မိကြတာပင်။ အဲဒီအင်္ကျီ။ လွန်ခဲ့တဲ့ ဆယ်လလောက်က သူတို့သူငယ်ချင်း ချမ်းခိုက်ခိုက်ရဲ့ မွေးနေ့မှာ စန္ဒီ၊ လှဲ့ဝါ၊ အိစံတို့သုံးယောက်ပေါင်းစု၍ M.K က ဝယ်ပေးခဲ့တဲ့ မွေးနေ့လက်ဆောင်အင်္ကျီ။

ကိုယ်ထည်က ပိုးသားပါးပါးအေးအေးလေး၊ လက်ရှည်လေးက အောက်ဖျားမှာ ဘဲလ်ပုံလေးကားပြီး ဆန်ခါကွက်။ တစ်ထည်လုံးဟာ ခရမ်းသီးပုပ်ရင့်ရင့်မှိုင်းမှိုင်းလေးနှင့် အသွေးကျကျကြော့ရှင်းနေကာ ဈေးကလည်း ခေါင်ခိုက်နေအောင် တစ်ထည်တည်းနှင့် ကိုးသောင်းကိုးထောင် ပေးခဲ့ရတဲ့ Branded အင်္ကျီ။



www.burmeseclassic.com

www.burmeseclassic.com



"ခိုက်"

"ခိုက်ခိုက်"

နှစ်ယောက်လုံး ပါးစပ်မှ ပြိုင်တူ တီးတိုးရေရွတ်လိုက်မိပါသည်။ အံ့သြခြင်းမက အံ့သြကာ မျက်လုံးနှစ်စုံစလုံးလည်း အသီးသီး ကျွတ်ကျတော့မတတ်ပင်။ မိခိုက်နဲ့ယောက်ျားလေးတစ်ယောက်။

ထိုယောက်ျားဟာ ဘယ်လိုကြည့်ကြည့် ဘယ်နကြိမ်ကြည့်ကြည့် ဘယ်လိုမှ သုံးဆယ်မပြည့်နိုင်သေးတဲ့လူရွယ်။ ခိုက်က သူတို့အားလုံးနဲ့တန်းတူ သုံးဆယ်ကျော်လို့ နှစ်နှစ်ထဲရောက်နေပြီ။

လဲ့ဝါရော အိစံပါ ကိုသက်ကို မေ့သွားပါသည်။ ကိုသက် သူ့ဟာသူ ဘယ်အမျိုးသမီးနှင့် ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက်။ ကိုယ့်အတွက် အရေးကြီးကိစ္စ မဟုတ်တော့ပြီ။ အရေးကြီးကိစ္စက "ခိုက်"ဖြစ်သွားပြီ။ ဘယ်သူနဲ့ပဲ စပ်စပ်ဟပ်ဟပ် ဘူးခံကာ တွင်တွင်ငြင်းလေတဲ့ မိခိုက်။

ယောက်ျားလေးမိတ်ဆွေတောင်မှ သူ့မှာ ရှားတော့ရှားပါး။ ကျောင်းတုန်းကတည်းကလည်း ကပ်လာသမျှ ပုရိသတွေကို ငြင်းချခါချ။ ကြိုက်သူနည်းလို့ မဟုတ်ဘဲ အပျိုကြီးဇာတာပါလို့ကို မစွံတာဖြစ်တဲ့ ခိုက်မှာ ကော်ဖီဆိုင်အတူထိုင်ရလောက်အောင် ရင်းနှီးတဲ့ အမျိုးသားမိတ်ဆွေ ရှိတယ်ရယ်လို့ကို မသိခဲ့တာ။





ပြီးတော့ ကောင်လေးက ငယ်ငယ်ချောချောလေး။ ...ါတို့ကို လုံးဝမသိတဲ့ ကောင်လေးဟာ ဂရုတစိုက် လှမ်းမ...ကြည့်ဘဲ ခိုက်ကိုသာ ရွှန်းရွှန်းစားစား ရူးရူးငေးငေး စိုက်ကြည့်...သည်။ အဲဒီစိုက်ကြည့်နေတဲ့ မျက်လုံးတွေထဲက တမြတ်တနိုး...ိုပ်အယောင်တွေဟာ တဖိတ်ဖိတ် တလက်လက်နှင့် ဘေးပတ်...ကျောင်ကိုတောင် လျှံကျနေသည်။

"လာ"

"ဟဲ့ ... လဲ့ဝါ၊ ဘယ်လဲ"

"သူတို့ဆီ သွားမယ်လေ"

"ဟဲ့ ... ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ခိုက် တစ်ယောက်လုံး ထိုင်နေတဲ့ စားပွဲမှာ ငါတို့ဝင်ထိုင်တာ ဘာဖြစ်လဲ"

လဲ့ဝါက အားနာတတ်တဲ့ အိစံရဲ့လက်ကို ဆုပ်ဆွဲ...ာ ရှေ့ကနေ ဦးဆောင်လှမ်းသွားလေရာ အိစံသည် နောက်မှ...သုတ်သုတ်လှမ်းရင်း ပါလာရပါသည်။ သူတို့စားပွဲဆီ ဦးတည်...နေပြီး နီးလည်းနီးကပ်လာတော့မှ လူရွယ်လေးက လှမ်းကြည့်...ည်။ သူ့ကိုပဲ လဲ့ဝါကလည်း စူးစိုက်ကြည့်လာတာမို့ သူက...ည်း အကြည့်မလွှဲတော့ဘဲ အံ့သြသလို ငေးကြည့်နေရာ လဲ့ဝါ...အိစံတို့ရဲ့ အံ့သက်အရွယ် ပုံပန်းသဏ္ဌာန်တွေအရ မှန်းဆလိုက်...ဲ့နှင့် ...

"မမ"



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကို လှမ်းပြီး သတိပေးသလို ခေါ်လိုက်ပါသည်။

"အင်"

ပင်လုံက ခိုက်ရဲ့နောက်ဘက်ဆီ မေးဆတ်ပြလိုက်၍ ခိုက်က လှည့်ကြည့်လိုက်ကာ အလန့်တကြားနှင့် ...

"ဟယ် ...၊ သေပြီ"

ခိုက်သည် ပါးစပ်ကပင် ထုတ်ညည်းလိုက်မိသည်။ ဘယ်လိုလုပ်ပြီး ဒီနှစ်ယောက် ဒီကိုရောက်လာပါလိမ့်။ နောက်ယောင်ခံပြီးတော့များ ပါလာသလား။ ဒီလိုလည်း မဖြစ်နိုင်။ နောက်ယောင်ခံလိုက်လာရင် ရှေ့ဆင့် နောက်ဆင့်ရောက်မှာပေါ့။ ခိုက်တို့ကရောက်တာ အတန်ကြာပြီပဲ။

ခိုက်သည် သူခိုးလူမိသလို ရှက်ခြင်း စိတ်ကျဉ်းကျပ်ခြင်းနှင့် မျက်နှာပြင်ကလေး နီမြန်းလာပါသည်။ ချွေးတွေလည်း ချက်ချင်းပြန်တက်လာသည်။ အိစံချည်းပဲဆိုရင် ဒီလောက်မရှိ။ လှဲ့ဝါပါ ပါလာတော့ သွားပြီပေါ့။ လှဲ့ဝါကို ဘယ်သူမှ ညာလို့ဖြီးလို့ မရပါ။ သင်းက ဆရာမကြီး။ သူငယ်ချင်းအုပ်စုမှာလည်း သူပဲ ခေါင်းဆောင်ဦးစွက်။

ခိုက်ကို ယောကျ်ားတစ်ယောက်နှင့် ခုလိုတွေ့လိုက်တဲ့အပေါ် အံ့သြတာ၊ စိတ်ဝင်စားတာ၊ ငါတို့ကို အသိပေးမထားရကောင်းလားလို့ မကျေမချမ်းဖြစ်တာ၊ ဘယ်ရမလဲလို့ စိတ်ထဲကြုံးဝါးနေတာတွေ ပေါ်လွင်နေတဲ့ လှဲ့ဝါ မျက်နှာက ပယ်နယ်နယ် အားပါးတရ ရှိလှသည်။





ခိုက်တို့စားပွဲတွင် ခုံဆွဲကာ ဝင်ထိုင်ချလိုက်ရင်း ...

"ဟဲ့ ... ခိုက်"

"လှဲ့ဝါ ... အိစံ"

"အေး"

"စန္ဒီရော"

"မပါဘူးလေ၊ ပါရင် နင်မြင်မှာပေါ့"

"နင်တို့ ဘာလာလုပ်တာလဲ"

ခိုက် အသံကလေးက စိတ်ရှုပ်ရှုပ်နှင့် တုန်ယင်နေသည်။

"ငါတို့လား၊ ငါတို့ဘာသာ တခြားကိစ္စတစ်ခုနဲ့လာတာ"

"ဟုတ်ရဲ့လား၊ ငါ့နောက်က လိုက်လာကြတာများလား"

"ဘာကိစ္စနဲ့ ငါတို့က နင့်နောက်လိုက်လာရမှာလဲ၊ နင်အပြင်ထွက်တယ်၊ ဒီကိုလာတယ်ဆိုတာလည်း မသိဘဲနဲ့ ဘယ်လိုလုပ် နင့်နောက်လိုက်မလဲ"

"ဒါဖြင့် ဒီဟိုတယ်မှာ ဘာကိစ္စရှိလို့လဲ"

"ကိစ္စတစ်ခုရှိလို့ပါဆို၊ အဲဒီကိစ္စကို နင့်ကို မပြောပြသေးပါဘူး၊ နောက်မှပြောလည်း ရတယ်၊ နင်ကော ဘာလုပ်နေတာလဲ"

ခိုက်က သူငယ်ချင်းတွေကို ရှက်လည်းရှက် စိတ်ညည်းတိုချင်နေကာ ...

"ကော်ဖီသောက်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကော်ဖီသောက်နေတာ"

လဲ့ဝါက ခေါင်းတညိတ်ညိတ်နှင့် ပင်လုံ့ကို လှည့်ကြည့်လိုက်ပါသည်။ ပင့်လုံက သူ တစ်ကြိမ်မှ မဆုံဖူးသော်လည်း ခိုက်ရဲ့စကားတွေထဲမှာ အမြဲမပြတ်ပါနေလို့ ရင်းနှီးနေပြီဖြစ်တဲ့ အမည်ပိုင်ရှင် အစ်မကြီးတွေကို ခုမှတွေ့ဖူးရတာအတွက် စိတ်ချမ်းသာနေပါသည်။ ပင်လုံ့ကို ခိုက်က ဘယ်တော့မှ အတွင်းစည်းဝိုင်းဆီ မခေါ်ဘူးလို့ ပင်လုံ ခံစားနေရတာလေ။

ဆွေမျိုးတွေ အပေါင်းအသင်းတွေ ဘယ်သူနဲ့မှ တွေ့ဆုံမိတ်ဆက်ပေးခြင်းမရှိတဲ့ ခိုက်ဟာ သူနဲ့ရင်းနှီးမှုကို လူသိမခံဘူးလို့ အမြဲ ကသိကအောက် ခံစားခဲ့ရတာပါ။ ခိုက်နှင့်ပတ်သက်ရင် ဆိုင်ကကောင်မလေးတွေရယ်၊ ဆိုင်နီးချင်း ခရီးသွားဖော် မမဝင်နီကြီးရယ်နှင့်သာ ပင်လုံ သိရသည်။ ကျန်တာတွေကို စကားထဲမှာသာ ကြားသိနေရကာ တစ်ခါမှ ဆုံစည်းသိကျွမ်းရဖို့ မရှိခဲ့။

ကဲ ... ခုတော့။

မမခိုက်ရဲ့ အချစ်ဆုံးသူငယ်ချင်း သုံးယောက်လို့ သူ သိထားတဲ့ လဲ့လဲ့ဝါ၊ ဝင်းအိစံ၊ စန္ဒီနိုင် ဆိုတာတွေထဲက နှစ်ယောက်ကိုတော့ သူ ဆုံရပြီ။ လဲ့ဝါ ဆိုတာ အုပ်စုရဲ့ခေါင်းဆောင်ဆ ကြီးတဲ့။ မမခိုက် ပြောဖူးသည်။

ဆံပင်က ဘိုကေသာသာ စတက်ပ်အမျှင်ကလေးတွေနှင့် ရွှေညိုရောင် ဆိုးထားကာ ဆံပင်ထိပ်ပေါ် နေကာမျက်မှန်





ဒိုင်းဝိုင်းပြားပြားကြီး လှန်တင်ထားတဲ့ တစ်ယောက်ဟာ မလဲ့လဲ့ဝါ။ ကိုယ်ကျပ်အင်္ကျီ အနက်ပြောင် လက်ပြတ်လေးနဲ့ ဂျင်းန်ဘောင်းဘီက ခြေသလုံးတစ်ဝက်မှာ ခပ်ကားကားကလေး။ ပေါ်နေတဲ့ ခြေကျင်းဝတ်မှာ လက်သန်းပြားလောက် ရွှေရောင်ဖုထ်ချိန်းကြီးနဲ့ ပဲင်ဆယ်လ်ဟီးလ် ဒေါက်မြင့်ဖိနပ်ရွှေရောင်နှင့် အနက်စပ်ကြားလေးထိပ်က ထွက်နေတဲ့ ခြေသည်းတွေက ရှည်ကော့ကာ ဆိုင်မှာ အလှပြင် ပုံသွင်း ဆေးဆိုးထားတာမို့ အပွင့်အခက်တွေ ကျောက်တွေနှင့် ဆန်းပြားနေသည်။

ဟိုဘက်က တစ်ယောက်က မမခိုက် ခုနခေါ်လိုက်သံကြောင့် ဝင်းအိစံမှန်း ပင်လုံသိသည်။ ဝင်းအိစံကတော့ ခပ်ရိုးရိုးကလေး။ အပေါ်က အပါးစအင်္ကျီ ပန်းနုရောင်အပွင့် လက်ဆောင်းလေးနဲ့အောက်က အနက်ရောင်စကတ်ရှည်ရှည်လေး ဝတ်ထားသည်။ သူလည်းပဲ ခြေသည်းတွေ ပြုပြင်ထားတာပဲ။ မမခိုက် အပြောအရ သူတို့သူငယ်ချင်း လေးယောက်ဟာ တနင်္ဂနွေတိုင်းမှာ သူတို့ပြင်နေကျ ဗျူတီဆလွန်းတစ်ခုကို အတူတကွ သွားကြပြီး ဆံပင်လျှော်၊ ပေါင်းတင်၊ ဖယောင်းသွင်း၊ ခြေသည်းလက်သည်း ပုံသွင်းခြယ်သကြသတဲ့။

ဒီထက် အချိန်ပိုပေးနိုင်ရင် မျက်နှာလေးပဲသော်လည်းကောင်း၊ တစ်ကိုယ်လုံးပဲသော်လည်းကောင်း ပေါင်းတင်ကြသေးသတဲ့။ ဒီနှစ်ယောက်ဟာလည်း မမခိုက်လိုပဲ ခပ်လှလှလေးတွေပဲဖြစ်သည်။ မစန္ဒီလည်း လှပမှာ မလွဲပါ။ ပင်လုံက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်ကြီး စူးစိုက်ကြည့်နေတဲ့ လဲ့ဝါကို သွားတက်ကလေးတွေ ပေါ်အောင် ဖော်ဖော်ရွေရွေ ပြုံးပြလိုက်ပါသည်။

လဲ့ဝါက နှုတ်ခမ်းသစ်လှတဲ့ ပင်လုံ့ အပြုံးကို ရင်ဖိ မတတ် ပြုံးပြင်းမောကြည့်ရသည်။ ချစ်စရာကောင်းလိုက်တဲ့ အပြုံးလေးနဲ့ ကောင်လေးပါလား။

“ဒါနဲ့ နင်မိတ်ဆွေက ဘယ်သူလဲ ခိုက်”

“ကျွန်တော် ပင်လုံပါ မမလဲ့”

“ပင်လုံ ! ”

“ဟုတ်”

“ပင်လုံ ဆိုတာ ဘယ်သူလဲ ! ”

“ဟင် ... မမခိုက်ဆီက ကျွန်တော့်နာမည် မကြားဖူးဘူး လား”

“ဟင့်အင်း ... မကြားဖူးပါဘူး”

“ဟာ ... ကျွန်တော်ကျတော့ မမလဲ့ဝါတို့ မမအိစံတို့ မမ စန္ဒီတို့ နာမည်တွေအားလုံး ကြားဖူးထားရတယ်”

လဲ့ဝါက ခိုက်ကို ဒိုင်းခနဲ စိုက်ကြည့်လာပါသည်။ ဒီနာမည်တွေအားလုံး သေချာသိထားပြီးပြီဆိုမှတော့ အပေါ်ယံရှုပ် ရှုပ်ကလေး ခုမှ စ,သိကာစ မဟုတ်တော့ပေ။ သိကျွမ်းရင်းနှီးခဲ့တဲ့ ကာလအတိုင်းအတာ မတိုတောင်းလှတော့ပဲ စကားတွေလည်း အပြန်အလှန် အများကြီး ပြောဖူးကြပြီ။

ခိုက်က မလုံမလဲလေး ပြုံးကာ ...





“ဟိုဒင်းဟာ စကားစပ်မိတာနဲ့ နင်တို့နာမည်တွေ ပြော ထားမိတယ်”

“ငါတို့နာမည်တွေ စကားထဲ ထည့်ပြောတာ အပြစ်မဟုတ် ပါဘူး၊ ဒါ ပုံမှန်ပဲဟာကို၊ ဒီတစ်ယောက်ရဲ့နာမည်ကို ငါ တို့နဲ့ပြောတဲ့စကားထဲ လုံးဝထည့်မပြောတာကျတော့ အပြစ်၊ အဲဒါ တမင်ထည့်မပြောဘဲ လျှို့ထားတာ”

“ဟုတ်လား မမခိုက်၊ ဒီအစ်မတွေကို ကျွန်တော့်အကြောင်း ဘာမှပြောမထားဖူးဘူးပေါ့”

“ပြောစရာမှ မရှိတာ”

လဲ့ဝါက ခေါင်းယမ်းရင်း ...

“ပြောစရာမရှိဘူးဆိုတာ ဟုတ်ကို မဟုတ်ဘူး၊ ငါတို့လေး ယောက် လှည့်ပတ်ဖုန်းပြောကြတာက အမြဲအိတ်သွန်ဖာ မှောက်၊ လင်အကြောင်း သားအကြောင်းရော၊ ယောက္ခမ အကြောင်း၊ အိမ်ကအလုပ်သမားအကြောင်းရော၊ ဆိုင်က အကြောင်း၊ ရပ်ကွက်ထဲကအကြောင်းအရာ၊ ဘာဟင်းနဲ့ ထမင်းစားတာရော၊ ယောကျ်ားနဲ့ ရန်ဖြစ်တာရော၊ ဝမ်း ချုပ်တာရော ခေါင်းကိုက်တာရော”

“အဟုတ် ဟုတ် ဟုတ်”

ပင်လုံ့ထံက ထွက်လာတဲ့ ချစ်စဖွယ်ရယ်သံကြောင့် ... ဝါက စကားကိုရပ်ပြီး လှည့်ကြည့်မိသည်။ ပြီးတော့ ခိုက်ထံကို။ ... ရှုးရေ ... နှုတ်ခမ်းနဲ့အပြိုင် လိုက်ရယ်နေတဲ့ ကောင်လေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင်ရွှန်းပျက် မျက်ဝန်းနက်တို့ကို ဖျတ်ခနဲလေး လှမ်းကြ
တဲ့ ခိုက်ရဲ့အကြည့်လေးထဲမှာ စွဲလမ်းငြိနှောင်တဲ့ ခံစားချက်အ
အရာတွေ အထင်အရှားပါလား။

"လှဲ့ဝါရယ် ... ဘာတွေ လျှောက်ပြောနေတာလဲဟယ်"

"ဟုတ်တယ်လေ၊ ဒါတွေ ငါတို့အားလုံး လျှောက်ပြော
ကျပဲ၊ ပြောစရာမရှိရင် မရှိရှိတာ ရှာကြံပြောနေကျဟာ
ဒီအကြောင်းကျမှ လုံးဝတစ်ခွန်းမဟတာဟာ မေ့ကျန်ခဲ့တ
တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ နင် တမင်တကာ ထိမ်ချန်တ
ပဲ သေချာတာပေါ့"

"တာလို့ထိမ်ချန်ရမှာလဲဟဲ့၊ ဒီလိုပဲ မပြောဖြစ်ပဲ ကျန်
တာပေါ့"

"မဟုတ်ဘူး"

"ကျွတ်"

"အဟား ဟား ... မမခိုက် ပြောဖူးတဲ့ မမလှဲ့ဝါက ဘာ
မဆို ဇွတ်ဆိုတာ တကယ်ပဲ၊ အံကိုက်ပဲ"

"အမယ် ... ကြည့်စမ်း၊ ငါ့အတင်းတောင် ပြောထာ
သေး"

"အတင်းပြောတာ မဟုတ်ပါဘူး မမလှဲ၊ မမခိုက်က သူ့
သူငယ်ချင်းသုံးယောက်ကို အရမ်းချစ်တာ၊ ကျွန်တော် သိ
တယ်၊ မှါးစပ်က မချတမ်းပြောတာ၊ ဘယ်သူက ဘယ်လို
ဆိုတာ ပြောပြသမျှကလည်း ချစ်စနိုးလေးတွေချည်းပဲ၊





ကျွန်တော်က သိပြီးသား၊ မမခိုက်ကို ခင်ချင်ရင် မမခိုက်
သူငယ်ချင်းသုံးယောက်ကိုပါ ရင်းနှီးအောင် ပေါင်းရမယ်
ဆိုတာ"

"အမယ် ... ဒီကောင်လေးက စကားပြော တကယ်ကောင်း
တယ်၊ နေပါဦး ... မင်းကိုပဲ မေးတော့မယ်၊ သူ့ကိုမေး
ရင် ထွက်လာမှာ မဟုတ်ဘူး"

"လှဲ့ဝါ၊ နင် လျှောက်ပြီးမေးမနေနဲ့၊ ငါ နောက်တော့ပြော
ပြမှာပေါ့၊ စကားမစပ်မိသေးလို့ဟာကို"

"အမယ်။ နင် တကယ်ပြောချင်ရင် အစောကြီးကတည်းက
ပြောမှာပေါ့၊ လုပ်မနေနဲ့၊ သူ့ကိုမေးတော့ ဘာဖြစ်သေးလဲ"

"နင် ပေါက်ကရတွေ လျှောက်မမေးနဲ့နော်"

"ပေါက်ကရတွေ ဘာကိစ္စမေးရမှာလဲ၊ သိချင်တာလေးတွေ
ကို အကောင်းမေးမှာ"

ခိုက်က မျက်ခုံးလေးတွန့်ကာ သက်ပြင်းလေး
ဆောင့်ဆောင့်အောင့်အောင့် ချမိသည်။ သင်းတို့နှစ်ယောက်နဲ့တွေ့
တာ ဂြိုဟ်ဝင်တာပဲ။ လှဲ့ဝါ ရုပ်ကြီးက သရဲမရဲနဲ့။ နိုက်နိုက်ချွတ်
ချွတ် သိရမှ ကျေနပ်တော့မယ့်ပုံကြီး။

"ငါလည်း အချိန်သိပ်မရဘူး၊ ဆိုင်ကိုပြန်ရဦးမယ်"

"ပြန်လေ၊ ရော့ ... ကားသော့၊ နင် ဒီကောင်လေးကားနဲ့
လိုက်လာတာ မဟုတ်လား၊ အပြင်မှာ နင့်ကားမှ မတွေ့မိ
တာ၊ အခု ငါ့ကားမောင်းယူသွားပြီး ပြန်ချင်ပြန်တော့၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆက်မေးလိုက်ဦးမယ်၊ ပြီးမှ ကိုယ့်ဟာကိုယ် ကြည့်ကျက်ပြန်လာမယ်”

“ကျွတ်”

နိုက်က စိတ်ညစ်ညစ်ညူးညူး စုတ်လေးသပ်ကာ ပင်လုံကတော့ လှဲ့ဝါပုံစံကို သဘောကျသလို ခေါင်းငုံ့ပြီးရယ်ရယ်နေပါသည်။

“ပင်လုံ ... ဟုတ်လား ! ”

“ဟုတ်ကဲ့ ခင်ဗျ”

“နိုက်နဲ့ ဘယ်တုန်းက စ,သိတာလဲ”

“ဟို ... ဆယ်လ ဆယ့်တစ်လ တစ်နှစ်နီးပါး ရှိပါပြီ”

“ဘယ်လိုသိသွားတာလဲ၊ သိတာကြာပဲကြာလှပေါ့”

“ဗန်ကောက်မှာ သွားသိတာပါ”

“ဩော်”

“Khao San ဘက်သွားတုန်း အဲဒီမှာသွားဆုံတာ၊ မမဝင်နီနဲ့ သူနဲ့စပြီးသိကြတာလေ၊ အဲဒါနဲ့ ငါနဲ့လည်း သိသွားကြတာ”

နိုက်က ကမန်းကတန်း ဝင်ရှင်းပြသည်။

“ဩော် ... ပင်လုံကလည်း ဗန်ကောက်မှာ ဈေးသွားဝယ်တာပဲပေါ့”

“ဟုတ်ကဲ့ ... ကျွန်တော်လည်း ဆိုင်အတွက် နှစ်လတစ်ကြိမ်လောက်တော့ သွားလေ့ရှိတော့ ဒီမှာတုန်းက မဆုံဖူးတဲ့သူချင်း ဟိုမှာသွားဆုံနေတာ”





“ပင်လုံ့ဆိုင်က ဘယ်မှာလဲ၊ ဒဂုံစင်တာမှာလား၊ ရန်ကင်းစင်တာမှာလား၊ ဂျန်ရှင်အိတ်မှာလား”

“ဒဂုံစင်တာမှာတော့ ဒီနေ့ပဲ ဆိုင်တစ်ခန်း သွားကြည့်ခဲ့တယ်၊ ကျွန်တော့်ဆိုင်ကတော့ ပြည်လမ်းမ,ပေါ်မှာပါ၊ မြို့ရဲ့မျက်နှာစာမှာပဲ ဆိုင်ကိုဆောက်ထားတာ၊ ဆိုင်နာမည် Glamour လို့ ပေးထားတယ်”

“ဩော် ... မှန်တွေအပြည့်နဲ့ နှစ်ထပ်ဆိုင်ခန်းလေး၊ နက်ပြာရယ်၊ အပြာလွင်တောက်တောက်ရယ်၊ အဖြူရယ် စပ်ကြားလေး သုတ်ထားတဲ့ ဆိုင်လှလှလေး မဟုတ်လား”

“ဟုတ်ကဲ့ ခင်ဗျ၊ ယောကျ်ားလေးဖက်ရှင် အသုံးအဆောင်တွေပဲ ရောင်းတာပါ၊ သီးသန့်ကြီး ဆိုင်ကိုသွားဖွင့်နေရမှာစိုးလို့ အိမ်နဲ့ တတွဲတည်းပဲ ပေါ့ပေါ့ပါးပါးသဘောဖွင့်ထားတာ၊ အခုမှ ဟို ... ဒဂုံစင်တာမှာလည်း ဆိုင်ခွဲတစ်ခန်းဖွင့်ရင် ကောင်းမလားလို့ပါ”

“ဩော် ... အလုပ်အကိုင်ချင်းလည်း ဆင်တူလို ဆက်စပ်နေကြတာကိုး”

“ကဲ ... ကဲ ... လှဲ့ဝါ၊ ငါတို့ ပြန်ကြစို့၊ ငါလည်း ဆိုင်မှာ ချိန်းထားတာ ရှိသေးတယ်၊ ပင်လုံ့ကို ပြန်လွှတ်လိုက်မယ်၊ ငါ နင်တို့နဲ့ပဲ ပြန်လိုက်ခဲ့တော့မယ်လေ”

“နင်ကလည်း အသည်းအသန်ကို ပြန်ချင်နေတော့တာပဲ”

“ချိန်းထားတာလည်း ရှိလို့ပါဆို၊ ပင်လုံ့ကိုတောင် အဲဒါပြောပြထားပြီးသား၊ မေးကြည့်ပါလား”



www.burmeseclassic.com

www.burmeseclassic.com



"မမေးပါဘူး၊ ဘာလို့မေးရမှာလဲ၊ နင်ပြောပြလည်း ပြီးတာပဲဟာ၊ နင် မပြောထားတာတွေသာ သူ့ဆီက မေးကြည့်တာပါနော်၊ ဒါနဲ့ အခုနောက်ပိုင်း ဗန်ကောက်သွားကြရတော့ကော အတူတူလား"

"ဟုတ် ... ဟို"

"ဟိုဟာပါ၊ ချိန်းသွားတာတော့ မဟုတ်ဘူး၊ ငါကတော့ သွားနေကျအတိုင်း မမဝင်နီနဲ့ သွားတာပါ"

မျက်စိမျက် မျက်နှာပျက် ငြင်းနေတဲ့ ခိုက်ကိုကြည့်ရင်း ပင်လုံက သနားလာပါသည်။ ဣန္ဒြေသိက္ခာကို ထိန်းသိမ်းလှတဲ့ မမခိုက် ခမျာ သူ့သူငယ်ချင်းတို့ရဲ့ ထင်ရာမြင်ရာ မယုံသင်္ကာတွေထဲမှာ အတော်စိတ်ကျဉ်းကျပ်နေရှာပြီ။

"မမခိုက်က သူ့ဟာသူ မမဝင်နီကြီးနဲ့ ခါတိုင်းလိုစီစဉ်ပြီး ထွက်တာပါပဲ၊ ကျွန်တော်က ... အဟဲ ... မမတို့ထွက်မယ့်ရက်ကို စုံစမ်းပြီးတော့ ပြိုင်တူလိုက်ထွက်ဖြစ်အောင် ကြံဖန်တာ နှစ်ခါရှိပြီဗျ"

သဘောကောင်းတဲ့ ရုပ်ကလေးနှင့် ပြုံးပြုံးကလေးဝင်ပြောနေတဲ့ ပင်လုံရဲ့စကားထဲမှာကိုက သူဟာ ခိုက်နှင့် မကြုံကြုံအောင် မဆုံ,ဆုံအောင် တမင်တကာ လိုက်ဖန်တီးတယ်ဆိုတာ ပါနေပြီ။ သူငယ်ချင်းမိတ်ဆွေလို ရိုးရိုးလေးမကတဲ့သဘောကို ကောင်လေးက ခပ်အေးအေးပဲ ဖွင့်ပြောနေတာ။





ခိုက်သာ အလကားနေရင်း အရှက်တွေကြီးပြီး ရှုံ့မဲ့နေတာ။ လုံ့ဝါက ဒီလောက်သိရရင် လုံလောက်ပြီလို့ ကျေနပ်သွားပုံရသည်။

"ကဲ ... ခိုက်၊ နင် သိပ်ပြန်ချင်ပြီဆိုလည်း ပြန်ကြတာပေါ့"

ခိုက် စိတ်ပေါ့ပါးသွားသလို ချက်ချင်းပဲ ဖျတ်ခနဲ ထ,တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ကိုမင်းဦး"

"ဟေး ..."

"လှဲတို့ ညနေခုနနာရီလောက်မှ ပြန်ရောက်မယ် သိလား၊ တစ်နေကုန်မယ်၊ အဲဒါကြောင့် ရှင်လည်း ရှင့်ဘော်ဒါတွေဆီ ခဏတဖြုတ် သွားလည်ချင်ရင်လည်"

ကိုမင်းဦး မျက်နှာက ဝင်းလက်သွားတာကို မသိမသာ ဖုံးဖိလိုက်ရင်း ...

"သမီးကော မိန်းမရဲ့၊ သမီးနဲ့ နေရမှာ မဟုတ်လား"

"သမီးလေးကို သူ့အဘိုးအဘွားအိမ် ဝင်ထားလိုက်ပေါ့၊ နော်ဖေ့...ဲ့ သမီးနဲ့ထည့်ရင်ထည့်လိုက်၊ ဒီမှာပဲ ထားချင်လည်းထား၊ အဆင်ပြေသလို လုပ်လိုက်ပေါ့"

"မိန်းမက ကားယူမသွားဘူးပေါ့"





"ဒီမှာလေ ... ခိုက် ကားနဲ့လာကြိုတဲ့ဟာ၊ ကားယူမသွားဘူး၊ ကိုပဲယူသွားလိုက်၊ နောက်တော့မကျနဲ့၊ သမီးဝင်ကြိုပြီး ခုနစ်နာရီအရောက်ပြန်လိုက်"

"အေး ... အေး"

လှဲဝါသည် တစ်အိမ်လုံး ဟိုအခန်းဝင် ဒီအခန်းထွက်နှင့် နော်ဖော့ကို ခိုင်းစရာရှိတာခိုင်းလိုက်။ သူ့သမီးဖွထားသည်များကို ခရီးကြုံလမ်းကြုံ ရှင်းလိုက်၊ ကောက်သိမ်းလိုက်လုပ်ရင်း သွားကာနီး အလုပ်ရှုပ်နေသည်။

"လှဲဝါရယ် ... နင့်ကိုကြည့်ရတာ မူးလိုက်တာ၊ ဝင်လိုက်ထွက်လိုက်နဲ့ ဘာတွေ ဒီလောက်တောင် ရှုပ်ယှက်ခတ်နေလဲ"

"ဈေးပိတ်တဲ့ ဒီလိုနေ့လေးပဲ အဲသလို ဟိုကောက်သိမ်း ဒီကောက်သိမ်း ရှင်းရလင်းရတာဟ့၊ ဈေးပိတ်ရက်ဆိုတော့ သူငယ်ချင်းတွေနဲ့လည်း ဟိုဟိုဒီဒီ ထွက်ချင်သေးတယ်၊ တစ်မနက်ခင်းလုံး ဒီခြေဖဝါးနှစ်ဖက်ကို စုံကိုမရပ်ရသေးတာ၊ ကိုရေ ... ဒီမှာ အင်္ကျီထုတ်ပြီး မီးပူတိုက်ပေးခဲ့တယ်"

"နော်ဖော့ တိုက်ပေးပါလိမ့်မယ် မိန်းမရယ်"

"နော်ဖော့က သမီးကို ထမင်းကျွေးဖို့ လုပ်နေတာ၊ နောက်တွေကျနေမှာစိုးလို့ လှဲပဲတိုက်ခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခိုက်က သူတို့လင်မယားအိပ်ခန်းထဲမှ မှန်မှန်ထွက်လာနေတဲ့ ကိုမင်းဦး အသံကိုသာ ကြားရပြီး လူကိုမမြင်ရတာမို့ ဘာများလုပ်နေလဲ စပ်စပ်စုစု လှမ်းကြည့်မိသည်။ သူတို့အိပ်ခန်း တံခါးကလည်း ပွင့်လျက်သားမို့ပင်။ သူတို့သူငယ်ချင်းလေးဦးဟာ သူ့အိမ်သူ့ယာ ကိုယ့်အိမ်ကိုယ့်ယာ မခွဲခြားဘဲ အိပ်ခန်းထဲ လည်းဝင် ခုတင်ပေါ်လည်းထိုင် စသဖြင့် အလွန်ရင်းနှီးစွက်ဖက်နေကျမို့ပင်။

ကိုမင်းဦးက လင်မယားနှစ်ယောက်အိပ် ခုတင်ကြီးပေါ် စန့်စန့်ကြီး၊ ခေါင်းအုံးတွေဆင့်၍ မှီလှဲကာ ဂျာနယ်ကြီးဖြန့်ဖတ်ရင်း စကားပြောနေတာပင်။

"ဒီမနက် ဆေးသောက်ပြီးပြီလား"

"မသောက်ရသေးဘူး မိန်းမ"

"ကိုမင်းဦးက နေမကောင်းဘူးလား"

ခိုက်က မေးလိုက်ပါသည်။

"ဟိုတလောက နှာစေး ချောင်းဆိုး သလိပ်ထွက်နေတာ၊ သလိပ်က အရောင်ရှိလို့ဆိုပြီး ဆရာဝန်က အဲင်တီဘိုင် အောတစ် တိုက်ထားတာမို့ ဆေးပတ်လည်အောင် ဆက်သောက်နေရတာလေ၊ နည်းနည်းလေး နှာမစေးနဲ့ ချောင်းမဆိုးနဲ့ သလိပ်က တန်းပြီးစိမ်းဝါလာတာပဲ၊ ဆေးလိပ်ဒီလောက်သောက်တာ၊ အဲင်တီဘိုင်အောတစ်လေး ထည့်သောက်ရရော၊ ငါ မတိုက်သရွေ့ မသောက်ဘူး၊ သူ့ချည်း





ပစ်ထားရင် ဆေးပတ်မလည်ဘဲ ပိုးသတ်ဆေးတွေ ဆေးယဉ်ကုန်တာ ကြာပြီ"

လှဲ့ဝါသည် ပြောရင်း မီးဖိုထဲဝင် ရေတစ်ခွက်ယူကာ မင်းဦးထံ သွားပေးရင်း ...

"ရော ... ရေ၊ ရော ... ဆေး၊ သောက်"

ဖန်ခွက်လှမ်းယူကာ ပြန်ထွက်လာတဲ့ လှဲ့ဝါကို ကပင် ရှုံ့မဲ့ကာ ...

"ပစ်ထားလိုက်ပေါ့၊ ဆေးယဉ်လည်း သူ ယဉ်မှာ၊ နင်ယဉ်မှာမှ မဟုတ်တာ၊ နင်ကိုက သိပ်လိုက်လုပ်ပေးလွန်းတာ"

တီးတိုး ပြစ်တင်ပါသည်။ အိစံ တစ်ယောက် ာကျားနှင့် စကားများ နောင်ကျိန်ထားတဲ့ အချိန်မို့ပင်။ သာမန်ချိန်ဆိုရင်တော့ အိစံဟာ သူ့ယောကျ်ားကိုပင် သိပ်စောဒကတက်ရဲသူ မဟုတ်။ ခုတော့ ယောကျ်ားကို ကြည့်မရတဲ့အချိန် လှဲ့ဝါကိုပင် ဝင်ပြီးအပြောကြီးနေတာ။

"ကျွတ် ... ဖုန်းကလည်း ခေါ်မရဘူး"

ညည်းလိုက်သူက စန္ဒီ။ အပြင်ထွက်နေရင်းယောကျ်ား ဖုန်းပြန်ပြန်ခေါ်တဲ့ နေရာမှာတော့ စန္ဒီသည် ဂီးနီးစ်ဘွတ်ခ် ချိန်တင်ရလောက်တဲ့သူပင်။ အပြင်ရောက်နေရင် ယောကျ်ား ဖုန်းခေါ်ရသည်မှာ ဆယ့်ငါးမိနစ်တစ်ကြိမ်လောက်။

"နင်တို့အိမ်ထဲ ဘယ်နား ဖုန်းလိုင်းပိုမိလဲဟ"



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ကမေးရင်း ဖုန်းကိုင်ကာ တစ်အိမ်လုံး ပဝ ချောက်နေတဲ့ စန္ဒီနှင့် ဟိုဝင်ဒီထွက် ကိစ္စများမြောင်နေက ချက်ချင်းထမလိုက်နိုင်ဘဲ မျက်စိနောက်စရာဖြစ်နေတဲ့ လဲ့ဝါတ တစ်ယောက်နဲ့ တစ်ယောက် ရှောင်ရတိမ်းရသေးသည်။ နို့မို့ရင ဝင်တိုက်ကုန်မှာ။

နဂိုက စိတ်အခြေခံ Mood မကောင်းတဲ့ အိစံဟာ ဟိုနှစ်ယောက်ကို ကြည့်မရဖြစ်ကာ မျက်စောင်းတစ္ဝယ်ရွယ်။ ယောက်ျားနဲ့ ရန်ဖြစ်ထားတာ နှစ်ရက်ရှိပြီမို့ ရန်လိုနေတဲ့အချိန်။ အားလုံးကိုကြည့်ကာ ရင်မောနေတဲ့ သူကတော့ ခိုက်ပင်။

"ဟယ်လို ... ဟယ်လို ... မောင်လား"

"ဝရန်တာဘက် ထွက်ပါလား စန္ဒီ"

လဲ့ဝါ စကားကြောင့် စန္ဒီ ဝရန်တာဘက် တတောက်တောက် ပြေးရှာသည်။

"မောင်ရေ ... စန္ဒီပါ၊ ကြားလား၊ မောင် ကြားရလား"

"ကိုမင်းဦး"

"ဝေး ... မိန်းမ"

"ရှင် ခုတင်ပေါ်စန့်နေတာ သမီး ခဏခေါ်ထားပါလား၊ ဒီမှာ သမီးက လဲ့ ဂါဝန်စဆွဲပြီး နောက်က လိုက်နေတယ်၊ ချော်လဲတော့မယ်"

"သမီးရေ ... သမီးရေ၊ ဖေကြီးဆီ လာဟေ့"

"လာဘူး"





"လာပါကွာ၊ သမီးလေးက လိမ္မာလိုက်တာ"

"ရှင် အဲဒီကနေ ထိုင်ရာမထ အပျင်းတစ်ပြီး ခေါ်မနေနဲ့ ကိုမင်းဦး၊ လာဖွေ့ချီသွား"

"အေးပါကွာ၊ လာပါပြီကွာ"

လဲ့ဝါတို့သမီးလေးဟာ သုံးနှစ်ခွဲအရွယ် ချစ်စဖွယ်။ ခေါ်မှ အိပ်ခန်းထဲက အိပ်ပုံပုံထွက်လာသော ကိုမင်းဦးက ခဲ့နှင့်ပြေးသော သမီးနောက်မှ လိုက်သည်။

"ကိုမင်းဦး ... ဝ,လာပြန်ပြီနော်၊ ခတွေ့တာ တစ်လသောက် ရှိလို့"

ခိုက် လှမ်းပြောလိုက်မိပါသည်။

"သူမှမဝရင် တစ်လောကလုံး မဝတော့ဘူး၊ စာပြီးအိပ်နေ ဘိက္ခုဝေလေ၊ ဣရိယာပုဒ်က မမျှတော့ဘူး၊ ပြေးလွှားလှုပ်ရှားမှ မနေရတာ"

"ဟုတ်ပါ့ မိန်းမရယ်၊ သမီးကို လိုက်ဖမ်းရတာ မောလိုက်တာ၊ နော်ဖော့ရေ ... ငါ့ကို ရေတစ်ခွက်ခပ် လာတိုက်စမ်း၊ ခုနရေက နည်းနည်းလေးနဲ့ ဆေးလည်း လည်ချောင်းက မကျဘူး"

ကိုမင်းဦးက သမီးနောက် ဆက်မလိုက်ဘဲ ဆိုဖာ တစ်လုံးမှာ ဝင်ထိုင်လိုက်ပါသည်။ ဒီကွန်ဒိုတိုက်ခန်းအနေ လေးထဲ သူ့သမီးနောက် နှစ်ပတ်လောက် ပြေးလိုက်ရတာ လှသာမောနေသည်။


www.burmeseclassic.com

www.burmeseclassic.com



"နော်ဖော့ရေ ... ရေဟဲ့ ... ရေ"

"နော်ဖော့ မအားပါဘူးဆို၊ ရေတောင် ကိုယ့်ဟာကိုယ် ထငှဲ့မသောက်နိုင်ဘူး ... ကျွတ်"

လှဲ့ဝါပဲ ပြေးကာလွှားကာ ရေတစ်ဖန်ခွက် ထည့်ယူလာသည်။ ရွှံ့မဲ့စိတ်ပျက်ကာပင် သူ့ယောကျ်ားထံ လာဆက်သ၊ ရပြန်သည်။ ပြီးလျှင် ကလေးကို သူပဲ လိုက်ဖမ်းပွေ့ချီလာကာ ကိုမင်းဦးပေါင်ပေါ် စိတ်မရှည်လက်မရှည် လာတင်ပေးရင်း ...

"ရော့ ... ချီထားတော့၊ လှဲ့တို့ထွက်ရင် ပြေးလိုက်လာဦးမယ်"

"မြန်မြန်လုပ်ပါ မိန်းမရဲ့၊ ရေတွေတောင် သီးကုန်ပါပြီ"

"သီးရင်လည်း သေတော့တော်ရေ"

ကိုမင်းဦးက မကြားသလို တဟားဟားရယ်ကာ သူ့သမီးကို ပွေ့ဖက်မွှေးရှုပ်နေသည်။ အင်း ... ပါးစပ်တစ်ပေါက်က နင်ပဲငဆ ပြောချင်တိုင်း ပြောခွင့်ရ၊ အမိန့်ပေးချင်တိုင်း ပေးလို့ ရတာ မှန်သော်လည်း သူချည်း အစအဆုံး လုပ်ကိုင်ပင်ပန်းရတဲ့ လှဲ့ဝါဟာ ယောကျ်ားနိုင်ရတယ်လို့ နာမည်ထွက်ပြီး ဂုဏ်ရှိမလိုလို တော့ ရှိသား။

သူချည်း ပြေးလွှားနေရ၍ ခန္ဓာကိုယ်လည်း ကျ လျစ်သွယ်လျကာ အဆီပိုတောင် မရှိပေ။ စန္ဒီကမူ ကလေးဝ တစ်နှစ်ခွဲပဲ ရှိသေးပြီး တင်ပါးကြီးတွေထွက်၊ ဗိုက်ကြီးတွေထွ တစ်ရစ်နေသည်။





"မောင် ကြားပြီလား၊ ဟယ်လို"

"......"

"အင်း ... အင်း ... ကြားတယ်၊ စန္ဒီ အခု လှဲ့ဝါတို့အိမ်မှာ သိလား၊ အင်း ... မထွက်ရသေးဘူး။ လှဲ့ဝါ မပြီးသေးလို့ စောင့်နေတာ မောင်ရဲ့"

"......"

"မောင်ရော ... ရုံးခန်းမှာပဲလား၊ ဘယ်သူလာသေးလဲ"

"......"

"အင်း ... အင်း၊ ခဏနေ စန္ဒီတို့ ထွက်တော့မယ် သိလား၊ မောင် ခဏနေ ထမင်းစောစောစားလိုက် သိလား၊ ဟင်း ရည်ကို မြင့်ဦးကို အာဗဇင်နဲ့ နွှေးခိုင်းဦး သိလား"

"အမယ်လေး ... နားကြားပြင်းတွေ ကတ်လိုက်တာဟယ်၊ သူ့ယောကျ်ားက သူ မပြောရင် အချိန်တန် ထမင်းမစားမှာ ကျနေတာပဲ"

ဘယ်သူ့မှ သိပ်ကြည့်မရချင်တဲ့ အိစံရဲ့ မဲ့ရွဲ့ပြောဆိုသံပင်။ လင်မယား ရန်ဖြစ်ထားပါတယ်ဆိုမှ ဟိုတစ်ယောက်က ကယုကယင် လုပ်နေတော့ မရှုစိမ့်အောင် ဖြစ်လာပုံရသည်။ ခက်က အိစံကို စကားထောက်တဲ့အနေနှင့် "ဟုတ်ပ"လို့ တစ်ခွန်းတော့ ဝင်ပြောပေးရသည်။

စန္ဒီ ခများလည်း သူ့ယောကျ်ားကို ဒီလောက် ကယုတယ ကယုကယင် လုပ်နေတဲ့ကြားကပင် သူ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခပ်လှုပ်လှုပ်။ သူက သည်းပိုလွန်းလို့ ယောက်ျားက စိတ်ရှုပ်ပြီး တစ်ဖက်မှာ လှုပ်တာလား၊ ယောက်ျားကမငြိမ်လို့ သူ့ခမျာ အသည်းပိုပေးနေရတာလား ဆိုတာဟာ ကြက်ဥနှင့် ကြက်မလို တွေးရခက်လှသည်။

စန္ဒီ့ယောက်ျား ကိုသက်မောင်မောင်ဟာ ကျောင်းတုန်းကတည်းက ရည်းစားပွေပွေ။ ဘာလေးမှ မဟုတ်တာတော့ မိန်းမလှမြင်ရင် နည်းနည်းတော့ ရောရ အဖွဲ့ကျရမှ။ ဝါသနာပါတာ။ ဒါကြောင့် စန္ဒီဟာ အလုကြိုက်တဲ့ ယောက်ျားအတွက် ပြင်ရရှာသည်။ သူ့ကိုယ်ခန္ဓာ တစ်တစ်ရစ်ရစ်လေးမှာ ဒူးအထက် ပဲရှိတဲ့ ဂျင်းစကတ်အဖြူလေးနှင့် ပန်းဆီရောင် ကုပ်မှာကြိုးချိတ် အင်္ကျီကျပ်လေးအပေါ်က အနက်ရောင် In Look အပေါ်ထပ် အနက်ရောင်လေးကို ရင်ဘတ်ကြယ်သီးဖြုတ်၍ ဝတ်ထားပါသည်။

နားရွက်မှာ အဖြူနှင့် ပန်းရောင်အရစ်အရစ် နားကွင်းနှင့်။ မျက်နှာကို မဂ္ဂဇင်းကာဗာရိုက်တော့မလို ဖွေးဖွေးလင်းလင်း ပြင်ထားလိုက်သည်မှာ ငေးယူရလောက်သည်။ အိတ်အဖြူရောင်အကြီးကြီးလွယ်ကာ သူ့ပုံစံက မြန်မာပြည် ရန်ကုန်မြို့က မိန်းမတစ်ယောက်နှင့် မတူလှဘဲ ဂျပန်ပြည် တိုကျိုမြို့က ဝေ့ဘင်ကိုရီးယား ဆိုးလ်မြို့က မိန်းမတစ်ယောက်ယောက်ပုံမျိုး ပေါက်နေပါသည်။

"ခဏနေရင် စန္ဒီတို့ ဖြူဘီဆလွန်းသွားမယ် သိလား အဲဒီရောက်ရင် တစ်ခါဆက်လိုက်ဦးမယ်နော် မောင်"





"လမ်းမှာလည်း တစ်ခါဆက်ပြီးပြီ၊ ဒီနေ့ ငါတို့အလှပြင်ဆိုင်သွားမှာ ကိုသက် သိပြီးသားကြီးကို ထပ်ခါ ထပ်ခါ ဒါကိုပဲ ဆက်ပြီးပြောနေတာ"

အိစံက ပွစိပွစိ တိုးတိုးရေရွတ်နေသည်။

"မသင်းတို့ရော မမချစ်တို့ရော နှုတ်ဆက်လိုက်ဦးနော် မောင်၊ စန္ဒီက နှုတ်ဆက်တယ်လို့"

ခိုက်လည်း ပြုံးမိတော့သည်။ အဲဒီနာမည်တွေဟာ သူ့ယောက်ျား ကိုသက်ရုံးက လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေဖြစ်၍ သူ နှုတ်ဆက်ဆက် နှုတ်မဆက်ဆက် ဘာမှမထူးခြား။ တကယ်တော့ စန္ဒီ ခမျာဟာ မျက်နှာများတဲ့ သူ့ရဲ့ယောက်ျားကို "ရှင့်မှာ ရှင့်မိန်းမ ကျွန်မ ရှိပါတယ်နော်" ဆိုတာကို တစ်နေ့တစ်နေ့ အကြိမ်ကြိမ် အခါခါ သတိရအောင် နှိုးဆွသတိပေးနေရတာမျိုးပင်။

တခြားအာရုံကနေ သူ့ထံ အာရုံပြန်လည်အောင်။ တခြားမိန်းမတစ်ယောက်နှင့် စကားပြောဆို အီစီကလီနေရင်လည်း သူ့အသံကို ကြားရခြင်းအားဖြင့် သူ့ကို ကြားဖောက်သတိရသွားအောင်။ ငါ့ယောက်ျား ဘယ်သူနဲ့ ဘာလုပ်နေပါလိမ့်ဆိုတဲ့ ပူပန်စိုးရိမ်မကင်းတဲ့အတွေး တွေးမိနေတုန်း ယောက်ျားလုပ်သူနဲ့ စကားတစ်ခွန်း နှစ်ခွန်း ပြောလိုက်ရရင်ပဲ နည်းနည်းပါးပါး စိတ်အေးလက်ချ ဘဝင်ကျသွားရအောင်။

စန္ဒီဖုန်းပိတ်ကာ ဝရန်တာမှ ပြန်ဝင်လာတာကို အိစံက လှမ်းကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်ယောက်ျားက နင်လှမ်းပြောပြော မပြောပြော ထမင်းကို သူ စားချင်တဲ့အချိန်ကျမှ စားမှာပဲ၊ 'လောင်းမလား"

အရာရာကို ခွတိုက်ဖို့၊ ကွန်ဖရန်တေးရှင်း (Confrontation)လုပ်ဖို့ တာစူကာ မကြည်သာတဲ့ အိစံက လှမ်းပြောလိုက်လျှင် စန္ဒီက အူကြောင်ကြောင် ဖြစ်နေပါသည်။ နိုက်က စန္ဒီ့ကို အိစံ မမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြကာ အသာနေလိုက်ဆိုတဲ့ပုံစံ လုပ်ပြလိုက်ရသည်။

"ဒီနေ့အဖို့ ဒီအိမ်က ထွက်ဖြစ်ဦးမှာလား၊ မနက်စာ ဒီမှာ စားရမှာလား၊ ပြော"

အိညက် အိညက်နှင့် များသောအားဖြင့် ပျော့ပျောင်းနူးညံ့တဲ့ အိစံဟာ သူ့ယောက်ျားနှင့် မပြေလည်တဲ့ အချိန်ကာလတွေမှာဆိုရင် အံ့သြစရာကောင်းအောင် အစွာမ ဖြစ်နေတတ်တာ ထုံးစံပင်။

"သွားမှာ ... ထွက်မှာ၊ စိတ်ချ၊ အိစံ ရန်လိုနေပုံထောက်တော့ သူ့ယောက်ျားနဲ့ မခေါ်သေးဘူးပေါ့၊ ဟုတ်လား"

လှဲ့ဝါက အစင်းသိပိပိ တစ်ချက် ပြန်ခွပ်လိုက်ပါသည်။

"ဘာမှမဆိုင်ဘူး"

"ဒါဖြင့် နင့်ယောက်ျားနဲ့ ကြည်သွားပြီလား"

အိစံက ဘာမျှပြန်မပြောတော့ပါ။





တစ်အိမ်လုံးကို ရှင်းလင်းကောက်သိမ်း၊ မီးဖိုထဲက ဝက်ကျိမ နော်ဖော့ကို ပါးစပ်ကလည်းမှာ၊ လက်ကလည်း နမူနာပြ၊ သူ့အလှလည်း သူပြင်နေသေး၊ ဖအေဆီက ရန်ပြေးထွက်လာတဲ့ သမီးကို ဖအေက တစ်ချက်မှမလှုပ်ဘဲ "သမီး" "သမီးနော်" နှင့် ဝတ္တရားကျေ ရေရွတ်နေတဲ့ဆီ ကလေးကို ပြန်ချိုဖို့။ ကလေးသွားထားမယ့် အဘိုးအဘွားအိမ်ကို ထည့်ပေးလိုက်ဖို့ အဝတ်အစားအိတ် အသေးလေးပြင်၊ အဲဒီ ကလေးခရီးဆောင်အိတ်လေးထဲ မုန့်ထုပ်ကအစထည့်။

ယောက်ျားကို ခေါတ်ဆီထည့်ဖို့မှာရင်း ခေါတ်ဆီဖိုးထုတ်ပေး။ တစ်ခါတည်း ယောက်ျားသုံးဖို့ မုန့်ဖိုးလည်းထုတ်ပေး။ ပါးစပ်လည်းမနား၊ ခြေလည်းမအား၊ လက်လည်းမအားတဲ့ လှဲ့ဝါကို ကိုယ်တွေပါ ရောနှောမောကာ လိုက်ကြည့်ရင်း ခေါင်းတွေဘာတွေ အတော်မူးနောက်လာမှ လှဲ့ဝါ ထွက်လို့ရတော့သည်။

သူ့သမီး ငိုယိုသံကို ဥပေက္ခာပြုပြီး လေးယောက်သား ထွက်လာခဲ့ကြပါသည်။ အပြင်ထွက်လာတော့လည်း လှဲ့ဝါပုံစံဟာ ခုနက အိမ်မှာချာလပတ်ယမ်း ပြေးလွှားခဲ့ရတဲ့ အိမ်ရှင်မ မဟုတ်သလိုလို။ အိမ်မှာထိုင်ရာမထ ငြိမ်ငြိမ်းကလေးနေခဲ့ရသူလို သပ်ရပ်ကြော့ကော့နေပါသည်။

ကားပေါ်တွင် နိုက်သည် နှုတ်ဆိတ်၍ ပါလာသည်။ ဒီနေ့ကို ရှောင်ဖယ်ပြီး မလိုက်ဖြစ်အောင် ငြင်းလိုက်ဖို့ နိုက် စိတ်ကူးထားတာ။ အကြောင်းရင်းကတော့ ဒီနေ့အဖို့ နိုက် ကျွတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ကို သိ၍ပင်။ ဟိုးတစ်ရက်က ခိုက်နှင့် ပင်လုံကို လှဲ့ဝါ
တို့တွေ့သွားပြီးတဲ့နောက် ခိုက်တို့ချင်း အေးအေးဆေးဆေး မဆုံ
ရသေးပါ။ ခိုက်ကို သူတို့စစ်ဆေးတာ အစ်မေးတာတွေ မလုပ်ရ
သေးပါ။

ခိုက်ကလည်း အဲဒီနေ့က လှဲ့ဝါကားနှင့် ပြန်ပါလာပြီ
ကားပေါ်မှာလည်း မေးခွန်းများများ မဖြေရအောင် ဝေ့ပတ်ရှောင်
ခဲ့သည်။ ချိန်းထားတဲ့သူရှိလို့ မြန်မြန်မောင်းပေးဖို့လည်း လော
သည်။ Summit park view နှင့် ဒဂုံစင်တာကလည်း တစ်ကွေ့
လေးမို့ ချက်ချင်းပဲ ရွတ်ခနဲရောက်ကာ ထိုနေ့အဖို့ နားပူရမယ်
ဘေးက လွတ်ခဲ့ပါသည်။

သူငယ်ချင်းတွေ ပထမဆုံး ပြန်ဆုံချိန်းတဲ့နေ့မှာ
ခိုက် ကျဉ်းထဲကျပ်ထဲ ကျတော့မည်ကို ခိုက် သိသည်။ သူငယ်
ချင်းချင်း ဖုန်းတွေနဲ့ သတင်းပေး နှီးနှောဖလှယ်ပြီး ဒီအခြေအနေ
ထူးအတွက် ခိုက်ကို ကွက်ရှင်တွေထုတ်၊ လက်ချာတွေရိုက်
အားလုံး မောင်းတင်ထားကြတော့မှာလေ။ ဒါကြောင့် ခိုက်က
ရှောင်ချင်တာ။

သို့ပေမဲ့ ရှောင်မရပ်ါ။ ခါတိုင်းလည်း လှဲ့ဝါရဲ့
အားလပ်ရက် ဈေးပိတ်ရက်တွေမှာ ခိုက်ပါညှိပြီး ဆုံနေကျ။ စန္ဒီ
နှင့် အိစံက အိမ်မှာပဲနေကြတဲ့ အိမ်ရှင်မတွေဖြစ်၍ အထူးအထွေ
အိမ်ကိစ္စမရှိရင် ထ,လိုက်နိုင်သည်။ ခိုက်က ဈေးပိတ်တယ်လို့
ရှိတာမဟုတ်။ ဗိုလ်ချုပ်ဈေးမှာ ဒိုင်ဆိုင်ဖွင့်ကာ ပိတ်စတွေလက်





လက်ကား တင်သွင်းပြီးရောင်းတဲ့ လှဲ့ဝါရဲ့ ဈေးပိတ်ရက်ကို
အားလုံးဆုံဖို့ ကြိုးစားကြပါသည်။

ဒီတော့ တစ်ယောက်ယောက် ပျက်ကွယ်မယ်ကြံရင်
ကျန်သုံးယောက်က တစ်ယောက်တစ်ပေါက် မြည်တွန်ကြမှာ
သေချာနေသည်။ အပြင်ထွက်ခဲ့ကြတဲ့ စန္ဒီနဲ့ အိစံက ပိုဆိုးပါသည်။
သူငယ်ချင်းအုပ်စု တမင်တကာ ချိန်းထွက်တာမျိုး၊ ပွဲလမ်းအလှူ
မျိုးမှ မရှိလျှင် သူတို့ဘဝဟာ အိမ်ထဲမှာပိတ်ပြီး မွန်းလျှောင်ငြီးငွေ့
နေရမယ့်ဘဝ။ ဒီတော့ လမ်းပဲရှာနေကြကာ လှဲ့ဝါတို့ ခိုက်တို့က
အလုပ်ကိစ္စနှင့်ဖြစ်စေ လူမှုရေးကိစ္စနှင့်ဖြစ်စေ “ဟဲ့ ... ခဏအဖော်
လိုက်ပေးပါဦး”ဆိုရင်ပင် လိုလိုလားလား လိုက်ပေးချင်ကြတဲ့
မျိုးပါ။

ခိုက်သည် ဘယ်အချိန်မှာ မေးခွန်းတွေ ထွက်လာ
တော့မလဲ ရင်တထိတ်ထိတ်နှင့် ခိုးစားတာ လူမိခံထားရတဲ့သူ
နှယ် ကုပ်ကိုပုပြီး ဘာမှစ,မထွက်ရဲပဲ ရှိပါသည်။

“ကဲ ... ပြောစမ်းပါဦး”

လှဲ့ဝါရဲ့ အောင်မြင်ကျယ်လောင်တဲ့အသံ။ လှဲ့ဝါက
ကားမောင်းနေတဲ့ ခိုက်ရဲ့နံဘေးမှာ။ စန္ဒီနှင့် အိစံက နောက်ခုံမှာ။
ခိုက်က “အင်”ဟု အသံခပ်ဝင်ဝင်နှင့် မကြားတကြား အသံပြုရင်း
လှဲ့ဝါကို ဟန်ကိုယ်ဖို့ အားတင်းပြီး ကြည့်လိုက်ပါသည်။ မျက်
တောင်းတစ်ချက်နှင့် ...

“ဘာပြောရမှာလဲ ... ဂါက”



www.burmeseclassic.com

www.burmeseclassic.com



"မောင်တော်၊ မလုံမလဲနဲ့ သူက တစ်မျိုး။ ငါက အိစံကို
မေးနေတာ"

"ဘယ်သိမလဲဟဲ့၊ နင့်မျက်လုံးကြီးက ဒီဘက်ကြည့်နေတာ"

"နောက်ဘက်လှည့်ဖို့က ဇက်လိမ်ပြီး နင်းကန်လှည့်ကြည့်
ရမှာမို့ ခေါင်းက ဘေးဘက်လောက်ပဲ လှည့်သွားတာပ
ခိုက်ရယ်၊ နင့်ကို မကြည့်ရပါဘူး၊ ကဲ ... အိစံ၊ နင်တို့
လင်မယားက ဘယ်လိုဖြစ်တာလဲ"

"မသိဘူးဟာ၊ လာမမေးနဲ့"

"မမေးလို့ မရဘူးလေ၊ နင့်ပုံစံကိုကြည့်ရင် အဲသေးအဖွဲ
မဟုတ်တာ သိသာတယ်၊ အဲဒါကြောင့် မေးရတာ"

"လာမေးမနေနဲ့၊ ငါ သူ့ကို တစ်နေ့နေ့တော့ သတ်ပစ်
မိမယ်"

"ဘုရား ... ဘုရား၊ တယ်ကြမ်းပါလား"

"နင် နောက်မနေနဲ့ လှဲ့ဝါ၊ အိစံတို့က စိတ်ကောင်းဝင်နေ
ချစ်နေရင် မြေကြီးပေါ်ပြားအောင် သည်းခံနေလိုက်မယ်
စိတ်နာပြီဆိုရင် မရဘူး"

"ဟုတ်လား"

လှဲ့ဝါကတော့ မသိမသာ နောက်ပြောင်ဆဲပင်
ခိုက်လည်း ကျိတ်ပြီးပြုံးစိစိ ဖြစ်ရသည်။ လင်မယားရန်ဖြစ်တိုင်း
အိစံထံက အဲဒီအသံမျိုး ထွက်နေကျ။ "ဒီတစ်ခါတော့ သည်းမခံ
တော့ဘူး"တို့၊ "စိတ်နာမိရင် ကမ်းကုန်ပဲ"တို့၊ "ကွဲမယ် ကွာ
မယ်"တို့။





ရန်ဖြစ်ရာက ပြန်တည့်သွားပြီ ဆိုရင်တော့ ထိုအသံ
တွေအားလုံး တိတ်ကာ လွန်ခဲ့တဲ့ရက်ပိုင်းက ဒီစကားတွေ ပြော
ခဲ့တာ သူ မဟုတ်သလို ထင်ရပါသည်။ အိစံဟာ အားလုံးထဲမှာ
အိမ်ထောင်သက် အရင့်ဆုံး။ နှစ်ဆယ့်နှစ်နှစ်မှာ အိမ်ထောင်အရင်
ဆုံးကျတာဖြစ်၍ ဒီနှစ်ထဲမှာ ဆယ်နှစ်မြောက် မင်္ဂလာနှစ်ပတ်
သည် ကျရောက်မှာဖြစ်သည်။

ခုနှစ်နှစ်သမီးနှင့် လေးနှစ်သားတို့ရဲ့မိခင်ဖြစ်ကာ
အိမ်ထောင်သည်ဘဝ ရင့်မာလာသည်နှင့်အမျှ မျိုးသိပ်ရခြင်းတွေ၊
အရှုံးပေးရခြင်းတွေနှင့် အသားတကျ ဒူပေဒါပေခံနိုင်နေပါပြီ။
တစ်ချက် တစ်ချက်မှာတော့ ချိုးခြေထားရတဲ့ အတွင်းထဲက
အတ္တမာနစိတ်ကလေး အခန့်မသင့် ခေါင်းထောင်လာတဲ့အခါမျိုး
မှာ သူ့ယောကျ်ားနှင့် နောင်ဂျိန်ဖြစ်တတ်ပေသည်။

"ဘာဖြစ်လို့လဲဟင် အိစံ၊ ပြဿနာက ဘာလဲ"

စန္ဒီက မေးသည်။ စန္ဒီသည် ခြေလှမ်းပျက်တဲ့
ယောကျ်ားကို ရထားသော်လည်း အယုယတော့ခံရ၍ အိစံနှင့်
အားချက်ချင်း မတူနိုင်ပေ။

"ဘာလဲ ပြောမရပါဘူးဟာ၊ မယ်မယ်ရရ မရှိပါဘူး"

အိစံက စန္ဒီ့ကိုတော့ ကောင်းကောင်းဖြေသည်။
စန္ဒီက ကလေးလို ရိုးရိုးလေးပဲ မေးတာကိုလည်း သဘောပေါက်
ချင်။ စန္ဒီဟာ ကူညီစိတ်မကောင်းဖြစ်ပေးဖို့သာတတ်ပြီး တတ်
ဆောင်ကားနှင့် လှဲ့ဝါလို ဆရာမကြီးဝင်လုပ်မယ့်သူ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



လဲ့ဝါကတော့ ဆရာမကြီးနေရာက တစ်ပြားမရွေ့ဘူး။ သူ့ကိုယ်သူ အိမ်ထောင်ရေးကဝိကြီးအလား သွေးနားထင်ရောက်နေရသည်မှာ သူ့ယောကျ်ား လူပျင်း လူဖျင်းကြောင့်လို့ အိစံက နှစ်နှစ်နာနာ တွေးလိုက်သည်။

ဦးထိန်လင်းအောင်တို့က မိန်းမအပေါ် အလျှော့မပေး ဗိုလ်ကျ တစ်ကိုယ်ကောင်းဆန်တတ်ပေမယ့် ကိုမင်းဦးလို လဲ့ဝါ"သွား"ဆိုမှ အပြင်ထွက်ရဲတဲ့ သွားရဲတဲ့၊ အာပြဲနဲ့အော်သမျှ "မိန်းမကလည်းကွာ"ကလွဲရင် တစ်ခွန်းမှ ပြန်စောဒကမတက်ရဲတဲ့၊ တိုင်းသိပြည်သိ မိန်းမရဲ့တပည့်လိုနေရတဲ့ အဖြစ်မျိုးနဲ့စာရင်တော့ ယောကျ်ားပီသတာယ်ရို့ ကိုယ့်ဘက်ကိုယ်ယက်ပြီး ကြံဖန် ဖန်းတင်တွေးပါသည်။

ယောကျ်ားကို (ရှင်းရှင်းပြောရရင်) ကြောက်ရတယ်လို့ ဆိုရမယ့်ဘဝဖြစ်၍ ယောကျ်ားကို မကြောက်ရတဲ့အပြင် နိုင်ရတဲ့ လဲ့ဝါကို စိတ်ပေါက်ပေါက်ရှိတဲ့အခါတို့မှာ လုံးဝမနာလိုတာလည်းအမှန်ပေ။

"အကျိုးမထူးဘဲနဲ့ မခေါ်မပြော လုပ်မနေနဲ့၊ ကြာလေ ပြန်ခေါ်ရခက်လေ၊ ဟိုက နှင့်ယောကျ်ားကတော့ စ,ကို ချော့ခေါ်မှာ မဟုတ်ဘူးမို့လား၊ နှင်ပဲ မသိမသာနဲ့ မပြောမဖြစ်လို့ လာပြောရသလို ဆောင့်ဆောင့်အောင့်အောင့် လိုက်စ,ခေါ်ရင်း ခေါ်ရင်းက လေသံပျော့ပျော့လာပြီး နောက်ဆုံး နှင်ပဲ ချော့ခေါ်လိုက်ရတာပဲမို့လား"





လဲ့ဝါက ကားပေါ်မှာ ဆံပင်ကိုဖြီးသင်ရင်း ဆရာလုပ်လာသည်။ ဟုတ်နေ၍ အိစံသည် အောင့်သက်သက်နှင့် ဝါကိုလည်းချဉ်ကာ ယောကျ်ားကိုတော့ ပိုမုန်းလာသည်။ သင်းကြောင့် ဒီလိုနှိမ်ပြောခံထိတာ။

"ကိုယ်ပဲ ပြဿနာရှာ၊ ရန်စ,လုပ်၊ ပြီးရင် ကိုယ်ပဲလိုက်ပြန်ချော့ခေါ်ရတာ ပိုအောက်တယ်ဟဲ့၊ ယောကျ်ားလည်း ပိုရောင့်တက်တယ်၊ နောက်တစ်ခါဖြစ်ရင် ဒီဟာမ ပြန်ချော့ခေါ်မှာပဲဆိုပြီး ပိုတောင်တင်းသေး၊ တစ်ခါတစ်ထက် တစ်ခါ ပိုပိုပြီး မမှုဘူး၊ ဂရုမစိုက်ဘူး ဖြစ်လာရော"

"နှင်ပဲသိ၊ နှင်ပဲတတ်နော်၊ နှင်က ကံကောင်းထောက်မလို့ နှင့်ကို ဘာမှမပြောရဲတဲ့ လူအေးရေခဲတုံးနဲ့ ရထားတာကိုး"

အိစံက မကောင်းတတ်၍ "လူဖျင်းလူညံ့"လို့ မသုံး "လူအေးရေခဲတုံး"လို့ သုံးရပါသည်။

"နှင်လို ဆရာမကြီးကို ငါက ဦးထိန်လင်းအောင်နဲ့ များများမဟုတ်ဘူး သုံးလလောက်ပဲ ပေးစားချင်တယ်"

လဲ့ဝါက အိစံရဲ့ တမင်နာအောင် ပိတ်ထုတဲ့အလုံးနောက်ဘဲ တဟားဟားနှင့် ခေါင်းမော့ကာ အူလှိုက်သည်းလှိုက်ရယ်နေပြီးလျှင် ...

"နှင်ပေးစားတိုင်း ငါက ယူစရာလား၊ မှတ်ထားဟဲ့၊ လဲ့ဝါက ကိုယ်ဘာလိုချင်တာကို သိပြီးသား၊ ကိုယ့်ရှေ့က ဦးဆောင်ပြီး ဘာလုပ်ချင်ချင် ကိုယ်က ခွင့်တောင်းရ



www.burmeseclassic.com

www.burmeseclassic.com



ချက်နှာကြည့်ရတဲ့ ယောကျ်ားမျိုးကိုလိုချင်ရင် အစကတည်းက ငါ အဲဒါမျိုး ရှာယူတာပေါ့ဟဲ့၊ ငါက အိမ်မှာပျင်းပြီး အိပ်နေပစေ၊ ငါပြောသမျှ လက်ခံတဲ့ ခေါင်းညိတ်တဲ့ ယောကျ်ားမျိုးကို လိုချင်လို့၊ ငါပဲ ဦးဆောင်ချင် ဆုံးဖြတ်ချင် ရှေ့ကနေချင်လို့ ကိုမင်းဦးကို ယူထားတာပေါ့ အိစံရယ်"

"မပိုပါနဲ့ဟာ၊ ယူပြီးမှ ဒီလိုလူစား ဖြစ်နေတာကို သိရတာပါ"

"အဲဒါ နင့်လေ၊ ငါက မယူခင်ကတည်းက လိုချင်တဲ့ပုံစံကိုပဲ ရွေးထားတာ"

အိစံက လဲ့ဝါကို မျက်စောင်းရှယ်ရင်း ...

"ကြီးကိုကျယ်တယ်"

"ဩော် ... သူငယ်ချင်းရယ်၊ ငါ တကယ်ပြောတာပါ၊ ငါတို့တစ်တွေရဲ့ ရုပ်ရည်လေးတွေနဲ့ ရှိတာလေးကို လက်မလွှတ်ဘဲ အရဆွဲယူခဲ့ရတာမှ မဟုတ်ဘဲ၊ နင်တို့ ငါတို့ အားလုံးဟာ ပေါပေါများများထဲက ရွေးယူခဲ့ကြတာတွေပါ၊ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့"

"အေး ... ရွေးယူခဲ့ကြတာချင်းတူတူ ငါက ငါလိုချင်တဲ့ ယောကျ်ား၊ ငါထားရာနေမယ့် ယောကျ်ားကိုယူထားတာ၊ နင် အပြောကြီးတယ်ထင်လည်း ထင်ပေါ့ဟယ်"





"နင် ကိုမင်းဦးကို မချစ်ဘူးလို့ ဆိုလိုတာလား"

"ချစ်ပါတယ်ဟဲ့ ကိုယ့်ယောကျ်ားပဲဟာ၊ ငါလိုချင်တဲ့အတိုင်းလေး နေလို့တောင် ပိုချစ်ရသေး"

"ဟွန်း"

"ငါဆိုလိုတာက ငါက ဦးနှောက်နဲ့ သေချာစဉ်းစားရွေးချယ်ပြီး ချစ်တာ၊ နင်တို့ စန္ဒီတို့က လူတွေရွေးစရာတစ်ပုံကြီး အနားမှာရှိတဲ့အထဲက အချစ်ကို ဦးစားပေးပြီး မျက်ကန်းတောတိုး ယူပစ်ကြတာ"

စန္ဒီနှင့် အိစံသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဟုတ်ပဲ ဟုတ်နိုးနိုး ဇဝေဇဝါတောင်မှ ဖြစ်ကြရပါသည်။ အဲဒီ လဲ့ဝါဟာ အပြောကလည်း ချက်ပိုင်ပိုင်နှင့် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပြောလိုက်ရင် သူအဟုတ်။ အမြဲစင်ပေါ် သူ့ယောကျ်ားကလည်း သူပြောချင်ရာ ပြောလို့ရအောင် ခံလှသည်။

တစ်ခါတစ်ခါ အဲဒီ ကိုမင်းဦးကို အသည်းယားပြီး ဆော်ပစ်ချင်တာ။ သူက မိန်းမပြောသမျှ နလုံတော့ ဘေးက တွေဟာ ကိုယ့်ယောကျ်ားကို အားမလို အားမရ နှိုင်းယှဉ် ကိုယ်ပဲ လင်ရက်ဆိုးသလိုလို၊ ကိုယ့်ယောကျ်ားကပဲအတော် တာတေလန်ကြီးလိုလို ထင်ယောင် မြင်ယောင် ဖြစ်ယူရ



www.burmeseclassic.com

www.burmeseclassic.com



“နင်ရော စန္ဒီရောဟာ ကိုလင်းနဲ့ ကိုသက်ကို ယူပြီး
နောက် နောင်တချိန်မှာ ဘယ်လိုဖြစ်လာနိုင်လဲဆို
ကြိုမတွေးဘဲ အဲဒီအချိန်က နှလုံးသားရဲ့လှုပ်ရှားမှုအတို
မစဉ်းမစား အဖြေပေးပြီး ရွေးချယ်လိုက်ကြတာ၊ ရုပ်
တွေမက်ပြီးတော့ လက်လွတ်မှာစိုးပြီးတော့လေ”

အိစံတို့ မငြင်းနိုင်ပါ။ နှုတ်ပိတ်နေရပါသည်။ ဟု
လည်း ဟုတ်သည်။ ရုပ်ချော ရုပ်ဖြောင့် မိန်းကလေးတွေ ကြ
ကြတဲ့ စိတ်ဝင်စားကြတဲ့သူမျိုးက ကိုယ့်ကိုလာကြွေနေတဲ့အ
ဂုဏ်ယူတာကတစ်မျိုး၊ လက်လွှတ်မှာစိုးတာကတစ်မျိုး၊ ရ
တာကတစ်မျိုး။ “အင်း ... ယူပြီးတဲ့အခါ”ဆိုတဲ့ ခေါင်း
ထည့်ဟောင်းဖော့၍ ခဲ့မိသည်ပါ။

ဟုတ်တာ မဟုတ်တာ အပထား။ လှဲဝါက
သူက နှင်ချင်လို့ ဒီလိုလူကိုရွေးပြီးတော့ကို ယူထားပါတ
တော့လည်း အိစံတို့မှာ ကန့်ကွက်စရာ ဘာသက်သေမှ နိ
မာမာ မရှိပါ။

“စန္ဒီ့ကိုဆိုရင် ကိုသက်ခောင်မောင်ဟာ ကောင်မလေ
နဲ့ရောလွန်းတယ်နော်လို့ ငါ သတိပေးသေးတယ်၊ ဒီ
သူကပြောတယ်၊ ဟိုဟာတွေက အလကားအပျော် အ
တွေတဲ့၊ သူ့ကိုမှ တကယ်ချစ်တာတဲ့၊ သူ့ကိုက
လက်ထပ်ဖို့ ကိုသက်က ရည်ရွယ်ချစ်တာတဲ့”





“မဟုတ်လို့လား၊ အခု ငါနဲ့လက်ထပ်ထားတာ သိ မဟုတ်လား၊ ယောက်ျားပဲဟာယ်၊ နည်းနည်းပါးပါးတော့ ရှိမှာပေါ့၊ မယားငယ် အတိအလင်း ယူမသွားရင် ပြီးတာပဲဟာ၊ ကိုယ့်ယောက်ျား မဒူးရင်ပြီးတာပဲ၊ နည်းနည်းပါးပါး ဗူးတာတော့ ခွင့်လွှတ်ရမှာပေါ့”

နိုက် ပြုံးစိစိ ဖြစ်သွားရပါသည်။

“အဲဒါ နင့်ဟာနင် ကြံဖန်ဖြေသိမ့်ပြီး ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ထားရတာ မဟုတ်လား”

“မဗူးတဲ့လူ ရှိလို့လား ... ကဲ”

“ဟဲ့ ... ဗူးလည်း မနောက်လောက်ပဲဗူးပေါ့၊ ဝစီကံတွေ ကာယကံတွေတော့ မပါသင့်ဘူးပေါ့ဟဲ့”

“အဲဒီတော့ ဘာလုပ်ရမှာလဲပြော၊ ဆရာမကြီးပဲပြော၊ နင် ပြုပြင်နိုင်လားပြော၊ နင်ပြုပြင်နိုင်ရင် အိမ်ခေါ်ပြီးပြုပြင်လိုက်၊ ငါ ကြည့်ဖြူကြယ်”

“တောက် ... အစုတ်အပေမတွေ၊ ငါ့ကို သူတို့ယောက်ျား တွေနဲ့ပဲ လာလာပေးစားနေကြတယ်၊ ငါက နင်တို့အတွက် မခံချင်လို့ စိတ်ကောင်းစေတနာနဲ့ ပြောပေးနေတာ၊ ငါ့ သူငယ်ချင်းတွေလည်း သူတို့ယောက်ျားကို သူတို့ အပိုင် အနိုင် ကိုင်ထားတာကိုပဲ ငါက မြင်ချင်တာ၊ ဒါကြောင့် အားမလို အားမရ ဝင်ပြောမိတာကို”



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ပါးစပ်က ပြောနေလည်း ဘာမှဖြစ်မလာဘူးလေ
တို့ကြားရတာ နားမချမ်းသာတာပဲ ရှိတယ်၊ ကိုယ့်ဟာ
ကိုယ်မှ မေ့ပျောက်ဖြေသိမ့်နိုင်သေးတယ်၊ နင်ပြော
ကိုယ့်ကိုယ်ကိုယ် ကံဆိုးမကြီးတွေလိုလို ထိုင်ငိုရမလို
နေတာ၊ ပိုဆိုးတယ်၊ ဒီအိမ်ထောင်တွေ ကိုယ့်စိတ်ကြို
ပြုထားကြတာ၊ ဘယ်သူမှ ရိုက်ပေးစားတာလည်း မဟု
ဘူး၊ အခုချက်ချင်းကွဲဆိုလည်း မကွဲနိုင်ပါဘူး၊ ဒီ
ဒီလိုပဲ မြွေမသေ တုတ်မကျိုးလေး၊ ရှဉ့်လည်းလျှောက်
ပျားလည်းစွဲသာဆိုသလို ..."

"ကုန်ပြီလား စကားပုံတွေ"

"အများကြီး ကျန်သေးတယ်"

"ငါ နင်တို့ကို နှိပ်ကွပ်ပြောနေတယ် မထင်ပါနဲ့ဟ
နင်တို့အစား ငါ မခံချင်လို့ပါ"

"ငါတို့အစား နင် ခံစရာလည်း မလိုဘူး၊ ငါတို့ပဲခံ
အိမ်မှာ ယောကျ်ားကို စိတ်တိုင်းမကျရတာကတစ်မျိုး
အပြင်မှာ နင်က နှိမ်ပြောတာကတစ်မျိုး၊ ညှပ်ပူးညှပ်
တော့ မခံပါရစေနဲ့တော့"

"ဒါဖြင့် နင်လည်းပဲ ယောကျ်ားက လူပါးဝတာခံထား
ရုပ်ကြီးကိုပြင် အိစံ၊ ငါက မြင်နေရတော့ မနေနိုင်ဘူ

"ငါတို့ အိစံတို့က နင် ဘာပြောပြော နားထဲကြားရ
လွဲလို့ ပြုပြင်လို့လည်း ဖြစ်တာမဟုတ်ဘူး၊ ကိုယ့်အိမ်ထော





ကို ဖျက်ဆီးပစ်ရလောက်အောင်လည်း ကိုယ်ကျိုးနည်းနေတာ မဟုတ်သေးဘူး၊ ဒီတော့ နင်ပြောရမှာ ငါတို့မဟုတ်ဘူး၊ ခိုက်ပဲ၊ ခိုက်ကိုသာ နင့်လက်ချာတွေရိုက်"

"စန္ဒီ"

ခိုက်က စန္ဒီကို ခပ်ဟန့်ဟန့် အော်သည်။ လူလည်မ။ ဘက်လှည့်နေတဲ့ မြားဦးကို ကောက်ပစ်တာ။

"ခိုက်က အိမ်ထောင်မပြုရသေးဘူး။ ဟိုတစ်နေ့က နင်ပြောသလိုဆိုရင် တာစူနေတဲ့သူ"

"ဘာ ... ငါ့ကို တာစူနေတဲ့သူတဲ့၊ လဲ့ဝါက ! ဟုတ်လား"

"ဟုတ်တယ်လေ၊ မောင်မောင်ကလေးနဲ့မို့ ရင်လေးသေးရဲ့"

"ငါ ဘယ်မှာ တာစူလို့လဲ၊ စိတ်ကူးနဲ့တောင် မယဉ်ဘူး"

"မငြင်းနဲ့၊ ငါ့ကို ငြင်းလို့မရဘူး၊ ဟိုကောင်လေးကလည်း မျက်လုံးတွေကျွတ်ကျ မေးရိုးတွေပြုတ်ကျမတတ်ပဲ"

"သူ့ဟာသူ ဖြစ်နေတာ ဘာတတ်နိုင်မှာလဲ"

"ဒါဖြင့် နင့်မျက်နှာကကော ဘာဖြစ်လို့ ရှက်ကိုးရှက်ကန်းရဲတွတ်နေလဲ"

"ဘာမှမဆိုင်ဘူး၊ လုံးဝမဟုတ်ဘူး"

"အေး ... အဲဒါကို ဒီနေ့ အပြတ်ဖော်ထုတ်ရမှာ"

"ငါ အလုပ်ပြင်ဖို့ လိုက်လာတာနော်၊ နင်တို့ ချည်တာ တုပ်တာ မေးတာ စစ်တာ လည်ပင်းညှစ်တာခံဖို့ လိုက်လာတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းပုတ်ခါထုတ်နေတဲ့ ခိုက်ရဲ့ပုံစံကိုကြည့်ပြီး စန္ဒီနှင့် အိစံကလည်း ရယ်ကြပါသည်။ သူတို့အပြောခံနေရတုန်းက မရယ်နိုင်။ သူများအပြောခံနေရတော့ ရယ်သံကထွက်လာနိုင်ပြီ။

"ဟဲ့ ... ငါတို့မှာ ဒီသူငယ်ချင်းလေးတစ်ယောက်ပဲ အပျိုကျန်တာ၊ ကိုယ်အတွေ့အကြုံတွေနဲ့ကိုယ်ယှဉ်ပြီး Perfec ဖြစ်တဲ့ အိမ်ထောင်ရေးမျိုး ရအောင်ဝိုင်းကြိုးစားပေးရမှာပဲ"

"မလိုပါဘူးဟာ၊ ပြီးတော့ နင်တို့သိအောင် ပြောထားမယ် လောကမှာ Perfect ဖြစ်တဲ့ အိမ်ထောင်ရေးဆိုတာ မရှိဘူး၊ Perfect ဖြစ်တဲ့လူလည်း မရှိဘူး၊ အဆိုးအကောင်း ဖွန့်တဲ့နေတာချည်းပဲ၊ ငါလည်း ဘယ်တုန်းကမှ Perfec ဖြစ်တဲ့ အိမ်ထောင်တစ်ခုကို မျှော်လင့်မထားဘူး"

"ဟော ... ကြည့်စမ်း၊ ခုကတည်းက လျှော့ထားပြီ၊ မြင့်မြင့်မှန်းမထားဘူး၊ ရင်လောက်တင်မှ ဒူးလောက်ကျတာပဲ မိခိုက်ရဲ့"

"ဟင့်အင်း၊ ငါလည်း ဘာမှမစဉ်းစားသေးဘူး၊ ငါ့ကို ဘာမှလာမပြောကြနဲ့"

"နင် ညာနေတာ၊ နင် အဲဒီပင်လုံကို သံယောဇဉ်ကိုဖြစ် နေပြီ"

"မဖြစ်ဘူး"

"နည်းနည်းကို ချစ်နေပြီ"





"လုံးဝပဲ၊ စိတ်ကိုမကူးသေးဘူး"

ခိုက်က ဘူးချည်းခံပစ်ပါသည်။ သူတို့အားလုံး ...ပစ်ဖို့ ပစ်မှတ်ကြီးတစ်ခုတော့ မဖြစ်ရလိုပါ။ သူတို့ရဲ့ မနိုင်၍ ...ည်းခံရခြင်းတွေ၊ အောင့်သီးအောင့်သက်တွေ၊ နာကြည်းချက် ...တွေ၊ တစ်ဖက်မှာ မဖောက်ခွဲနိုင်တာတွေ အတိုးချကာ ခိုက်ရဲ့ ...ခေါင်းပေါ် ပင်လုံရဲ့ခေါင်းပေါ် ဖောက်ခွဲချတော့မှာကို အစင်း... ကြိုတင်မြင်ယောင်နေတဲ့ ခိုက်က ခါးခါးသီးသီး ငြင်းထုတ် ...ထုတ်ဖို့ ကြိုးစားသည်။

"နင် အဲဒီလောက် ဘူးပိတ်ငြင်းနေကတည်းက ဟုတ်ကို ဟုတ်နေပြီ၊ ကဲ ... အိစံ၊ နင့်မျက်လုံးနဲ့ နင်လည်းမြင်ခဲ့ တာပဲ၊ နင် ဘယ်လိုထင်လဲ၊ ဒီမိန်းမ ဒီသူငယ်လေးကို အေးအေးဆေးဆေးပဲလား၊ ဖြစ်နိုင်လား"

အိစံသည် သူ့ဒေါသမောဟနဲ့သူ ခွတိုက်မယ့်နေ့မျိုး ...ဖြစ်နေရာ ...

"လုံးဝမဖြစ်နိုင်ဘူး"

မမြင်ရဖူးသေးတဲ့ စန္ဒီက တအံ့တသြလေး စိတ်ဝင် ...လာပါသည်။ လဲ့ဝါချည်းပဲ ဆရာမကြီးလုပ်ပြီး ပြောနေရင် ...အောင် ဒီလောက် ယုံချင်မှယုံမှာ။ အိစံပါ ပြောနေတော့ ဟုတ် ...ဘာက်တယ်လို့ ထင်လာသည်။

"ငါတို့ကိုတွေ့တော့ ဒီမိန်းမ ကိုးရိုးကားရား ရှန်းရင်းဆန့် ခတ်တွေ ဖြစ်နေတာပဲ၊ ဝည်မှမတည်ငြိမ်တာ၊ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ထ,ပြန်ချင်တာလည်း သူ မပေါ်ချင်တာတွေ ဖုံးကွယ်ချင်တာတွေ ရှိလို့ပဲပေါ့၊ မျက်စိမျက်နှာပျက်နဲ့ ဒီလောက်ဂနာမငြိမ်တာ မရှိးသားလို့ပေါ့"

"အိစ် ... နင်ကလေ၊ နင့်ကို လှဲ့ဝါ ပြောရင်တော့ နည်းနည်းမှ မကြိုက်ဘူး၊ သူများကိုပြောဖို့ကျ နင် ထွက်တယ်"

"ငါမြင်တာပဲ ငါပြောတာပါ"

"တလွဲတွေချည်းပဲ"

"ကဲ ... ကဲ ... တော်ပြီ"

လှဲ့ဝါက ကားထဲက ဆူဆူညံညံတွေကို သူ့အသံအောင်အောင်နှင့် ဝင်ဖြတ်လိုက်သည်။

"ဆိုင်ရောက်တော့မယ်၊ ဆိုင်ကျမှ ဆက်မေးမယ်၊ ဒီမှာခိုက့်၊ နင် ဘာမှစိတ်ဆိုးမာန်ဆိုး ဖြစ်နေစရာ မရှိဘူး၊ ဖြစ်နေရင်လ မရိုးသားတာပေါ့၊ ငါတို့က နင့်ကို ကန့်ကွက်ဆန့်ကျင်နေတာလည်း မဟုတ်ဘူး၊ နင့်ဟာနင် ပင်လုံ့ကိုကြိုက်တာ မကြိုက်တာ နင့်သဘော၊ ငါတို့က နင်အိမ်ထောင်ပြုတော့မယ်ဆိုရင် ငါတို့အားလုံးထက် ပိုကောင်းတဲ့ အိမ်ထောင်ဖြစ်အောင် အကူညီ အကြံဉာဏ်ပေးမှာလေးပါပဲ ...

အစက ငါတို့မှာ ဘာအတွေ့အကြုံမှ မရှိကြဘူးလေ၊ ဒီလိုပဲ ကောင်းနိုးရာရာ ထင်တာတွေ လုပ်ကြရတာပဲ၊ ခုတော့ ငါတို့မှာ သုံးယောက်တောင် အတွေ့အကြုံပြည့်ဝ





နေပြီ၊ နင် သင်ခန်းစာတွေ အများကြီးရမှာ၊ နင်ကံကောင်းတာလို့ မှတ်စမ်းပါ"

သေသာသေလိုက်ချင်တော့တာ။ ခိုက် မျက်နှာလေးအိုနေပါသည်။ သက်ပြင်းတစ်ချက်ချကာ ကားကို အလှပြင်ဆိုင်း ထဲ ဝင်လိုက်စဉ် စန္ဒီ့ဖုန်းပြောသံက ထွက်လာသည်။

"ဟယ်လို ... မောင်လား၊ မောင်ရေ ... စန္ဒီတို့ အလှပြင်ဆိုင်ရောက်ပြီ သိလား၊ အဟင်းဟင်း"

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



၄

"ဟာကွာ"

ပင်လုံသည် လက်ထဲကဖုန်းကို လည်သာဆက်တိုက်ကြီးတွေပေါ် ပစ်ပေါက်ချလိုက်ကာ ခါးထောက်လိုက် တောက်ခေါက်လိုက် ဟိုလျှောက် ဒီလျှောက် ကြံရာမရ ဖြစ်နေပုံ ပေါ်ပါသည်။

"အမယ်လေးလေး ... ဖုန်းကွဲပါဦးမယ်၊ ဘယ်လိုများဖြစ်နေရတာလဲ ပင်လုံရယ်"

"ကျွတ် ... မမိုက်ဘူးဗျာ"

ပင်လုံက ပြတင်းပေါက်တစ်ခုဘက် လျှောက်သွားကာ ခန်းဆီးစကြီးဖယ်ကာ အိမ်ပြင်ကို လှမ်းကြည့်နေပါသည်။ ကြည့်မိကြည့်ရာသာ ကြည့်နေပြီး ဘာကိုမှ သေချာမြင်ပုံမပေါ်တာ ဒေါ်ချောကလျာ သိသည်။

"ညည်းမောင် ဘာဖြစ်နေတာလဲ စိမ့်"





"သိဘူးလေ၊ မာမိုသား အဲလိုဖြစ်နေတာ နှစ်ရက် သုံးရက်တောင် ရှိပြီဟာ၊ သူ့လေဒီနဲ့ ကွိုင်သလားမှ မသိတာ၊ ဖုန်းဆက်လို့ ရပုံမပေါ်ဘူး"

"ဘယ်လေဒီလဲ"

"သူ ပြောပြောနေတာလေ မာမီရယ်၊ မမခိုက် ... မမခိုက်ဆိုတဲ့ဟာပေါ့"

"အဲဒါက ဘာလဲ၊ ဗန်ကောက်ကို ဈေးဝယ်ထွက်ရင်းသိတဲ့မိန်းကလေး မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ အဲလိုစသိတာ၊ ဒါပေမဲ့ အဲဒီမမကို သူက စွဲနေတာ"

"သိပါဘူး၊ ဆိုင်ချင်း မိတ်ဆွေတွေ ထင်တာ၊ နာမည်တော့ ပြောသံ ကြားနေသား"

"မာမိုသားက အဲဒီတစ်ယောက်ကို အရူးအမူး စွဲနေတာ၊ အရင် ဟိုလိုလို ဒီလိုလို အိစိကလီမလေးတွေကို အကုန်ဖြတ်ပစ်တာပဲလေ"

"အတည်များ ကြိုက်နေတာလား"

"အတည်ပုံပဲ မာမီ"

"ဒါဆိုလည်း နည်းနည်းပါးပါး ဝိုင်းကြည့်ရကြပါဦး၊ ဟိုက အသက်ပိုကြီးတယ်ပေါ့၊ ဟုတ်လား"

"စိမ့် မေးကြည့်ပြီးပြီ၊ လေးနှစ်ကြီးတယ်တဲ့၊ မကြီးထက်နည်းနည်းပဲ ငယ်တာပေါ့၊ မကြီးက ပင်လုံ့ထက် ငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



နီးပါးကြီးတာ၊ စိမ့်က နှစ်နှစ်ပဲကြီးတော့ စိမ့်ထက်တောင် နှစ်နှစ်လောက် ကြီးဦးမှာ"

"သမီး တွေ့ဖူးလား"

"ဟင့်အင်း"

ဒေါ်ချောကလျာက ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ကာ နို့နှင့်ဖျော်ဖို့ စိမ့် အညှာခြွေနေသည့် စထရော်ဘယ်ရီတွေကို ဝိုင်းခြွေရင်း ...

"နည်းနည်း မသိမသာ သွားကြည့်ထားပါလား"

"ကြည့်ရအောင်က အခု မာမီ့သား ကြည့်ရတာ ပြတ်တောင် ပြတ်သွားပြီလား မသိဘူး၊ အခြေအနေက မကောင်းဘူး"

"နည်းနည်းအေးသွားရင် မေးကြည့်ရအောင်"

သားအမိနှစ်ယောက်သားဟာ ပင်လုံ မကြားသာအောင် တိုးတိုးကျိတ်ကျိတ် ပြောနေကြတာ ဖြစ်ပါသည်။ ပြောရင်းက ဧည့်ခန်းမှ ပင်လုံရဲ့ အရိပ်အယောင်ကို လှမ်းလှမ်းငဲ့ကြည့်ရသေးသည်။

သူတို့မိသားစုမှာ ပင်လုံဟာ အခွင့်ထူးခံ အချစ်ခံ အငယ်ဆုံး သားကလေးပင်။ သမီးအကြီးဆုံး ငြိမ့်က အိမ်ထောင်ကျကာ အမေရိကားကို အိမ်ထောင်နှင့် ပါသွားသည်။ အလတ်မ စိမ့်က အသက်သုံးဆယ်ထဲရောက်တဲ့ထိ ခုထိတော့ လူလွတ်ပင်။ သူ့ဟာနဲ့သူ အဖော်မရှာသည်ဖြစ်၍ အမေက စပ်တုန်းဟပ်တုန်း သူက ငြင်းတုန်း။





အငယ်ဆုံး ပင်လုံဟာ ငယ်ကတည်းက အစ်မနှစ်ယောက်အောက်က မောင်ပီပီ အမေ အစ်မတွေရဲ့ သည်းသည်းလှုပ် ချစ်မြတ်နိုးခြင်းကို ခံရသည်။ လိုချင်တာ ခုဆိုခု ရှေ့ရောက်။ အဖေဖြစ်သူက ခပ်မှန်မှန်ထိန်းလို့သာ လူဆိုးလေး ဖြစ်မလာခဲ့တာပင်။ သူ့ကို အားလုံးက ဝိုင်းအလိုလိုက် အကြိုက်ဆောင်ကြစမြဲမို့ သူ့ဘဝမှာ စိတ်ညစ် စိတ်ရှုပ်ရ အလိုမကျရတာရယ်လို့တောင်မှ မရှိခဲ့လှ။

"မကြီး ရှိရင် ပိုကောင်းမှာ၊ မကြီးက ဒါတွေတတ်တယ်လေ၊ သူနဲ့လည်း စကားအပြောအဆို ပိုပြေလည်တာ။ စနည်းနာတာ တီးခေါက်တာလည်း ကျွမ်းတယ်"

ပင်လုံနှင့် ကောင်မလေး တစ်ယောက်ယောက် အဆက်အဆံ စိပ်နေပြီဆိုရင် ငြိမ့်က စုံစမ်းထောက်လှမ်းပြီ။ တကယ်တော့ ဘာမှလဲ ဟုတ်သေးတာ မဟုတ်သော်လည်း သူ့မောင်လေးအနား လောလောဆယ် တရစ်ဝဲဝဲရှိသူဟာ ဘယ်လိုမိန်းမစားလေးလဲ၊ ရှေ့ဆက်ပြီးတော့ရော ဓာတ်လမ်းဖြစ်လာနိုင်ချေရှိသလား စသဖြင့် ကြိုသိထားရအောင် စနည်းနာတတ်သည်။

ခုတော့ ငြိမ့်က မရှိ။ စိမ့်က ဒါမျိုးမကျွမ်းကျင်။ လုပ်လည်းမလုပ်ဖူးပေ။

"ကျွမ်းစရာ မလိုပါဘူး သမီးရယ်၊ ကိုယ်က အကဲခတ်ရုံ ခတ်ဦးမှာပဲဟာ၊ အဲဒီမိန်းကလေးက ဘယ်မှာလဲ Fashion ဆိုင်တွေ ဖွင့်ထားတယ် မဟုတ်လား၊ အဲဒီဆိုင်နား တစ်ပတ် နှစ်ပတ် ပတ်ပြီး မြင်ဖူးအောင်ကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆိုင်တွေက သုံးနေရာတောင်၊ စိမ့်လည်း ရောက်ဖူးပါတယ်၊ ဒါပေမဲ့ တစ်ခါမှ မဆုံဖူး မမြင်ဖူးသေးတာ၊ စိမ့်က ရန်ကင်းစင်တာရောက်သွားရင် သူက ဂျန်ရှင် ၆ ဆိုင်ရောက်နေတာမျိုးနဲ့ လွဲနေတာပေါ့၊ မြင်ကိုမမြင်ဖူးဘူးမာမီရဲ့၊ လေးနှစ်ကြီးတယ်ဆိုတော့ သုံးဆယ့်နှစ်နှစ်ရှိပြီပေါ့"

"နှစ်နှစ်လောက် ကွာရင် တော်သေးတယ်"

"အို ... မာမီ့သားလေးကတော့ သူ့ထက်ကြီးတဲ့သူနဲ့ ယူမှပဲ ကောင်းမှာ၊ သူက မောင်မောင်လေးပဲ လုပ်ဖို့ကောင်းတာ၊ အစ်မတွေလိုပဲ သူ့ကို ပြုစုယုယ အလိုလိုက် သည်းခံခွင့်လွှတ်မယ့် အသက်ကြီးကြီး မိန်းမမျိုးနဲ့ပဲ ဆုံပါစေဆုတောင်းတာ"

"အင်း ... အဲဒါတော့ ဟုတ်ပါတယ်၊ သူ့ထက်ကြီးတဲ့ မိန်းမမှပဲ အောက်သက်မကျေတဲ့ သူ့ရဲ့သဘာဝကို ခံနိုင်ရည်ရှိပြီး ခွင့်လွှတ်နိုင်မှာ"

"ဟိုမှာ ... လာပြီ မာမီ့သား"

ပင်လုံက ထမင်းစားခန်းဘက်ကို ရှုပ်ပုပ်ရုပ်နှင့် ဝင်လာပါသည်။

"မလေး ... သားဖို့ ဘာလုပ်ပေးမလို့လဲ"

"စထရော်ဘယ်ရီမစ်လ်ခ်ရှိတ်ခ် လုပ်ပေးမယ်လေ၊ ဗိုက်ဆာလား၊ ခဏပဲစောင့်"



"လာထိုင်ပါဦး သားလေးရဲ့"

"နှင့်ရုပ်ကြီးက ဘာဖြစ်နေတာလဲ၊ ဘာတွေမကြည်ဘူးလဲ"

"ဘာမှမကြည်ဘူး"

"ဖုန်းတွေကလည်း ဘယ်သူ့ဆီ ဒီလောက်တောင်ဆက်နေတာလဲ"

"မလေးတို့ မသိပါဘူးကွာ"

"မင်းအစ်မက မသိလို့ မေးနေတာပေါ့ သားလေးရဲ့"

ပင်လုံက စထရော်ဘယ်ရီသီးတစ်လုံး နှိုက်စားလိုက်ရင်း ...

"ဟင်း ... သိချင်နေတာ မာမီလည်း ပါပါတယ်၊ မျက်လုံးကြီးတွေက တောက်ပြီးလက်နေကြတာပဲ၊ အရမ်းစိတ်ဝင်စားနေကြတာ မဟုတ်လား"

"အေးလေ ... သိချင်တာပေါ့၊ နင်ပြောပြောနေတဲ့ မမနိုက်ဆိုတာလား"

ပင်လုံက မဖြေ။

"အခု ဘာဖြစ်လို့လဲ"

"...... "

"ဟဲ့ ... မေးနေတာဖြေပါဦး၊ ဘာဖြစ်နေကြလို့လဲ၊ ဟိုက နင့်ဖုန်းတွေကို ချပစ်နေတာလား"

"ဖုန်းကို တစ်ချိန်လုံး ပိတ်ထားတယ်၊ ခေါ်လိုက်တိုင်း စက်ပိတ်ထားပါတယ်ချည်းပဲ၊ သူ ဆက်စရာရှိမှ ပွင့်တိ်ခံနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီးဆက်တာ၊ ပြီးတာနဲ့ ပြန်ပိတ်ထားလိုက်ရော၊ သူ့ခဏလေး ဖွင့်တုန်းမှာ ကျွန်တော့်ဖုန်း တစ်ချက်လေးဝင်သွားတာ ချက်ချင်းပိတ်ချလိုက်ပြီး ပါဝါပါ အော့ဖ်ပစ်လိုက်တယ်"

"ဒါဆို နင့်ကို သိသိသာသာကြီး ဖြတ်ချတာပေါ့"

"ဒါပဲပေါ့"

"နင် ဘာသွားလုပ်လို့လဲ ပင်လုံရဲ့"

"ဟာ ... မမလေးကလည်း၊ သား ဘာမှမလုပ်ဘူး၊ ဘာမှကို မလုပ်ဘူး၊ သူ ဘာမှငြိုငြင်ချင်စရာ မရှိအောင် 'ဥ' ထားတာ"

"နင်တို့ ချစ်သူတွေပေါ့"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ ခုမှ အသည်းအသန် လိုက်ရတုန်း၊ မလေးတို့ အပျိုကြီးတွေက အီအကျိကျ များနေတာ၊ ဘယ်သူများ ဘာများဝေဖန်မလဲနဲ့၊ အလကားနေ ဟိုစဉ်းစား ဒီစဉ်းစား ကြောက်နေတာ၊ သူလည်း အဲဒီအတိုင်းပဲ၊ စဉ်းစားခန်းက ပေရှည်နေတာ မပြီးတော့ဘူး"

"အောင်မာ ... ငါက အပျိုကြီး မဟုတ်သေးဘူး၊ နင့်ဟာထက် နှစ်နှစ်တောင် ငယ်သေးတာ"

"သုံးဆယ်လည်း အပျိုကြီးပဲ၊ ဘာမှမထူးဘူး"

"သား ... ဒါဖြင့် သူနဲ့သားက ချစ်သူတွေ မဖြစ်ကြသေးဘူးပေါ့"





"မဖြစ်သေးပါဘူး မာမီရာ"

"ဒါဆိုရင် အခု သူ သားကိုဖုန်းမကိုင်တာဟာ သားကို မချစ်ဘူးလို့ ငြင်းတဲ့သဘောပဲပေါ့"

"မဟုတ်ဘူး မာမီရာ၊ မမခိုက်က သားကို သံယောဇဉ်ရှိပါတယ်၊ သူ ငြင်းရအောင်လည်း သားက သူ့ကို ဖွင့်ပြောသေးတာ မဟုတ်ပါဘူး၊ ခံစားချက်ကို သူ သိအောင်ပဲ ပြနေသေးတာ၊ အပျိုကြီးဆိုတော့ ရှက်ရမ်း ရမ်းလိုက်မှာစိုးလို့ သားက ဖြည်းဖြည်းချင်းပဲ ဝင်တာပါ၊ အဲဒါ ...

ဟိုတစ်နေ့ကတော့ သားနဲ့ မမခိုက် ကော်ဖီဆိုင်မှာ ထိုင်နေတာကို မမခိုက် သူငယ်ချင်းတွေ မြင်သွားတယ်၊ အဲဒါကို သူ ရှက်သွားတာ သေချာတယ်၊ ဟိုသာသနာဖျက်ကြီးတွေကလည်း ဘာပြောကြသလဲ မသိဘူး မာမီရာ၊ နောက်နှစ်ရက်လောက်နေတော့ မမခိုက်က ဖုန်းပြောတုန်းမှာ သူ့ဆီဖုန်းမဆက်တော့ဖို့ ပြောရော၊ ခပ်စိမ်းစိမ်းခပ်တန်းတန်းလေးပဲ နေရအောင်တဲ့ ...

အဲဒီကျတော့မှ သားက ပွင့်ထွက်ပြီး စိတ်လည်းတိုတိုနဲ့ သူ့ကို ချစ်ရေးဆိုပစ်လိုက်တာ"

"စိတ်တိုပြီးတော့များ ချစ်ရေးဆိုရတယ်လို့ကွယ်"

"ဟုတ်တယ်လေ၊ သားက ချစ်ရေးဆိုဖို့ ရည်ရွယ်ပြီးအချိန်ကောင်းကို ချောင်းနေပါတယ်ဆိုမှ ခပ်တန်းတန်း နေစရာလားလို့ ပြောပစ်တာပေါ့၊ ဘာကြောင့်လဲ မေးတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူကဘာမှ ရေရေရာရာ မပြောနိုင်ဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့ အဲဒီရဲ့နောက်မှာ ဖုန်းကိုပိတ်ထားတော့တာပဲ”

“အဲဒါ နင့်ကို မကြိုက်လို့ သေချာနေပြီပေါ့ ပင်လုံရဲ့”

“မဟုတ်ဘူးဗျာ၊ မလေးလည်း ဘာမှမသိဘဲနဲ့၊ မမနိုက်က သားကို သံယောဇဉ်ရှိကိုရှိတယ်”

“သံယောဇဉ်ရှိရင် ဒီလို ဖုန်းပိတ်ထားမလားဟဲ့”

“အခုဟာက သူ့သူငယ်ချင်းတွေ သိသွားကြလို့ သူတို့ ဘာပြောလဲမှ မသိတာ၊ မမနိုက် ရှက်ရမ်းရမ်းပြီး သား စိမ်းပစ်လိုက်တာ”

ဒေါ်ချောကလျာက သက်ပြင်းတစ်ချက်ကို ချလို ပါသည်။ သူ့သားဟာ အသည်းအသန် ဖြစ်နေတာ အမှန်ပါပဲလာ သားဟာ ယောကျ်ားလေးလူပျိုပီပီ ကောင်မလေးတွေနှင့် အပေ အသက်တော့ ရှိပေမယ့် ဘယ်သူနှင့်မှ မငြိတွယ်။ ရည်းစားအ တောင် မရောက်လိုက်ပဲ တွဲဖြစ်ရုံလောက်ရှိတာ။

“သူ့သူငယ်ချင်းတွေက နင့်ကို ကြည့်မရကြလို့လား”

“အဲဒီနေ့ကမှ စဲ့တွေ့ဖူးတာ၊ မမနိုက်ကလည်း သူ့သူ ချင်းတွေဆီမှာ သားအကြောင်း လုံးဝမဟဘဲ လျှို့ထား အဲလိုလျှို့ထားတာတွေ ပေါ်သွားတော့ ပိုရှက်တာ အဓိပ္ပာယ်မရှိဘူးကွာ မမနိုက်က”

“နင် ... နင့်ကိုယ်နင် အထင်ကြီးနေတာလည်း ဖြစ် ဦးမယ်ဟယ်၊ ခုခေတ်မှာ အသက်သုံးဆယ်ကျော်သွား





ဟိုင်းသွားတယ်မှ မဟုတ်တော့တာ၊ အမျိုးသမီးတွေက အိမ်ထောင်ပြုတာ နောက်ဆုတ်လာတာပဲဟာ၊ သုံးဆယ်ကျော်ရုံကို အပျိုကြီးလို့တောင် မခေါ်နိုင်ဘူး၊ သူ့မှာလည်း သူ့အခြေအနေနဲ့သူ ကြိုက်ကြတဲ့လူတွေ ရှိမှာပဲပေါ့ ...

နင်ကသာ နင့်ကို သံယောဇဉ်ရှိတယ် ထင်နေပေမယ့် သူက သူ့ထက်ငယ်တဲ့ ကောင်လေးတစ်ယောက်နဲ့စာရင် အစ်ကိုကြီးတစ်ယောက်ကို ရွေးရင်ရွေးချင်မှာပေါ့၊ မဖြစ်နိုင်ပဲနဲ့ နင့်ကို မျှော်လင့်ချက်ပေးထားသလိုမျိုး မဖြစ်စေချင်တာလည်း ဖြစ်နိုင်တယ်”

“အာ ... မလေးက ပါးစပ်ပုပ်ပြီ၊ သားကို သူ ကြည်ပါတယ် ဆိုနေမှ”

“နင်ထင်တာလေ”

“သိတာ၊ သိတာ၊ ဒီလောက်လည်း အတုံးအအ,မဟုတ်သေးဘူး၊ မိန်းမတစ်ယောက် ကိုယ့်အပေါ် ဘယ်လိုလဲဆိုတာတော့ သိပါသေးတယ် မလေးရာ”

“ဒါဖြင့်လည်း အကြောင်းရင်းကို စုံစမ်းပြီး ပြန်ချဉ်းကပ်ပေါ့ဟယ်၊ ဒါပဲရှိတာပဲ”

“အဲသလိုပဲ လုပ်မှာပါပဲ၊ မလုပ်လို့ ဘယ်ဖြစ်မလဲ။ ဒါပေမဲ့ ဒီရက်အတွင်းတော့ ရန်ကင်းစင်တာ လိုက်သွားရင် သူ့ကို ဂျန်ရှင်အိတ်မှာ၊ ဂျန်ရှင်အိတ်ကို သွားမိရင် သူက ဒုက္ခစင်



www.burmeseclassic.com

www.burmeseclassic.com



တာမှာ၊ အဲလိုလွဲနေတာ၊ လွဲအောင်ကို ရှောင်နေတာ၊ ဟို
မိန်းမကြီးတွေ အမြင်ကိုကတ်တယ်"

"ဘယ်မိန်းမကြီးတွေလဲ !"

စိမ့်က တအံ့တသြ မေးမိပါသည်။

"သူ့သူငယ်ချင်းတွေ၊ သူတို့တော့ ယောကျ်ားတွေယူကြ
ကလေးတွေမွေးကြနဲ့၊ မမခိုက်ပဲ အပျိုကျန်တော့တာ
ကြည့်ရတာ သူတို့က မမခိုက်ကို အိမ်ထောင်ပြုဖို့ အားမ
ပေးကြဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ၊ သူတို့အိမ်ထောင်ရေးတွေ မအောင်မြင်ကြ
လို့လားမှ မသိတာ"

"သားရယ် ... သူများကို၊ တစ်ခါတည်း ဒေါသတွေသ
နေလိုက်တာ၊ စိတ်ကိုလျှော့ပြီး ခေါင်းအေးအေးထားစ
ပါ။ ဖူးစာဖက်မှန်ရင် ဆုံကိုဆုံစည်းရမှာ၊ ဘယ်သူမှဖျ
လို့မရဘူး၊ စိမ့်ရေ ... ဒီလောက်ဆိုရင်တော့ ညည်းမော
က အသည်းအသန် စွဲနေတာ သေချာနေပါပြီ၊ သမီး
ဖူးအောင် ကြည့်ရှုအကဲခတ်ထားဖို့သာ ပြင်တော့"

"အာ ... မလေး လာမရှုပ်နဲ့နော်၊ ကိုယ့်ဟာနဲ့ကိုယ်
ကျိုင်နေရထဲကြားထဲ"

"အမယ်လေး ... ဘာမှမလုပ်ပါဘူးဟယ်၊ ကြည့်ရုံ
ပါ"





"ကြည့်လည်း မကြည့်နဲ့ဦး"

"ကြည့်တာတော့ ကြည့်ရှုရမှာပဲသား၊ မင်း ဒီလောက်ဖြစ်နေတဲ့ မိန်းကလေးက ဘယ်လိုမိန်းမမျိုးလဲ၊ အိမ်ကလူကြီးမိဘက သိကိုသိထားရမှာပေါ့၊ အလေးအနက် အတည်အတံ့ မဟုတ်ရင်တော့ ဘာအရေးလဲ၊ မင်းက တစ်သက်လုံးအတွက် သေသေချာချာ ရည်ရွယ်တယ် ဆိုရင်တော့ ဘာမှမဖြစ်သေးခင် စောစောစီးစီး မာမီတို့က အကဲခတ်ထားရမှာပေါ့ ...

မကြိုက်တာရှိလည်း စောစောစီးစီး သိရအောင်၊ ဒါမှ မင်းလည်း သံယောဇဉ်မရင့်ခင် နောက်ဆုတ်တန်ဆုတ်နိုင်မယ်"

"အာ ... မာမီ ဘာတွေပြောနေတာလဲ၊ မမခိုက်ကို ချစ်ပါတယ်၊ လက်ထပ်ပါမယ် ဆိုနေမှ၊ နောက်ဆုတ်ဖို့က ဘယ်ကပါလာတာလဲ၊ နောက်မဆုတ်ပါဘူး၊ အဲဒါကြောင့် ပြောမပြချင်တာ မာမီတို့က ရောဂါပဲ"

ပင်လုံက ဝန်းဆို ကုလားထိုင်ကို အသံမြည်အောင် ဘွန်းကာ ထ,သွားပါသည်။ သူ့စိတ်နဲ့ထပ်တူမကျလျှင် စူပုပ်ညည် စိတ်ကောက်မည်ဆိုတဲ့ ပုံစံဟာ ပင်လုံ့ အကျင့်ပင်။ သူ ချက်နှာညိုလျှင် အမေနှင့် အစ်မတွေကလည်း သည်းသည်းလှုပ်ကာ အငြိုငြင်မခံရဲကြ။



www.burmeseclassic.com

www.burmeseclassic.com



"မာမီက စကားအဖြစ် ပြောပြတာပါ သားရယ်၊ မသင့်တော်တာမျိုး ဖြစ်နေရင်"

"သင့်တော်တယ်၊ အရမ်းကို သင့်တော်တာ မာမီကလည်း၊ မာမီတောင် ဒီလိုချွေးမမျိုးဆိုရင် ဆယ်ယောက်လောက် လိုချင်ပါရဲ့ ဖြစ်သွားမယ်၊ ရုပ်လေးကလည်း အရမ်း Smart ဖြစ်ပြီး ကြည့်ကောင်းတာ၊ ဆိုင်သုံးဆိုင် ဦးစီးနေတာ၊ မမခိုက် အဖေက ဆရာဝန်ကြီး၊ မမခိုက်က အမေမရှိတော့ဘူး၊ ရုပ်ချောသဘောကောင်း ပညာရှိ ငွေရှိ အားလုံးပြည့်စုံတယ် မာမီရာ"

"သင့်တော်ရင်လည်း ပြီးရောပေါ့၊ သင့်တော်ရင် မာမီတို့က အလကားနေရင်း ဘာကန့်ကွက်စရာရှိသလဲ"

"မြင်ဖူးချင်တယ် ဆိုရင်သာ မသိမသာ အဝေးကဖြတ်ကြည့်ရင်ကြည့်၊ အပြစ်ရှာဖို့တော့ မစဉ်းစားနဲ့၊ ရှာလည်းမောရုံပဲ၊ အပြစ်တွေ့မှာ မဟုတ်ဘူး"

"နင်ဟာလေ ပိုကိုပိုတယ်"

"အဟုတ်ပြောတာလေ၊ မလေးကလည်း"

"သူ့ဟာမက မိုးပေါ်ကကျလာတဲ့ နတ်သမီး ထင်တယ် မာမီ"

"ဟာမ,လို့ မခေါ်နဲ့လေ၊ မလေးထက် ကြီးတယ်"

"ငါ့ထက်တောင် ကြီးတယ်ဆိုတော့ နင်နဲ့ ရုပ်ရည်ချင်းယှဉ်ရင် သိသိသာသာ ကွာနေမှာပဲနော်"





"ဘာမှမကွာဘူး၊ နုနုလေး၊ မလေးထက်တောင်နုသေး"

"ပိုကိုပိုတယ်၊ ဖြစ်နေတာ မုန်းစရာကြီး"

စိမ့်က မောင်လုပ်သူကို မျက်စောင်းလှည့်ထိုးကာ ပြုံးပြုံး ရေရွတ်သည်။ ဒီသားကလေး မောင်ကလေးကို တော်ရုံဖွေ ယူနိုင်အောင် အချစ်ကြီး ချစ်ကြတာပါ။ တော်ရုံတန်ရုံ အပြစ်လေးနည်းနည်းပါးပါးရှိလည်းပဲ ကန့်ကွက်မည့်မိသားစု မဟုတ်ပါ။ မိသားစုထဲ ဝင်လာမည့် In-law ကို နွေးနွေးထွေးထွေး ကြိုဆိုမယ့် မိသားစုမျိုး ဖြစ်ပါသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၅

စိမ့်သည် အတွင်းဘက်ထဲက ကောင်တာမှာထိုင်ကာ ဖုန်းပြောနေတဲ့ အမျိုးသမီးထံသာ 'မျက်စိကရောက်နေပါသည်။ ဇာပေါက်လေးတွေပါတဲ့ ပန်းရောင်ဖျော့ဖျော့အင်္ကျီလေးနှင့် သူ့အသား ဖွေးနုနုလေးက အရောင်ဟပ်ကာ လင်းနေသည်။ အဖျားခွေထားတဲ့ ဆံပင်လေးကို ဒီအတိုင်းချထား၍လည်း အသက်ကြီးတယ် မထင်ရ။

ချမ်းခိုက်ခိုက်ကို မြင်ရဖို့အရေး "Fascination"ဆိုင်တွေကို သုံးကြိမ်လောက် ပတ်ပြီးပြီ။ ဟိုဆိုင်သွားလိုက် မရှိဘဲတခြားရောက်နေလိုက်၊ ပြန်လိုက်ရပြန်သည်။ နောက်နေ့ ဒီဆိုင်လာပြန် ဒီဆိုင်မှာ မရှိပြန် ပြန်ရပြန်။ စိမ့်ကိုအဖော်လိုက်ပေးတဲ့ သူငယ်ချင်း နီလာပင် ညည်းညူလာပြီ။

"နင် ခုတလော စဲင်တာတွေကို ပတ်နေတာ ဘာသဘောလဲ၊ ပစ္စည်းတွေ ဝယ်ချင်လို့ချည်းပဲတော့ မဖြစ်နိုင်ဘူး၊ တစ်ရက်





ခြားတစ်ကြိမ်၊ ဒီနေ့ဟို ... ဟိုနေ့ဒီ ခြေလှမ်းတွေ စိပ်နေတာ ဘာလဲ မိစိမ့်"

စိမ့်က နီလာ့ကို ဘာမှမပြောဘဲ Shopping သွားရအောင်သာပြောပြီး ခေါ်ခေါ်လာတာ။ ပြီးတော့ ဘာမှမယ်မယ်ရရ ဝယ်ဖြစ်တာမဟုတ်ဘဲ ရက်ခြားခေါ်နေတော့ သံသယဝင်ပြီပေါ့။ ဒီတော့ စိမ့်က ရယ်ကာမောကာပင် ...

"အေး ... ကိစ္စရှိလို့ပါဟယ်"

"ဘာကိစ္စလဲ၊ နင့်ကိစ္စလား"

"ငါ့ကိစ္စ မဟုတ်ပါဘူး"

"ဒါဆို သိပြီ"

"ဘာလဲ"

"နင့်မောင် ပင်လုံ ကိစ္စပဲနေမှာပေါ့၊ ပြီးတော့ Fascination ဆိုင်နဲ့ ပတ်သက်ရမယ်"

"နီလာ လည်လှချည်လား မိန်းမ၊ နင့်ရဲ့ အိုင်ကျူတွေ ရုတ်ခြည်းမြင့်တက်လာသလားလို့ ... ဟင်း ဟင်း"

"နင် တခြားဆိုင်တွေဆိုရင် သာမန်ပဲလေ၊ Fascination ဆိုင်တွေထဲကို ရောက်ရင် ပြန်ကိုမထွက်ပဲ ယောင်ပေပေနဲ့ ပတ်နေတာ၊ ဘာမှမဝယ်ရင်လဲ သွားကြစို့ဆိုတော့လည်း နေပါဦး နေပါဦးနဲ့ အဲဒီဆိုင်ထဲမှာကို အချိန်ပိုဖြုန်းနေတာ အသိသာကြီးဥစ္စာ၊ ဘာလဲ ... ပင်လုံ အဲဒီဆိုင်က တစ်ယောက်ယောက်နဲ့ ပတ်သက်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"နီလာရယ် ... ပညာရှိကြီး ပြေးကြည့်ထားတဲ့ အတိုင်းပဲ"

ဒီနေ့တော့ စိမ့်ပြောထား၍ စိတ်ဝင်စားနေတဲ့ နီလာကလည်း တက်တက်ကြွကြွ ဖြစ်နေသည်။ ဂျန်ရှင်အိတ်အပေါ်ထပ်က ဆိုင်ခန်းကို စိမ့်နဲ့ နီလာ ရောက်သွားသည်နှင့် ကောင်တာမှာ သူ့ကို လှမ်းတွေ့လိုက်ရတာပင်။ ကောင်တာနဲ့ အနီးတစ်ဝိုက်မှာ စထရော်ဘယ်ရီမစ်လ်ခ်ရှိတ် ပင်လယ်ကြီး လှိုင်းထနေသလို ပန်းနုရောင်သွေး လင်းလက်ကြီးစိုးနေသည်။

"ကောင်တာကဟာ ဆိုင်ရှင်လား ညီမ"

စိမ့်က ကောင်မလေးတစ်ယောက်ကို မေး၍ ...

"ဟုတ်ကဲ့ အစ်မ"

"ဩော် ... ချောလိုက်တာနော်၊ ခဏ ခဏ ဒီဆိုင်တွေရောက်ဖြစ်ပေမယ့် ဆိုင်ရှင်ကို တစ်ခါမှ မတွေ့ဖူးဘူး၊ ဒီဆိုင်ရှင်နာမည်က ဆန်းဆန်းလေး၊ ချမ်းခိုက်ခိုက်လို့ ကြားဖူးတာ ဟုတ်လားဟင်"

"ဟုတ်ပါတယ် အစ်မ"

စိမ့်နှင့် နီလာက အကျီချိတ်ထားတဲ့ အတန်းတွေကြား ပတ်လျှောက်ရင်း ကြိုရာနီးရာ အကျီတွေကို ကိုင်တွယ် ဟန်မပျက်ကြည့်ရင်း ...

"လှလိုက်တာ စိမ့်ရယ်၊ နင့်မောင်က တွေ့ပဲ တွေ့တတ်တယ်"





"ဒီလောက်လှလို့လည်း ပင်လုံ အလူးအလဲ ရူးနေတာပေါ့လေ၊ စွဲလည်းစွဲလောက်ပါပေတယ်"

"ဒီလောက်လှတာဟာယ် သဘောတူလိုက်ပါ"

နီလာရဲ့ ဖွတ်အပြောကို နှစ်ယောက်သား ရယ်ကြသေးပြီးလျှင် ...

"သဘောတူတူ မတူတူ ပင်လုံက လက်လွှတ်မယ့်ပုံကို မရတာ၊ ပင်လုံ့ထက် လေးနှစ်ကြီးတယ်"

"အေး ... နည်းနည်းကြီးမယ်လို့ ငါလည်း ထင်နေတာ"

"ဒါပေမဲ့ တအားနုပါတယ်ဟာ၊ ငါတို့လောက်ပါပဲ၊ ပြီးတော့ သူက ဖက်ရှင်ဆိုင်ပိုင်ရှင်ဆိုတော့ ဖက်ရှင်ကျကျ ခေတ်မီမီ ဝတ်ထားရဲတော့ ပိုတောင်မှ နုသေးတယ်၊ ပြီးတော့ ပင်လုံကလည်း သူ့ထက် အသက်ကြီးတဲ့ မိန်းမမျိုးရရင် ပိုအဆင်ပြေမယ့်သူမျိုးလေ"

"အေးလေ၊ ဒါဖြင့်လည်း သဘောတူလိုက်ပေါ့"

"မတူလို့ လာကြည့်နေတာ မဟုတ်ဘူးဟော့၊ အခု သူက ပင်လုံ့ကို အဆက်ဖြတ်ထားလို့ ဟိုကောင် အိမ်မှာထွန့်ထွန့်လူးနေလို့ ဘယ်လိုမိန်းမမျိုးလဲဆိုတာ မြင်ဖူးအောင် လာအကဲခတ်တာပါဟယ်၊ ချောလည်းချော လှလည်းလှ စီးပွားလည်းရှာတတ်၊ ရုပ်လေးကလည်း ချစ်စရာလေးပါ၊ စိတ်ကောင်းရှိပုံလေးလည်း ရပါတယ်၊ တားဖို့စိတ်ကူးမရှိပါဘူးဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်လို့ ဖြတ်ပစ်တာလဲ၊ ခပ်ရှုပ်ရှုပ်လား"

"ရည်းစားကနေ ဖြတ်ပစ်တာ မဟုတ်ဘူး၊ ဘာမှမဖြစ်သေ ခင် ခွာပစ်တာမျိုး၊ ကြည့်ရတာ သူ့အိမ်က သူ့ထက်ငယ် တဲ့သူနဲ့ သဘောမတူဘူးလား သို့မဟုတ် တစ်ခုခုအကြောင်း ရှိမှာပေါ့ဟယ်"

"ဒါဖြင့် သူ့မှာ ချစ်သူရှိလို့များလား"

"မပြောတတ်ဘူး"

အင်္ကျီတွေ ဟိုကိုင်ဒီကိုင်နဲ့ တွတ်တွတ်ထိုးနေ စိမ့်တို့နား အရောင်းဝန်ထမ်းမလေး ရောက်လာကာ ...

"အစ်မတို့ ကြိုက်တာတွေ့ရင် ဝတ်ကြည့်နော် အစ်ရ ရတယ်၊ ကြိုက်မှယူပါ အစ်မ၊ ဒီအင်္ကျီဆိုရင် ကာလာလေ ရောင်ရှိပါတယ်"

"အင်း ... ကြည့်မယ့်သာ ကြည့်နေရတာ၊ ဒီအင်္ကျီတွေက မ,တို့အသက်အရွယ်တွေနဲ့ မဖြစ်သေးပါဘူး၊ တအားပေ ရှော့တွေ"

"ဝတ်လို့ရပါတယ် အစ်မကလည်း၊ အစ်မတို့ ဘယ်လော အသက်ကြီးသေးလို့လဲ၊ အစ်မတို့နဲ့ လိုက်ပါတယ်"

"အိတ်လေး ဘာလေးပဲ ကြည့်ရအောင်ပါ နီလာရယ် လာ"

စိမ့်က အိတ်တွေတင်ထားတဲ့ နံရံစင်ဘက် ရွှေ့လိုက် ပါသည်။ နံရံမှာ သစ်သားအနက်ရောင် Box လေးတွေ ကပ်ရိုက်





ပြီး အိတ်တစ်လုံးချင်းတင်ကာ အတွင်းဘက်မှ မီးထွန်းထား၍ သားနားလှပနေပါသည်။ အများစုက အင်္ကျီဘောင်းဘီ အဝတ် အထည်တွေဖြစ်ပြီး အိတ်တို့ ဖိနပ်တို့ ပဝါတို့ကို တစ်ခုကောင်း ကွက်ပျောက်ဟာလေးမျိုးလေးတွေ ရွေးဝယ်တင်ထားတာပင်။

"ဟယ် ... ဒီအိတ်လေး လှတယ်"

"သုံးသောင်းရှစ်ထောင်ပါ မမ"

ခိုက်သည် အိတ်ကိုကိုင်ရင်း ခိုက်ဘက် ဖျတ်ခနဲ ဖျတ်ခနဲ ကြည့်နေတဲ့ အမျိုးသမီးနှစ်ယောက်ကို သတိပြုမိနေပါ သည်။ ခုနကတည်းက အင်္ကျီကြည့်ရင်းလည်း ဒီဘက်ကို အကဲခတ် နေသေးသည်။

"သူဇာရေ"

"ရှင် ... မမခိုက်"

ဆိုင်ရှေ့နားမှာရှိနေတဲ့ သူဇာက ခိုက်အနား ပြေး ဝင်လာသည်။

"လှည့်မကြည့်နဲ့ဦး၊ အိတ်တွေ ကိုင်ကြည့်နေတဲ့ ကပ်စ်တမ် မာနှစ်ယောက်လေ၊ တစ်ယောက်က လိမ္မော်ရောင်အင်္ကျီ နဲ့၊ တစ်ယောက်က အပြာနဲ့၊ အဲဒါ ဖောက်သည်တွေလား ဟုတ်လား"

"ဩော် ... သိတယ်၊ လာနေကျပဲ မမ၊ ဟိုတစ်နေ့က တောင် သုံးလေးရက်ပဲ ရှိသေးတယ် အင်္ကျီတစ်တည်လာ ဝယ်သွားသေးတယ်၊ အဲဒီအင်္ကျီလေး ရောင်းရလို့ လူကြိုက်



www.burmeseclassic.com

www.burmeseclassic.com



များလို့ မမခိုက်ကို သူဇာ ထပ်တောင်မှာနေတာလေ အပြာလေးတစ်ထည်ပဲ ဒီမှာကျန်တာ၊ ရန်ကင်းစဲင်တာဆိုင်မှာ နီညိုနဲ့အဖြူနဲ့ ရှိသေးတယ်ဆိုတာ"

"အင်း ... သိပြီ"

"အဲဒီအပြာလေးကို သူတို့ ဝယ်သွားတာပေါ့"

"ခဏ ခဏ လာတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်၊ ခုတလောတောင် ပိုတွေ့နေတာ"

"သြော် ... မမကို ကြည့်ကြည့်နေကြလို့ ခေါ်မေးကြည့်တာ"

"ခုန ကြူကြူ့ကို မေးနေတာ၊ မမက ဆိုင်ရှင်လားတဲ့ လှလွန်းလို့တဲ့ ပြောနေသေးတယ်"

"သြော် ... ငါက အသိဖြစ်နေပြီး မမှတ်မိလိုက်မှာစိုးလို့ မေးကြည့်တာပါ၊ သူဇာ ဒီနေ့ ဆိုင်ပိတ်သွားတော့နော်၊ မမ ပြန်မလာတော့ဘူး"

"မမ ပြန်တော့မှာလား"

"ခဏနေ ပြန်မယ်"

"ဟုတ်ကဲ့"

သူဇာ ဆိုင်ရှေ့ဘက် ပြန်လျှောက်သွားပါသည်။ ဆိုင်တစ်ဝက်နားရောက်မှ ...

"သူဇာ"

"ရှင် ... မမ"





"ရှေ့ကနေ သေချာကြည့်နေဦးနော်၊ ဟိုတစ်နေ့ကလို ဖျတ်ခနဲကြီး နီးမှတွေ့လို့ ငါ အဝတ်လဲခန်းထဲပိတ်ပြီး နေနေရဦးမယ်ဟယ်"

"အဟားဟား ... ဟုတ်ကဲ့ပါ မမရဲ့၊ သေချာကြည့်နေပါတယ်"

စိမ့်က ကြားလိုက်ရတဲ့စကားအတွက် ချက်ချင်း အမိပ္ပာယ်ပေါက်လိုက်နိုင်ပါသည်။ ကိုယ်က ဒီစကားနဲ့ သက်ဆိုင်သူဘက်က ကာယကံရှင်ပဲ ဖြစ်နေတယ် မဟုတ်လား။ ပင်လုံလာမလာ တစ်ယောက်ကို စောင့်ကြည့်ခိုင်းထားတာနေမှာ။ ပင်လုံကို ဒီနည်းနှင့် ရှောင်ပုန်းနေတာကိုး။

"စိမ့်"

"အင်း"

"ယူမှာလား၊ မယူရင်လည်း ဆိုင်ထဲက ထွက်သင့်ပြီ"

စိမ့်က ကောင်မလေးဘက်လှည့်ကာ ...

"မလျှော့ဘူးလား ညီမရယ်၊ နည်းနည်းလျှော့ပါဦး၊ ဆိုင်ရှင်ကို ဆစ်ပေးပါဦး"

"ငါးရာလျှော့တယ်လေ အစ်မ"

"ငါးရာတည်းလား၊ သုံးသောင်းရှစ်ထောင်ဆိုတော့ သုံးသောင်းခွဲပဲထား၊ သုံးထောင်တည်းဆစ်တာ"

"မရပါဘူး အစ်မရယ်"

"ဆိုင်ရှင်ကို မေးကြည့်ပါဦးဆို"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ရယ်ကာ ...

"ဆိုင်ရှင်က မှာထားပြီးသား အစ်မရဲ့၊ ကဲပါ ... ကျေနပ်အောင်တော့ လှမ်းမေးပေးမယ်၊ မမခိုက်ရေ ..."

ခိုက်က ကြူကြူ့ကို လှမ်းကြည့်သည်။

"ဒီအိတ်လျှော့ပါဦးတဲ့"

"ဘယ်လောက်လဲ သမီး"

"သုံးဆယ့်ရှစ်"

"တစ်ထောင်လျှော့ပေးလိုက်ပါနော် အစ်မ၊ သုံးဆယ်ခုနစ်ပေါ့"

ခိုက်က ကိုယ်ကရောင်းသူနေရာမို့ ဝယ်သူကို လေးစားသမှုအနေနှင့် အစ်မ ခေါ်လိုက်သည်။ အသက်မှန်တွေသိတဲ့ စိမ့်က ပြုံးချင်ချင် ဖြစ်သွားရင်း ...

"ဒီထက် မလျှော့တော့ဘူးလား အစ်မရယ်"

သူတလည်း"အစ်မ"။ ကိုယ်ကလည်း"အစ်မ"။ အပြန်အလှန် "အစ်မ"ခေါ်နေကြသည်။ တတ့်နိုင်ဖူးလေ။ ကိုယ့်ထက် နှစ်နှစ်ကြီးတာ သိထားရက်နဲ့ "ညီမ"တို့ ဘာတို့ ဘယ်လိုလုပ်ခေါ်မလဲ။

"အစ်မရယ် မရလို့ပါ။ ခိုက်က ပစ္စည်းလေးစုံအောင် အိတ်ပါထည့်တင်ထားတာပါ၊ အမိကလည်း မဟုတ်တော့ သိပ်များများလည်း သယ်မလာဘူး၊ တစ်လုံးကောင်းနဲ့ ကွက်ပျောက်လေးတွေ ရှာတင်ထားတာပါ၊ တခြားဆိုင်





တွေမှာ ဆင်တူမရှိပါဘူး၊ အိတ်တွေ ဖိနပ်တွေကနေ ခိုက်သိပ်အမြတ်မယူဘူး၊ လျှော့လို့ကို မရလို့ပါ"

စိမ့်က ခိုက်ရဲ့ပြောနေဟန်ကလေးကို အငေးသား ည့်နေမိသည်။ ယုံချင်စရာ သနားချင်စရာလေး။ သူ ပြောတဲ့ အတိုင်းသာ ပေးဝယ်လိုက်ချင်တော့အောင် ပြောပုံကလေးက ချွယဥ်ကျေးလှပါသည်။ ခိုက် စကားရပ်သွားတဲ့တိုင် ဆက် ကြည့်နေတဲ့ စိမ့်ကို နီလာက တံတောင်နှင့် တစ်ချက်တွက် ရင်း ...

"ကဲ ... ကဲ ... ယူမှာဖြင့်ရင်လည်း ယူလေ"

"အင်း ... အင်း"

ကြူကြူက အိတ်ကိုဖွင့်ကာ ဖောင်းကားအောင် သည့်ထားတဲ့ အစာတွေကို ထုတ်ယူစဉ် ခိုက်က အပြုံးလေး

"တန်ပါတယ် အစ်မရယ်၊ အစ်မ ဒီအိတ်ကိုလွယ်ရင် သူများနဲ့ ဆင်တူရှိမှာ မဟုတ်ဘူး သိလား"

စိမ့်က ပြုံး၍ခေါင်းညိတ်ဆဲ ...

"ဟဲ့ ... စိမ့်"

"ဟယ် ... အန်တီလေး"

စိမ့်က ရိုက်ပုတ်လိုက်တဲ့ အန်တီလေးရဲ့လက်ကို သိုက်ပါသည်။ အန်တီလေးဟာ မာမီ့ညီမအငယ်ဆုံးမို့ အခေါ်ရင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေ ... နှင့်ညီမ မဆွေ"

စိမ့်က အဝင်ဝနားမှာ အင်္ကျီရပ်ကြည့်နေတဲ့ ဝမ်း ညီမကို လက်လှမ်းပြလိုက်ပါသည်။

"ဆွေဆွေ ဈေးဝယ်တာ အန်တီလေးက လိုက်လာပေး ပေါ့"

"အင်းလေ ... သူ့ပွဲအတွက်လေ၊ တော်ကြာ မတော်မ မထော်မနန်းတွေ လုပ်ချလာမှာစိုးလို့၊ ဒီနေ့က ပိတ် လိုက်ကြည့်တာ၊ ဒီမှာက ပိတ်စဆိုင် ရှားတယ်နော်"

မနီးမဝေးမှာပဲ ရှိနေတဲ့ ခိုက်က ဝင်ကာ ...

"ပိတ်စဆိုရင်တော့ ပလာဇာမှာပဲ အများဆုံး အစုံဆုံး အန်တီ၊ ပွဲနေပွဲထိုင်အတွက် ဆိုရင်တော့ ပလာ စကော့ဈေးတို့ သွားကြည့်ပါလား အန်တီ"

"ဟုတ်တယ် ဟုတ်တယ်၊ စကော့ဈေးတော့ တစ် ရောက်ပြီးပြီ၊ လှတာတွေ ရှိပါတယ်၊ နှင့်ညီမက အတိုင်း ကြေးကများတယ် စိမ့်ရေ၊ ဒါကြီးကပြောင် လက်တယ်နဲ့၊ ကိုယ်တိုင် စေ့စပ်မယ့်ဟာ ထိုက် သလောက်တော့ ပြောင်လက်ရမှာပေါ့လို့ မနည်း တယ်၊ မှိန်တုတ်တုတ်တွေ ချည်ထည်တွေပဲ သူက ချင်နေတာ"

"ဟုတ်သားပဲ၊ ဆွေဆွေ့ပွဲက တစ်လပဲ လိုတာ"

"အင်းလေ၊ ဘာလဲ ... မေ့နေပြီလား"





"မေ့တော့ မမေ့ပါဘူး အန်တီလေးရဲ့၊ ရက်မတွက်မိတာ၊ မာမီကတော့ မင်္ဂလာဆောင်အတွက် ချိတ်ကိုကြိုမှာလိုက် ပြီ၊ အန်တီလေးအစ်မက မင်းဂွတ်သီးရောင်ပေါ်မှာ ကျီးရောင် လေးနဲ့ ပြန်ချိတ်ဖောက်တာ လိုချင်တယ်တဲ့၊ ရှာရှာဖွေဖွေ"

"အေးဟဲ့ ... လှမှာပဲ၊ ငါ့အစ်မက ငါ့ထက် မျက်စိပိုကြည့် တတ်တယ်၊ သူ့ခမျာ ညည်းကို မဆင်ရတော့ ပွဲရှာနေရတာ ပေါ့၊ တူမရဲ့ပွဲမှာပဲ ဝတ်ရတော့မှာ ဖြစ်နေပြီ"

"အမယ် ... အန်တီလေးကလည်း၊ စိမ့်က ဒီကိစ္စကြီးတွေ စိတ်ရှုပ်လွန်းလို့ပါနော်"

"ပင်လုံရော မစွဲသေးဘူးလား"

စိမ့်သည် အန်တီလေး အသံကျယ်ကြောင့် ထိတ်ခနဲ ဖြစ်ကာ ခိုက် ဘက်သို့ မသိမသာလေး ခိုးကြည့်လိုက်ပါသည်။ ရင်းငုံ့ရေးနေသလိုပုံစံမှ ဖြတ်ခနဲ ဘောလ်ပင်ကိုင်တဲ့လက် တန့်သွားတဲ့ ခိုက်က မော့တော့မကြည့်ဘဲ ကောင်တာပေါ်စိုက် ထားတဲ့ မျက်လုံးထဲမှာတင် အရိပ်တချို့ ဖြတ်ပြေးသွားပါသည်။

စိမ့်က စိတ်တွေရှုပ်ကာ ...

"ကဲ ... ကဲ ... စိမ့် သွားတော့မယ်၊ အန်တီလေးပဲ ဆက် ကြည့်"

"အမယ်လေး ... ပင်လုံ အကြောင်း စကားစပ်လိုက်တာနဲ့ ပြေးတော့မယ်၊ စကားတောင် အစပ်မခံဘူး"

"ဘာဆိုင်လို့လဲ အန်တီလေးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"စကားတောင် အစပ်မခံနိုင်အောင် ဒီမောင်လေးကို ဝိုင်းတိုနေကြတာမို့လား"

"အို ... မတိုပါဘူး၊ မိန်းမမြန်မြန်ယူပါစေတောင် ဆုတောင်းသေး"

"ဟား ဟား ... အမယ်လေး၊ ယုံပါလိမ့်မယ်၊ ဟိုတလောက ဆွေဆွေ့ကောင်လေး ကိုမျိုးတို့ထဲက တစ်ယောက် မဆိုးဘူး အဘက်ဘက် ပြည့်စုံတယ်ဆိုပြီး ငါကစပ်မလားကြံတယ်၊ နင့်မာမီဟာ ပုတ်ချတာ သွက်သွက်ခါနေတာပဲ"

"ဟာ ... အန်တီလေးကလည်း၊ အဲဒါ မေမေက မိန်းမ မပေးစားချင်လို့မှ မဟုတ်ဘဲနဲ့"

"ဘာဖြစ်လို့လဲ"

"ပင်လုံက အဲလို သူ့ကိုစပ်ရင် ကြိုက်တာမဟုတ်ဘူး အိမ်မှာ အော်ဟစ်ရန်တွေလုပ်မှာ၊ ဒါကြောင့် မေမေက ပိတ်ချတာပေါ့"

"ဘာလဲ၊ သူကလည်း မိန်းမ မယူချင်သေးဘူးလား"

"ချစ်တဲ့လူတွေ့ရင် ယူမှာပေါ့၊ အန်တီလေးကလည်း"

"သူချစ်တဲ့လူ တွေ့လာလည်း ညည်းနဲ့ ညည်းအမေက တိုထွာပြီး အကဲခတ်ကြဦးမှာပါ"

စိမ့် စိတ်တွေညစ်လာသည်။ ကိုယ်က ကိုယ်လိုချင်တဲ့ဘက် ဆွဲပြောသော်လည်း အန်တီလေးကလည်း သူလိုချင်တဲ့ဘက်ပဲ ဖိပြီးစွပ်စွဲနေတာ။ ပြီးတော့ အသံကျယ်ကြီးနဲ့။ နို





ဟာ ခေါင်းကိုမော့မလာတော့ပါ။ သူ့အိတ်ကို သူ ဖွင့်စစ်ဆေးပြီး သော့သံတချွင်ချွင်နှင့် ထွက်သွားဖို့ပြင်ပြီ။

ကြားသွားတာ သေချာပြီ။ ပြဿနာပါပဲ။

"ပင်လုံ့ ဆိုင်ရှော အခြေအနေ ကောင်းတယ် မဟုတ်လား၊ ဟိုတလောက မြို့ထဲတွေ့လို့ ဒဂုံစင်တာမှာ ထပ်ဖွင့်ဦးမယ် ပြောနေသေးတယ်"

"ဟုတ်"

စိမ့်သည် ရေတွက်ပြီးတဲ့ ပိုက်ဆံသုံးသောင်းခုနှစ်ထောင် အေးကကောင်မလေးကို လှမ်းပေးရင်း အိတ်ထည့်ထားတဲ့ စက္ကူဆွဲအိတ်ကို လှမ်းယူကာ မြန်မြန်လစ်မလို့ ပြင်သည်။ သို့သော် ကောင်မလေးက အရေးထဲ စက္ကူဆွဲအိတ်ရဲ့ အဝနှစ်ဖက် ပူးပြီး Tape ကပ်ဖို့ လုပ်နေသေးသည်။

အဲဒီတုန်းမှာပဲ ခိုက်က ခပ်သုတ်သုတ်လေး အပြေးပိုင်းနှင့် အပြင်ကို ထွက်ခွာသွားတော့ရင်း ...

"သူဇာ ... မ, သွားပြီ"

"ဟုတ်ကဲ့ မမခိုက်"

စိမ့်က အိတ်ကိုယူရင်း ...

"ကဲ ... အန်တီလေးရေ၊ စိမ့်လည်း သွားပြီ"

စိမ့်ရဲ့အသံကြီးက စိတ်ပျက်လက်ပျက်ကြီး၊ ဘာကြောင့် ဖြစ်နေပါလိမ့်လို့ အန်တီလေးလည်း စဉ်းစားကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သေချင်တယ် နီလာရယ်၊ သူ ကြားသွားပြီ"

"ကြားလည်းဟယ် ပင်လုံ ဆိုတာ လောကမှာ တစ်ယောက်တည်းရှိတာ ကျနေတာပဲ"

"နင်ကလည်း၊ သိကို သိမှာ၊ ဒဂုံစင်တာမှာ ဆိုင်ထပ်ဖွင့်မယ်ဆိုတာက ပါလိုက်သေးတယ်"

"အင်း ... သူ့မျက်နှာကတော့ တစ်မျိုးကို ဖြစ်သွားတာ ချက်ချင်း ထလစ်တော့တာပဲ၊ သူကတော့ သူ့ကို ငါတို့ လာချက်က်တယ်လို့ သိသွားမှာ သေချာတယ်"

"အကောင်းချက်က်တယ် ထင်မှာမဟုတ်ဘူး၊ အန်တီလေးကြီးကလည်း အာကျယ် အာကျယ်နဲ့ မောင်ကို သားကိုတိုထွာတာတွေ ဟုတ်လည်းမဟုတ်ဘဲနဲ့ လျှောက်ပြောနေတော့ သူ့စိတ်ထဲမှာ အလွဲတွေးချင်တွေးမှာ"

နှစ်ယောက်သား Under ground ကားပါကင်ဆီဆင်းလာခဲ့ရင်း ...

"သူလည်း သူ့ကား ဒီအောက်ပဲ ရပ်ထားမှာပဲ၊ သွားနေနိုင်သေးတယ်"

"ဒီတစ်ခါ ဆုံရင်တော့ ဖွင့်မိတ်ဆက်ပစ်လိုက်တော့မယ်"

"မဆိုးပါဘူးဟဲ့၊ ပေါင်းလို့ကောင်းမယ့်ပုံ ရပါတယ်"

"ပေါင်းဖို့ခဏထားပြီး ပင်လုံ့ကို ပြန်ကြည်ဖို့ အရင်အားထားပါဦးဟယ်၊ ဟဲတော့ ..."

"ဘာလဲ"





ပါ့ကင်ကြီးထဲ ရောက်သွားတဲ့ စိမ့်က မလှမ်းမကမ်း[illegible] မြင်လိုက်ရတဲ့ ပင်လုံ့ရဲ့ မာ့ခ်တူးကား အဖြူရောင်ကြီးကို [illegible]ည့်ပြီး အလန့်တကြား အာမေဍိတ်သံ ထွက်လာပါသည်။ [illegible]နံပါတ်လည်း ဟုတ်သည်။ ပင်လုံ ရောက်နေတယ်ပေါ့။

"ဟိုမှာ ... ပင်လုံ့ကားဟဲ့"

"ဟယ် ... အသည်းယားလိုက်တာဟယ်၊ ပင်လုံ အပေါ်တက်သွားပြီထင်တယ်၊ လွဲပါပြီကွာ ... ကျွတ်"

နှစ်ယောက်သား မချင့်မရဲရှိဆဲတွင် အသံလုံတဲ့[illegible]ပါကင်ကွင်းကြီးထဲ တဖုတ်ဖုတ် ခြေသံတွေဟာ ပဲ့တင်ထပ်[illegible] လိုက်သံတွေခတ်ကာ ပေါ်ထွက်လာပြီးလျှင် ...

"မမ ... မမခိုက်"

"ဟယ် ... ပင်လုံ၊ ပင်လုံ"

စိမ့်က ရင်လေးတွေတောင် ဖိုလာပါသည်။ ပင်လုံ[illegible]ကို မြင်သွားပြီ။ ဘယ်နားမှာမှန်းသာ မမြင်ရပေမယ့် ခြေသံ[illegible] အော်ခေါ်သံတွေက အကျယ်ကြီးပင်။

"မမခိုက်"

ပင်လုံက ကားစက်နှိုးနေပြီဖြစ်တဲ့ ခိုက်ထံ အတင်း[illegible]သည်။ သူ့ကား ဒီ Under ground ထဲ ဝင်လာကတည်းက [illegible]ခိုက်ရဲ့ကား ရှိမလားလို့ ပတ်ရင်း ရှာလာတာ။ မမခိုက်ရဲ့ကား [illegible] Exiv ကားထဲမှာ ဆင်တူမရှိတဲ့ ရှားပါးတဲ့ ဆီးရောင်အလက်။ [illegible]ကားကိုလည်း လှမ်းမြင်လိုက်ရော ပင်လုံ့ရင်တွေ ထိတ်ထိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာ ခုန့်ပေါက်လှုပ်ရှားတော့ကာ ကိုယ့်ကားရပ်ဖို့ကိုပင် အသ
အသန့် ကမန်းကတန်း ရှာရသည်။

ပါကင်နေရာရတော့ ရပ်ပြီးတာနှင့် မမခိုက်ရဲ့က
ဆီပြေးသည်။ မလွတ်နိုင်အောင် ကားနားကပဲ ရပ်ကာစောင့်
မည်လို့ပင်။ စောင့်ရင်း စောင့်ရင်းက နည်းနည်းအချိန်ကြာလ
တော့ စိတ်ကမရှည်၊ အသည်းက ယားလာသည်။ အချိန်
ဖြုန်းသလိုလည်း ဖြစ်နေတော့မည်။ ပါကင်ထဲမှာ ပူအိုက်လှေ
နေတာကြောင့်လည်း အပေါ်ကဆိုင်ကို တက်သွားရင် ကောင်း
လား တွေးမိပြန်သည်။

ဒီလိုနှင့် ချီတုံချတုံဖြစ်ကာ အပေါ်ကိုတက်မ
လှေကားရင်းနားအထိ လာရပ်နေမိတာ။ မမခိုက်က ဒီလှေကာ
ဘက်မှ မဆင်းဘဲ ဟိုဘက်လှေကားဘက်က ဆင်းရင်ကော
လှေကားက နှစ်စင်းရှိတာ။ ဒီလှေကားရင်းကနေတော့ မမခို
ကားဆီ လှမ်းမြင်နေရတာမို့ ကိစ္စမရှိ။ ဒီလှေကားကနေ ပင်လုံ
အပေါ်တက်တုန်း မမခိုက်က ဟိုဘက်လှေကားကနေ ဆင်းလာ
ရင် ... ! ။

အဲသလို စိတ်တွေ ထွေပြားဝေဝါး မပြတ်မသားနှ
အမောဆို့မတတ် ဖြစ်နေတဲ့ ပင်လုံဟာ ဟိုဘက်လှေကားဘ
ကနေ ခိုက် ဆင်းလာတာကို မမြင်။ ကားနားကို ခိုက် ရော
လာတော့မှပဲ လှမ်းမြင်ကာ ပါးဖပ်ကလည်းအော်၊ ခြေလှမ်းက
ကြီးတွေနှင့်လည်းပြေး။





မတွေ့ရတာ မမြင်ရတာတောင် ရက်တွေကြာပြီမို့ ရင်တွေက ပူနေပြီ။ မရှက်နိုင် မကြောက်နိုင် ဘယ်သူကြားကြား ဘယ်သူမြင်မြင်။

ခိုက်ကလည်း ပင်လုံ့အသံဟိန်းဟိန်းကြီးနှင့် ခေါ်သံတွေကြားတာနှင့် စက်ကို ကမန်းကတန်း နှိုးတော့သည်။ "မမခိုက်" ဆိုတဲ့အော်သံ၊ ကားစက်သံတွေ ဆူညံလုံးထွေးသွားပြီးနောက် ပင်လုံက ခိုက်ရဲ့ကား ထွက်လို့မရအောင် ကားရှေ့ကနေ ပိတ်ရပ်ကာ ကားဘောနက်ကို လက်နှစ်ဖက် ထောက်ထားလိုက်သည်။

"မမခိုက်"

"... ..."

"ဘာဖြစ်တာလဲဗျာ မမခိုက်"

"... ..."

"မမခိုက်က အရမ်းရက်စက်တာပဲဗျာ၊ ကျွန်တော့်ကို ဘာလုပ်တာလဲဗျာ"

ခိုက်သည် သူ့ကားနှင့် တစ်ကားကျော်ကို ရောက်လာတဲ့ ဈေးဝယ်ပြန်လာတဲ့ ဇနီးမောင်နှံရဲ့ ရှုးစမ်းစပ်စု မျက်ဝန်းများကိုမြင်လျှင် ရှက်သွားကာ ကားမှန်ကို လျှော့ချလိုက်ပါသည်။

"ပင်လုံ အကျယ်ကြီး အော်မနေနဲ့"

"မမခိုက်က ဘာဖြစ်လို့ ထွက်ပြေးသေးလဲ"

"ဟဲ့ ... ကျုပ်ဟာကျုပ် သွားစရာရှိလို့ သွားမှာကို ဘာ ထွက်ပြေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိးရှိးသွားမှာဆိုရင် ကျွန်တော် ဒီလောက်တောင်ကြီး မဟားဒရား ပြေးလိုက်ခေါ်တာကို ခဏရပ်ပြီး အကျိုးအကြောင်း ပြောဦးလေ"

"အချိန်မရလို့ပါ ပင်လုံရာ၊ အရေးကြီးနေလို့ပါ"

"ဒီမှာ တစ်မိနစ်တောင် စကားရပ် နားထောင်လို့ မရတော့ဘူးလား"

"မရတော့လို့"

"ဒါဖြင့် ကျွန်တော် မမခိုက်ကားနဲ့ လိုက်ခဲ့မယ်၊ ဘေးကထိုင်ပြီး လမ်းတစ်လျှောက်မှာ ကျွန်တော် ပြောစရာရှိတာ ပြောမယ်၊ မမခိုက် အလုပ်ကိစ္စရှိတဲ့နေရာရောက်လို့ ကားရပ်ရင် ကျွန်တော်ပါဆင်းပြီး ဒီကို ကိုယ့်ဘာသာကိုယ်ပြန်လာပါ့မယ်"

"ကျွတ် ... ပင်လုံကလည်းကွာ"

"အဲဒါဆိုရင် ဘာမှအချိန်ပိုကုန်စရာ မရှိဘူး"

"မင်းလိုက်လို့ ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့ မဖြစ်ရတာလဲ"

"အာ ... မဖြစ်ပါဘူး ပင်လုံရယ်၊ မင်းကကော ဘာတွေ ပြောစရာ အရေးတကြီး ရှိနေလို့လဲ"

"ဟာ ... အများကြီးပေါ့၊ အရမ်းလည်း အရေးကြီးတယ်၊ မမခိုက် ကျွန်တော့်ကို အစိမ်းလိုက်ကြီး ချိုးချလိုက်တာကို နားမလည်ဘူး၊ မေးစရာတွေမှ အများကြီးပဲ"





"မေးလည်း ဘာမှထူးမလာနိုင်ပါဘူး ပင်လုံရာ"

"ကျွန်တော်မှာ ဘာအပြစ်ရှိလို့ ဒီလိုလုပ်တာလဲ"

ခိုက်သည် စိတ်ညစ်ညစ်နှင့် အသံကလေးပင် တုန်ယင်လာကာ ...

"ပင်လုံ့မှာ ဘာအပြစ်မှ မရှိပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ မမခိုက်ရယ်"

ပင်လုံက ကားရှေ့မှပတ်ကာ ပြတင်းနံဘေးလက်ဆောက်ကိုင်ငံ့လိုက်၍ ခိုက်နှင့် အနီးကလေး ဖြစ်သွားရာ ခိုက်က ကိုယ်လေးကို အလန့်တကြား ယို့ရှောင်သည်။

"မ, ဒီကိစ္စတွေ စိတ်မဝင်စားလို့ပါ"

"မမ ညာတာ"

"အောင်မာ ...၊ ညာတာဆိုတော့ ကျုပ်ကပဲ စိတ်ဝင်စားတယ်လိုလို"

"အဲဒါကို ပြောတာမဟုတ်ဘူး၊ အကြောင်းပြချက်ကိုညာပြီးပေးတာကို ပြောတာ၊ ဒီအချစ်ရေး အိမ်ထောင်ရေးတွေ စိတ်မဝင်စားလို့ ကျွန်တော့်ကို ရှောင်မှာဆိုရင် ကျွန်တော်က ချစ်ပါတယ်လို့ ဖွင့်ပြောမှ ရှောင်ရမှာပေါ့၊ အခု ကျွန်တော်လည်း ဘာမှမပြောရသေးခင်မှာ မမခိုက် ဖြတ်တာက အရင်၊ အဲဒီတော့မှ ကျွန်တော်က ကမူးရှူးထိုး ဖွင့်ပြောဖြစ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မပြောခင်ကတည်းက ရိပ်မိနေပြီပဲဟာ၊ ပြီးတော့ ပင်လုံက တို့ထက်လည်း ငယ်တယ်လေ၊ အဲလိုကောင်လေး တစ်ယောက်က ကိုယ့်ကို မျှော်လင့်ချက်ထားပြီး ကပ်နေတာ သိရက်သားနဲ့ မျှော်လင့်ချက်ပေးထားသလို ဖြစ်မှာလည်း စိုးလို့ ကြိုတင်ပြီး ခပ်တန်းတန်းနေဖို့ ကြိုးစားရတာပါ"

"ကျွန်တော့်ကို တကယ်မချစ်နိုင်ဘူးဆိုရင် ကျွန်တော် ဘာမှမပြောလို့ပါဘူး မမခိုက်ရယ်၊ ခုဟာက မမခိုက်က မိတ်ဆွေအပေါင်းအသင်း အဖြစ်တောင် မဆက်ဆံ၊ မဝင် ထွက်ရတော့ဘူး၊ စကားလေးတစ်လုံးနှစ်လုံးတောင် မပြော ရတော့ဘူးဆိုတဲ့ ပုံစံနဲ့ အစိမ်းချိုးကြီး ဖြတ်ချပစ်တာလေ"

"ခက်ပါလား ပင်လုံရယ်"

"မမခိုက် သူငယ်ချင်းတွေ ဘာဝိုင်းပြောကြလဲ"

"ပြောတာပေါ့၊ သူတို့ကလည်း သူတို့စပ်ဟပ်တဲ့ သက်တူ ရွယ်တူထဲကတော့ ငွေချပြီး အများကြီးငယ်တဲ့ ကောင်လေး ကျတော့ ခင်ခင်မင်မင် ဖော်ဖော်ရွေရွေ နေတော့ ဝေဖန် တာပေါ့"

"သူတို့အပူလားဗျာ၊ သူတို့နဲ့ ဘာဆိုင်လဲ"

"သူတို့က မမကို စေတနာထားကြပါတယ်"

"သူတို့က ကျွန်တော့်ကို ပြန်မကြိုက်ရဘူးလို့ ပြောလို့လား"

"အဲလိုတော့ မပြောပါဘူး"

"ပြောလည်း ရမလား"





"မပြောပါဘူး ဆိုနေမှ ဒေါသတွေကြီးနေပြန်ပြီ၊ မမ စိတ်တွေရှုပ်တယ် ပင်လုံရယ်၊ သွားပါရစေတော့"

"မမခိုက်ရဲ့ သူငယ်ချင်းတွေက ရည်းစားထားတယ် ထင် မှာ စိုးရိမ်ပြီး ကျွန်တော့်ကိုလည်း စိတ်တွေရှုပ်ပြီး ဖြတ် ပစ်တာ ကျွန်တော် သိပါတယ်ဗျာ"

"အို ... ဖြတ်တယ်ဆိုတာက ရည်းစားဖြစ်နေမှ သုံးနှုန်းရ မှာပါ"

"ခုဟာက မမခိုက်က လုံးဝကို မပြောရ မဆိုရ မလာရ မတွေ့ရ လုပ်ပစ်တာလေ၊ အဲဒါ ဖြတ်တာပဲပေါ့"

"ကဲ ... ပြောလို့ ကျေနပ်ပြီလား ပင်လုံရယ်"

"မကျေနပ်ပါဘူး၊ ပြောစရာလည်း မကုန်သေးဘူး၊ မမခိုက် သွားစရာရှိတယ် ဆိုတာလည်း ဒီကိစ္စထက် ပိုအရေးမကြီး လောက်ဘူး၊ လာပါ မမခိုက်ရယ်၊ အပေါ်မှာ မွန်းဘိတ် ကရီထဲမှာ အေးအေးဆေးဆေး စကားပြောပါရစေ"

ခိုက်က ပြုံးပြုံးပျာပျာလေး ဖြစ်သွားရရင်း ...

"အို ... မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုလေ ... ဟိုဒင်းပါ၊ မဖြစ်ပါဘူး၊ တို့သွားတော့မယ် ပင်လုံ"

"ဘာလဲ၊ အပေါ်မှာ မမခိုက် သူငယ်ချင်းတွေ ရှိနေလား"



www.burmeseclassic.com

www.burmeseclassic.com



ပင်လုံက တစ်ယောက်ယောက်နဲ့ ဆုံမှာကိုပဲ အလန့်တကြား ဖြစ်နေတဲ့ပုံရတဲ့ ခိုက်ကို သံသယမကင်းမေးသည်။ ခိုက်က သက်ပြင်းလေးတစ်ချက် ရှူ့မဲ့ချရင်း ...

"တို့သူငယ်ချင်း မဟုတ်ပါဘူး၊ ပင်လုံ့အစ်မ ရောက်နေတာ"

ခိုက်က စိတ်ရှုပ်ရှုပ်လေး ညည်းလိုက်ပါသည်။ သူ့အစ်မရှေ့မှာ သူ့ကို ရှောင်ဖို့ ဝှန်းဖို့ စကားတွေလည်းပြောမိ ဟိုက ဘာသဘောနှင့် လာအကဲခတ်တယ်မှန်း မသိဘဲ ကိုယ်က တဖော်တရွေ စကားဆိုလိုဆိုမိ။ ဟိုအန်တီတစ်ယောက်က ပင်လုံ့အကြောင်း ပြောလိုက်ချိန်မှာ ခိုက် ရုတ်တရက် ထူပူကျဉ်းကျပ်သွားချိန်မှာ အဲဒီ ပင်လုံ့အစ်မဟာ တန်းတူ ထူပူကျဉ်းကျပ်သွားတဲ့ရုပ်၊ စိတ်မသက်မသာ ရုပ်မျိုးနဲ့ပါ။

ခိုက်ကို လာကြည့် လာအကဲခတ်တာရယ်၊ ပင်လုံ့အစ်မမှန်း သိစေချင်ပုံ မရတာရယ် ပေါင်းစပ်ကာ ခိုက် စိတ်တို့ မကြည်လင်နိုင်တော့ပါ။

"ဟင် ... ကျွန်တော့်အစ်မမှန်း မမခိုက်က ဘယ်လိုလုပ်သိလဲ"

"သိတယ်၊ ရှင်တို့အမျိုးချင်းကို လာဆုံနေတာ၊ ပြောနေကြတဲ့ စကားထဲမှာ ပင်လုံ့နာမည်လည်း ပါတယ်၊ ပင်လုံ့ရယ် ပင်လုံ့အစ်မတွေ အမေတွေကလည်း သူတို့သားအငယ်ဆုံးလေးကို အသက်ကြီးကြီး မိန်းမတစ်ယောက်နဲ့ အလွယ်





တကူ ကြည်ဖြူချင်မှာ မဟုတ်ပါဘူး၊ တို့ကို မေ့လိုက်စမ်းပါ"

ထို့နောက် ခိုက်က စက်နှိုးထားလက်စ ကားကို ပင်လုံ မတားနိုင်ခင် လျှောခနဲ သွက်သွက်မောင်းပြေးသွားပါတော့သည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



၆

"မနက်ပိုင်းလေး ခဏတစ်ဖြုတ်ဟာကို၊ ညည်းဆိုင်တွေက နောက်ကျသွားလဲ ဘာဖြစ်လဲ၊ ဆိုင်တိုင်းက သူ့တာဝန်ခံနဲ့ သူပဲဟာ"

မနေ့ညက ထမင်းစားရင်း ဖေဖေ ပြောခဲ့တဲ့စကားဖြစ်ပါသည်။ သားအဖနှစ်ယောက် ထမင်းအတူစားဖြစ်တဲ့ပွဲက အတော်ရှားပါးနေတာပါ။ ခိုက်ကလည်း ဆိုင်တွေက အားလုံးကိုးနာရီမှပိတ်တဲ့ဆိုင်တွေ။ ရှစ်နာရီလောက်မှာတော့ စ,သိမ်းပါပြီ။ တစ်ဆိုင်မှာပဲ ကိုယ်ရှိနိုင်ပြီး ကျန်ဆိုင်တွေကိုတော့ သူ့ဆိုင်တာဝန်ခံကပဲ ပိတ်ရသိမ်းရမြဲပင်။

ဖေဖေကလည်း ညအတော်များများမှာ သူ့ရဲ့ဆေးခန်းထိုင်ချိန်ဖြစ်ရာ ညစာကို တစ်ခါတစ်ရံ ဆေးခန်းတစ်ခုကနေ နောက်တစ်ခုကို အကူးမှာ လူနာကို မခေါ်သေးခင် တစ်ခုခု ဆေးခန်းကို မှာစားရတဲ့အထိပင်။ တစ်ခါတလေများ သားအဖ ထမင်းစား မဆုံ,ဆုံအောင် တကူးတက ချိန်းယူရလေ့ ရှိပါသည်။





အခု ဖေဖေက နောက်တစ်မနက် သူ့ကိုဖိတ်ထားအလှူပွဲတစ်ခုကို ခိုက် လိုက်ခဲ့ဖို့ ခေါ်နေတာပင်။

"အင်းလေ ... ဖေဖေ လိုက်ခဲ့ဆိုရင် လိုက်ခဲ့ပါမယ်၊ ခိုက်က ကိုယ်နဲ့မသိတဲ့အိမ်မို့ပါ၊ အပန်းကြီးလို့ မဟုတ်ပါဘူး"

ဖေဖေက သွေးတိုး ဆီးချို နှလုံး အထူးကုသတဲ့ဆရာတော်ကြီး ဖြစ်လေရာ ဖေဖေ့လူနာတွေဟာ ဖေဖေ့ထံ ရေရှည်ပြသ ကုသရင်းက ဖေဖေနှင့် ရင်းနှီးကျွမ်းဝင်သွားကြတာများပါသည်။

"သမီးက မသိပေမယ့် သူတို့က သမီးကို သိကြတယ်"

"ဘယ်လိုသိတာလဲ"

"သူတို့လည်း သားသမီးတွေရှိတော့ Fascination ဆိုင်ပေါ့ကို သိကြတာပေါ့ သမီးရဲ့"

"သြော်"

"အဲဒီ ဒေါ်တင်တင်ဝေတို့ ဆိုရင် လင်ရော မယားရော ဖေဖေ ကြည့်ပေးနေရတော့ အတော်ခင်တာ၊ သူတို့ပွဲလမ်းတွေ တောက်လျှောက် ဖိတ်တာပဲ၊ သမီးက မလိုက်လို့သာ သူတို့နဲ့ မဆုံရတာ၊ သီတင်းကျွတ်တုန်းက လာကန်တော့တုန်းကလည်း သမီးနဲ့မဆုံပြန်ဘူး၊ သမီးကလည်း အမြဲတွေ လိုက်ကန်တော့နေတော့ အိမ်မှာမရှိလိုက်ဘူးလေ"

ခိုက်က ခေါင်းလေးတညိတ်ညိတ်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ သမီးကို ခေါ်ခေါ်မလာလို့ ဆိုပြီး စကားနာ
ထိုး ကျိုကျနေကြတာ သမီးရဲ့၊ သမီးကို တိုတယ်ပေါ့
ဖွက်ထားတယ်ပေါ့လေနဲ့"

ဖေဖေ့စကားကြောင့် ခိုက်က အာရုံနိုးကြား မျက်
ကျယ်လာရကာ ...

"သူတို့က ဘာဖြစ်လို့ သမီးကို အရမ်းတွေ့ချင် မြင်
ကြတာလဲ"

"ခင်တာနေမှာပေါ့"

"အဲဒီအန်တီနာမည်က ဘယ်သူ ! "

"ဒေါ်တင်တင်ဝေလေ၊ သမီး သိလို့လား"

"ဟင့် ... မသိပါဘူး ဖေဖေ"

ခိုက်က ရုတ်တရက်တွင် ခိုက်ကို ဒီလောက်
စကားနာထိုးကာ ပူဆာကာ ခေါ်ခဲ့ဖို့ ဖိတ်နေသူတွေဟာ ရို
ဟုတ်ရဲ့လားလို့ တွေးလိုက်မိလို့ပင်။ ပထမဆုံး ထင့်ခနဲ စိ
ယဉ်လိုက်မိတာက အဲဒီဖေဖေရဲ့လူနာဟာ ပင်လုံ့မေမေမျာ
နေလေသလားလို့။

ဘယ်သူမှ မသိပေမယ့် ကိုယ့်ဟာကိုယ် စိတ်
ကျိတ်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်တကြီး စိတ်ကူးယဉ်
တာကို ကိုယ့်ဟာကိုယ်ပဲ ပြန်ပြီးရှက် မျက်နှာပူလိုက်မိပါ

"အေး ... သမီး ပြောမှ ဖေဖေတောင် တွေးမိလ

"ဘာများလဲ ဖေဖေ"





"သူတို့က ဘာကြောင့် သမီးကို ခေါ်ခဲ့ဖို့ အတင်းတကျိုကျို တကျာကျာ လုပ်ကြတာပါလိမ့်၊ အရင်ကတည်းကလည်း ဖေဖေ့ကိုဖိတ်ရင် သားအဖနှစ်ယောက်လုံး ကြွပါလို့ ဖိတ်တာပါပဲ၊ ဒါပေမဲ့ ဒီတစ်ခါတော့ အတင်းအကျပ်ကိုပဲ သမီးကို မခေါ်ခဲ့ရင်ပဲ စိတ်ဆိုးတော့မှာလိုလို ထိအောင် သိပ်ကိုလိုလားနေကြတာ"

"အဲဒါ ဘာဖြစ်လို့လို့ ဖေဖေ ထင်လို့လဲ"

"ပြောတတ်ပါဘူးလေ၊ ဒီအမျိုးသမီးကြီး သူ့မှာသားရှိလို့ များ ငါ့သမီးကို မျက်စိကျနေသလားလို့ ရုတ်တရက် တွေးလိုက်မိလို့ပါ ... ဟား ဟား ဟား"

ခိုက်က လည်းပင်းထဲ အလုံးကြီး နင်သလို ဖြစ်သွားရရင်း ...

"ဖေဖေ အဲလိုတော့ မဖြစ်ဘူးနော်"

"ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဟား ဟား ... ဒါ ဖေဖေ တွေးမိတာကို ပြောကြည့်တာပါ သမီးရဲ့"

"တကယ်လို့များ အဲသလို ဟုတ်နေရင် နိုးနော် ဖေဖေ၊ ခိုက် အဲသလို လူကြီးသဘောတူ ပေးစားတာမျိုးတို့ စပ်ဟပ်တာမျိုးတို့ လုံးဝမကြိုက်ဘူး"

"ကိုယ့်ဟာကိုယ်ပဲ ရှာဖွေရွေးချယ်မယ်ပေါ့"

"ဖေဖေကလည်း ခိုက်ဘာသာ အေးအေးဆေးဆေး နေနေတာ ဖေဖေ တွေ့သွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါ့သမီးလည်း မငယ်တော့ဘူးပဲ၊ သုံးဆယ့်နှစ်နှစ်ဆိုတာ တော်တော်အရွယ်ဟိုင်းနေပြီလို့ ပြောလို့ရတယ် သမီးရဲ့"

"ဖေဖေနော် ... လုံးဝပဲ"

"အင်းပါ၊ ဒါမျိုးတော့ ဖေဖေ မလုပ်ပါဘူး၊ တစ်ဖက်က ပြောဆိုရင်လည်း ဖေဖေက ကျုပ်သမီးသဘောပဲလို့ ကျုပ်ကတော့ မစီစဉ်ဘူးလို့ ပြောလိုက်မှာပဲလေ၊ ဒါပေမဲ့ သမီးကိုတော့ ဖေဖေက အချိန်ကြာလာလေ စိတ်မချနိုင်လေပဲ သမီးက အမေလည်းမရှိ ညီအစ်ကိုမောင်နှမလည်း ရှိတာ မဟုတ်ဘူး၊ ဖေဖေ မရှိရင် တစ်ယောက်တည်း မဖြစ်ပါ ဘူး သမီးရယ် ...

တဖြည်းဖြည်း အသက်ကြီး အရွယ်ရလာလေ ကိုယ့်အတွက် ရွေးချယ်စရာဘောင်က ကျဉ်းလာလေ ကိုယ့်ရဲ့ရနိုင်ချေ အခွင့်အရေးဟာလည်း အမြင့်ဆုံးက တဖြည်းဖြည်း နိမ့်ကျကျလာတယ် သမီးရဲ့၊ သမီးကို ဖေ အတင်းအကျပ် ဘာမှမလုပ်မှာ သေချာပေမယ့် ဖေဖေ တော့ တိုက်တွန်းတဲ့ဘက်က ရပ်တည်ပြီး သမီးကို အ မနှောင်းခင် အဖော်တစ်ယောက် ရှာဖွေရွေးချယ်ဖို့ အ ပေးချင်တယ်"

ဒီစကားမျိုးကို ခုလို တရှည်တလျား တလေးတ ဖေဖေ တစ်ခါမှ မပြောဖူးခဲ့တာပါ။ ဒီစကားမျိုး ဖေဖေ ပြော

ခါ ခိုက် ဝမ်းနည်းမိသည်။ ဖေဖေဟာ ခြောက်ဆယ့်သုံးနှစ်ထဲ ရောက်ကာ Retired ပင် ဖြစ်နေပေပြီ။ ကိုယ်တိုင် သွေးတိုးနှလုံး ီးချို အထူးကုသမားတော်ဖြစ်တဲ့ ဖေဖေဟာ နှလုံးအားနည်းတဲ့ ရောဂါရှိပါသည်။

ခုထိတော့ ကျန်းမာရေးက တစ်ကြိမ်မှ ဆိုးဆိုးဝါးဝါး ဖောက်ပြန်ဖူးသေးပေမယ့် သက်ကြီးရွယ်အိုပိုင်းကိုတော့ ဝင်လေ ပြီပဲ။ ဖေဖေဟာ အခု ခိုက်ထက်ငယ်တဲ့အရွယ် အသက်သုံးဆယ် မှာ မေမေနှင့် အိမ်ထောင်ကျပြီး ဖေဖေ သုံးဆယ့်တစ်နှစ်မှာ ခိုက် ကို မွေးဖွားခဲ့တာဖြစ်သည်။ မေမေ့အသက်ဆုံးဆယ်မှာ။ ဖေဖေနှင့် မေမေက တစ်နှစ်ပဲ ကွာပါသည်။

"မေမေ သမီးကို မွေးတဲ့အချိန်မှာ မေမေရော ဖေဖေပါ အခု သမီးအသက်ထက် ငယ်ကြသေးတယ် သမီး၊ ဒါတောင် ကိုယ့်သားသမီးနဲ့ အနှစ်သုံးဆယ် အသက်ကွာတယ်ဆိုတာ ကြီးလာတော့ မကောင်းဘူး သိသာတယ်"

ဖေဖေက ပြောလက်စနှင့် ခိုက်ကို ဆွေးဆွေးနွေး ပြောခဲ့သည်။ ခိုက်မှာ အမေမှမရှိဘဲ။ ဖေဖေပဲ ဒါမျိုးစကား မှာ။ ဖေဖေ့ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ "ဖေဖေ သမီး ချစ်သူရှိနေပါပြီ"လို့ ဘယ်လိုများ ပြောထွက်ရပါမလဲဆိုတာ ယဉ်ကျေး သိမ်မွေ့ဏ္ဍနွေရတဲ့ သမီးလေးတစ်ယောက်ပီပီ ကြောက်ဝန်လေးခဲ့တာကလည်း ခိုက်ကို ချစ်သူမရှာမိအောင် နှောင်တဲ့ ကြိုးသေးသေးတစ်မျှင် ဖြစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ ဒီလောက်ထိ ပြောဆိုဖြစ်တယ် ဆိုတာပင် ဖေဖေ့ဘက်မှာလည်း အတော်ကြီးကို ပြောသင့်ပြီထင်လို့ ပြောမို့ စိတ်ကူးတာကြာပြီမို့ ခုလောက်ပြောဖြစ်တာ။ ဘာပဲဖြစ်ဖြစ် ခိုက်သည် ဒီတစ်ကြိမ်တော့ ဖေဖေ့ကိုလိုက်လျောတဲ့အနေနှင့် ဒီမနက်မှာ ဖေဖေ့ရဲ့လူနာ ဦးမြသောင်း ဒေါ်တင်တင်ဝေ ဆိုတဲ့ ဇနီးမောင်နှံရဲ့ ရေစက်ချအလှူကို လိုက်ပါလာခဲ့ပါသည်။

အလှူက သူတို့ဘာသာ အိမ်ပြင်မှာလှူဒါန်းပြီးစီးပြီ။ အိမ်မှာ ဘုန်းကြီးပင့်ကာ အလှူအတွက် သီးသန့်ရေစက်ချတာဖြစ်သည်။ ဝင်ဒါမီယာထဲက အသင့်အတင့် ကျယ်ဝန်းသော ခြံထဲမှာ အိမ်ကြီးကတော့ ကြီးမားသည်။ ခိုက်တို့သားအဖကို ဒေါ်တင်တင်ဝေနှင့် သူ့သမီးပျိုနှစ်ယောက်က ဖော်ဖော်ရွေရွေ ဆီးကြိုကြပါသည်။

ခိုက် စိုးရိမ်သလို ဖြစ်စရာအကြောင်းမရှိ။ သူတို့စကားထဲမှာပင် သားအကြီးက အိမ်ထောင်ကျပြီ။ သမီးနှစ်ယောက်ကျန်သည် ဆိုတာ သိရသည်။ အသက်အစိတ်နှင့် အစိတ်အောက် သမီးနှစ်ယောက်ဟာ ခိုက်အပေါ် ဖော်ရွေလိုက်လှဲလွန်းကြသည်။ ဒီလောက်ဝိုင်းတွေများ လူတွေများနေတဲ့ကြားက အဲဒီသမီးနှစ်ယောက်ဟာ ခိုက်အနားပဲ ကပ်နေသည်။

ထ,သွားကြလည်း တစ်ခဏပင်။ ခဏနေ ပြန်ရောက်လာကာ စကားလက်ဆုံတွေ လာကျနေကြပြန်သည်။ အဓိက,က တော့ ခိုက်ရဲ့ ဆိုင်အကြောင်း၊ ဖက်ရှင်အဝတ်အထည် အသ





ဆောင်တွေအကြောင်း၊ ဗန်ကောက်ကို ဈေးဝယ်ထွက်တဲ့ ကြောင်း၊ ဘယ်နားတွေ ဘယ်လိုစည်ကားပြီး ဘယ်နား ဘယ် ဘက်ဈေးသက်သာကြောင်းတွေလည်း မေးကာ သူတို့ညီအစ်မ ငယ်ချင်းအုပ်စုတွေနှင့် Shopping သွားဖို့ရှိတဲ့အတွက် အတူ တူ လိုက်ခဲ့ပါလား ဆိုတဲ့ ဖိတ်ခေါ်မှုက ပါသေးသည်။

ခုမှတွေ့ဖူးကြသူချင်းအတွက် မြန်ဆန်ရှေ့ရောက် လှတဲ့ ရင်းနှီးမှုကို ခိုက် စိတ်ထဲ ထင့်ကာ ထင့်ကာတော့ တွေးရကျပ်သားပင်။ သူတို့ဟာက ထူးကိုထူးခြားနေတယ်လေ။ တို့ပုံစံတွေက ခိုက်ကိုလည်း ချစ်စနိုးရှိလှသည်။ အရုပ်လေး ရုပ်ရလို့ ရှေ့ချပြီး သဘောတကျ ကလိနေပုံနဲ့ပဲ တူသေးတော့။

"မမက အရမ်းချောတာပဲ၊ ချစ်စရာလေး၊ အစက ကြားဖူးတော့ ဒီလောက်ချစ်စရာကောင်းမယ် မထင်ဘူး"

"အစက ဘယ်ကကြားဖူးလို့လဲ"

"ဒီလိုပဲ ပြောကြတာပဲ ... အဟီး"

"လူမှားပြီးပြောတာ နေပါလိမ့်မယ်"

"အမယ် ... မမကလည်း၊ ဘာမှမှားစရာမရှိဘူး၊ မမနဲ့ သိကျွမ်းရင်းနှီးရတာ အရမ်းပျော်တာပဲ၊ အမျိုးလေး ဘာလေး တော်လို့မရဘူးလား"

အငယ်တစ်ယောက်က စပ်ဖြဲဖြဲလေး ပြောလျှင် ကြီးမက ဖျတ်ခနဲရိုက်ကာ ...

"ဟဲ့ ... မမ စိတ်ဆိုးသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး ... နော် ... မမ နော်၊ ချစ်လို့စ,တာပဲဟာ ဟိုလေ ... မမကို မိတ်ဆက်ပေးရဦးမယ်"

"ဘယ်သူနဲ့လဲ"

"အစ်မတစ်ယောက်နဲ့ပါ၊ သွားခေါ်လိုက်ဦးမယ်နော် ... မမ"

အငယ်မက လှစ်ခနဲနှင့် အိမ်နောက်ဖေးဘက် ထွက်ပြေးသွားပါသည်။ အစ်မတစ်ယောက်နှင့် မိတ်ဆက်မည်ဆိုတော ခပ်အေးအေးပဲ လက်ဖက်ကလေး ခပ်စားရင်း စောင့်နေလိုက်တ[...] ခိုက်ဟာ ထိုအငယ်မလေး ချိုင်းကြားမှာ အတင်းဆွဲညှပ်ခေါ်လာတ[...] လက်တစ်ဖက်ရဲ့ပိုင်ရှင်ကို မြင်လျှင် ကိုယ်ခန္ဓာလေးက သတိအ[...] အထား တောင့်တင်းသွားရပါတော့သည်။

အင်း ... ဖေဖေကလည်း ဟိုးဘက်အမျိုးသားက[...] များဝိုင်းမှာ။ ဖေဖေ ပြောပြနေတဲ့ ကျန်းမာရေးနဲ့ ပတ်သက်တ[...] အကြောင်းအရာ ဗဟုသုတတွေကို တစ်ဝိုင်းလုံးက စိတ်ဝင်စာ[...] နေတာ။ ချက်ချင်းလှမ်းခေါ် ပြန်ဖို့ကလည်း မဖြစ်သေး။ အို ... ဘာလို့ ထ,ပြန်ဖို့ထိ ဖြစ်ရမှာလဲ။ သူလည်း မိန်းမသား၊ ကို[...] လည်းမိန်းမသား။ အသက်အရွယ်တွေလည်း မတိမ်းမယိမ်း။

အငယ်မလေးက မျက်နှာပူပူနှင့် တွန့်ဆုတ်ဆု[...] ပါလာတဲ့ သူတို့ရဲ့ဝမ်းကွဲအစ်မ စိမ့်ကို ခိုက်ရဲ့နံဘေး ထိုင်ခ[...] လိုက်ပြီးလျှင် ...





"အဟဲ ... ဒီမှာလေ မမ၊ ဒါက မစိမ့်၊ သမီးတို့က မလေးပဲ ခေါ်တာ၊ သမီးတို့နဲ့ Cousin တွေပဲလေ"

ခိုက်ကိုတော့ ဘယ်သူပါလို့ ညွှန်ကာ မိတ်ဆက်ပေးမနေပေ။ အင်းလေ ... သူတို့ သိပြီးသားတွေပဲ။ ကြည့်ရတာ သူတို့တစ်မျိုးလုံး ခိုက်ကို အနည်းဆုံးတော့ နာမည်တော့ သိပြီးကြပြီဆိုတဲ့ ပုံမျိုးတောင် ဖြစ်နေသည်။

ခိုက်က ချက်ချင်းပဲ ဣန္ဒြေရရဟန်ပန်လေးနှင့် တည်ငြိမ်အောင် စိတ်ကိုစုစည်းလိုက်နိုင်ပါသည်။ ကိုယ်ကတုန်လှုပ်နေလို့ မဖြစ်ဘူးလေ။ ရှက်စရာဖြစ်သွားမှာပေါ့။

"ဩော် ... ဟိုတစ်နေ့က ဆိုင်ကိုလာသေးတယ်နော်"

"ဟုတ်ကဲ့ ... လွန်ခဲ့တဲ့ တစ်ပတ်ကျော်က၊ မမ မှတ်မိတယ်နော်"

ဒီတစ်ချီတော့ သူ့ကို ခိုက်က"မမ"ပြန်ခေါ်ဖို့မသင့်တော့။ သူက ခိုက်ထက်ငယ်တာ ခိုက် သိနေတာပဲလေ။

"ဩော် ... မှတ်မိပါတယ်၊ ကိုယ့်ဆိုင်မှာ အားပေးတဲ့ ဖောက်သည်တွေပဲ၊ နာမည်တွေ မသိတောင် မျက်မှန်းတော့ တန်းနေတာပါပဲ"

"အဲဒီနေ့ကလေ စိမ့်တို့ ဈေးဝယ်ထွက်ရင်း ဆိုင်မှာ မမ ရှိနေတာလည်း မြင်လိုက်တော့ ဝင်လိုက်ဦးမယ်ဆိုပြီး ဝင်လိုက်တာ၊ ဒါပေမဲ့ မမ စိမ့်ကိုသိမှာ မဟုတ်ဘူးဆိုတော့ နှုတ်လည်းမဆက်ရဲဘူး၊ အဲဒီနေ့က အပြန်ကျတော့ ပင်လုံကလည်း စိမ့်ကို ဆူလိုက်တာ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခိုက်သည် သူ့ကို ပင်လုံ့ အစ်မမှန်း မဆက်စပ်မိသလိုလို ဖောက်သည်တစ်ယောက်အဖြစ်ပဲ သိသလိုလို နေလိုက်ဖို့ ရည်ရွယ်ကာ စကားကို မယုတ်မလွန် ပြောနေရာက စိမ့်က ရုတ်တရက် အချင်းချင်း သိပြီးသားဆိုတဲ့ ပုံစံမျိုးနှင့် ပင်လုံ့ အမည်ပါ ထည့်ပြောလိုက်တဲ့အခါ မျက်နှာထားရ ခက်သွားပါသည်။

ရိုးရိုးပဲ သိပြီးတာကို သိပြီးသလို နေလိုက်မလား၊ "ဟင် ... ပင်လုံ့ အစ်မလား" ဘာညာနှင့် ဟန်ဆောင်ပြီး မသိချင်ယောင် ဆောင်လိုက်မလား၊ လျှပ်တစ်ပြက်အတွင်း စဉ်းစားရပါသည်။

"ဘာသွားလုပ်တာလဲ ဘာလဲ ညာလဲနဲ့၊ စိမ့်ကလည်း အပြစ်ပေါ့အောင် ပြောတာပေါ့၊ ငါတို့လာမှန်း မမခိုက်သိချင်မှ သိမှာပါလို့၊ သူက မသိဘဲနေမလားတဲ့၊ မမသိတယ်တဲ့၊ သူ့ကို မမခိုက်ပဲ ပြောပြတာတဲ့"

ခိုက်သည် ဖုံးကွယ်နေဖို့ မဖြစ်တော့ဘဲ ...

"ဪ ... ခိုက်က ပင်လုံ့အစ်မကို တွေ့လိုက်တယ်ပဲ ပြောတာပါ၊ သူက ဘာဖြစ်လို့ စိမ့်ကို စိတ်တွေတိုရတာလဲ"

"သူက အမေနဲ့ အစ်မတွေကို သိပ်နိုင်တာ မမရဲ့"

ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်က ဝင်ပြောတာဖြစ်သည်။





"အိမ်မှာ ဗိုလ်ပဲဟာ၊ ကြီးကြီးကလည်း သူ့မျက်နှာမှအညို မခံတာ၊ အစ်မတွေကလည်း တအားအလိုလိုက် အရေးပေးတာကိုး"

"စိမ့်ကလည်း မမြင်ဖူးလို့ ဝင်ကြည့်တာပါ၊ ဒါပေမဲ့ သူက အခုတလော Mood မကောင်းဘူးလေ၊ မမ သိတယ်မဟုတ်လား၊ မမက ဖုန်းပိတ်ပစ်လို့ဆိုပြီး အိမ်မှာ မဆိုင်ရာ လှည့်မဲတတ်တယ်"

ခိုက် မျက်နှာမှာ နီမြန်းသွားရပါသည်။ ဘာပြောရ ယ် မသိဘဲ မျက်နှာလေးလည်း ထားရခက်နေပါသည်။ သို့သော် ပုံစံက ဘာသဘောမှပါပုံမရ၊ အဖြစ်အပျက်တစ်ခုကို ပြောပုံ က် ဘာမှမပို။

"မမနဲ့ သူနဲ့ ခုလို နည်းနည်းအဆင်မပြေချိန်မှာ စိမ့်က ဆိုင်ကိုရောက်သွားတာ မမက ဟိုထင် ဒီထင် ထင်သွားရင် ဘယ်လိုလုပ်မလဲဆိုပြီး စိမ့်ကို ဆူတာ"

"ကျွတ် ... ပင်လုံကလည်း ဆိုးလိုက်တာ၊ ကိုယ့်အစ်မကို ကိုယ်ဆူစရာလား"

"မွန်ထူနေတယ်လေ မမရဲ့၊ ဘာပြဿနာတွေရှိလဲ ဆိုတာလည်း စိမ့်လည်း တကယ့်ကို ဘာမှသိတာ မဟုတ်ပါဘူး"

"အို ... ဘာပြဿနာမှလဲ မရှိပါဘူး စိမ့်ရယ်"

ခိုက်က စိတ်ရှုပ်ရှုပ် ရှက်ရမ်းရမ်းနှင့် ရှုံ့မဲ့ကလေး ည်းညှိုးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဖုန်းဆက်ရင် မမက ..."

"ဩော် ... အဲဒါကလည်း ပြဿနာကြောင့်လည်း မဟုတ်ပါဘူး စိမ့်ရယ်၊ သူလည်း မိကောင်းဖခင်သားသမီးပါ၊ ပြဿနာတက်စရာ အကြောင်းလည်း မရှိပါဘူး စိမ့်ရယ်၊ ခိုက်ကလည်း ဒီလိုပါ ဘာမှ ပတ်သက်တာ မဟုတ်ဘဲနဲ့ သိပ်ပြီး ရောနှောရင်းနှီးမှု စိပ်လွန်းအားကြီးရင် အများအမြင် မတင့်တယ်မှာစိုးလို့ သာမန်မိတ်ဆွေတွေလိုပဲ ကိစ္စရှိရင်လည်း ဆက်သွယ်ပေါ့၊ ခပ်အေးအေးပဲ ဆက်ဆံဖို့ပါ၊ အဲဒီသဘောပါပဲ၊ တခြားပြဿနာ မရှိပါဘူး စိမ့်ရယ်"

ခိုက်မှာ မျက်နှာကလေးပူပူနှင့် ပြောရပါသည်။

"မသိပါဘူး မမရယ်၊ မမက ဖုန်းချပစ်လို့၊ ဖုန်းပိတ်ထားလို့၊ ဖုန်းမပြောရလို့၊ သွားရှာတာ မတွေ့လို့နဲ့ အိမ်မှာ တစ်နေ့ တစ်နေ့ ပြဿနာရှာနေတာ"

"ဩော် ... ပင်လုံ တစ်ယောက်က ဒုက္ခပါပဲ၊ အဲလိုကြီးလည်းမဟုတ်ပါဘူး၊ မိတ်ဆွေတွေလို ဆက်ဆံလို့ရပါတယ်"

"ပင်လုံ ပရိုပို့စ် လုပ်တာကိုတော့ ငြင်းတယ်ပေါ့နော် မမ"

ဒုက္ခပါပဲ။ ဘယ်လို အစ်မတွေ ညီမတွေပါလိမ့်။ သူတို့ပါ ဝိုင်းချစ်ရေးဆိုကြတော့မယ့်ပုံ ဖြစ်နေရာ ခိုက်မှာ နေထိုင်ရခက် မျက်နှာတွေပူ ရှက်လည်းရှက် ကသိကအောက် ရှိသည်။





"မမမှာ ချစ်သူရှိတာလား၊ ဟုတ်လား"

"ဩော် ... အဲလိုလည်း မဟုတ်ပါဘူး သမီးရယ်"

ခိုက်မှာ ဆိုင်ကဝန်ထမ်းလေးတွေကို သမီး သမီးနှင့် ခေါ်ဖြစ်တာ နှုတ်ကျိုးနေ၍ ပင်လုံ့ညီမဝမ်းကွဲလေးကိုလည်း သမီးလို့ ယောင်ပြီးသုံးမိပါသည်။

"မရှိဘူးပေါ့"

"အင်း ... မရှိပါဘူး၊ ကိုယ့်အလုပ်နဲ့ကိုယ်ပဲ ဒါတွေအာရုံ မပြုမိပါဘူး"

"ဒါဖြင့် ကိုပင်လုံ့ကို မချစ်လို့လား"

"အို ... ဒုက္ခပါပဲနော်"

"အင်းလေ ... မမကလည်း၊ ကိုပင်လုံက သဘောလည်း ကောင်းပြီး ရုပ်လည်းချောပါတယ်၊ သမီးတို့ဆိုရင် သူငယ်ချင်းတွေကို မိတ်တောင်ဆက်မပေးဘူး၊ အစ်ကို့ကို တိုတာ၊ သမီးတို့က တကယ့်အစ်ကိုရင်း ကိုကြီးထက် ကိုပင်လုံ့ကို ပိုချစ်တာ၊ ကိုပင်လုံက သဘောကောင်းတယ်၊ သူ့ဆိုင်ခန်းထဲ ဝင်သွားပြီး လက်ဖြန့်လိုက်ရင် မုန့်ဖိုးတစ်သောင်းကတော့ ရပြီးသား ... အဟိ"

ခိုက်မှာ ပင်လုံ့ညီမ ဖွတ်ကလေးတွေကြောင့် ပြုံးနေရမလို ရယ်ရမလို မဲ့ရမလို။

"အစ်ကို့ကို တိုပေမယ့် မမနဲ့ကျတော့ သဘောတူတယ် အဟဲ၊ မမြင်ဖူးခင်ကတည်းက၊ ဘာလို့လဲ သိလား၊ မမ



www.burmeseclassic.com

www.burmeseclassic.com



အဖေကလည်း မေမေတို့ရဲ့ ကျေးရွာရှင်ဆရာဝန်ကြီး၊ မမ ကလည်း ချစ်စရာလေးမို့လို့၊ ချမ်းခိုက်ခိုက် ဆိုတဲ့ နာမည် ကြားကတည်းက နာမည်လေးကို စ,ချစ်နေတာ"

"အေး ... အေး ... နင်တို့ပဲ ပြောကြ"

"မလေးလည်း လုပြောပေါ့"

"အောင်မာ ... ငါကပဲ နင်တို့နဲ့ လုပြောရဦးမယ်၊ နင်တို့ က တိတ်ကြဦးပေါ့"

"ကဲ ... ပြော ... ပြော"

"မမရယ် ... စိမ့် အဲဒီနေ့က မမဆိုင်ကို လာလိုက်တာ မမ စိတ်ဆိုးလား၊ အမှန်တိုင်း ပြောပါ၊ မမ စိတ်ဆိုးရင် လည်း စိမ့်က ရှင်းပြမှာ"

"အို ... ဘာလို့စိတ်ဆိုးရမှာလဲ၊ မဆိုးပါဘူး၊ ဆိုင်က အိတ်တစ်လုံးတောင် အားပေးလိုက်ရသေးတယ်၊ ခိုက်ကို မြင်ဖူးအောင် လာကြည့်တာဆိုလည်း ပစ္စည်းဝယ်နေစရာ မလိုပါဘူး စိမ့်ရယ်၊ ဆိုင်ထဲဝင်တိုင်း ဝယ်ရမယ်မှ မဟုတ် တာ၊ အပိုကုန်သွားပြီ"

"ဟုတ်ပါဘူး၊ အဲဒီအိတ်လေး စိမ့်ကလည်း ကြိုက်လို့ပါ"

"အဲဒီနေ့က စိမ့်ကသာ ပင်လုံအစ်မပါလို့ ဖွင့်ပြောလိုက် ရင် ခိုက်လည်း ရင်းရင်းနှီးနှီး စကားပြောလို့ရတာပေါ့၊ ခုတော့ ခိုက်လည်း သွားခါနီးမှ မတော်တဆကြားပြီး သိ လိုက်ရလို့ပါ"





"အဲဒါက မာမိုညီမအငယ်ဆုံး၊ ဒီအန်တီဝေက မာမီနဲ့ ဖတ်စ်ကာစင်လေ"

"အဲဒီအန်တီက ပင်လုံအကြောင်း ပြောသံကြားလိုက်တော့ ဇဝေဇဝါနဲ့ပဲ ခိုက်လည်း ထွက်သွားခဲ့တာ၊ ဒါဖြင့် ဒါဟာ ပင်လုံအစ်မပေါ့လို့ သိလိုက်ပေမယ့် စိမ့်ကလည်း လာမိတ် မဆက်ထားတော့ ခိုက် နှုတ်ဆက်သင့်မသင့်လည်း တွေး မတတ်လို့ပါ၊ တော်ကြာ စိမ့်က နှုတ်ဆက်ချင် အသိခံချင် တာ မဟုတ်ဘဲ ခိုက်က နှုတ်ဆက်မိရင် မှားသွားမလား လည်း စဉ်းစားမိလို့ပါ"

"ဒါဖြင့် အဲဒီနေ့က စိမ့် လာကြည့်တာကို မမ တကယ် စိတ်မဆိုးဘူးနော်"

"ကဲကြီးစည်ရာ၊ စိတ်ဆိုးစရာ ဘာအကြောင်းမှ မရှိဘူး"

"တော်ပါသေးရဲ့၊ ခုမှ ပင်လုံကို ပြန်ပြောလို့ရပြီ၊ စိမ့်ကို အပြစ်ချည်း ပြောနေတာပဲ မမရယ်၊ စိမ့်မှာကိုယ့်ကြောင့်ပဲ သူ့အခြေအနေ ပိုဆိုးသွားပြီလားလို့ ဘာမှကို ပြန်မပြောရဲ ပါဘူး"

"ပင်လုံက အတော်ဆိုးပါလား၊ အစ်မကို ဗိုလ်ကျလိုက်တာ"

"အဲဒါနဲ့ စိမ့်တို့က ဒီနေ့ အန်တီဝေ့ အလှူရှိတယ်၊ သူ့ ဆရာကြီးကိုလည်း ဖိတ်ထားတယ်ဆိုတာ ကြားတော့ မမခိုက်ကိုလည်း ရအောင်ဖိတ်ပေးပါလို့ ပူဆာရတာ ပါမှပါလာပါ့မလားလို့၊ မိုးတို့ စိုးတို့က မမခိုက် ပါလာတယ်



www.burmeseclassic.com

www.burmeseclassic.com



လာပြောတော့လည်း နောက်ကနေ ထွက်မလာရဲဘူး၊ ရင်တွေခုန်နေတာ"

"အမယ်လေး ... မမစိမ့်ကလည်း ပိုကိုပိုတယ်၊ သူ့ရည်းစားပဲ ကျနေတော့တာပဲ၊ သူကပါ ရင်ခုန်နေရသေးတယ်"

"တကယ်ပြောတာ မိုးရဲ့"

"ဖြစ်ရလေ စိမ့်ရယ်၊ ပင်လုံ ပါပါ မပါပါ စိမ့်နဲ့ ခိုက်နဲ့ ခင်လို့ရပါတယ်"

"အမယ်လေး ... သူ့ မပါလို့ မဖြစ်ပါဘူးနော်၊ သူ့ကိုကျော်ပြီး သူ့ထက်ပိုခင်နေရင် တစ်မျိုးရန်လုပ်နေပါဦးမယ်၊ ခုလည်း မမခိုက်ကိုပါ အတင်းခေါ်ခဲ့ဖို့ ဖိတ်ထားတာတို့ ဘာတို့ သူ့ကိုမပြောဘူး၊ ပါလာ မလာလည်း မသေချာလို့ပါ၊ သူကလည်း အလှူတွေ ပွဲလမ်းတွေဆိုရင် သိပ်မုန်းတာ၊ သွားလေ့မရှိဘူး၊ အမျိုးအလှူပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ငြိမ်ငြိမ်ထိုင်နေရတာ စိတ်ကျဉ်းကျပ်လို့ဆိုပြီး ဘယ်တော့မှ မသွားတာ၊ ဒီနေ့ အန်တီဝေ့ အလှူကို မမ ပါလာတယ်ဆိုတာ သူသိရင် ခုန်ပေါက်သွားတော့မှာ၊ အော်ဟစ်သွားတော့မှာ ကြိုမြင်ယောင်တယ်"

နိုက်သည် စိတ်လေး ဖြူစင်ရှင်းဖြောင့်လှပုံရတဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း နှိမ်ချတတ်ပုံရတဲ့ စိမ့်ကို ဆက်ဆံဖူးသည်နှင့် ချက်ချင်း တစ်ပြိုင်နက်ပင် ချစ်ခင်သွားမိပါသည်။ သူကယ်တယ်ဆိုပေမယ့် မတိမ်းမယိမ်းလောက်ပါပင်။ ဒါပေမဲ့ သူက





ကို အစ်မတစ်ယောက်လို လေးလေးစားစား ပြောဆိုဆက်ဆံ ဖြစ်သည်။ အငယ်နေရာမှာ လျှို့ဝင်တာမျိုးဖြစ်သည်။

"မမ ... အန်တီဝေတို့ စားပွဲမှာပဲလေ၊ ခရမ်းရောင်အင်္ကျီနဲ့ တွေ့လား"

"အင်း"

"အဲဒါ စိမ့်တို့မာမီပါ"

"ဪ ... အန်တီက နုတယ်နော်"

စိမ့်တို့ရဲ့အမေက မျက်ခုံးမျက်လုံးတွေ ပင်လုံနှင့် တူပါသည်။ စိမ့်နှင့် သိပ်မဆင်လှ။ ပင်လုံက အမေတူဖြစ်သည်။ အမေကလည်း ချောတော့ ပင်လုံလည်း ချောမောကြည့်ကောင်းသည်ပေါ့။

"မမ"

"ဟင်"

"ပင်လုံ့ကို နည်းနည်း စိတ်ကူးထဲထည့် စဉ်းစားပေးလိုက်ပါ မမရယ်၊ စိမ့်တို့ နားညည်းလွန်းလို့ပါ"

ခိုက် မျက်နှာက ရှက်သွေးဖျန်းကာ နီမြန်းသွားရသည်။

"ပင်လုံက တူတူတန်တန်ကို ရည်းစားကို ထားဖူးတာမဟုတ်ပါဘူး မမရယ်"

"ဟုတ်တယ် မမရဲ့၊ ကိုပင်လုံက တော်ရုံတန်ရုံလှတာမျိုးလောက်တော့ လှည့်ကိုမကြည့်ဘူး၊ သမီးတို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အချောအလှလေးတွေဆိုလည်းလေ သူတို့ကသာ ကိုပင် သွားတက်ကလေးမြင်ပြီး ခိုက်ပြီး ကတုန်ကယင် ဖြစ် ကြတာ၊ ကိုပင်လုံက လှည့်တောင်ကြည့်တာ မဟုတ် မမကိုကျမှ တဖွဖွ ပြောမဆုံးအောင်ပဲ၊ မမနဲ့ကျမှ တအ စွဲလမ်းတာ မမရဲ့"

"အမယ်လေးနော် ... ပင်လုံက အတော့်ကို ကံကောင်း သူပဲ၊ ဘယ်သူမှ သူ့လောက် ညီမတွေရဲ့ ထောက်ခံအား မှုကို ရမှာမဟုတ်ဘူး၊ ကွယ်ရာမှာပါ ကိုယ့်ကို အမွှမ်း ပေးမယ့် ညီမမျိုးတွေဆိုတာ ရှားကရှားနဲ့"

"အာ ... မမကလည်း၊ အမွှန်းတင်တာမှ မဟုတ် အမှန်တွေ ပြောနေတာပါ"

ဘာလိုလိုနှင့် ခိုက်သည် စိမ့်၊ စိုး၊ မိုးတို့ ညီအ တွေနှင့် စကားတွေလည်း အတော်ပြောဖြစ်ကာ ရင်းနှီးမှုလ အတော်ရသွားခဲ့ပါသည်။ ခိုက်ရဲ့စိတ်နှလုံးတွေလည်း ကြည် သာယာ နှစ်သိမ့်ဝမ်းမြောက်လို့ပင်။ ပင်လုံ့ရဲ့မိသားစုဟာ အပေါ် နှစ်သက်လိုလားမှု ရှိပါကလားလို့ နားလည်လိုက် အသိသည် ခိုက်ရင်ကို ရွှန်းပီတိ ဂွမ်းဆီထိစေသည်။

နှုတ်က ဘာတွေ ဘယ်လိုပြောနေနေ ဒီအဖြစ်အ ကြည်နူးမိတဲ့ ခိုက်အဖြစ်ကို ခိုက်ညာလို့မရပါ။ ရင်ထဲ ငြိမ်း စွာ ဖိုလှိုက်နေခဲ့ပါသည်။

❖ ❤ ❖





## ၇

"ငါကတော့ ဒီနေ့ ကိုသက်ရဲ့ရုံးပိတ်ရက်လည်း ဖြစ်တယ် ဆိုပြီးတော့လေ၊ အိမ်မှာ လူစုံနေမှာပဲဆိုပြီး ဟော့ပေါ့လုပ် စားရအောင် အစုံဝင်ဝယ်လာတာ၊ ဒီကိုရောက်မှ ဟိုဟာမ နှစ်ကောင်ကိုပါ ဖုန်းဆက်ပြီး လာနိုင်ရင် လာဖို့ခေါ်မယ်လို့"

ခိုက်က ပြောရင်း စန္ဒီ့မျက်နှာကို အကဲခတ်ကြည့် ည်။ စန္ဒီသည် ခိုက် စကားတွေကို သိပ်စိတ်မဝင်စားလှဘဲ တ်ကျေတန်းကျေ "အင်း"လိုက်ကာ သူ့ဖုန်းကိုသာ တရစပ်နှိပ် ပါသည်။

ခိုက်က သက်ပြင်းချရင်း ...

"မိနော်ရေ ... ရော့၊ ငါ ဝယ်လာတဲ့ ဟင်းသီးဟင်းရွက် သားငါးတွေ ရေခဲသေတ္တာထဲသိမ်းစမ်း"

စန္ဒီ့အိမ်က မိနော်တို့ အားမှုတို့ဟာ ခိုက်တို့နှင့်လည်း င်ရင်းနှီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုစွန်တွေ ခွာထားနှင့်ရမလား"

"နေဦး ... ကြည့်သာသိမ်းလိုက်တော့၊ ဒီနေ့အဖို့ ဟော
ပေါ့ လုပ်စားဖြစ်ဖို့က သိပ်မမြင်ဘူး၊ နင့်အစ်မ ဗျာများနေ
ပြန်ပြီ"

စန္ဒီတို့လင်မယားအကြောင်းကို စန္ဒီတို့အိမ်မှာ နေ
လာတာ အိမ်ထောင်ကျကတည်းကဖြစ်တဲ့ ဒီကောင်မလေးတွေ
လည်း ဆွေလိုမျိုးလို သိနေတာမို့ ခါတိုင်းလည်း ဒီလိုပဲ ပြောခ
နေကျ။

မိနော်က ကုပ်ကလေးပုရင်း ...

"ညက ဦး ဖုန်းခိုးဆက်နေတာ ကျွန်မ ကြားတယ်၊ အစ်မ
ကို မပြောရဲလို့"

"ဘာလဲ"

"ဖူးဖူးဆီ ဆက်တာ"

"ဘယ်သူလဲ ဖူးဖူး ဆိုတာ၊ အသစ်ပါလား၊ ငါတစ်ခါမ
တောင် မကြားဖူးဘူး"

"ဖူးဖူး ဆိုတာက ဦးရဲ့အမေနဲ့ခင်တဲ့ မိတ်ဆွေတစ်ယောက်
ရဲ့သမီး၊ အဲဒီလူကြီးက သူ့သမီးကို အလုပ်သင်ပေးပါဆ
ပြီး ဦးရုံးမှာ အတင်းအပ်ထားတာ"

"ငယ်ငယ်လေးပေါ့"

"အသက်နှစ်ဆယ်လောက်ပေါ့"

"သူနဲ့ ဘာတွေဖုန်းဆက်နေတာလဲ"





"အဲဒီကောင်မလေးက ဒီနေ့ ဘွဲ့ယူမှာ၊ ရိုဟာဇယ်လ်နေ့တဲ့
မမခိုက်ရဲ့၊ အဲဒါ ဦးကို မနက်မိုးမလင်းခင်ကတည်းက
အလှပြင်ဆိုင်ပို့ဖို့၊ ခန်းမကိုပို့ဖို့ လူရော ကားပါ ချောဆွဲ
ထားတာ၊ ဟိုးရက်တွေကတည်းက ကျွန်မ ကြားသားပဲ၊
အစ်မလည်း ဘာမှတတ်နိုင်တာ မဟုတ်လို့ ပြောမနေတော့
ပါဘူး၊ ညကတော့ အချိန်တွေ ဘာတွေ အတိအကျ ချိန်း
နေတာ၊ အလှပြင်ဆိုင်က '... ...'လေ၊ နာမည်ကြီးပဲ"

"ဟုတ်လား"

စန္ဒီက ထမင်းစားခန်းဘက် ဝင်လာကာ ခိုက် ဘာ
ပ်နေလဲ လာကြည့်လိုက်၊ ဧည့်ခန်းဘက်ထွက်လိုက်၊ အိမ်တံခါး
ပြင်ဖွင့်ထွက်လိုက်၊ သူ့ဖုန်းက လိုင်းမမိလို့ ခေါ်မရဘူးထင်ကာ
ရောပေါင်းစုံရွေ့၍ ဖုန်းဆက်ဖို့ ကြိုးပမ်းနေသည်။

"မိခိုက် ခဏနေဦး သိလား"

"သိတယ်၊ နင့်ဟာနင် အေးအေးဆေးဆေး စိတ်ဖြောင့်
ဖြောင့်လုပ်"

"ငါ ... ကိုအေးမောင်ဦး မိန်းမဆီ ဆက်နေတာ သိလား"

"အေး ... အေး ... ဆက်"

ကိုအေးမောင်ဦး ဆိုတာကို မသိသော်လည်း လျှာ
ဦး ပြန်မေးမနေတော့ပါ။

"သူနဲ့ ဂေါက်ရိုက်ဖက်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... အေး"

"သူတို့ချင်းကလည်း သိပ်ပင်းကြတာဟဲ့၊ ယောကျ်ားတွေမျှား၊ ငါက ကိုအေးမောင်ဦးဆိုသာ ဆက်လိုက်ရင် ဂေါက်ကွင်းမှာ ဟုတ်ဟုတ် မဟုတ်ဟုတ် ဟုတ်တယ်ပဲ ပြောမှာပဲ၊ ကိုသက်ရော ဆိုရင် ဟိုးရှေ့ကျင်းရောက်နေတယ်၊ လှမ်းခေါ်မရဘူး၊ နောက်မှ ပြန်ဆက်ခိုင်းမယ်ဆိုပြီး သူပဲ အသည်းအသန် ကိုသက်ဆီ ဖုန်းဆက်ပြီး သတိလှမ်းပေးရော၊ မိန်းမတွေ ချက်ကင်လိုက်မရ ဖော်မရအောင် တစ်ယောက်နဲ့တစ်ယောက် ပင်းကြတာ"

"ကိုသက်ဆီ တန်းမဆက်ဘူးလား"

"ဖုန်းပိတ်ထားလို့ဟော့၊ ဒါကြောင့် မသက်ာဖြစ်သွားတာပေါ့၊ ဂေါက်ရိုက်နေတုန်းတောင် ဖုန်းမပိတ်ဘူး၊ ဖွင့်ထားတတ်တာ၊ ဒီမနက် ထွက်သွားတာတော့ အစောကြီး ငါးနာရီခွဲပဲဟဲ့၊ တကယ်ပဲ ဂေါက်ရိုက်ထင်ပါရဲ့လေ၊ တခြားကိုဆို ဘာအစောကြီး ထွက်စရာလိုသလဲနော်"

ခိုက်က သက်ပြင်းချလိုက်မိပါသည်။

ရင်တွေ လေးလိုက်တာ။ ရင်တွေ မောလိုက်တာ။ ဒါတွေကို ကြောက်တာ။ ခုဆို ကိုယ့်ရင်ခွင် ကိုယ့်နှလုံးသားမှာ ဘာဒဏ်ရာဒဏ်ချက်မှ ရှိတာမဟုတ်။ အိမ်ထောင်ပြုလိုက်ခါမှ ဒဏ်ရာဝေဒနာတွေ ခံစားရမှာ ကြောက်လှသည်။





ဒေါ်တင်တင်ဝေတို့အိမ် အလှူပွဲပြီးတဲ့နောက်ပိုင်း ...င်လုံတို့မိသားစုဘက်က ခြေလှမ်းတွေ ကျဲလာခဲ့ကြတာ ခပ်...ြန်ကြီးနှင့်ပဲ ဖေဖေ့ထံ ဒေါ်တင်တင်ဝေက တစ်ဆင့်နားဖောက်...ဆိတောင် ဖြစ်ခဲ့ပါသည်။

"ဒေါ်တင်တင်ဝေက ပြောတော့ သူ့တူနဲ့က သမီးနဲ့လည်း သိပြီးသားဆို"

"ဟုတ်ကဲ့"

"ဒါများ ဖေဖေကတစ်ဆင့် လူကြီးချင်း နားဖောက်နေသေးလား၊ ဖေဖေကတော့ သမီးကို ဒီကိစ္စ တိုက်တွန်းနားချခြင်း မပြုလိုဘူးလို့ ပြောထားတယ်"

"ဟိုလေ ဖေဖေ၊ သိတယ် ဆိုတာက သိရုံပါပဲ၊ တခြားတော့ မပတ်သက်ပါဘူး"

"သမီးကို ပရိုပို့စ် လုပ်ပြီးပြီလား"

"ဟုတ်"

"သမီးက လက်မခံသေးဘူးပေါ့"

"ဟုတ်"

"စဉ်းစားနေတဲ့ သဘောလား"

"ဟို ... ဖေဖေ ... ဟုတ် ... ဟုတ်ကဲ့ပါ"

ဖေဖေ့ကို ဘာကြောင့်များ "ဟင့်အင်း ... မစဉ်းစားစိတ်မဝင်စားဘူး"လို့ မပြောမိပါသနည်း။ ရှင်းနေတာက ခိုက်သည် ပင်လုံကို ရင်ခုန်ပါသည်။ ငြီတွယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲလည်း ရှိပါသည်။ တစ်သက်လုံးအတွက်လည်း စိတ်
ယဉ်ကြည့်မိပြီးပါပြီ။ ချစ်ပါသည်လို့ ပြောရမှာ ရှက်တာကလွဲ
သူ့ကို လက်ခံချင်တာလည်း တစ်ပိုင်းသေနေတယ်မှန်း ကိုယ့်ကို
ကိုယ် သိပါပြီ။

ကိုယ်က အသက်ကြီးတော့ ပင်လုံ့အိမ်ဘက်က
သဘောတူပါ့မလား ဆိုတဲ့ စိတ်ထင့်မှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြ
ချက်နည်းမှုတို့ ရှိနေ၍ ဒါတွေကို ဖုံးကွယ်ကာ ဟန်ဆောင်
ဆောင် ကင်းကင်းနေဖို့ ကြိုးစားမိတာ။ ဖေဖေ့ကို ဒီကိစ္စတိုင်
ဖွင့်ပြောရမှာ ရှက်ကြောက်တာရော၊ သူငယ်ချင်းတွေကို ယောက်
တစ်ယောက်ကို ချစ်မိပြီလို့ ဝန်ခံရမှာ ရှက်ပြီး ဝန်လေးတာကြေ
ရော၊ ကိုယ့်ကိုယ်ကိုယ် ညာနေခဲ့တာ။

ခုတော့ ... ပင်လုံ့မိသားစုက ခိုက်ကို လိုတာထ
တောင် ပိုပြီးလိုလိုလားလား ဟက်ဟက်ပက်ပက် Welco
လုပ်ကြသည်။ ဖေဖေ့ကိုလည်း ခိုက်ကစပြီး ဖွင့်ပြောဖို့ မလိုလို
ပဲ ပင်လုံတို့ဘက်က (အဒေါ်ကတစ်ဆင့်) နားသွင်းနားဖော
လိုက်ပြီ။

ခိုက် ရင်ဆိုင်ရမည်မှာ သူငယ်ချင်းသုံးယောက်
ထိုသူငယ်ချင်းများကို အိမ်ထောင်ရေး လုံးဝစိ
မဝင်စားဘူး၊ ဘာဘူး ညာဘူး လုပ်ထားပြီးမှ ကိုယ့်ထက်ငယ်
ကောင်လေးတစ်ယောက်ကို ချစ်မိပြီလို့ ဝန်ခံရမှာ အတော်ရှက်
သည်။ ဒီအသက်အရွယ်ရောက်မှ ကောင်လေးငယ်ငယ်တစ်ယော





ကို ချစ်မိတာဟာ ကိုယ်ကပဲ ကဲလို့လိုလို လော်လီလို့လိုလို ကဲ့ရဲ့ခံရမှာ စိုးရိမ်ပိုနေပါသည်။

ဒါကြောင့်လည်း အခုကစပြီး သူငယ်ချင်းသုံးယောက်ကို အသိပေးဖို့ စီမံကိန်းကြီး စစ်ဆင်ရေးကြီး စ,တော့မည်ရယ်လို့ အားလုံးထဲမှာ အဆိပ်အကင်းဆုံး နားလည်လက်ခံအလွယ်ဆုံး စန္ဒီ့ဆီ အရင်ချီတက်လာတာ။ သုံးယောက်စလုံး လူစုံရှေ့မှာ ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်ဖို့ ရှက်လှ၍ တစ်ယောက်ချင်းထံမှာ မသိမသာ တစ်လုံးစ နှစ်လုံးစ စကားပစ်ပေါက်သွင်းရင်း သိစေမလို့။

ခုတော့ စ,ကတည်းက ယဉ်သကို။

အရင်ဆုံးရွေးလိုက်တဲ့ စန္ဒီ့အိမ်မှာ စိတ်ရှုပ်စရာနှင့်ဦးစွာလာတိုးနေပါသည်။ တကယ်ပဲ ... အစကတည်းက ခပ်တွန့်တွန့် ခပ်လန့်လန့်ရှိတဲ့ အိမ်ထောင်ပြုဖို့ စိတ်ကူးဟာ ဆပ်ပြာပူဖောင်းလို ဖျတ်ခနဲ ကွဲကြေတော့မှာပဲ။

"ဟယ်လို"

ဟော ...။ တစ်ယောက်ယောက်ထံကိုတော့ ဖုန်းဝင်သွားပြီ။

"ဟယ်လို ... မောင်လား၊ စန္ဒီပါ"

"... ..."

"သြော် ... နံပါတ်(... ...)မဟုတ်ဘူးလား"

"... ..."



www.burmeseclassic.com

www.burmeseclassic.com



“သြော် ... ဖုန်းမှားသွားတာပေါ့၊ ဆောရီးနော်”

“ကျွတ် ... ဖုန်းကလည်း မှားဝင်ရသေးတယ်၊ ဖုန်းကိုပိတ်ထားတာ၊ တကယ်ပဲ ဂေါ့ဖ်ရိုက်နေတယ် ထင်ပါရဲ့ဟယ်၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ အလိုလိုထင့်နေတာ ခိုက်ရဲ့၊ မနေ့က ကတည်းက နက်ဖြန် ကိုအေးမောင်ဦးတို့နဲ့ ဂေါ့ဖ်သွားရိုက်မယ်လို့ ပြောလိုက်တဲ့ မျက်နှာကို အလိုလိုနေရင်းကို မသင်္ကာတာ”

“အဲဒါဆိုလည်း ဆက်မနေပါနဲ့တော့ စန္ဒီရယ်”

“အေးပါ ... ကိုအေးမောင်ဦး မိန်းမဆီတော့ ဆက်ကြည့်ဦးမယ်၊ ပြီးရင် ကိုသက်ဆီကိုတော့ မဆက်တော့ပါဘူး”

စန္ဒီ့ တစ်နှစ်ခွဲသားလေးက စန္ဒီ့ဆီ လက်ထိုးကာ လိုက်ချင်နေသော်လည်း ...

“သားလေး ... နေဦး၊ ဒီမှာ မာမီ အလုပ်များနေတယ်၊ မမအားမူနဲ့ နေလိုက်ဦး၊ သွား ... သွား... အားမူ ခေါ်သွား”

ဒီနေ့အဖို့တော့ ဟော့ပေါ့နှင့် နီးစပ်ဖို့လည်း မမြင်ပေ။ ခိုက်ဟာလည်း အားနာရမည့်သူ မဟုတ်တော့ စန္ဒီသည် ဖုန်းလိုင်းမိဖို့ပဲ အာရုံထား စူးစိုက်ကြိုးပမ်းနေသည်။ ဖုန်းသုံးတဲ့သူတွေထဲမတော့ အဲဒီ စန္ဒီ တစ်ယောက် အတန်ဆုံးပဲလို့ တွေးမိသည်။ ဖုန်းကို ကိုင်ထားတာနဲ့ တန်အောင်ကိုဆက်တာ။ သူ့လက်ထဲက ဖုန်းဆိုတာ တော်ကြာခေါ်လိုက်၊ တော်ကြာခေါ်လိုက်နှင့် ဖွတ်ဖွတ်ကြေ ပူထူနေမှာပဲ ထင်ရသည်။





“ဟယ်လို ... မမီလား၊ အမယ်လေး ... မမီရယ်၊ ခုမှဖုန်းဝင်တော့တယ်၊ စန္ဒီ ခေါ်နေတာ ကြာပြီ သိလား၊ Busy ဖြစ်လိုက် ဇရိယာပြင်ပရောက်လိုက် မမီရယ်”

“ဘာမှလဲ မပြောဘူး၊ လေဝင်လေထွက်ကောင်းတဲ့ နေရာချိတ်ထားတာပဲ စန္ဒီရေ့၊ ပြော ... ပြော”

“ကိုအေးမောင်ဦး ဂေါ့ဖ်သွားရိုက်လား မမီ”

“ဟင့်အင်း ... ဒီနေ့ ဂေါ့ဖ်မသွားဖြစ်ဘူး”

“သြော် ... ဟုတ်လား၊ မလိုက်ဖြစ်ဖူးလား၊ ချိန်းတော့ထားတယ် မဟုတ်လား”

“ဟင့်အင်း ... ဘယ်လိုလုပ်ချိန်းမလဲ၊ သူ မရှိဘူး စန္ဒီရဲ့၊ စစ်ကိုင်း သွားတယ်၊ သူ့အမေ နေမကောင်းဘူးလေ၊ ဆေးရုံတွေဘာတွေ တင်ထားရတာ၊ အဲဒါ သူလည်းအနားသွားနေနေရတာ၊ ခုပဲ ဆယ်ရက်လောက်ရှိပြီ၊ နောက်လေးငါးရက်နေလို့တောင် ပြန်လာနိုင်မယ် မထင်ဘူး ...

အစ်မတောင် ကလေးတွေ စာမေးပွဲနဲ့မို့ လိုက်မသွားဖြစ်တာ၊ ဒီကပဲ ဖုန်းဆက် အကျိုးအကြောင်း မေးနေရတာပေါ့”

“သြော်”

“ဘာဖြစ်လို့လဲ ... စန္ဒီ”

“သြော် ... ကိုသက်မောင်မောင် ဖုန်းက ခေါ်မရလို့ပါ မမီရယ်၊ ပြောစရာလေးရှိလို့ ဆက်တာ၊ သူ့ကို ခေါ်မရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘေးမှာရှိမယ်ထင်တဲ့လူရဲ့ဖုန်းကို ခေါ်ကြည့်တာပါ။ ကိုအေးမောင်ဦး ဖုန်းကလည်း ခေါ်မရလို့ သူပါသွားလား မပါသွားလား မသိဆီ လှမ်းမေးကြည့်တာပါ”

“ဦးဟန်ရွှေတို့ ကိုကျော်စွာတို့ ပါရင်ပါမှာပေါ့၊ ဖုန်းနံပါတ်တွေ သိတယ် မဟုတ်လား”

“ဟုတ်ကဲ့ ... သိပါတယ်၊ ဒါဆို ကျေးဇူးပဲနော် မမီ”

ဟန်မပျက် ဖုန်းကိုပိတ်ချပြီးမှ ရင်တွေနိမ့်ချည်မြင့်ချည်ဖြစ်အောင် စိတ်တွေလှုပ်ရှားပူလောင်လာဟန်ရှိတဲ့ စန္ဒီ့ကို ခိုက်က စိတ်မသက်မသာနှင့် လှမ်းကြည့်နေရာမှ ...

“ဟိုလူ မပါဘူးပေါ့”

“မပါဘူး”

စန္ဒီ့အသံက တုန်နေသည်။

“မပါတဲ့အပြင် ရန်ကုန်မှာတောင် မရှိတာ ဆယ်ရက်ရှိပြီ”

ခိုက်သည် စန္ဒီ စိတ်သက်သာရာ ရလိုရငြား ...

“ဒီလူနဲ့ မဟုတ်လည်း တခြားလူတွေနဲ့သွားတာ နေမှာပေါ့ဟယ်”

“ဒီတစ်ခါ ဘယ်သူနဲ့သွားတယ် မသွားဘူး ဆိုတာထက် ပြီးခဲ့တဲ့အပတ်က ကိုအေးမောင်ဦးနဲ့တူတူ ဂေါ့ဖ်သွားရိုက်တယ်ဆိုတာ မဟုတ်တော့ဘူးပေါ့၊ ပြီးခဲ့တဲ့ တနင်္ဂနွေက ခုထိ ခုနစ်ရက်ပဲ ရှိသေးတာလေ၊ ကိုအေးမောင်ဦး မရှိတာကဆယ်ရက်ရှိပြီ၊ ကိုအေးမောင်ဦး မရှိတာတောင် ကိုသက်





သိပုံမပေါ်ဘူး ခိုက်၊ ကိုအေးမောင်ဦးကို ငါ ဖုန်းဆက်မေးလိုက်ရင်လည်း ဟိုက ဟုတ်တယ်၊ အတူဂေါ့ဖ်ရိုက်ကြတယ်ပဲ ဖြေမှာဆိုတာ ကိုသက်က သိပြီးသား၊ ဒီတော့ လှမ်းတောင် ပိတ်မထားတော့ဘူးနေမှာ”

“ဟိုအပတ်က မဟုတ်လည်းပဲ ဒီအပတ်တော့ တခြားလူတွေနဲ့ သွားရိုက်တာ ဖြစ်ပါလိမ့်မယ် စန္ဒီရယ်”

“မဟုတ်ဘူး ... မဟုတ်ဘူး၊ ငါ သိတယ်၊ သူ တခြားရောက်နေပြီ၊ ငါ သိတယ်၊ နို့မို့ရင် ဘာဖြစ်လို့ ဖုန်းပိတ်ထားသေးလဲ”

စန္ဒီ့အသံဟာ ကတုန်ကယင်နှင့် ရှိုက်သံစွက်နေသည်။ ခိုက်လည်း ဘယ်လိုနှားချ အားပေးရမယ် မသိဘဲ လက်ပိုက်ချနေရပါသည်။

“ငါသိပါတယ်၊ သူ မရိုးသားတာ ငါအမြဲသိပါတယ်၊ ငါ ငတုံးမ ငအမ မဟုတ်ဘူး ခိုက်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် လည်ပါတယ် ထက်ပါတယ် ဆိုပြီး သူလုပ်သမျှ လိုက်ဖော်နိုင်တော့ရော ဘာအကျိုးရှိသလဲ ခိုက်၊ လင်မယားပြဿနာတက်ရတာကလွဲရင် သူက သူ့‘ဇ’အတိုင်းပဲ၊ ဒါတွေပဲ ဆက်လုပ်မှာပဲ ...

သူ့ကိုလည်း မပြောင်းလဲနိုင်ဘဲနဲ့ ခဏခဏ လျှို့ဝှက်ချက် လိုက်ဖော်နေတော့ရော ဘာလုပ်မှာလဲ၊ ငါထပ်ခါထပ်ခါ သိက္ခာကျရတာပဲ ရှိတာလေ၊ ငါ သူ့အပြစ်တို



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရင် သူ့ကိုငါ ဝမ်နှင်ပေးရတော့မယ်၊ ခြိမ်းခြောက်
တော့မယ်၊ အပြစ်ကိုတော့ဖော်ပြီး ဘာဝမ်နှင်မှ မပေး
ဒီတိုင်းကြီးနေတော့ရော ငါ သောက်ပေါ်ဖြစ်ရုံပေါ့ ...

ဝမ်နှင်ပေးရပြန်တော့လည်း သူ မလိုက်နာရင် ငါ
ပြောတဲ့အတိုင်း ငါ အပြစ်ယူရတော့မှာ၊ ရှင် နောက်တစ်ခါ
ဒါမျိုး ထပ်လုပ်ရင် ရှင်နဲ့ကျွန်မ အပြတ်ပဲ ဆိုတာမျိုး ငါ
လည်း ပြောချင်တယ်၊ ပြောမိရင် နောက်တစ်ခါ ထပ်လု
တဲ့အခါ ငါ့စကားနဲ့ငါ သူ့ကိုပြတ်ရတော့မယ်၊ ငါပြတ်နိုင်
လို့လား၊ ငါအိမ်ထောင်အကွဲခံနိုင်လို့လား၊ ငါ့သားလေး
ဒီအရွယ်လေးနဲ့ အဖမဲ့ ခံနိုင်လို့လား ...

သူကလည်း နောက်တစ်ခါလုပ်မှာပဲ၊ မိရင်လည်း
မိန်းမရာ ဘာကွာ ညာကွာနဲ့ နောက်မလုပ်ပါဘူးကွာ
တာမျိုး အချိုသတ်ပြီး နောက်လုပ်ဦးမှာပဲ၊ ဒီအခြေအနေ
ကြီးကို ငါ ဘယ်လိုဖြေရှင်းရမှာလဲ ခိုက်၊ ဟင် ! သူ ငါ
ကို မုန်းလို့လည်း မဟုတ်၊ အချစ်လျော့လို့လည်း မဟုတ်တာ
လည်း ငါသိနေတယ်၊ ဒီမှာကြည့်စမ်း ... ဒီလော့ကက်
လေးဆိုရင် ဟိုတစ်နေ့ကမှ အသစ်ဝယ်လာပေးတာ၊ ငါ
ရည်းစားစဖြစ်တာ ရှစ်နှစ်မြောက်တဲ့ အထိမ်းအမှတ်
လေ ...

ဒီတော့ ... ငါ့မှာ မသိချင်ယောင်ဆောင်ပြီး အတုံး
အ,အမလို နေနေရတယ်၊ တစ်ခါတစ်ခါကျတော့ ဟော





ရင်ထဲက အသည်းကနာတယ် ခိုက်ရဲ့၊ ငါ မရှက်ပါဘူး
ဟယ်၊ ဒါတောင် လဲ့ဝါတို့ အိစ်တို့ကိုဆိုရင် နည်းနည်း
ပိုရှက်တယ်၊ သူတို့ယောက်ျားတွေက ကိုသက်လို မျက်နှာ
မများ ဖယားမရှုပ်ကြဘူးမို့လား၊ နင့်ကျတော့ ယှဉ်စရာ
ယောက်ျားမရှိလို့"

"သြော် ... စန္ဒီရယ်၊ သူတို့ယောက်ျားတွေက ဖယားမရှုပ်
ပေမယ့်လည်း တခြားအပြစ်တွေ ဆိုးကွက်တွေတော့ ရှိ
တာပဲ၊ အပြစ်ကင်းစင်တဲ့ယောက်ျားတော့ ဘယ်ရှိမလဲ၊
ကိုသက်ကလည်း ဖယားရှုပ်တာလေး ရှိပေမယ့် မယားငယ်
ယူသွားတာမျိုးမှ မဟုတ်ဘဲ၊ ငွေလည်း အများကြီးရှာနိုင်
ပြီး နင့်ကို အများကြီး အပ်နိုင်တာပဲ၊ နင့်အပေါ်လည်း
လေသံမာမာကြမ်းကြမ်း မဆက်ဆံဘူးလေ၊ စိတ်သဘော
ထားလည်း ကောင်းရှာပါတယ်ဟယ်"

"နင်ကတော့ ငါ ဖြေသိမ့်နိုင်အောင် ပြောပေးတာပေါ့လေ"

"တကယ်လည်း ဟုတ်တာပဲလေ၊ ယောက်ျားတစ်ယောက်
ဟာ ပုထုဇဉ်လူသားပဲဟယ်၊ အဆိုးလည်းရှိ အကောင်း
လည်းရှိတာပေါ့၊ နင့်အပေါ် ကြင်နာတာ တော်လုပြီပဲ"

"ငါ့အပေါ် ကြင်နာတယ်ဆိုတာလည်း ငါက သူ့ကိုပြဿနာ
မရှာလို့ပါ ခိုက်ရယ်၊ ပြဿနာမဖြစ်ချင်တော့ ရူးသလို
ပေါသလိုနဲ့ တုံးမယောင် ဆောင်နေလို့ပါ၊ ငါသူ့အပြစ်ကို
ဖော်ပြီး သူ့ကို ရန်လုပ်ရင် ငါ့ကို ကြင်နာဦးမလား ...



www.burmeseclassic.com

www.burmeseclassic.com



ဟင်၊ သူ့ဘက်ကလည်း တစ်ပြန်စီး ပြန်ပြီးရန်လုပ်မှာ ပေါ့”

စန္ဒီက စကားပြောရင်းနှင့်ပင် ဖုန်းကိုထပ်ကာ ထပ်ကာ နှိပ်နေပြန်ပါသည်။

“ကဲ ... နင် ဘာလုပ်ဦးမလို့လဲ”

“ငါစိတ်တွေဖြစ်နေပြီ၊ သူနဲ့ အဆက်အသွယ်ရလိုက်မှ ပြီး သွားမယ်”

“ဖုန်းပိတ်ထားတဲ့ဟာ ဘယ်လိုလုပ် အဆက်အသွယ်ရမှာ လဲ”

“တစ်ချိန်ချိန်တော့ ဖွင့်ရဦးမှာပဲလေ”

ထပ်ထပ်ခါခါ ခေါ်လိုက် ခေါ်မရလိုက်။ စန္ဒီသည် ဒေါသလည်းထွက် ဝမ်းနည်းနည်းကာ အရူးတစ်ပိုင်း ဖြစ်နေသည်။

“ခိုက်”

“ဘာလဲ”

“နင့်ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ နင် ငါ့ကိုလိုက် ပို့စမ်းပါ”

“ဘယ်ကိုလဲ”

“သူ့ကို ပတ်ရှာမယ်”

“အာ ... နင်ကလည်းဟာ၊ ရူးနေတာ ကျနေတာပဲ”

“အေး ... မရဘူး၊ နင် လိုက်မပို့ရင်လည်း ငါကတက္ကစီ တစ်စင်းငှားပြီး ပတ်ရှာတော့မှာပဲ”





“သူ့ကိုတွေ့ရင် ဘာလုပ်မှာလဲ”

“ငါ ပြုံးပြုံးရယ်ရယ်ပဲ နှုတ်ဆက်မှာပါ၊ ငါ တစ်ခါကြုံဖူး ပြီးပါပြီ၊ သူ့ဘေးမှာတွေ့တဲ့ မိန်းကလေး ဘယ်သူပဲဖြစ် ဖြစ် သူကလည်း ပေါက်ကရလေးဆယ် ပါးစပ်ထဲကထွက် ရာပြောပြီး ညာတာပဲ၊ ဒါကိုပဲ ငါကလည်း ယုံချင်ယောင် ဆောင်ပြီး လက်ခံလိုက်တာပဲ ခိုက်၊ ဘာပဲဖြစ်ဖြစ် သူတို့ အကြာကြီး ဆက်ထိုင်နေလို့မရ၊ အကြာကြီး ဆက်လျှောက် သွားနေလို့ မရတော့ဘူးပေါ့”

ခိုက်သည် စန္ဒီ့ကို ရင်မောမောနှင့် ငေးကြည့်နေမိ သည်။ ရင်ထဲတလှပ်လှပ်နှင့် ဒါမျိုးကို ကြုံရမှာ ကြောက်လှပါ သည်။

“ကဲ ... နင် ပို့မှာလား”

“အင်း ... ပို့ပါမယ်ဟယ်၊ ပို့ပါ့မယ်”

“ခိုက်”

“အင် ...”

“နင် ပင်လုံ့ကို လက်ခံဖို့ အများကြီး စဉ်းစားဦး ...”

“......”

“အကောင်းဆုံးကတော့ ယောက်ျားယူမနေနဲ့၊ မယူလို့လည်း နင်က ခွေးဖြစ်မယ့်သူ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်လည်း စီးပွားရှာနိုင်တယ်”

“ကဲ ... ကဲ ... လာ သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



ခိုက်က စိတ်ရှုပ်ရှုပ်လေး မျက်မှောင်ကုတ်ကာ အိတ်နှင့် ကားသော့ ကောက်ဆွဲပြီး အိမ်ကထွက်ဖို့ပြင်တော့သည်။ ကဲ ... ဒီနေ့အဖို့တော့ သွားပေဦးတော့ပေါ့။ ကိုယ် ရင်ဖွင့်ချင်တာတွေ မျိုသိပ်ပြီး သူ ရင်ဖွင့်ချင်တာတွေကိုပဲ ကြိတ်မှိတ်နားထောင်လိုက်ပေတော့။

"မိနော်နဲ့ အားမူ၊ ကလေးကို ဂရုစိုက်နော်၊ ငါ သိပ်တော့ မကြာပါဘူး၊ ပြန်လာမယ်၊ ထမင်းစားချိန်ကျရင် ကြက်သား ပြုတ်ကြော်လေးနဲ့ ကျွေးထားလိုက်၊ အိမ်ကို ဖုန်းခေါ်မယ် နင်တို့ ငါမရှိလို့ ဖုန်းကလိမနေနဲ့ဦး၊ ငါ ခေါ်ရင် ဖုန်း အားအောင်ထား"

"ဟုတ်ကဲ့ မမ"

စန္ဒီသည် ဖုန်းနှိပ်မပျက် ခိုက် နောက်က ပါလာသည်။ ကားပေါ်ထိုင်မိလည်း ဒီဖုန်းကို နှိပ်တုန်း။

"ကဲ ... ဒီဖုန်းက ဘယ်ကိုနှိပ်နေရသေးတာလဲ"

"မတော်တဆ ဖွင့်လိုက်မလားလို့ပါဟာ"

"အဲဒါဆိုလည်း ဆယ်မိနစ် ဆယ့်ငါးမိနစ်ခြားပြီးမှ တစ်ခါ နှိပ်ကြည့်ပါလား၊ ဒီလောက် ဆက်တိုက်ကြီးနှိပ်နေတာ ဘာထူးမှာလဲ"

"ငါ အချိန်ခြားထားတုန်း သူ ခဏဖွင့်ပြီး ပြန်ပိတ်သွားမှာ စိုးလို့ပါ ခိုက်ရာ"

"ကဲ ... ဘယ်ကိုမောင်းရမှာလဲ ပြော"





"အရင်ဆုံး ကန်တော်ကြီးဘက် မောင်းလိုက်"

"အင်း ... တလွဲကြီး၊ ငါတော့ ဆိုကုန်ရချည်သေးရဲ့"

"ဘာရယ် ခိုက်"

"ဘာမှ မဟုတ်ဘူး"

စန္ဒီတို့အိမ်က ပါရမီလမ်းသွယ်ထဲမှာမို့ ပါရမီကတစ်ဆင့် ခိုက်က ပြည်လမ်းပေါ်အထိ ဆင်းလာသည်။

"ဟဲ့ ... ကမ္ဘာအေးစေတီလမ်းမှာပဲ မြို့ထဲဘက်ကွေ့လိုက်တော့လေ"

"ပြည်လမ်းကပဲ သွားမယ်ဟာ"

"လှည်းတန်းမီးပွိုင့်ကြီး စောင့်နေရမယ်"

"နင့်ဒီကမ္ဘာအေးစေတီလမ်း သွားတော့လည်း ရွှေဂုံတိုင်မီးပွိုင့်ကြီးနဲ့တိုးမှာပဲ"

"ပြီးရောဟယ် မြို့ထဲသာတန်းမောင်း"

ခိုက်က ကားကိုတော့ မောင်းမပျက်ဘဲ ...

"နင် ရူးနေလား စန္ဒီ၊ မြို့ထဲ ဒီလောက်အကျယ်ပြန့်ကြီးကို နင် ဘယ်မြို့နယ် ဘယ်ဧရိယာထဲမှာ လိုက်ရှာမလို့လဲ"

"မသိဘူးလေ၊ သိမှတော့ အဲဒီကိုပဲ တန်းပြီးသွားလိုက်ပြီပေါ့၊ ဘယ်မှန်းမသိလို့သာ ဟိုနိုးနိုး ဒီနိုးနိုးနဲ့ ပတ်ရှာရမှာ"

"နင်လုပ်တာ တကယ်တော့ အပိုပဲ စန္ဒီ၊ ဘာအဓိပ္ပာယ်မှ မရှိဘူး"

"ငါ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လိုက်ရင် နင် စိတ်ချမ်းသာမှာမို့လို့လား စန္ဒီ"

"စိတ်ကတော့ ဘယ်လိုဖြစ်ဖြစ် မချမ်းသာဘူး၊ ကိုယ့်မျက်စိနဲ့ မြင်လိုက်ရရင်တော့ သူ့ကို သတိပေးပြီးသားလည်းဖြစ် အဲဒီဟာမကိုလည်း ဘယ်လိုပုံလဲ သိချင်တာ၊ ငယ်လို့လား လှလို့လား၊ ချွဲတတ်လို့လား၊ ငါ့ထက်သာလား ဒါတွေ သိချင်တယ်"

ခိုက်က စန္ဒီအပေါ် ကရုဏာသက်တဲ့စိတ်နှင့် သက် ပြင်းတစ်ချက် ချလိုက်မိပါသည်။ အချစ်နတ်ဆိုးရဲ့ ဖမ်းစား လို့ဆော်မှုကြောင့် မျက်စိကန်းသလို အရူးတစ်ပိုင်း ဖြစ်နေပုံဟာ တရားကျစရာ ကောင်းလှပါဘိတော့။

"ခုဆိုရင် ငါလေ သူ့မျက်နှာကို ဖျတ်ခနဲလေးပဲ တစ်ချက် လှမ်းကြည့်လိုက်တာနဲ့ ဒီနေ့အဖို့ သူ့မှာ အချိန်းအချက် သလား၊ မရှိးသားတဲ့ကိစ္စ သွားမလို့လား တန်းခနဲကောက် ချက်ချနိုင်နေပြီ ခိုက်၊ ဒါပေမဲ့ မသိချင်ယောင်လည်းဆောင် တယ်၊ ဘာလို့လဲဆိုတော့ မသွားပါနဲ့တားလည်း မရမှာ သိနေလို့၊ ဗွတ်တားရင် စကားများရမယ်၊ ဒီအခြေအနေ မှာ လင်မယားရန်ဖြစ်မနေချင်လို့ ငါပဲ အလျှော့ပေးလိုက် ပါတယ် ခိုက်ရယ်"

"အလျှော့ပေးထားနေမှပဲဟယ်၊ ဘာဖြစ်လို့ ခုလို စိတ် ဒုက္ခ လူဒုက္ခခံစားနေသေးလဲ၊ ခေါင်းထဲကထုတ်ထားလိုက် ပေါ့ဟယ်"





"မနေနိုင်ပါဘူး၊ နင်ကြုံရရင် သိလာပါလိမ့်မယ်၊ ခွင့်လွှတ် ရမှာပဲလို့ ဆုံးဖြတ်ထားတာကတခြား၊ ရင်နာနာနဲ့ပဲ ငါ လိုက်ချောင်းကြည့်ချင်သေးတာ"

"နင့်အဖြစ်က အနာကိုဖဲ့တတ်တဲ့လူလိုပဲ"

"ဘယ်လိုလဲ"

"အနာလေးတစ်ခုရှိရင် တချို့လူတွေဟာ ဖဲ့ချင် ဆွချင် ကလိချင်ကြတယ်၊ အနာဖေးလေးကို ခွာလိုက်ရင် နာမယ်၊ သွေးစို့လာမယ်၊ နောက်တစ်ချီ အနာပြန်ရင်းလာမယ်ဆို တာသိသိနဲ့ အနာခံပြီး ခွာရဖဲ့ရတာကို အရသာတွေ့တတ် တဲ့လူစားမျိုးလိုပေါ့၊ ကိုယ့်ဒုက္ခကိုယ့်ရှာတာပဲ စန္ဒီရယ်"

"နင် ကိုယ်ချင်းမစာတတ်လို့ပါ၊ ဘယ်သူက သိသိနဲ့ ဥပေက္ခာပြုပြီး စိတ်မဝင်စားသလို ပစ်ထားနိုင်မှာလဲ"

"အကျိုးရှိမှာကို စဉ်းစားပြီးလုပ်ပါ"

"ကဲ ... ဥပမာ ဘယ်လိုဟာမျိုးလဲ ပြောစမ်းပါဦး"

"ကိုသက်ကို နင် ခပ်တင်းတင်း တားမြစ်ရမှာပေါ့"

"တားပါပြီတဲ့ ဂရုမစိုက်ဘူး၊ ဆက်လုပ်တယ်ဟာ၊ နင် ဘာထပ်လုပ်မလဲ"

"ဆက်လုပ်နေရင် မပေါင်းဘူးလို့ ခပ်ပြတ်ပြတ် ပြောရမှာ ပေါ့၊ ကွဲရမှာပေါ့"

"ငါ မကွဲနိုင်ဘူး၊ ကဲ ... အဲလိုဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်တော့ဟယ်"

ခိုက်က ရှုံ့မဲ့ပြီး ပြောမိသည်။

"ပင်လုံကို နှင် စဉ်းစားတော့မယ်လို့များ ကြံရင်တော့ ငါ့ဆီ တရင်းတနှီးနဲ့ သုံးလေးခါ လွှတ်ပေးစမ်းပါ"

"အလိုတော် !... ဘာလုပ်ဖို့ !..."

"သူ့ကို အကဲခတ်နိုင်ဖို့ရယ်၊ ကြိုတင်ပြီးတော့ သတိပေး ရယ်၊ ဘယ်လိုပြုမူလာရင် နည်းနည်းမှ သည်းညည်းမခံနိုင် ဘူးဆိုတာကို ဒီလူတစ်ယောက်နဲ့ မယူခင်ကတည်းက ကြိုပြီး အသိပေးထားရမယ်၊ မယူခင်က ဘာမှ ကြိုမတင် ကျုပ်ဘဲ ချစ်တဲ့စိတ်နဲ့ လုပ်ချင်ရာလုပ် ခွင့်လွှတ်ထားခဲ့တော့ ယူပြီးတဲ့ထိ အကျင့်ပါတယ်၊ ကြိုပြီးကတိတွေတောင်း နားလည်မှုတွေ ယူထားနိုင်ရင် သက်သာမှာပေါ့"

"ထားပါတော့၊ ဒီအတွက် ငါက နှင့်ဆီ လွှတ်ပေး မယ် !!..."

"ဟုတ်တယ်၊ ငါ ကောင်းကောင်း လက်ချာရိုက်ပေးမယ်"

"နှင် လက်ချာရိုက်မှ အစကမလုပ်မယ့်သူ လုပ်ချင်စိတ် ပေါက်သွားပါဦးမယ်"

"နှင် ငါ့ကို အထင်မသေးစမ်းပါနဲ့၊ ဘာပဲဖြစ်ဖြစ် ပင် ကို စိတ်ကူးထဲထည့်ပြီ ဆိုရင်တော့ အိမ်ကိုသာလွှတ်ပေး"

"ဖွတ်"





"နှင် ဘာကိစ္စ ကားကို ဒီဘက်ကွေ့ဖို့နေရာယူထားပြန်တာလဲ၊ တည့်တည့်ပဲ ဆက်သွားလေ၊ ဒီကကွေ့ရင် တက္ကသိုလ်ရိပ်သာလမ်းလေ၊ အင်းလျားလမ်းက ပြန်တက်မလို့ဆိုလည်း ခုနကတည်းက အင်းလျားလမ်းကို ကန်ပေါင်ကနေ ချိုးတက်လိုက်တာ မဟုတ်ဘူး၊ ပေရှည်အောင်"

"ကျောင်းထဲဝင်မှာ စန္ဒီ"

"ဟာ ... ဘာလုပ်ဖို့လဲ၊ ဟိုမှာဘွဲ့သမားတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ဟာ"

"အဲဒီဘွဲ့သမားတွေကြောင့်ပဲ လာတာဟယ်"

"နှင် ဘာပြောနေတာလဲ နားမလည်ဘူး"

"စန္ဒီ"

"ဘာလဲ"

"ငါ့ကို တခြားဟာတွေ ထပ်မမေးနဲ့ နှင့် ကိုသက် ဒီမှာ ရောက်နေတယ်၊ သို့မဟုတ် ရောက်လာလိမ့်မယ်"

"ဟင် ..."

စန္ဒီသည် မျက်လုံးပြူးလေးနှင့် ခိုက်ကို အံ့အားတသင့်ကြည့်နေသည်။

"နှင် ငါ့ကို ဘယ်လိုသိသလဲ မမေးနဲ့နော်"

"အင်း ... မမေးဘူး"

"နှင် ဖူးဖူး သိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးဖူး !... သိတာပေါ့၊ သူ့အမေမိတ်ဆွေရဲ့သမီးပဲ၊ သူ့ဆီအလုပ်ဝင်လုပ်နေတာလေ၊ အလုပ်သင် အဆင့်လောက်ပဲ"

"အေး ... အဲဒီ ဖူးဖူး ဒီနေ့ဘွဲ့ယူမှာ၊ ကိုသက်က အဲဒါကို ကြိုပို့ပေးမှာ၊ မနက်စောစောကြီး ထွက်သွားရတာက အလှပြင်ဆိုင်ကို အစောကြီး လိုက်ပို့ရလို့၊ အလှပြင်ဆိုင်က '......'၊ ဒါပေမဲ့ အဲဒီကို မလိုက်တော့ဘူး၊ ခုလောက်ဆို ပြင်ဆင်ပြီးပြီ၊ ဒီကိုရောက်လောက်ပြီ"

စန္ဒီ့ပါးစပ်မှာ အပြောင်းသားပွင့်ဟနေပြီး တုန်ယင်ယင်နှင့် ခိုက်ကိုကြည့်နေပါသည်။ အဲဒီနောက်တော့ မျက်ရည်ပြည့်လျှံလာကာ အတော်နာကျင်ခံစားရတဲ့ရုပ်နှင့် မျက်နှာကကြေကွဲလာသည်။

"သူ့အကြောင်းက ဘေးပတ်ဝန်းကျင်တွေမှာပါ လူသိရှင်ကြား ကျော်ကြားနေပြီပေါ့နော်၊ မိန်းမလုပ်တဲ့သူ ဘာမှမသိသေးတဲ့သတင်းက တခြားလူတွေနားထဲ ရောက်ပြီးနေပြီနော်"

"အဲလိုတော့လည်း မဟုတ်ပါဘူးဟ၊ ဘေးပတ်ဝန်းကျင်မှာတော့ ဒီသတင်း မပျံ့နှံ့သေးပါဘူး"

"လှဲ့ဝါတို့ကော သိနေပြီလား"

"မသိပါဘူး စန္ဒီရယ်၊ ပြီးတော့လည်းဟာ ကိုသက်က အဲဒီကောင်မလေးကို မျက်နှာတွေလုပ် အခွင့်အရေးတွေပေးနေတဲ့ အခြေအနေလောက်ပဲ ရှိဦးမှာပါ၊ ဟိုလိုကြီးတော့ဖြစ်နေမယ်





မထင်ပါဘူး၊ ကဲဟာ ... ဘယ်ကသိလဲ မမေးနဲ့ဆိုပေမယ့် ငါပဲ ပြောပြမယ်၊ တော်ကြာ လူတကာသိပြီးသား ထင်ပြီး နင်ပိုစိတ်ဆင်းရဲနေဦးမယ်၊ ငါ့ကို မိနော် ပြောပြတာပါ၊ မိနော်က မနေ့က ကိုသက် ဖုန်းပြောနေတုန်း ကြားလိုက်လို့ပါ"

"ကြည့်စမ်း ... ငါ့ကျ ဒီဟာမ မပြောပြဘူး"

"နင် မိနော်ကို လုံးဝပြဿနာမရှာနဲ့၊ သူ့နေရာကနေ အပြောမတတ်ရင် နင်ကတောင် ပြန်စိတ်ဆိုးတာခံရင်ခံရမှာလေ၊ ကိုသက် သိရင်လည်း သူ့မှာ လွှင့်ရင်တောင်လွှင့်ရမှာ၊ နင်လုပ်သင့်တာက မိနော်ကို ကိုယ့်ဖက်သားလုပ်ထားပြီး သူပါ ဝိုင်းပြီးမျက်စိဒေါက်ထောက် နားဒေါက်ထောက်နေဖို့ပဲ၊ နင်က အရေးလုပ်ပြီး သူတို့နဲ့ ဒီကိစ္စတွေ မပြောဖြစ်ပေမယ့် သူတို့ ကြားသိနေကြတာပဲဟာ"

"အေး ... ဟုတ်တယ်၊ နင်ပြောသလိုပဲ လုပ်မယ်"

"ကဲ ... ငါ ကားကို ရပ်ရမလား၊ နင် ဝင်ကြည့်မှာလား၊ ကားဝင်လို့မရဘူး၊ ကားပါ့စ်မရှိဘူး"

"အေး ... ဝင်ကြည့်မယ်၊ ကွန်ဗိုကေးရှင်းအဆောက်အအုံရဲ့အပေါက်ဝကကို ထိုင်စောင့်မယ်"

"ကဲ ... တည့်တည့်တွေ့ပြီ ဆိုပါတော့"

"နင့်ညီမဝမ်းကွဲ ဘွဲ့ယူလို့ပေါ့ဟယ်၊ နင်က ကားလိုက်မောင်းပို့ရတယ်ပေါ့၊ ဒါပြီးရင် နင်နဲ့ ငါ ဈေးသွားမှာမို့ ငါ့ကို တစ်ခါတည်း ဝင်ခေါ်လာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမိရင်တောင်မှ"ရှင် ဒါဘာလုပ်တာလဲ၊ ဒီသတင်းကြားလို့ ရှင့်ကို တမင်သက်သက်ကို လိုက်ချောင်းဖမ်းတာ"ဆိုတာမျိုးတောင် မပြောဝံ့ရတဲ့ မိန်းမဘဝ။ နိုက်သည် စိတ်ပျက်လက်ပျက်နှင့်ပင် ကားကို နေရာရှာ ပါကင်လုပ်။ လမ်းကူးပြီး တက္ကသိုလ်ဝင်းထဲကို နှစ်ယောက်သား လျှောက်ဝင်လာကြပါသည်။

"နိုက်"

ကွန်မိုကေးရှင်း အဆောက်အအုံဆီတောင် မရောက်လိုက်ရ။ စာကြည့်တိုက်ဘက်ချိုးဝင်တဲ့လမ်းလေးပေါ်မှာ ကိုသက်မောင်မောင်နှင့် သားအမိနှစ်ယောက်တို့ကို မြင်လိုက်ရပါသည်။ ကောင်မလေး အမေကြီးက လေးဆယ့်ငါးနှစ်လောက်အရွယ်မှာ ခေတ်ဆန်ဆန် ပြင်ဆင်ထားသည်။ သူ့သမီး ဓာတ်ပုံရိုက်ဖို့ကို ကိုသက်မောင်မောင်က ဘယ်လိုလုပ် ဘယ်လိုနေ ညွှန်ကြားနေတာကို သဘောတူကျေနပ်တဲ့ အပြုံးမြိန့်မြိန့်ကြီးနှင့် ကြည့်နေပါသည်။

"မောင်"

စန္ဒီရဲ့'မောင်' 'မောင်'ဆိုတဲ့ ခေါ်သံတွေ ရာထောင်ချီကြားဖူးသော်လည်း ဒီတစ်ခါ'မောင်'ကတော့ ဂန္ထဝင်'မောင်'လို့ ပင်ပြောရအောင် တကယ့်အကယ်ဒမီရှော့ 'မောင်'။ ဒေါ်ချိုပြုံး ရှုတဲ့ အကယ်ဒမီတစ်ဆုထဲမှာ မှုန်းတည့်ချိန်တွင်နေဝင်သည်ထဲက လူမမြင်ရ အသံသာကြားရတဲ့ ဓာတ်ဝင်ခန်းတစ်ခုဟာ အထင်ကရဖြစ်ဖူးပါသည်။ အဲဒီအကယ်ဒမီသံ 'ရှင့် စစ်ကလက်ပါရင် တစ်လိပ်လောက်'နဲ့ အခု'မောင်'ဟာ အမျိုးအစားမတူပေမယ့် အကယ်ဒမီပေးထိုက်တာချင်းတော့တူသည်။





ရှင်းမပြတတ်။ သူ့ရဲ့'မောင်'သံဟာ အပြစ်ကင်းစင်လှပါသည်။

စန္ဒီ့အသံအပြစ်ကင်းစင်ကာ အသားပါလှသလောက် ကိုသက်ဖြစ်ပျက်သွားတဲ့ ရုပ်ကြီးကတော့ 'ဝမ်းစမိုး'လို့ ငါးဖိသံပါ နောက်တစ်ခေါက် ထပ်မြင်ချင်စရာကောင်းအောင် ကျေနပ်ကောင်းလှသည်။ ခြေကားယား လက်ကားယားနဲ့။ ရုပ်ဖြောင့်ဖြောင့် စတိုင်ကျကျ ကိုသက်မှာ ဒီလောက် ကိုးရိုးကားယား အခြေပျက်တဲ့ အမူအရာမျိုး ရှိမယ်တောင် မထင်ရ။

"မောင် ဘာလုပ်နေတာလဲ"

"ဟိုဟာကွာ စန္ဒီရာ၊ အတော်ပဲ၊ နို့မို့ မောင်က ခုပဲ စန္ဒီဆီ ဖုန်းဆက်တော့မလို့ပဲ၊ ခုတော့ ဖုန်းဆက်ပြောနေစရာမလိုတော့ဘူး၊ လူချင်းတွေ့ပြောလို့ရသွားပြီ၊ ရုတ်တရက်ကွာ ဖူးဖူးလေး ဘွဲ့ယူဖို့ အဆင်မပြေလို့ အကူအညီတောင်းတာနဲ့ ကိုယ်လည်း ဂေါ့ဖ်တောင်မသွားဖြစ်တော့ဘူး"

"သြော် ... မောင် ဂေါ့ဖ်အိတ်နဲ့ အပြင်ထွက်သွားပြီး လမ်းကျမှ အကူအညီတောင်းတာပေါ့"

"အဲဒါပေါ့"

စန္ဒီက ဖူးဖူးထံလည်း လှမ်းပြုံးပြကာ ...

"ဖူးဖူး တယ်လှပါလား၊ ဒီနေ့က ရိုဟာဇယ်ပေါ့ ဟုတ်လား"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာရှေ့မှာ မပြုံးနိုင်အောင် ဖူးဖူး မျက်နှာက မထိတ်သာ မလန့်သာဖြစ်နေသလို သူ့အမေကြီးဆိုတာရဲ့မျက်နှာကတော့ ခပ်စူအောင့်အောင့်ပင်ရှိနေတာကို အံ့ဩလက်ဖျားခါချင်စရာ မြင်ရသည်။ သူ့ပုံစံက နောက်ကြောင်းကို သေချာမရှင်းခဲ့ဘူးဆိုပြီးတော့တောင် ကိုသက်ကို ဟိန်းဟောက်ချင်ချင်ပုံစံ။

လောကကြီးမှာ အခွင့်အရေးလိုအင်ဆန္ဒတွေကို သမီးနဲ့ လဲစားတတ်တဲ့ အမေမျိုးတွေ တကယ်ကိုရှိတာ တရားကျရပါသည်။ တရားလည်းကျ အရသာလည်းခပ်ရှိရှိနှင့် ထိုမိန်းမကြီးကို ခိုက်က စိုက်ကြည့်နေပေးလိုက်သည်။ စန္ဒီကတော့ သူ့ဝတ္တရားအရ အပြုံးမျက်နှာနှင့်သာ နေနေရတာ။ ခိုက်သာလျှင် မျက်ဝန်းလေးနဲ့ သင်းတို့ကို သရော်သလို နှိမ်သလို ခပ်ထိထိ ကြည့်နေလိုက်တာပါ။

❖ ❤ ❖





၈

ပင်လုံက မေးကိုထောက်ကာ ခိုက်ကို တစိမ့်စိမ့်ကြည့်ရင်း ခိုက်ပြောတဲ့စကားတွေကို ပြုံးပြုံးလေးနားစွင့်နေသည်။

“ကောင်းကောင်းကော နားထောင်နေရဲ့လား”

“နားထောင်နေတယ်လေ မမကလည်း”

“အကုန်ရော ကြားလား”

“ဟာ ... နားကောင်းတာပဲဟာ၊ အကုန်ကြားတာပေါ့၊ ဘာလဲ ... မမခိုက်က ဟန်းဒ်ဖုန်း လိုင်းမကြည်ရင်ဖြစ်သလို တစ်လုံးကြားလိုက် တစ်လုံးမကြားလိုက် တစ်လုံးပေါ်လိုက် တစ်လုံးပျောက်လိုက် ဖြစ်နေမယ် ထင်လို့လား”

“ကဲပါ၊ ကြားရင် ပြီးတာပဲ”

“ကြားတယ်၊ အဲဒီမမစန္ဒီယောက်ျား ဒီလိုအကျင့်စရိုက်ရှိတာနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ယောက်ျားယူရမှာ ကြောက်တာပေါ့၊ ယောက်ျာ
တွေဆိုတာ ဒီလိုဟာတွေချည်းပဲလားလို့ တွေးလိုက်ရင်
သိပ်စိတ်ရှုပ်ပြီး ရင်လေးတယ်"

"ဘာမှမဆိုင်ဘူး၊ ထမင်းရည်ပူလာ လျှာမလွှဲနဲ့နော် မ
ခိုက်၊ အန်ကယ်ကလည်း သဘောတူတယ် ပြောပြီးပြီ"

"အို ... မပြောပါဘူး၊ ဖေဖေက သူ့အနေနဲ့တော့ ဘာ
ကန့်ကွက်စရာ မရှိပါဘူး၊ သမီး ကြည်ဖြူရင် ကျေနပ်
တယ်လို့ အဲဒီစကားလုံးအတိုင်း ပြောတာ"

"မမခိုက် သင်ပေးလိုက်တာလား၊ အလွတ်ရနေပုံထော
တော့ ... ! "

ခိုက်သည် ဘာစကားပဲပြောပြော အူမြူးမဆုံးသ
ဖြစ်နေတဲ့ ပင်လုံ့ကို မျက်စောင်းထိုးမိသည်။ ခုတော့ အခြေအနေ
တွေက လျှပ်တစ်ပြက် ပြောင်းလဲတိုးတက်ပြီးခဲ့ပြီ။ ခိုက်ရဲ့ ခါးခါး
သီးသီး မဟုတ်ဘူးဆိုတဲ့ အနေအထားကို စိမ့်က သူ့အမေကိုတ
ပြ။ သူ့အမေက ညီမဝမ်းကွဲ ဒေါ်တင်တင်ဝေကို စကားသွင်းခိုင
ဒေါ်တင်တင်ဝေတို့ဇနီးမောင်နှံက ခိုက်အဖေထံ အကြိမ်ကြိမ်
ထွက်ကမ်းလှမ်း။ အိမ်ပေါ်တက်လာပြီး ကမ်းလှမ်းဝံ့တယ် ဆို
တည်းက သူ့သမီးနဲ့ တစ်ရံတစ်ရာ အတိုင်းအတာတစ်ခုထော
သိကျွမ်းပတ်သက်ပြီး ဖြစ်ရမှာမို့ ဖေဖေက ခိုက်ကိုပွင့်ပွင့်လင
လင်းမေး။





သိပုံကျွမ်းပုံ အနေအထားတွေကို ခိုက် ရှင်းပြတုန်း
ခိုက်ရဲ့မျက်နှာပေါ်မှာ ဖြစ်ပေါ်နေမယ့် အမူအရာကလည်း ရိုးရှင်း
နေခဲ့မှာမဟုတ်ပါ။ ရှက်စနိုး မျက်နှာမထားတတ်သလိုတော့
အနည်းဆုံးရှိနေမှာ။ နောက်ဆုံးတော့ ဖေဖေက ...

"သမီး ... ကိုယ် လက်ခံနိုင်မယ်ထင်ရင် သံယောဇဉ်ရှိရင်
အလကားနေရင်း အချိန်မဆွဲပါနဲ့၊ သမီးလည်း အချိန်ဆွဲ
သင့်တဲ့ အသက်အရွယ် မဟုတ်တော့သလို ဟိုသူငယ်လေး
ကလည်း သင့်တင့်လျောက်ပတ်တဲ့ အသက်အရွယ်ရောက်
နေပြီ၊ ခါးခါးသီးသီး လက်မခံနိုင်တာလည်း မဟုတ်ဘဲနဲ့
မူယာမာယာများနေပြန်လည်း ကြည့်လို့မကောင်း အမြင်မ
တော်ဘူး သမီးရဲ့၊ မြန်မြန်ဆုံးဖြတ်"

ဒီလိုနှင့်ပဲ ...။

ခုတော့ ပင်လုံဟာ ခိုက်အနား ပြန်ကပ်ခွင့်ရပြီ။
ခိုက်က အပျိုကြီးလေးပီပီ "ချစ်ပါသည်"ဆိုတဲ့ စကားကိုပြောဖို့
ခက်လှသဖြင့် မပြောပါ။

"လောလောဆယ် ယေဘုယျသဘော လက်ခံစဉ်းစားမည်။
လေးငါးလအချိန်ယူပြီး အပြုအမူ အကျင့်စရိုက်တို့ကို
လေ့လာအကဲခတ်မှာဖြစ်ပြီး ဒီအချိန်ကာလအတွင်း လက်
သင့်မခံနိုင်စရာ အနေအထား တွေ့ခဲ့ရင် လမ်းခွဲနောက်
ဆုတ်မှာဖြစ်သည်"

ဆိုတဲ့စကားနဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"မမဟာလေ နည်းနည်းကလေးကို ရစ်ထား ထစ်ထားသေးတယ်၊ ချစ်တယ်ဆိုလည်း ချစ်တယ်ပေါ့၊ လက်ခံတယ်ဆိုလည်း လက်ခံတယ်ပေါ့၊ ဘာမှန်းကိုမသိဘူး၊ ကျွန်တော်ကတော့ ဒီအခြေအနေကို ချစ်သူတွေ ရည်းစားတွေဆိုတဲ့ အခြေအနေလို့ပဲ ယူဆထားလိုက်မယ်"

"အောင်မယ် ... ချစ်သူမဟုတ်သေးပါဘူးနော်"

"မမခိုက်ဘာသာ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ၊ ကျွန်တော်ကတော့ ဟုတ်တယ်"

ဒီတော့လည်း ခိုက်သည် မျက်စောင်းရွယ်ရုံထက် ဘာမှပိုအရေးယူတာ မဟုတ်။ တကယ်တော့ ခိုက်မှာ သူငယ်ချင်းသုံးယောက်ကို ကြည့်တာနဲ့တင် အိမ်ထောင်ပြုရမှာကို တွန့်ဆုတ်ကြောက်ရွံ့နေမိပြန်သည်။ သို့ပေမယ့် ပင်လုံ့ကိုတော့ ရင်ထဲမှာ တိတ်တခိုး တမြတ်တနိုး ဖွဲ့လမ်းချစ်ခင်လှတာကို ဘယ်လိုမှ လိမ်ညာဖျောက်ဖျက်လို့ မရနိုင်ပါ။

"စကားကောင်းကောင်း ပြောနေရင်ကွာ"

"ကျွန်တော်လည်း ကောင်းကောင်းနားထောင်နေတာပဲ"

"စား ... စား ... မြန်မြန်စား၊ အေးကုန်တော့မယ်"

"ပူတာကြီးကို မှုတ်မစားတတ်ဘူး၊ အေးအောင် စောင့်နေတာပဲဟာ"

"မြန်မြန်မပြီးရင် မြန်မြန်မပြန်ရအောင် အချိန်ဆွဲနေတာ မသိရင် ခက်မယ်"





"ပြန်မှာ မဟုတ်လို့ အချိန်ဆွဲစရာကို မလိုဘူး၊ ဒီနေ့ ဒီဒဂုံစင်တာဆိုင်မှာပဲနေမှာ၊ ပြည်လမ်းဆိုင် မပြန်ဘူး"

"အောင်မယ်"

"ဘာဖြစ်လဲ၊ နှစ်ဆိုင်လုံး ကိုယ့်ဆိုင်ပဲ၊ ဘယ်ဆိုင် ကိုယ်နေနေပေါ့"

"အင်း ... အင်း ... စီးပွားဖြစ်ဦးမယ်"

"စီးပွားဖြစ်လို့ နောက်တစ်ဆိုင် ထပ်ဖွင့်တာပေါ့"

"ဟိုဆိုင်က အကြီးကြီးဟာ၊ ပင်လုံ အမြဲရှိရင် ကောင်းမှာပေါ့"

"ဟင့်အင်း၊ မန်နေဂျာလည်း အစကတည်းက ထားထားတာ၊ အခု မလေးတောင် ဝင်ထိုင်ပေးနေတယ်၊ ကျွန်တော် ဒဂုံစင်တာကို လစ်လို့ရအောင်ပေါ့"

"အောင်မယ်၊ ကျုပ်က ဒဂုံစင်တာမှာချည်း နေ့တိုင်းနေမှာ ကျနေတာပဲ"

"တစ်နေ့အတွင်းမှာ တစ်ခေါက်တော့ ရောက်လာနိုင်တာပဲလေ၊ မမခိုက် မလာလည်း ရတာပဲ၊ ကျွန်တော် ဟိုဘက်တွေကို လိုက်တွေ့လို့ရပါတယ်"

"အချိန်ပြည့် လိုက်တွေ့ဖို့၊ စကားပြောဖို့၊ မေးထောက်ပြီး ကြည့်ဖို့တွေချည်း စိတ်ကူးမနေနဲ့၊ အလုပ်ထဲကိုလည်းစိတ်ရောက်ဦး"

"ရောက်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေက ရည်းစားဘဝ ဆိုရင်တော့ သူတို့လော
အနားကပ်ချင်တာ မရှိတော့ဘူးနော်၊ အိမ်ထောင်သည်ဘ
လည်းရောက်ရော မိန်းမအနား မကပ်ရလေ ကြိုက်လေ
ဝေးလေ ကောင်းလေ"

"အဲဒါ ခက်တာပဲ၊ မမ ခေါင်းထဲမှာ မမဘော်ဒါတွေ
မဟုတ်တဲ့ ဩဝါဒတွေ စွဲနေတယ်၊ အဲဒီ မလဲ့တို့ မအိ
မစန္ဒီတို့က ကိုယ့်ယောက်ျားကို ကိုယ် Anti လုပ်ထား
အမျိုးသမီးတွေ"

"မဟုတ်ပါဘူး ပင်လုံရယ်၊ သူတို့ယောက်ျားတွေကို သူ
သိပ်ချစ်တာပါ၊ မ, သိတာပေါ့"

"ချစ်တာသတ်သတ်၊ အမြင်တွေကိုက ဆန့်ကျင်ကန့်ကွ
နေတာက သတ်သတ်"

"ဘာပဲဖြစ်ဖြစ်လေ၊ ယောက်ျားဆိုတာတွေက မကောင်း
အကျင့်စရိုက်တွေ များတယ်"

"ဘာမှမဆိုင်ဘူး ... နော် ... မမ၊ အသက်လေး သုံးဆ
ကျော်ရုံနဲ့ ဆံပင်တွေ ဖြူလာဦးမယ်၊ သိပ်မစဉ်းစာ
ဒီတစ်ယောက်ဆိုးတာနဲ့ နောက်ထပ်အများလည်း ဒီအတိ
လိုက်ဆိုးရမလား မမခိုက်ရဲ့"

"မင်းမှာလည်း မ,သည်းမခံနိုင်တဲ့ အကျင့်ဆိုး ရှိမှာ

"တစ်ခုတည်းပါ ... ဟဲ ဟဲ"

"ဟင် ... ဘာလဲ"





"မမနားကို မမစိတ်ညစ်ရလောက်အောင်၊ ဝေါက်လွှတ်ရလောက်အောင် တကောက်ကောက် လိုက်ကပ်နေမယ့် အကျင့်"

"ဟွန်း"

ခိုက်က ဖြိုးချင်တာကို အောင့်ရကာ မျက်စောင်းရုံကလွဲလို့ ဘာမှမတုံ့ပြန်တတ်။

"ဒါပေမဲ့ ပင်လုံ့ကို မ,ပြောပြီးသားနော်၊ မ,သူငယ်ချင်းတွေရဲ့ အိမ်ထောင်ရေးတွေကို ပင်လုံ ကြည့်ရမယ်၊ လေ့လာရမယ်၊ ဘယ်အချက်တွေဟာ ဇနီးမယားတွေကို စိတ်ဒုက္ခရောက်စေသလဲဆိုတာ ပင်လုံ သိလာအောင် လုပ်ရမယ်၊ ဒါတွေကို ရှောင်နိုင်ဖို့ ပင်လုံ ကြိုးစားရမယ်"

"အာ ... မမခိုက်ကလည်းကွာ"

"မရဘူး ပင်လုံ၊ မ,ရင်ထဲမှာ ခုထိ ချီတုံချတုံစိတ် ရှိဆဲပဲ၊ အချိန်မရွေး နောက်ဆုတ်လိုက်တဲ့ဘက်ကိုလည်း ယိမ်းယိုင်သွားနိုင်တယ်၊ စိတ်ပျက်ကြောက်ရွံ့သွားနိုင်တယ်၊ ဆောင်ရန် ရှောင်ရန်တွေကို ပင်လုံ သိစေချင်တယ်၊ သူတို့ ဘာတွေကို စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ဘယ်လိုဆိုရင် ဇနီးသည်တွေရဲ့စိတ်နှလုံးကို ကြည်လင်ချမ်းမြေ့စေမယ်ဆိုတာတွေ ပင်လုံ့ကို သူတို့က ညွှန်ပြပေးနိုင်တယ်၊ ပင်လုံ့မှာ ဘာတွေလိုအပ်နေတယ် ဆိုတာလည်း သူတို့ ထောက်ပြနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပင်လုံသည် သက်ပြင်းကို ရှူ့မဲ့ရှိုက်ကာ ခေါင်း တဂျစ်ဂျစ် ကုတ်နေမိပါသည်။ တယ်ခက်ပါလား။

"မမခိုက်ရယ်၊ မိန်းကလေးမိဘဆီ အင်တာဗျူးဝင်ရ… မျိုးပဲ ကြားဖူးပါတယ်၊ အခုက ကျွန်တော့်မှာ မိန်းက… ရဲ့သူငယ်ချင်းတွေဆီ အင်တာဗျူးဝင်ရမလို ဖြစ်နေပါလ…

"ဘယ်လိုသဘောမျိုးပဲဖြစ်ဖြစ် မ,ရဲ့ရည်ရွယ်ချက်က … ရှင်းလေးပဲ၊ မ,လက်ထပ်မယ့် ယောကျ်ားဟာ အိမ်ထော… တချို့ကို နမူနာယူပြီး ဆင်ခြင်စရာရှိတာ ဆင်ခြင်… ပြီးသား၊ ရှောင်ရှားစရာတွေ ရှောင်ရှားပြီးသား၊ လိုက်… စရာတွေ နားလည်ပြီးသား၊ ပြည့်ဝနေတဲ့ ယောကျ်ား… ယောက်၊ နားလည်မှုတွေ ရှိနေတဲ့ ယောကျ်ားတစ်ယော… ဖြစ်စေချင်တယ်၊ အဲဒါပါပဲ"

ပင်လုံက ခေါင်းတညိတ်ညိတ် လုပ်နေရာက … တစ်ချက် တွန့်လိုက်ရင်း …

"အိုကေပါ၊ မမခိုက် လုပ်စေချင်တာကို ကျွန်တော်… မှာပါ၊ မမခိုက်ကို ကျွန်တော်က ချစ်တာကိုး"

❖ ❤ ❖

ဘဲလ်နှိပ်ပြီး ခဏစောင့်နေလိုက်ပြီးသော် အ… ကျွန်းတံခါးမကြီးက ပွင့်လာပါသည်။ တံခါးဖွင့်လိုက်သူက … ပင်။





"ဟော … ပင်လုံ၊ လာ … အစောကြီးပါလား"

"ဟုတ်လား၊ စောသွားလား မမလဲ့၊ ကျွန်တော်က ကိုးနာရီလောက်ဆိုရင် အဆင်ပြေတယ်ထင်ပြီး ထွက်လာခဲ့လိုက်တာ"

လဲ့ဝါက သံပန်းတံခါးကို သော့ခလောက်ဖွင့်၍ …ဖွင့်ပေးလိုက်ကာ …

"သူများအတွက် စောဘူး ပင်လုံရေ့၊ အစ်မတို့က ဒီဈေးပိတ်ရက်လေး တစ်ရက်ပဲ နားရတာမို့လို့ ဈေးပိတ်ရက်ဆိုရင် မနက်အိပ်ရာက မထတော့ဘူး၊ အစ်မတောင် ဒီနေ့အဖို့ တမင်စောထတာတောင် ခုလေးတင် အိပ်ရာထဲက ထွက်တယ်၊ ခါတိုင်း ဈေးပိတ်ရက်တွေဆိုရင် ဆယ်နာရီလောက်မှ သားအမိ သားအဖတွေ အိပ်ရာထတယ်၊ ဒီနေ့တော့ ပင်လုံ လာမယ်ဆိုလို့လေ"

"ကျွန်တော့်အတွက်နဲ့ မမလဲ့ အိပ်ရေးပျက်သွားပြီပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲနော်၊ အိပ်ရေးပျက်ရတယ် မမှတ်ပါဘူး၊ အစ်မကိုက ပင်လုံ့ကို စကားသေချာရှင်းရှင်း နီးနီး ပြောချင်တာ"

"စကားလည်း ပြောတာပေါ့၊ မနက်စာပါ စားရအောင် ဒီမှာ ကျွန်တော် ဟင်းနည်းနည်း ဝယ်လာတယ်"

"ဟာ … ပင်လုံကလည်း ဘာလို့ဝယ်ရတာလဲ၊ အားနာဖို့ကောင်းလိုက်တာ၊ အိမ်ရှင်က ကျွေးရမှာကို၊ ပင်လုံ့ကို

www.burmeseclassic.com



ထမင်းကျွေးဖို့ဆိုပြီး ဟင်းတွေတောင် ညကတည်းက မွှ
ဖွယ်ရာရာ စီစဉ်ထားတာ၊ အိမ်ကကောင်မလေး နော်
က တုံ့နေးနေးနဲ့မို့ အခု ချက်ပြုတ်ကူဖို့ ထ,လာတာ

ပင်လုံက လက်ထဲက ငါးဆင့်ချိုင့်ကြီးကို လှ
လက်ထဲ ကမ်းလိုက်ပါသည်။

"ဟယ် ... လေးလိုက်တာ၊ ဘယ်နှမျိုးတောင် ဝယ်လာ
ပင်လုံရယ်"

"ငါးချိုင့်ပါနေတော့ ငါးမျိုး ဝယ်လာလိုက်တာ"

"အမယ်လေး ... ဟင်းတွေ များနေပြီ၊ အိမ်မှာလည
လေးငါးမျိုး၊ ပင်လုံကလည်း ဘာဖြစ်လို့ ဝယ်လာရတာ
အစ်မတို့က ညှော်သည်ကို ကျွေးရမယ့်ကိစ္စကို"

အိမ်နေရင်း စပန့်ဂါဝန်ပွပွနှင့် ဆံပင်တွေစုခေါ
တင်ထားတဲ့ မလှဲ့ဝါ ပုံစံက သွက်လက်ပေါ့ပါး ဖျတ်လတ်
သည်။ ပင်လုံ့ချိုင့်ကို မီးဖိုထဲဝင်ကာ တစ်ပန်းကန်ပြီး တစ်
ကန် လှယ်ထည့်ရင်း ပင်လုံ့ကိုလည်း စကားပြောမပျက်။

"မမလှဲ့ ဒီနေ့ ဈေးပိတ်ရက်နော်"

"ဟုတ်တယ်လေ၊ ဒါကြောင့် ဒီရက် ချိန်းလိုက်တာ
ခိုက်က သူလည်း လိုက်လာမယ် လုပ်သေးတာ၊ အစ်
မလိုက်လာနဲ့လို့ ပြောလိုက်တယ်၊ သူပါရင် ပင်လုံ
စကားလွတ်လွတ်လပ်လပ် ပြောဆိုလို့ ရမှာမဟုတ်
ဘူးလေ"





ပင်လုံက သွားတက်ကလေးပေါ်အောင် ရယ်ရင်း ...

"ဘာတွေပြောမှာလဲလို့ ရင်တွေတုန်ပြီး ကြားချင်နေပြီဗျ၊ ကျွန်တော်က မမခိုက်ရဲ့ မိသားစု ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်း အားလုံးနဲ့ ရင်းနှီးခင်မင်ချင်တာပါ၊ ကျွန်တော့်ကိုလည်း မောင်တစ်ယောက်လို သဘောထားပါ မမလှဲ့"

"အေးပေါ့ ... ပင်လုံက ငယ်နေတော့ မောင်ပဲပေါ့၊ ထွေထွေ ထူးထူးကြီးတွေ စကားကြီး စကားကျယ်တွေပြောဖို့လည်း မဟုတ်ပါဘူး ပင်လုံရယ်၊ ခုမှစသိကြတော့ ရင်းနှီးမှုလေးလည်း တည့်ဆောက်ရင်းပေါ့ ...

နောက်တစ်ခုက ပင်လုံ အိမ်ထောင်မပြုခင်မှာ ကိုယ့်ပတ်ဝန်းကျင်က ရင်းနှီးတဲ့ အိမ်ထောင်သည်တွေရဲ့ အိမ်ထောင်ရေးတွေမျိုးစုံကို လိုက်လေ့လာဖို့လိုတယ်၊ ကိုယ်တိုင်လည်း မိသားစုတစ်စုထဲမှာ နေနေတဲ့အတွက် ကိုယ့်မိဘရဲ့ အိမ်ထောင်ရေးကိုတော့ မြင်တွေ့နေရမှာပေါ့လေ၊ ဒါပေမဲ့ ကိုယ်နဲ့အသက်အရွယ်မတိမ်းမယိမ်း၊ ကိုယ်နဲ့ Generation တစ်ခုတည်းက အိမ်ထောင်တချို့ကို သေချာဂရုစိုက်လေ့လာသင့်တာ၊ ဒါမှ ကိုယ့်အတွက် ဆောင်ရန်တွေ ရှောင်ရန်တွေ ပြင်လာနိုင်မယ်"

ပင်လုံက မီးဖိုအဝမှာပဲ ရပ်နေကာ လှဲ့ဝါ လုပ်ရင်းရင်း စကားပြောနေတာကို နားထောင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင့် ဟော့ထ်ပလိတ်က ကွိုင်တစ်ခွေ ပျက်နေ
ဟာကို ခုထိ မပြင်ရသေးဘူး၊ နင် ဒါနဲ့ပဲ စိတ်အေးလ
အေး ချက်နေသလား ဟုတ်လား၊ ထမင်းအိုး ပြမသွားဘ
လား"

"မပြပါဘူး မမ"

"ဟိုအပတ်ကတည်းက ပျက်နေတာ၊ ငါ နင့်ကိုမှာခဲ့တယ
နင့်ဦး မာတ်ဆီထည့် ထွက်ရင်းနဲ့ဖြစ်ဖြစ်၊ တုတုကို မ
ပို့ရင်းဖြစ်ဖြစ် ထည့်ပေးလိုက်လို့၊ ဆိုင်က ကားနဲ့သွားရ
တစ်ခါတည်း ပြင်ခဲ့နိုင်အောင်၊ နင် မပြောဘူးလား၊ က
ပေါ်လိုက်မတင်ပေးဘူးလား"

"ဟိုတစ်နေ့က တစ်ခါတော့ ပြောတယ်"

"ပြောမယ့်သူကလည်း သတိမရ၊ သတိမရရအောင် နင
ဒါနဲ့ချက်နေတာ၊ မီးအားမကောင်းလို့ အကြာကြီးဖြစ်
မှာ၊ နင်ပဲ လက်တွေ့အသိဆုံး၊ တစ်ပတ်လုံး ဂက်စ်နဲ့
ချနေတာပေါ့ ဟုတ်လား"

"ဟုတ်"

"ယူသွားပြီး ပြင်ပေးရမယ့်သူကလည်း ဟော့ ... တင်ပေ
လိုက်လို့ တစ်ခွန်းမပြော၊ သူလည်း သယ်မသွား၊ သူ့လည
ငါ မှာထားတာပဲ၊ လုံးဝသတိမရ ဝိရိယမရှိ၊ ငါမှသတိ
ပေးရင် ဘယ်သူမှ ဘာမှမလုပ်ကြနဲ့တော့၊ သိပ်ကောင
တယ်"





ဤလိုကိစ္စများဟာ နိစ္စဓူဝ လှဲ့ဝါ မြည်တွန်တောက်
တီးနေရတဲ့ကိစ္စများပင်။

"ကဲ ... ဂက်စ်မီးဖို ဖွင့်တော့လေ၊ ဒါနဲ့ချက်နေလို့ ဘယ်
ပြီးတော့မလဲ"

"ဂက်စ် ကုန်နေလို့ အစ်မ"

"ဘာ"

"ဂက်စ် ကုန်သွားလို့"

"ဘယ်တုန်းကလည်း"

"မနေ့ကညနေ ထမင်းအိုးတည်တုန်း ကုန်သွားတာ"

"ဒါဆိုရင် နင် ငါ့ကို ငါပြန်လာတဲ့ ငါးနာရီခွဲမှာ ဘာဖြစ်
လို့ မပြောလဲ၊ သူတို့ ဂက်စ်ဆိုင်က ညရှစ်နာရီအထိဖွင့်
တယ်"

"ကျွန်မ မေ့သွားလို့အစ်မ"

"နင်ထမင်းစားဖို့ကျ နင်မေ့လား၊ ကျန်တာအားလုံးကို
ဟိုမေ့ ဒီမေ့နဲ့ တောက် ...၊ အိမ်မှာ ပစ္စည်းကုန်နေပြီး
အချိန်မီထပ်မဝယ်ထားနိုင်တာကို ငါ မကြိုက်ဘူးဆိုတာ
ပြောလွန်းအားကြီးလို့ နင် အလွတ်ရနေပါပြီ၊ နင့်တာဝန်
က ကုန်ပြီ အစ်မလို့ သတိပေးရုံပါ၊ ဒါကို ဝယ်ဖြစ်အောင်
စီမံဖို့နဲ့ ဝယ်စရာငွေရှာဖို့ ငါ့မှာတာဝန်ရှိသေးတာ၊ ကုန်
နေပြီ တစ်ခွန်းပြောဖို့ ဘာမှမခက်တဲ့ တာဝန်ကိုတောင်
နင်တို့ မကျေနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



လဲ့ဝါသည် သူ့နောက်ကျောမှာ ပင်လုံ ရှိနေတာကို ပင် မေ့သွားပြီ ဖြစ်ပုံရပါသည်။ ဂက်စ်မီးဖိုကို သွားဖွင့်ကြည့်နေ ကာ တောက်တခေါက်ခေါက်။ မီးတောက်က ထမလာ။ တကယ် ဂက်စ်ကုန်နေပြီ။

"တောက် ...၊ ငါ ချက်မယ် စဉ်းစားထားတဲ့ ဟင်းမည် တွေက အများကြီး၊ ဒါ ... အခု ထမင်းအိုးနဲ့ အရည်ဟင်း ပဲ ပြီးသေးတာပေါ့ ဟုတ်လား၊ ကိုးနာရီခွဲနေပြီလေ"

လဲ့ဝါ အသံဟာ ဒေါသနှင့် ပိုပိုကျယ်လောင်လာ သည်။

"လိုတဲ့ပစ္စည်း လိုတဲ့အချိန်မှာ မရဘဲ မရှိဘူး ကုန်နေတယ် ဆိုတာလောက် ငါ ဒေါသဖြစ်တာ မရှိဘူး"

"မမလဲ့"

"ဟင် ... ပင်လုံ၊ ဆောရီးပဲ၊ ဒေါသတွေဖြစ်ပြီး ပင်လုံ ဒီနားရပ်နေတာတောင် မေ့ပြီ"

"မမလဲ့ ... ဟင်းတွေ ထပ်ချက်မနေပါနဲ့တော့၊ ညနေစာ ကျမှ ချက်ပေါ့၊ ခုတော့ ကျွန်တော် ဝယ်လာတဲ့ဟင်းနဲ့ပဲ စားလိုက်ကြရအောင်ပါ၊ အတော်ပဲ ... ကျွန်တော်က အရည်ဟင်း မပါဘူး၊ မမလဲ့တို့အိမ်မှာ အရည်ဟင်းက ကျက်နေပြီ၊ လာပါ မမလဲ့၊ ဝရန်တာဘက် ထွက်ပြီ အသက်လေး ပြင်းပြင်းရှူ၊ ဘာမှမလုပ်ပဲ ဆယ်မိနစ်လောက် ထိုင်နေလိုက်၊ အိမ်မှာ မာမီဒေါသတွေ ကြီးနေရင် ကျွန်တော် အဲလိုလုပ်ခိုင်းလိုက်ရင် သက်သာသွားရော"





"ညှော်သည်ရဲ့ဟင်းတွေနဲ့ပဲ ကပ်စားရမယ်လို့ကွယ်"

"ညှော်သည်လည်း မဟုတ်ပါဘူး မမလဲ့ရယ်"

"ဒီဟာမကိုလည်း ဒေါသဖြစ်ရတာ ငါ့ရုပ်ကျတယ်၊ နေ့စဉ် နဲ့အမျှပဲ"

ပင်လုံက အံကြိတ်ပြောနေတဲ့ မလဲ့ဝါ ပုံစံကို ရယ် ရသည်။

"ဘာတစ်ခုမှ ခေါင်းထဲမှတ်မှတ်ရရ မထားဘူး၊ စိတ်က လေလွင့်နေတာပဲ၊ ဘာပြီးရင် ဘာလုပ်ဖို့ရှိတယ်၊ ဘာလေး လုပ်ဖို့လိုသေးတယ်၊ ဘယ်အချိန်မှာ အစ်မ ဘယ်သွားမှာ မို့ ဘာအမိလုပ်ရမယ် ဆိုတာတွေ ဘယ်တော့မှ သတိလေး နဲ့ယှဉ်ပြီး မှတ်မှတ်သားသား မလုပ်ဘူး၊ အမြဲသတိလက် လွတ်"

"ဒါကြောင့်လည်း သူတို့ သူများအိမ်မှာပဲ အလုပ်ဝင်လုပ် နေရတာပေါ့ မမလဲ့ရယ်၊ ဒီထက်တော်ရင် ရုံးမှာလုပ်မှာ ပေါ့ ... ဟား ဟား"

"ပင်လုံ ရှိနေလို့၊ နေဦး ... အစ်မ ဂက်စ်ဆိုင် ဖုန်းဆက်လိုက် ဦးမယ်"

လဲ့ဝါက အိမ်ရှေ့ထွက်ကာ ဂက်စ်အိုးမှာယူတဲ့ဆိုင် ကို ဖုန်းဆက်သည်။

"နေ့လယ်နှစ်နာရီမှ ရောက်မယ်တဲ့၊ သူတို့လည်း ချက်ချင်း ဘယ်လိုက်ပို့နိုင်မလဲ၊ ဆယ်ဦးလောက်ရှိမှ တစ်ကြိမ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပို့နိုင်တာပေါ့၊ ဆီဖိုးကလည်း ရှိသေးတော့ ခုမှာ ခုပို့မလုပ်နိုင်ဘူးပေါ့၊ အဲဒါကြောင့် အစ်မက ကုန်ရင်ချက်ချင်းပြော ချက်ချင်းပြော မှာတာ"

"မမလဲ့တို့ တစ်လ ဘယ်လောက်ကုန်လဲ"

"ဆိုင်ကအခေါ် ရှစ်ပိဿာအိုးဆိုတဲ့ဟာကို တစ်လ နှစ်အိုးလောက် လဲရတယ်"

"အား ... များလိုက်တာ မမလဲ့ရ၊ လူက လေးယောက်တည်းကို"

"ဟုတ်ပ ပင်လုံရေ၊ များမှန်းသိတယ်၊ ကိုယ်က မီးဖိုထဲအချိန်ပြည့် ဝင်နိုင်တာမှ မဟုတ်တာ၊ ဈေးသွားနေရတာ၊ နော်ဖော့ သဘောရှိ ဖြစ်နေတာ"

"ရေနွေးအိုးကို ဂက်စ်နဲ့ကျိုပြီး ရေနွေးတွေက ဆူလို့၊ သူတို့က မီးဖိုထဲမရှိ တခြားမှာ၊ မီးမပိတ် ခတ်ဘူးထဲမဖြည့်၊ ဂက်စ်တွေ ဒလဟောဖြုန်းနေတာမျိုး ဖြစ်မှာပေါ့၊ ဂက်စ်အိုးကို ဖွင့်ရင်လည်း ခလုတ်ကို တဆုံးတင်တာ၊ မီးပြင်းတိုင်း ဟင်းက စားကောင်းတာ မဟုတ်ဘူး၊ ဂက်စ်တွေက တအားကုန်တာပေါ့၊ သူတို့ဖွင့်ထားတဲ့ မီးဖိုကို ပြန်ပိတ်ကြည့်ရင် ခလုတ်ကို လှည့်ပိတ်လို့ကို မဆုံးတော့ဘူး"

"ကြည့်စမ်း ... ပင်လုံက ဒါတွေသိသားပဲ"

"သိတာပေါ့၊ ကျွန်တော်က အိမ်မှာ ကောင်မလေးတွေကို ဝင်အော်နေရတာပဲ၊ မာမီက ဒါတွေပြောရင်း ဒေါသဖြစ်





ရင် သွေးကတိုးတယ်၊ မလေးကကျတော့ မပြောရဲဘူး၊ ကိုယ့်အိမ်က အိမ်ဖော်အလုပ်သမားအပေါ်တောင် မလေးကအားနာတယ် ကြောက်တယ်၊ မလေး ကြည့်ပြောဦးဆိုရင် လေသံလေး ညှောင်နာနာနဲ့ နင်တို့ကလည်းဟယ် ဆိုတာကလေးပဲ စ,ရသေး ဟိုဟာတွေက တစ်ခွန်းပြီးတစ်ခွန်း စောဒကတက်ကြ ဆင်ခြေလဲကြ အော်ဟစ် လုပြောကြတော့ မလေးပဲ အဆူခံရသလိုဖြစ်ပြီး မီးဖိုထဲက ထွက်လာတာ ...

ကျွန်တော်က မရဘူး၊ ကောင်းကောင်းလည်း သင်တယ်၊ အော်ဟစ်ပြီးလည်း ဆူတယ်၊ မာမီနဲ့ မလေးမလုပ်ရင် ကျွန်တော် လုပ်ရမှာဖြစ်နေတယ်လေ၊ ဒက်ဒီကရေခဲတုံး၊ မကြီးရှိတုန်းက မကြီးက ချော့တစ်ခါ ခြောက်တစ်လှည့်ရတယ်၊ အခု မကြီးမှမရှိတာ ကျွန်တော့်တာဝန်ပေါ့"

လဲ့ဝါမျက်လုံးတွေက ပင်လုံ့ကို တအံ့တဩတောက်ပစွာကြည့်နေရင်း ...

"ပင်လုံ ... ရှင် ရောက်လာတာ ဆယ့်ငါးမိနစ်မပြည့်ခင် ရှင့်ကို အမှတ်နှစ်မှတ် ပေးလိုက်ပြီ"

"ဘာတွေလဲ မမလဲ့ ... ဟား ဟား"

"တစ်က တွန့်တိုကပ်စေးနည်းတာ မရှိဘူး၊ ယောက်ျားဖြစ်ပြီးတော့ ကုတ်ကတ်သတ်ပြီး ဘယ်သူကတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်စားသွားလို့ ဘယ်သူကတော့ အချိုးချထည့်ဖို့ကို ဘယ်လောက်ပဲထည့်တယ်၊ သူများပြီး ငါနည်းပြီ၊ မိန်းမ တစ်ခုခုဝယ်ရင် ဈေးများလိုက်တာ စသဖြင့် ပစိပစပ်များ ပြီး ကုတ်စေးတဲ့ ယောကျ်ားတွေ ရှိကြတယ်၊ ပရမ်းပတာ လက်ဖွာတာ မကောင်းပေမယ့် ကုတ်စေးကတ်စေးဆိုရင် အစ်မက အမြင်ကတ်တယ်၊ မိန်းမကို မသထာတဲ့ယောကျ်ား တွေဆိုရင် အရွံဆုံးပဲ၊ ဟင်းဝယ်လာတာ ကြည့်ခြင်းအား ဖြင့် ပင်လုံဟာ လူမှုရေးသိပြီး ကတ်စေးလည်း မနည်းတာ သိရတယ်၊ လက်မဖွာဖို့ပဲ ကြည့်ရမယ်”

“ကျွန်တော် လက်မဖွာပါဘူး၊ တန်တန် မတန်တန် ကြိုက်လို့ မျက်စိမှိတ်ဝယ်တယ် ဆိုတာမျိုးလည်း မရှိဘူး၊ လိုအပ်လား စဉ်းစားတယ်၊ လိုအပ်တယ် ဝယ်သင့်တယ် ထင်ရင် မနှမြောဘူး၊ ပြီးတော့ သူများကျွေးတာချည်းပဲ မေးကပ်မစားချင်ဘူး၊ ကျွန်တော် အမြဲစဉ်းစားတာက တစ်ဖက်လူဟာ ကိုယ့်လောက် အဆင်ပြေရဲ့လားဆိုတာ ကိုယ်ပို အဆင်ပြေရင် ကိုယ်က အကုန်ခံသင့်ပါတယ် အညီအမျှတွက်နေလို့ ဘယ်ရမလဲ ...

ဒါပေမယ့် ကျွန်တော့်ဆိုင်မှာဆိုရင် သိန်းချီအထိ တန်တဲ့ ကောင်တွေ Jean တွေ ရှိပါတယ်၊ ကျွန်တော်က သာမန်အသင့်အတင့်ဝတ်စုံပဲ ဝတ်တယ်၊ ကိုယ်တတ်နိုင် တာပဲဆိုပြီး မဝတ်ဘူး”





“ပင်လုံက အားလုံးကို စဉ်းစားပြီးမှ လုပ်တဲ့သဘောပဲ၊ အဲဒါလည်း ကောင်းတဲ့အချက်ပဲ၊ လူမှုရေးကျေညက်ပြီး စေးမနည်းဘူး၊ နောက် အိမ်မှုကိစ္စတွေပါ အောက်သက် ကြေကြေသိတယ်၊ အစ်မရဲ့အဖေဆိုရင် အမေက ဘာမှ အောက်သက်မကြေလို့ အပြစ်တင်ရင် ငါယောကျ်ား ငါ ဒါတွေမသိဘူးလို့ အမြဲပြောလေ့ရှိတာ၊ အဲဒီစကားကို သိပ် မုန်းတာပဲ ...

ဒါဟာ တာဝန်ယူတတ်မှု၊ တာဝန်သိမှု၊ ထိုးထွင်း မြင်မှုတွေပါ၊ ကျားပဲဖြစ်ဖြစ် မ,ပဲဖြစ်ဖြစ်၊ ခေါင်းတလုစ် လှစ်ပြေးနေတဲ့လူတွေဟာ ဒါတွေအားလုံးကို သိတယ်မြင် တယ်၊ ဝင်မပြောရင်သာရှိမယ် သိနေရမှာပေါ့၊ မသိတာဟာ သတိလက်လွတ် အမှုမဲ့အမှတ်မဲ့နေလို့၊ တုံးလို့မသိတာ၊ တချို့ယောကျ်ားတွေက သူတို့တုံးတိုင်း မသိတိုင်း ဒါတွေ လိုက်သိလိုက်မြင်နေရင် မိန်းမဆန်တယ် ...

အဲသလိုကဲ့ရဲ့သူရှိတော့ တချို့ယောကျ်ားတွေ ကိုယ့် မိန်းမကို သိတတ်ချင် ကူညီချင်တာတောင်မှ အပေါင်း အသင်း ကဲ့ရဲ့တာခံရမှာကြောက်လို့၊ နားမလည်ချင်ယောင် ဆောင်ပြီး အချောင်ခိုတတ်တယ်၊ ကိုယ်ထားချင်တဲ့စိတ် ထားကို ဖြောင့်ဖြောင့်မထားရဲဘူး၊ ရှင်းရှင်းမတွေးတတ်တာ ပေါ့ ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုး နိုင်ငံခြားမှာ အထူးသဖြင့် အနောက်နိုင်ငံပေါ့၊ အမေရိကန်တို့ အင်္ဂလန်တို့မှာ မရှိဘူး၊ ယောက်ျားက အဝတ်လျှော်ရရင်လည်း ဘာမှမထူးခြားဘူး၊ ဒါသူ့စိတ်နဲ့ဆိုင်တယ်၊ သူက မိန်းမလုပ်ရမှာကို ငါ လုပ်နေရတယ်ထင်ရင် ဒါကို အောင့်သက်သက် ဖြစ်နေတော့မှာပဲ၊ စိတ်နဲ့ဆိုင်တယ်၊ ဟိုမှာယောက်ျားက Break fast ပြင်တယ်၊ အဝတ်လျှော်ပေးတယ်၊ ဘာမှမဖြစ်ဘူး ...

မြန်မာပြည်မှာက ယောက်ျားကိုအိမ်ဦးခန်းမှာ သခင်ကြီးလုပ်ပြီး ထားရမယ်ဆိုတဲ့ ရှေးရိုးစွဲကြီး စွဲနေတယ် မရှိသေးဘူး မဟုတ်ဘူးလေ၊ ရှိသေးမှာပေါ့၊ ဒါပေမဲ့ ဘယ်သူမှ သခင်မဟုတ်၊ ဘယ်သူမှ ကျွန်မဟုတ်ဘူးလေ၊ ကိုယ့် ပိုက်ဆံပေးခိုင်းတဲ့ အလုပ်သမား အိမ်အဖော်အပေါ် တောင် ကိုယ်က သခင်လုပ်ခွင့် မရှိဘူး၊ မိသားစုအပေါ် ဆိုရင် ပိုတောင်လုပ်ခွင့်မရှိဘူး ...

တစ်သားတည်း အခွင့်အရေးတန်းတူ ဖြစ်ရမယ် ဒါပေမဲ့ မြန်မာမိသားစုထဲမှာ "နင်တို့အဖေဖို့ အသားတုံး အသည်းတုံး သီးသန့်ခပ်ထား"ဆိုပြီး ကျန်တဲ့လူ အရိုး အသား မျှကိုက်ရတဲ့ အကျင့်စွဲနေတယ်၊ လင်နဲ့မယားမှာ လင်က ဦးစားဖျားစား၊ မယားက အရိုးအရင်းစားဆိုတဲ့ အကျင့်ကြီးပါနေတယ်၊ အဲဒါလင်ဖြစ်သူက နိုင်းတာ လည်း မဟုတ်ဘဲနဲ့ မယားဖြစ်သူကိုက ရှေးရိုးစွဲနေတာ





ကျွေးချင်တဲ့ စေတနာကိုကလည်း ရှိနေတာ၊ ကျွန်တော်တို့ ယောက်ျားတွေ လင်တွေကကော ကိုယ့်မယားအပေါ် ဒီ စေတနာ မထားနိုင်တော့ဘူးလား အစ်မ၊ ထားနိုင်ရမှာပေါ့"

"ပင်လုံ၊ ကျုပ် ဝမ်းသာလိုက်တာဟယ်၊ ကြက်သီးတွေ တောင် ထလိုက်တာ၊ ငါတို့မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ ဒီလိုယောက်ျားတစ်ယောက် ရှိနေတာတောင် ဂုဏ်ယူလှပါပြီ"

"ခုနောက်ပိုင်း အမြင်ကျယ်လာ ခေတ်မီလာ ... ကမ္ဘာမှာ မိန်းမတွေပါ ယောက်ျားနဲ့ ရင်ဘောင်တန်းလာ ရှေ့တန်းရောက်လာ တခြားနိုင်ငံတွေကိုလည်း ချက်ချင်းလှမ်းမြင်နိုင်အောင် အစစ တိုးတက်ထွန်းကားလာတော့ မိန်းမတွေဟာ သူတို့လည်း စီးပွားရေး အိမ်ထောင့်တာဝန်ယူလာကြပြီး အိမ်တွင်းမှုတွေ မီးဖိုချောင်တွေမှာပဲ ကိုယ့်ဘဝကို Sacrifice မလုပ်လိုတော့ဘူး၊ ကိုယ်က ရှေ့တန်းကိုမျှဝင်သလို ယောက်ျားကိုလည်း နောက်တန်းကိုမျှ ဝင်စေချင်လာတယ်"

"အဲဒါဟာ အဲဒီယောက်ျားကို ပန်းကန်ဆေး အိုးတိုက်ရမယ်၊ လက်နှီးကြီးကိုင်ပြီး ထမင်းအိုးငှဲ့ရမယ်ရယ်လို့ မဟုတ်ပါဘူး ပင်လုံရယ်၊ တစ်ချက်လောက် ငဲ့ကြည့်ပြီး နှုတ်အားဖြင့်ဖြစ်စေ စောင်မရင်ပဲ တို့မြန်မာအိမ်ရှင်မတွေက အတော်ကျေနပ်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ဗျ ... ကျွန်တော်တို့ ယောက်ျားအများစုက အကျင့်ပါသွားမှာ ကြောက်လို့နဲ့တူတယ်၊ ဆုတ်ကန်ဆုတ်ကန် လုပ်နေကြတယ်၊ မိန်းမကိုတော့ မချစ်လို့ မကြင်နာလို့ မဟုတ်ဘူးပေါ့ဗျာ၊ ဝင်ပြီးရင် ပြန်ထွက်လို့မရတော့မှာစိုးလို့နဲ့တူပါရဲ့ ... ဟား ဟား ဟား"

"ဟုတ်ပါ့ ... ပင်လုံရေ ... ဟား ဟား"

"အကျင့်ဆိုတာ ပါတတ်တယ်လေ၊ ခုပဲ မိန်းမတွေကိုကြည့်ပါလား၊ အကျင့်ပါနေရတာ၊ အကျင့်မပါချင်လည်း ပါနေရတာ၊ ရှေးတုန်းကတည်းက စွဲခဲ့တဲ့ အကျင့်က ခုထိဖျောက်မရတာ ကြည့်ပါလား မမလဲ့"

"အေးလေ"

"ယောက်ျားတွေကလည်း ဒါကိုမြင်နေမှာပဲ၊ သူတို့ စ... လိုက်ရင် အကျင့်ပါသွားပြီး နောင်အနှစ်ငါးဆယ်တင်... မှာ မိန်းမတွေ အပြင်ထွက် အလုပ်လုပ်၊ မိန်းမဖို့ ကြ... အသည်းတုံးလေး ဦးဖယ်ထား၊ မိန်းမသွားခါနီး ဖိနပ်ထု... ပေး၊ ညောင်းလိုက်တာယောက်ျားရာဆိုရင် မိန်းမကို... ပေး၊ မိန်းမက အလုပ်ကပြန်လာရင် အိမ်ရှေ့ဒရင်းဘ... မှာ စီးကရက်လေးခဲပြီး အပန်းဖြေပြီး မှိန်းနေတ... ယောက်ျားက ရေလေးတစ်ဖန်ခွက်ခပ်ပေး၊ ယောက်... ငါ ဒီညနည်းနည်းချမယ်ကွာ၊ အမြီးလေး ဘာရှိလဲဆို... ဝက်ခေါင်းသုပ်လေးပြေးဝယ်၊ ငါးမုန့်လေးကြော်ပေး၊ ဘီ...





ပုလင်းလေး ရေခဲသေတ္တာထဲထည့်ထားပေး၊ ယောက်ျားရေ ကျုပ်ရဲ့ဟိုဖိုင်တွဲလေး ရှာစမ်းဆိုရင် ကုပ်ကုပ် ကုပ်ကုပ်နဲ့ရှာ၊ ညကျ တီဗီကတစ်လုံးတည်းရှိရင် ယောက်ျားဘောပွဲပိတ်စမ်းပါ၊ ငါ ဒီမှာ ကိုရီးယားကား အရေးကြီးနေလို့ဆိုပြီး မိန်းမက ဗိုလ်ကျ၊ ယောက်ျားက သားနဲ့သမီးကိုလွယ်အိတ်တွေစစ်၊ ခဲတံချွန်ပေး စာတွေမေး၊ ကျောင်းကမိဘခေါ်ရင် ယောက်ျားပဲ ထီးလေးချိုင်းကြားညှပ်ပြီးလိုက်"

"ဟား ဟား ဟား ... ပင်လုံရယ် တော်ပါတော့၊ ကျုပ်ဗိုက်တွေအောင့်လှပါပြီဟယ်၊ ဒီလောက်ကြီး မရယ်ရတာကြာလှပါပြီ၊ တကယ်ပဲ အူတွေတောင် ခေါက်ကုန်ပြီထင်တယ် ပင်လုံရယ် ... ဟား ဟား ဟား"

လဲ့ဝါမှာ ရယ်ရလွန်း၍ ဗိုက်တွေနှိပ်ပြီး မျက်ရည်ထွက်လာပါသည်။ ပင်လုံ့ကိုလည်း တစ်ထိုင်တည်း ...င်မင်သွားတော့တာပင်။

"အဲဒီလိုများ ဖြစ်သွားရင် အဲဒီဘဝကြီးထဲက ပြန်ရုန်းမထွက်နိုင်ပဲ အကျင့်ပါသွားမှာ ကျွန်တော်တို့ ယောက်ျားတွေက အသေကြောက်ကြတာပေါ့ မမလဲ့ရ"

"ရှင်တို့ယောက်ျားတွေက တကယ်တော့ လူလည်ကြီးတွေပါကွာ"

"ဘာချို့မိန်းမတွေကျတော့လည်း တစ်ဖက်က လူလည်ကျချင်လာအောင် တောင်းဆိုချက်တွေက အများသားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ပါးစပ်ကလေးနဲ့ပဲ ပြီးနေကြရတာပါ ပင်လုံရယ်၊ တကယ်တမ်း အစ်မတို့မိန်းမတွေဟာ တစ်ဖက်စောင်းနင်းနဲ့ မနိုင်ဝန် ထမ်းရလှပါတယ်၊ မိန်းမဆိုတာ ခန္ဓာကိုယ် တည်ဆောက်ပုံကိုက ယောကျ်ားထက် အားနွဲ့ပါတယ်"

"တကယ်တော့ မိသားစုတစ်စုမှာ အမေဖြစ်သူကို ယောကျ်ားတို့ သားတို့က ဝိုင်းပြီး ဦးစားပေး အရေး… ပြီး သခင်မကြီးလို ထားသင့်တယ်"

"ဟား ဟား … ရှင် နည်းနည်းများ ငေါ့ပြီး ရွဲ့ပြောလ… သလား ပင်လုံ"

"မဟုတ်ဘူး မမလှဲ့ရ၊ တကယ်ပြောတာလေ၊ မိန်းမ… ဒီမိသားစုတစ်ခုလုံးအတွက် အရေးကြီးဆုံး အပင်ပ… အဆင်းရဲဆုံး အန္တရာယ်အများဆုံးဖြစ်တဲ့ သားမွေးခြင်း… တဲ့ တာဝန်ကြီးကို ဘယ်သူ့မှ မျှလို့မရဘဲ တစ်ယော… တည်း ကျုံးရုန်းဒဏ်ခံခဲ့ရပြီးပြီလေ၊ ကိုယ့်မိန်းမကို ဘ… လောက်ချစ်ချစ် ဘယ်လောက်ပဲ ညှာချင် ညှာချင်၊ ဒီတာ… ကို ယောကျ်ားတစ်ယောက်က ခွဲဝေယူပေးလို့ မရပါဘူ… သေစရာရှိလည်း ဝင်သေပေးလို့ မရပါဘူး၊ ကိုယ်တော… မယူရတဲ့တာဝန်တစ်ခုကို သဘာဝအရ၊ ကိုယ့်ရဲ့မိန်းမ… သက်စွန့်ဆံဖျား ခွဲသတ္တိရှိရှိနဲ့ တာဝန်ယူခဲ့ပါလား ဆို… ကို တွေးကြည့်ရမယ်၊ လူသားမျိုးဆက် သားတွေ သမီး… ကို မွေးပေးရတဲ့ ဒီဇနီးသည် ဒီမိန်းမကို အစစဦးစား… ရမယ် မဟုတ်လား"





"မိန်းမတွေဟာ အဲသလောက်ထိ တွေးပေးဖို့အထိတောင် မျှော်လင့်မထားပါဘူး ပင်လုံရယ်၊ အထိုက်အလျောက် သိတတ်မှုလေးပေးရင် ငဲ့ညှာမှုလေးပေးရင် တော်ပါပြီ၊ ကျေနပ်နေကြမှာပါ"

ပင်လုံက သွားတက်လေးနှင့် ပြုံးကာ …

"မငိုလိုက်နဲ့ဦးနော်"

"အေး … ကျုပ်က ငိုတောင် ငိုချင်လာတာ"

"နေဦး … အခု ထမင်းစားဖို့လည်း စောနေသေးတယ်၊ အစ်ကိုတို့တောင် မနိုးသေးဘူးဆိုတော့ ဟော့ပလိတ်ကို ယူသွားပြီး ကျွန်တော် ကျိုင်သွားပြင်ပေးမယ်"

"ဒီနားမှာ ဆိုင်မရှိဘူး ပင်လုံရဲ့"

"ကားနဲ့သွားလိုက်မှာပေါ့၊ ခုလည်း ဘာအိုးမှ ချက်စရာမှ မရှိသေးတာ၊ အားနေတာပဲ ကျွန်တော် သွားပြင်လိုက်ပါ့မယ်"

လှဲ့ဝါ မျက်နှာက ပုပ်စပ်စပ် ဖြစ်လာကာ …

"မသွားနဲ့၊ ဟုတ်တယ်၊ ဒေါ်ကို ကန်တယ်၊ သင်းကိုသွားပြင်ခိုင်းထားတာ တစ်ပတ်ရှိပြီ၊ ဘာမဆို အမှုမဲ့ အမှတ်မဲ့၊ မေ့တာနဲ့ လျော့တာနဲ့၊ တာဝန်ကိုမဲ့တယ်၊ တကယ်ဆိုရင် ဒီနေ့အဖို့ ကျိုင်လည်းမကောင်း ဂက်စ်လည်းကုန်ပြီဆိုပြီး ဘာမှမချက်ပဲ သင်းကို အငေါ်ထားရမှာ"

"မလုပ်ပါနဲ့ မမလှဲ့ရယ်၊ အစ်ကိုက အေးပုံရပါတယ်၊ မမလှဲ့ ထားရာနေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်နှားနေရမလဲ စဥ်းစားဖို့ကို ပျင်းနေ
ဘာမှမစဥ်းစားပဲ ကျုပ် ထားရာပဲ နေနေတာ"

"ဟား ဟား ဟား ... မမလဲ့ စကားလည်း နားထော
တယ်ဆို"

"ပြန်ပြောရမှာ ပျင်းလို့"

"မမလဲ့ ပွည် ပွည် လုပ်သမျှ သည်းခံတယ်မို့လား"

"သည်းခံလိုက်မှ နားအေးမှာကိုး၊ သည်းမခံရင် သူ့ဘ
တာဝန်တွေ မြားဦးလှည့်လာမှာလေ၊ ပြန်မပြော နာ
ထောင်၊ နှုတ်ပိတ် မလိုက်နာ ဆိုတာ သူမှအစစ်ပါ ပင်
ရယ်၊ နိုက်က ရှင့်ကို အတုခိုးစေချင်တဲ့ ကောင်းကွက်
တွေရှာကြံပြီး ထားရာနေတယ် စေရာသွားတယ် သ
ညည်းခံတယ် ဆိုတာတွေ ရွှေးပြောနေတာဟေ့ ...

ဒါတွေက ရှားပါးတဲ့ ကောင်းကွက်၊ လက်ချိုး
တစ်ဖက် မပြည့်သေးဘူး၊ ဟင် ... ဘာကျန်သေးလဲ
စဥ်းစားလည်း ထွက်မလာတော့ဘူး၊ ဆိုးကွက်တွေကး
များချက်၊ သူတို့အညာလေနဲ့ ပြောရရင် ဆိုးချက်
ပျင်းချက်တော့"

ပင်လုံက မရပ်မနား ရယ်နေတော့ပြီးလျှင် ...

"ကျွန်တော်တို့ ဒီလောက်တောင် ရယ်နေတာ အစ်ကို
သွားပါဦးမယ်"

"နိုးလည်း နိုးသင့်နေတာပဲဟာ"





"နိုးရင်လည်းနိုး၊ ကျွန်တော် ဟော့တ်ပလိတ်သွားပြင်ပေး
မယ်"

"အားနာလိုက်တာ ပင်လုံရယ်"

"အားမနာနဲ့ ဘာပြင်စရာ ဘာမှာစရာရှိသေးလဲ"

"တော်ပါပြီ၊ ပင်လုံ အားလို့လား"

"ထမင်းစားပြီးချိန်အထိ အားအောင် ရှင်းထားတာ"

"ပြန်လာနော် ပင်လုံ"

"ဩော် ... ပြန်မလာဘဲ မမလဲ့ မီးဖိုကြီးအလစ်သုတ်ပြီး
ဘယ်သွားထားရမှာမို့လို့လဲ"

လဲ့ဝါက အိပ်ခန်းထဲ ဝင်လာခဲ့ကာ အဲကွန်းလေးနဲ့
ကျကျ ကွေးနေတဲ့ လင်ယောက်ျားကို ခါးထောက်မဲ့ရွဲ့ကြည့်
သည်။ ဖယောင်းတိုင်မီးညှိပြီး သူ့ပါးဖောင်းဖောင်းကြီးပေါ်
ယောင်းရည်နှစ်စက် သုံးစက် ချလိုက်ချင်လိုက်တာ။ လန့်ဖျပ်
နိုးသွားအောင်လေ၊ ခုတင်ရဲ့ သူ့ဘက်နံဘေးမှာတော့ အာလူး
ကြော်အိတ်ခွံရယ်၊ ဂျုံးမြစ် ပဲပုပ်ကြော်အိတ်ခွံရယ်။ ဒါတွေကို
ကြည့်ရင်း ဝါးမည် ကားမည်။ ပြီးရင် လွယ်လိုက်တာ ဘေး
စ်ချလိုက်ရုံပဲ။ စည်းမဲ့ကမ်းမဲ့။

မနက်ကျ နော်ဖော့ တံမြက်စည်းလှည်းမှာပဲမို့
ညခင်းလေးပဲ ပွနေတာ ဘာအရေးလဲပေါ့။ ပုရွက်ဆိတ်လာ
အဲကွန်းခန်းကလုံတော့ ပဲပုပ်နံ့တွေ လှောင်ပိတ်မိနေတာ
တွေ မစဥ်းစား။ ပါးစပ်က ပွစိဗျစ်တောက်ပြောလျှင် "အား



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ ... မိန်းမရာ၊ မင်း ကိုယ့်ကို အပြစ်တွေ မမြင်တဲ့နေ့ ... များ တစ်နေ့လောက် ရှိချင်လိုက်တာ"ဘာညာနဲ့။

သူ အပြစ်မလုပ်တဲ့နေ့ ရှိမှ အပြစ်မမြင်တဲ့နေ့လည်း ရှိနိုင်မှာပေါ့။ သူကမှ အပြစ်နေ့စဉ်လုပ်နေတော့ အဲဒီအပြစ် ... မမြင်တဲ့နေ့လို့ ရှိပါတော့မလား။

"ကဲ ... ကိုမင်းဦးရေ"

"... ..."

"ကိုမင်းဦး ... ကိုမင်းဦး"

လှဲ့ဝါက ခုတင်ခြေရင်းသွားကာ သူ့ခြေဖဝါး ... ဆွဲကိုင်လှုပ်လိုက်သည်။

"ကိုမင်းဦး ... ထ ... ထ"

"အင် ... ဟင် ... ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ မိန်း ..."

"ညှေ့သည်လာလို့"

ကိုမင်းဦးက ရှုံ့ရှုံ့မဲ့မဲ့ကြီး လူးလဲထပြီးလျှင် –

"ဘယ်သူလဲ၊ ဒီအချိန်ကြီး ငါ့ဆီ ဘယ်ဧည့်သည်လာ ... လဲ"

"ဘယ်အချိန်ကြီးလဲ၊ အမယ်လေး ... ဆယ်နာရီထိုးနေ ... ဟာကို"

"ဟုတ်လား ... ဘယ်သူလာလို့လဲ မိန်းမရဲ့"

"ပင်လုံ ... ပင်လုံ"

"ပင်လုံ ! ဘယ်ကလဲ၊ ဘယ်သူလဲ"





"ပင်လုံ ဆိုတာ ခိုက်နဲ့ကြည်နေတဲ့သူ၊ ခိုက်ရဲ့ချစ်သူ"

"ဩော် ...၊ အဲဒါ ကိုယ်နဲ့ ဘာဆိုင်လို့လဲ မိန်းမရယ်၊ မင်း ဆီလာတာ မဟုတ်ဘူးလား"

"အိုး ... ကျုပ်တစ်ယောက်တည်းဆီ ကွက်ပြီးလာစရာလား၊ ဒီအိမ်လာလည်ပါတယ်ဆိုမှ ရှင်လည်းပါတာပေါ့၊ ရှင်ပါ ဧည့်ခံရမယ် ... ထ"

"အေးပါကွာ၊ အိပ်လို့ကကောင်းတုန်း၊ မိန်းမကတော့ကွာ"

"ရှင်ကတော့ နေဖင်ထိုးရင်တောင် နွေးတေးတေးနဲ့ ဇိမ် ပိုရှိတယ် ပိုအိပ်လို့ကောင်းတယ်ဆိုတဲ့ လူစား၊ ရှင့်ဖင်ကို အမြောက်နဲ့ထိုးမှ၊ ဘူဒိုဇာနဲ့ကော်မှ တော်ကာကျမှာ"

"မိန်းမကလည်းကွာ၊ ဘာတွေ ပေါက်ကရ လျှောက်ပြော နေတာလဲ၊ ဧည့်သည်ကြားရင် ရှက်စရာကြီး"

"ရှက်မနေနဲ့တော့၊ မြန်မြန်ထတော့ ထွက်တော့လေ"

ကိုမင်းဦးက အဆီပြန်သော အိပ်မှုန်စုန်ဝါးရုပ်ကြီး နှင့်ပင် အိပ်ခန်းတံခါး ဖွင့်ထွက်သွားပါသည်။ ဧည့်သည်က ဧည့် ခန်းထဲမရှိ။ ကွန်ဒိုတိုက်ခန်းမို့ တစ်ကွေ့ပတ်ကာ မီးဖိုဝရောက် သွားလျှင် နော်ဖော့ အကျႌအညီနှင့် ဟော့တ်ပလိတ်ကို သုတ်သင် ဆေးကြောနေတဲ့ ပင်လုံ့ကို တွေ့လိုက်ရပါသည်။

"ဟာ ... လှဲ့ဝါ၊ မင်း ဧည့်သည်ကိုကွာ ဘာတွေလုပ်ခိုင်း ထားတာလဲ"

ပင်လုံက မော့ကြည့်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟား ဟား … မမလဲ့ မနိုင်းမါဘူး အစ်ကိုရဲ့"

"ဟော့ထ်ပလိတ် ဘာလုပ်ဖို့လဲ"

"ရှင်သွားမပြင်လို့ ပင်လုံက သွားပြင်ပေးမလို့"

"ဘာဆိုင်လဲ၊ ညည့်သည်က ဘာလို့ပြင်ပေးရမှာလဲ၊ ငါ့ဟာ ငါ ဖြည်းဖြည်းသွားပြင်မှာပေါ့ မိန်းမရာ"

"အခုထက်ထိတောင် ဖြည်းဖြည်းပြင်မယ် ရှိသေးတယ်"

"ဘာရယ် မဟုတ်ပါဘူး၊ ကျွန်တော်က အစ်ကိုလည်းမနိုးသေးတော့ စောင့်ရင်း အားနေတာနဲ့၊ ထမင်းစားပြီးမှပြန်မှာ အစ်ကိုရဲ့၊ အချိန်လည်း ရနေတော့ သွားပြင်ပေးလိုက်မလို့ပါ၊ အပန်းမကြီးပါဘူး"

"မလုပ်ပါနဲ့ကွာ၊ တစ်သက်လုံး ပြောစမှတ်တွင်ပြီး လဲ့ဝါ ပြောမဆုံး ဖြစ်နေပါ့မယ်၊ အိမ်က ဟော့ထ်ပလိတ်ကို ငါ မပြင်လို့ ညည့်သည်က ယူပြင်ပေးရတယ်ဆိုပြီး လူလာတိုင်း သူ ပြောတော့မှာ၊ ကျေးဇူးပြုပြီး မလုပ်ပါနဲ့ ငါ့ညီရာ၊ ငါ သွားပြင်ပါ့မယ်"

"ရှင် ဒီနေ့ပြင်မှာမို့လား"

"အေးပါ၊ ဒီနေ့ ပြင်ပါ့မယ်"

"ဒါဆိုပြီးရော၊ ပင်လုံ ထားလိုက်တော့"

"အစ်ကိုက အလကား အားတွေနာနေတယ်၊ ကိစ္စမရှိပါဘူး အစ်ကိုရဲ့"





"မလုပ်နဲ့ … မလုပ်နဲ့၊ ကြည့်ဦး … မင်းမီးဖိုကလည်း ခုမှ ကြေးသုတ်နေရတယ်၊ ဟုတ်လား"

"ကြေးမဟုတ်ပါဘူး၊ ခုနက ဖွင့်ထားတော့ မီးဖိုကလည်း ပူနေတာနဲ့ သယ်သွားဖို့ခက်လို့ ဖုန်လည်းစင်အောင် တစ်ခါတည်း ရေပတ်သုတ်နေတာပါ"

"ကြေးက ကြေးပါကွာ၊ ငါ့သာ ယူသွားဖို့ သွားပြင်ဖို့ ပြောနေတယ်၊ နော်ဖော့ကဖြင့် ကြေးတွေ ဖုန်တွေတောင် မသုတ်ရသေးဘူး၊ မီးဖိုရုပ်က ယူသွားရမှာ ရှက်စရာရုပ်၊ ဟွန်း"

"ဟုတ်ပ … အဲဒီ နော်ဖော့ တစ်ယောက်လည်း အာပေါက်အောင်ပြောလည်း သူလုပ်ချင်တာပဲ ရွေးလုပ်တာ၊ ရွှေ့လို့ရသမျှအလုပ် အကုန်ရွှေ့ထားတာပဲ၊ အိမ်ကိုက အပျင်းတို့ဂေဟာ ဖြစ်နေပြီ၊ သွား … နော်ဖော့၊ တုတု သွားနိုး၊ မျက်နှာသစ်ပေးတော့၊ အဲဒီ နော်ဖော့လည်း ပြောသမျှ ဒီဘက်နားကဝင် ဟိုဘက်နားကထွက်၊ သူမေ့နေတာနဲ့ပဲ ဒီနေ့အဖို့ ပင်လုံသာ မလာရင် တစ်အိမ်သားလုံး ထမင်းငတ်ဦးမယ်၊ မီးဖိုတွေက တစ်ခုမှ ချက်မရဘူးလေ ကိုမင်းဦးရေ၊ ဒီဟာက ကျိုင်ပြတ်၊ ဂက်စ်က ကုန်၊ ဒီနေ့အဖို့ ရှင် အားနာတဲ့ညည့်သည်က ဝယ်လာပေးတဲ့ ဟင်းတွေနဲ့ပဲ ထမင်းစားရမှာ"

"ဟာကွာ"

"မဟာကွာနဲ့လေ၊ ရှင့်ကြောင့်လည်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... တော်ပါတော့ မိန်းမရာ၊ ညည်းသည်လာ တုန်း ဗျစ်တောက် ဗျစ်တောက် လုပ်တယ်ဆိုတာ ညည်းသည် ကို ဘယ်လောက် အားနာစရာကောင်းထားသလဲ၊ ညီလေး ရာ ဘယ်လိုမှ သဘောမထားနဲ့ကွာ၊ လဲ့ဝါက ဒီလိုပဲ ဝသီ ပါနေတယ်"

ကိုမင်းဦး ပုံသဏ္ဌာန်က ပင်လုံ့ကို တကယ်အားနာနေ ပုံပင်။ ကိုမင်းဦးဟာ စိတ်ရင်းကောင်းတဲ့သူလို့ ပင်လုံ မှန်းဆနိုင် ပါသည်။ ပျင်းတတ်တာ အချောင်ခိုတာတွေ ခိုက်ထံက ကြားဖူး ခဲ့ပေမယ့် အဲဒီ အားနည်းချက်ကလွဲရင် ကိုမင်းဦးဟာ လူကောင်း တစ်ယောက်ပင်။

အနေအထားတွေကိုကလည်း ဒီလိုပဲ တွန်းပို့ခဲ့သလို ဖြစ်သွားသလား။ အပျိုဘဝကတည်းက ဆိုင်ဖွင့်ခဲ့တဲ့ မလဲ့ဝါက အိမ်ထောင်ကျပြီးတော့လည်း မိဘအမွေပေးတဲ့ ဝင်ငွေကြီးမားတဲ့ ထိုဆိုင်ကိုပဲ ဦးစီးဆက်လုပ်နေတော့ အဓိက စီးပွားရှာသူ ဖြစ်ခဲ့ ရတာပင်။ ကိုမင်းဦးက အရင်ကတော့ ကွန်ပျူတာဝန်ထမ်းတစ် ယောက်လို့ ဆိုသည်။ ကလေး ရလာပြီးတော့ ဝင်ငွေနည်းပါးတဲ့ ကိုမင်းဦးကပဲ အလုပ်က ထွက်ခဲ့ရကာ သူ့ကွန်ပျူတာပညာက လည်း အိမ်မှာ ဂိမ်းမ်ဆော့ဖို့ပဲ အသုံးဝင်တော့သလို ဖြစ်သွားသည်။ တစ်နေ့ တစ်နေ့ အိမ်မှာနေ၊ မိန်းမဈေးပို့၊ ဈေးကြို၊ ကလေးထိန်း၊ ဓာတ်ဆီတည့်။ ဒီလူတစ်ယောက် ဒီလို အပျင်းတစ်သွားတာဟာ လည်း ပျင်းဖို့အခြေအနေတွေက ဖန်တီးခဲ့တာလည်း ပါသည်။





ကိုမင်းဦး မီးဖိုထွက်ပြင်တုန်းလည်း ဘေးကအဖော် လိုက်သွားပေးတဲ့ ပင်လုံဟာ မလဲ့ဝါဘက်က စကားတွေရော၊ ကိုမင်းဦးဘက်က စကားတွေရော ကြားရကာ ဗဟုသုတနှစ်မျိုး ရတယ်ဆိုရတော့မှာပင်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



၉

"ငါ သေချာမြင်လိုက်တာကို၊ အက်စ်အီးလီမိတက်အဖြူရောင်ကားနဲ့တော့၊ အဲဒီမိန်းမက မောင်းတာ"

ခိုက်က အလုံးကြီးကျသွားသလို စိတ်အေးသွားတဲ့အပြုံးနှင့် ...

"မမဝင်နီရယ်၊ အဲဒါ ခိုက် သူငယ်ချင်းပါ၊ အိမ်ထောင်သည် ကလေးအမေ"

"ဟုတ်ရဲ့လား၊ ရှင်က ရှင့်ကောင်လေး အပြစ်အနာအဆာကို ဖုံးချင်တာနဲ့ပဲ ရှင့်သူငယ်ချင်း ဖမ်းလုပ်နေပြန်ပြီထင်ထယ်၊ ရှင့်သူငယ်ချင်းနဲ့ ပင်လုံက တွဲခုတ်စရာလား"

"တွဲခုတ်တာမှ မဟုတ်တာ မမဝင်နီကလည်း"

"ဒါဖြင့် ဘာလဲ"

"ခိုက် သူငယ်ချင်း သုံးယောက်ရှိတယ်၊ အဲဒီသုံးယောက်က အိမ်ထောင်သည်တွေလေ၊ မမဝင်နီနဲ့တောင် တစ်ခါ



တစ်ရံ အမှတ်တမဲ့ ဆုံဖူးပါလိမ့်မယ်၊ မမဝင်နီ မမှတ်မိလို့နေပါလိမ့်မယ်၊ သူတို့သုံးယောက်က ပင်လုံကို သူတို့ရဲ့အိမ်ထောင်ရေးတွေကိုနမူနာပြပြီး အိမ်ထောင်ရေးအဘိဓမ္မာတွေ ပို့ချကြမလို့"

"အို ... အဓိပ္ပာယ်မရှိလိုက်တာ"

"သိပါဘူး မမဝင်နီရယ်၊ သူတို့ကတော့ ခိုက် အတွက်လုပ်ပေးကြတာပါ၊ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်ရတဲ့ကြားထဲက ပင်လုံ့ဆိုခေါ်ပြီး အနီးကပ် လက်ချာတွေ ပို့ချနေကြတာလေ"

"အဲဒါ ကောင်းတယ်လို့ ရှင်က ထင်လို့လား"

"ခိုက်လည်း မသိဘူးလေ၊ ခိုက်ကတော့ ဘာမှနားလည်တာမှ မဟုတ်တာ၊ အိမ်ထောင်တစ်ခုမှာ ယောကျ်ားတွေဟာ ဘယ်လို အားနည်းချက်တွေ ရှိတတ်တယ်ဆိုတာတွေ၊ ပြီးတော့ ပင်လုံ့ကို ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုလုပ်ဆိုတာတွေ၊ ဘာတွေပြောဆို ပညတ်ရမယ်ဆိုတာ ခိုက်မှမသိတာ"

"ကောင်ကလေးတော့ ကြားထဲကနေ လည်ကုန်တော့မယ်၊ ဟိုအိမ်ထောင်ကိုမြင်တော့ သင်ခန်းစာကတစ်မျိုး၊ ဒီအိမ်ထောင်ဆီရောက်တော့ သင်ခန်းစာကတစ်မျိုး၊ အရူးလည်ပြီး ဘာလုပ်လို့လုပ်ရမယ်ကို သိမှာမဟုတ်တော့ဘူး၊ ဒီမှာ ခိုက်ရဲ့၊ အိမ်ထောင်ပြုတာဟာ ထီထိုးတာနဲ့ တူတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ အမှန်ဆုံးပဲ၊ ကံသက်သက်ပဲ၊ တွက်ယူလို့ကို မရပါဘူး၊ ကံဆိုးရမယ့်သူလက်ထဲ သူဌေးသားရောက်လည်း သုံးဖြုန်းပစ်ပြီး အမွေတွေကုန် ကြွေးတွေတင် အရက်သမားဖြစ် ဖြစ်ကုန်မှာပဲ"

"ကံတစ်ခုတည်းတော့ ဟုတ်ပါ့မလား မမဝင်နီရယ်၊ ကံကလည်း ကံပေါ့၊ ကိုယ်ကလည်းပဲ ကံကိုချည်းယုံပြီး မျက်ကန်းတောတိုး ဆုံးဖြတ်လို့ ရပါ့မလား၊ ကိုယ့်ရဲ့ဉာဏ်လေးလည်းသုံးပြီး ရွေးရဦးမှာပေါ့၊ ခုလိုလုပ်တာကလည်း ကိုယ့်အလှည့်ကျ အမှားနည်းအောင် မပြေလည်မှုနည်းအောင် ဝီရိယစိုက်ထုတ်ပြီး လေ့လာမှတ်သားတာပဲ မဟုတ်လား၊ ကံရော ဉာဏ်ရော ဝီရိယရောပေါ့"

"အင်းလေ ... ကိုယ့်ဘက်က ကောင်းအောင်ရည်ရွယ်ချက်နဲ့ လုပ်တာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ်က ကောင်းစေချင်လို့ လုပ်ကာမှ ဆေးအတွက်လေး ဆိုသလို ပိုဆိုးသွားမှာ စိုးရတာ"

ခိုက်သည် ငိုင်ငိုင်ကလေး မှိုင်နေမိပါသည်။ ဆရာများ သားသေတော့ ဖြစ်တော့မည် ထင်သည်။ ခုချိန်ထိတော့ ခိုက်တစ်ယောက် ချစ်သူရှိနေပြီ၊ အိမ်ထောင်ပြုဖို့ ရည်ရွယ်သည် ကြားကြသူတိုင်းသည် ဘယ်လိုဟဲ့ ဘယ်ဝါဟဲ့နှင့် ဆရာလုပ်ချင်သူသာ များနေပြီး တစ်ယောက်တစ်ပေါက်နှင့်လည်း ကောင်းမယ်ထင်ရာ အကြံပြုနေကြပါသည်။





"ကဲ ... ဒါတွေက ထားပါတော့၊ သူ့အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး နမူနာယူသင့်တာယူ၊ သင်ခန်းစာယူသင့်တာ ယူရမယ့် အထဲမှာ သူနဲ့နှစ်ယောက်တည်း ကားတစ်စီးနဲ့ လျှောက်လည်ဖို့ ပါလား"

မမဝင်နီဟာ သူ ခင်မင်လှတဲ့ ပင်လုံ့ကို အဓိကတော့ကို ...ကိုင်နေပါသည်။ ခိုက်လည်း စိတ်ညစ်လှသည်။ ဘာဖြေရမှန်းမသိ။ ...ဝါနှင့် ပင်လုံကို သဝန်တိုဖို့ ခိုက်တွင် စိတ်ကူးလေးနည်းနည်း...တောင်မရှိ။

ဒါပေမဲ့ မမဝင်နီက ဒီလိုပြောလာတော့ စိတ်တွေ...ရသည်။

"အိမ်ထောင်သည် ကာလေးအမေသာ ဆိုတယ်၊ ဒီအမျိုးသမီးက ခပ်မိမိနော်၊ နေကာမျက်မှန်ကြီးနဲ့ ကားမောင်းနေပုံက ဟော့ရှော့ပဲ၊ ဝတ်တာဘုတ်ပြဲလည်း မဟုတ်ဘူးနော် သွယ်သွယ်ပဲ၊ နှစ်ယောက်သား ရယ်လို့ မောလို့၊ ဒီလိုပဲ အပျော်ခရီး ထွက်နေစရာလား၊ ဒါအိမ်ထောင်ရေးလက်ချာတွေ ပေးနေတာလား"

"ခိုက်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်း အရင်းအချာတွေပါ မမဝင်နီရယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့"

"တီတီ ... တီတီ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်လာ၍ ခိုက်က စကားပြတ်သွားတာကို ဝမ်းသာအားရနှင့် ဖုန်းကိုမြန်မြန်ပဲ ဖွင့်လိုက်ပါသည်။

"မမခိုက်လား"

"ဟုတ်ပါတယ်"

"မမ ... စိမ့်ပါ မမ"

"ဪ ... ဟုတ်ကဲ့၊ ပြောပါ စိမ့်"

"ပင်လုံများ အနီးအနားမှာ ရှိလားလို့ပါ မမ၊ ပင်လုံ အခု ဆိုင်နှစ်ဆိုင်ကို တစ်ရက်ခြားသွားတာလို့ ပြောတော့ ဒီနေ့က ဒဂုံစင်တာမှာ ရှိရမယ့်ရက် ဖြစ်နေတယ်လေ သူ့ဆီဖုန်းဆက်နေတာ၊ ဖုန်းပိတ်ထားတယ် မမခိုက်ရဲ့ အဲဒါကြောင့် မမခိုက် ဖုန်းကို ဆက်ကြည့်လိုက်တာ။ သူ့ သူငယ်ချင်းတစ်ယောက်က သူ့ဖို့ ဘာပစ္စည်းလဲမသိဘူး လူကြုံထည့်ပေးလိုက်တာ၊ လူကြုံက ဒီနေ့သွားယူမှရ မနက်ဖြန်ဆိုရင် သူ့မြို့ပြန်ပြီ"

"ပင်လုံ ဒီမှာမရှိဘူး စိမ့်ရဲ့"

"ဟုတ်လား၊ ဒါဆိုရင် ဘယ်သွားနေလဲ မသိဘူးနော်"

"မ,လည်း သေချာမသိဘူး စိမ့်ရယ်၊ ဖုန်းဆက်လို့ ရ တော့ စိမ့်ဆက်တဲ့ အကြောင်း သူ့ကိုပြောပြလို့ မယ်နော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါပဲနော် မမခိုက်"





"ဟုတ်"

ဖုန်းပိတ်လိုက်သည်နှင့် မမဝင်နီက ...

"စိမ့်ဆိုတာ ပင်လုံ့အစ်မဝမ်းကွဲလား"

"ဟုတ်တယ် မမဝင်နီ"

"ဘာလဲ ... ပင်လုံ ပျောက်နေတယ်ပေါ့"

"ဘယ်သွားနေလဲ မသိလို့တဲ့"

"ရှင့်သူငယ်ချင်းနဲ့ပဲနေမှာ၊ ရှင့်သူငယ်ချင်းဆီ ဆက်ကြည့်ပါလား"

ခိုက်က နာရီတစ်ချက် ကြည့်လိုက်ပါသည်။ ဆယ် ရှိ။ တကယ်ပဲ လဲ့ဝါနဲ့များလား။ လဲ့ဝါက သူ့စကော့ဈေးဆိုင် ဆယ့်တစ်ခွဲ ဆယ့်တစ်မှ စဖွင့်တာဖြစ်သည်။ စိမ့်စကားထဲ ပင်လုံက ပြည့်လမ်းဆိုင်နဲ့ ဒဂုံစင်တာကို တစ်ရက်ခြားတစ် ည့်စီထိုင်မည် ဆိုပေမယ့် မနေ့တစ်နေ့က ဒဂုံစင်တာလာထိုင် ယ့်ရက်မှာလည်း ပင်လုံ ဒဂုံစင်တာ ရောက်မလာခဲ့။

ခိုက်က ပြည့်လမ်းဆိုင်မှာ ထင်နေတာ။

ခိုက်သည် စိတ်လေးစနောင့်စနင်းနှင့် လဲ့ဝါရဲ့ဖုန်းကို ်းခေါ်လိုက်ပါသည်။

"ဟယ်လို"

ထူးသံက ယောကျ်ားသံ။ ရုတ်တရက်တွင် ပင်လုံ ကိုင်ထူးလိုက်တာလားလို့ ထူမှားသွားသော်လည်း ပင်လုံ့အသံ တ်ဟု ထင်လိုက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းဦးလား"

"ဟုတ်ကဲ့ ခင်ဗျာ"

"လှဲ့ဝါရော၊ နိုက်ပါ"

"သြော် ... လှဲ့ဝါက အိမ်မှာဗျ၊ ကျွန်တော်က အပြင်ထွက် လာလို့ ဖုန်းယူလာတာ၊ အိမ်က အိတ်စ်တဲန်းရှင်းဖုန်း ဆက်လိုက်လေ၊ ခင်ဗျားသူငယ်ချင်း ရှိတယ်"

"သြော် ... မဆက်တော့ပါဘူးလေ၊ ကျွန်မက ပင်လုံများ အဲဒီရောက်နေလား ဆက်ကြည့်တာပါ"

"ပင်လုံလား၊ ရောက်နေတယ်လေ၊ ကျွန်တော်နဲ့ရှိတယ် ပြောမလား"

"ဟုတ်ကဲ့ ... သူ့ဖုန်းက ပိတ်ထားလို့"

"သူ့ဖုန်းကို ကျွန်တော်တို့အိမ်မှာပဲ ပလပ်ပိတ်ပြီး ချာဂျ သွင်းထားတယ်ဗျ၊ သူ့ခမျာဗျာ ကျွန်တော်တို့ကိစ္စနဲ့ ဒီနေ့ အိမ်ကိုစောစောလာပေးရတာ ဖုန်းချာဂျင်သွင်းမလာရဘူး အဲဒါကြောင့် အိမ်မှာပဲ သွင်းထားရင်း ထားခဲ့တယ်"

"သြော်"

"ကိုင်ထား မနိုက်၊ ပင်လုံ့ကို ပေးလိုက်မယ်"

"ဟုတ်"

ချက်ချင်းပင် အသံတစ်ခု ပြောင်းသွားကာ ...

"မမနိုက်"





"ပင်လုံ"

"ဘာလဲ မမနိုက်၊ မမနိုက် ဆက်တယ်ဆိုတော့ လန့်သွားတာပဲ၊ ဘာအရေးကြီးလို့လဲ"

"စိမ့် ဆက်တယ် ပင်လုံ၊ ပင်လုံ့ သူငယ်ချင်းတစ်ယောက်ဆီက လူကြုံပစ္စည်း ဒီနေ့ ယူဖြစ်အောင် ယူရမယ်၊ အဲဒါ စိမ့်ဆီ ပြန်ဆက်လိုက်ပါဦး"

"သြော် ... မင်းမင်းဆီက လူကြုံထင်တယ်၊ ကျွန်တော်က မမလှဲ့တို့အိမ်မှာ ဖုန်းကိုချာဂျင်သွင်းခဲ့တယ်၊ ဒါကြောင့် ဖုန်းပိတ်နေတာ၊ အခု ကိုမင်းဦးနဲ့လေ၊ ကိစ္စလေးတစ်ခု အဖော်လိုက်ပေးနေတာ"

"အင်း ... အင်း၊ ပင်လုံနဲ့ စကားပြောချင်သေးတယ်"

"ကျွန်တော် ဒီကပြီးရင် ဒဂုံစင်တာ လာခဲ့မယ်၊ မမနိုက် ဘယ်မှာရှိမလဲ၊ တခြားမှာဆိုရင်လည်း အဲဒီကို လိုက်ခဲ့မယ်လေ"

"ဒဂုံစင်တာကပဲ စောင့်နေမယ်"

"ထမင်းစားချိန်လောက် လာခဲ့မယ်နော် မမနိုက်"

"အင်း ... အင်း"

"မမနိုက် ... ချစ်တယ်"

ပင်လုံ့လေသံက တိုးပေမယ့် နိုက်က မျက်နှာလေး ...းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဘယ်လိုဖြစ်နေလဲ၊ ဒေါ့မှာ ကိုမင်းဦး ရှိတာ
လား"

"အောင်းဟင်း … ဘာဖြစ်လဲ၊ ကိုယ့်ချစ်သူ ကိုယ်ချစ်တ
ပဲဟာ၊ ဒေါ့မှာလူရှိရှိ မရှိရှိ ချစ်တာပဲ"

"ဟဲ … တော်ပြီ၊ ဒါပဲ"

ခိုက်က ဖုန်းပိတ်လိုက်သည်။

"ဘယ်မှာတဲ့လဲ ပင်လုံက"

"အဲဒီသူငယ်ချင်းရဲ့ယောက်ျားနဲ့ အပြင်တစ်နေရာ သွား
တာ မမဝင်နီ"

"မိန်းမနဲ့တစ်မျိုး ယောက်ျားနဲ့တစ်မျိုး ပင်လုံတော့ ဘာ
ပြဿနာကို ပူရမယ်မှန်းတောင် သိမှာ မဟုတ်တော့
ဘော့"

မမဝင်နီကလည်း တစ်မျိုး။ မမဝင်နီ သူ့ဆိုင်
ဘက် ပြန်သွားတဲ့အခါ ခိုက်သည် နာရီလေးတကြည့်ကြည့်
ပင်လုံကို မျှော်နေမိပါတော့သည်။

❖ ❤ ❖

"ဟိုတစ်နေ့က လှဲ့ဝါနဲ့ နှစ်ယောက်တည်း သွား
ကော ဘယ်ကိုသွားတာလဲ"





"ဩော် … အဲဒါက သူ့ကုန်သည်ကို ငွေချေဖို့သွားရတာ၊ မမလှဲ့ တစ်ယောက်တည်း ဖြစ်နေလို့ ကျွန်တော် လိုက်သွားပေးတာ"

"ကိုမင်းဦးက ဘယ်ရောက်နေလို့လဲ"

"အဲဒီနေ့က တုတုတို့ မူကြိုက ဘာပွဲလဲ မသိဘူး၊ ပွဲလေးတစ်ခုလုပ်တယ် မမရယ်၊ မိဘလိုက်ခဲ့ရမယ် ဆိုတော့ ကိုမင်းဦးနဲ့ တုတုကို အဲဒီမူကြိုမှာ ဝင်ချခဲ့ပြီး ကျွန်တော်နဲ့ မမလှဲ့က ငွေကိစ္စ ထွက်လာတာ"

"အဲဒီကို ပင်လုံ ပါဖို့လိုလို့လား"

"မမလှဲ့ကတော့ ခေါ်ဖို့အားနာနေပါတယ်၊ ခါတိုင်းတော့ ကိုမင်းဦးနဲ့သွားတာပေါ့၊ ဟိုမှာက ယောက်ျားတွေ မမခိုက်ရဲ့၊ မိုက်ဆံလာချေတဲ့ အမျိုးသမီးတွေ ရှိပေမယ့် အသက်ငါးဆယ်လောက် လူကြီးတွေ။ မမလှဲ့က ငယ်သေးတာဆိုတော့ ဘာပဲဖြစ်ဖြစ် အဖော်ပါတာ တင့်တယ်တယ်၊ ကျွန်တော်တောင် စဉ်းစားနေတာ၊ ဒီအလုပ်မျိုး မမခိုက်နဲ့တော့ ဖြစ်မှာမဟုတ်ဘူးလို့၊ မမခိုက်က စကားပြောတာက အစ ချိုချိုအေးအေးကလေး၊ မမလှဲ့ကတော့ ပြောရဲဆိုရဲ ခေါင်းတိမောင်းတိနဲ့လေ"

"မမဝင်နီက လှဲ့ဝါနဲ့ ပင်လုံကို တွေ့လိုက်လို့ တို့ကိုလာတိုင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဒီမမဝင်နီကြီးကလည်း၊ ကျွန်တော့်ကို မိန်းမတစ်ယောက်ယောက်နဲ့ တွဲတွေ့ရင် မသင်္ကာဖြစ်စရာလား၊ အလုပ်ကိစ္စဖြစ်မယ်တော့ မတွေးဘူး"

"ဒီလိုပဲ မြင်တဲ့လူတွေဆိုတာ ဟိုတွေး ဒီတွေး တွေးကြမှာပဲလေ"

ပင်လုံက ခိုက်ရဲ့ မျက်နှာညိုညိုလေးကို ကြည့်ရင်း ...

"မမခိုက်က ကျွန်တော် အဲလိုသွားလို့ စိတ်ဆိုးနေတာလား"

"လှဲ့ဝါနဲ့ မင်းနဲ့ ကိစ္စရှိလို့ ဘယ်ကိုအတူသွားသွား မ,ဘာမှမဖြစ်ဘူး၊ ဖြစ်စရာလား၊ မင်းကိုလည်း ယုံတယ်၊ လှဲ့ဝါကို ပိုတောင်ယုံသေးတယ်"

"အာ ... မမခိုက်ကလည်းကွာ"

"ဟုတ်တယ်လေ၊ ယုံလို့ယုံတယ် ပြောတာပဲဟာ၊ အခုက စိတ်အနှောင့်အယှက် ဖြစ်တာက သူတို့အိမ်ကို တစ်ခါနှစ်ခါသွားလိုက်ရင် ကိစ္စက မပြီးဘူးလား၊ ဘယ်လောက်ကြာကြာ မကြာခဏ သွားနေရမှာလဲ၊ သူတို့ရဲ့အလုပ်ကိစ္စတွေကို ဝင်ကူနေရမှာလဲ"

"ကျွန်တော်လည်း ဒီလောက်ကြီး ဆက်ပြီးသွားမနေချင်တော့ဘူး၊ ဒါပေမဲ့ မမလှဲ့က ပင်လုံ ဘယ်နေ့လာဦးမလဲ ခေါ်လိုက်၊ ကိုမင်းဦးက ပင်လုံရေ ဟိုနေ့လာခဲ့ပါလား





ချိန်းလိုက်နဲ့၊ ဒီညနေတောင် ကိုမင်းဦးက သူတို့အိမ်မှာပဲ ဘီယာလာသောက်ပါ ခေါ်ထားတယ်"

"အမယ်လေး ... အိမ်ထောင်ရေးတွေ အကဲခတ်လေ့လာဖို့ စိစဉ်ပါတယ်၊ သူတို့ဟာက ပျော်ပွဲစားထွက်သလို ဖြစ်နေပြီ၊ ကဲ ... မင်း ဘာတွေရော ဗဟုသုတသင်ခန်းစာတွေ ရသလဲ ပင်လုံ၊ ပြောပါဦး"

"ဒါ မမ သွားစေချင်လို့ ကျွန်တော် စ,သွားရတာပဲလေ၊ ဒါပေမဲ့ လူမှုရေးတွေ ယဉ်ကျေးမှုတွေက ရှိသေးတော့ သူတို့လာစေချင်တာကို မလာတော့ဘူး၊ မအားတော့ဘူးလို့လည်း ငြင်းပစ်ဖို့ ခက်တာပေါ့၊ သင်ခန်းစာတွေကတော့ အများကြီး ရတာပေါ့၊ ပါးစပ်နဲ့ပြောပြဖို့ မလွယ်တဲ့ စိတ်မှာပဲ သွားထိပြီး သွားသိတဲ့ သင်ခန်းစာမျိုးတွေ အများကြီးပဲ ..."

မမလှဲ့ ခမျာလည်း ပင်ပန်းရှာတာပဲ၊ စီးပွားရေးမှာရော အိမ်တွင်းမှုရေးမှာရော တာဝန်တွေ သိပ်များရှာတယ်၊ ကျွန်တော့်အလှည့်ကျ အပြင်မှာလည်း စီးပွားရှာနေတဲ့ မမခိုက်ရဲ့ ပခုံးပေါ်မှာ အဲသလောက် တာဝန်တွေ မပိစေရဘူး၊ ကိုမင်းဦးဘက်ကလည်း သနားစရာတွေ ရှိတာပဲ၊ ကလေးကြောင့် တစ်ယောက်က အိမ်မှာရှိရတော့မယ်ဆိုတဲ့ အခါမှာ ဝင်ငွေနည်းတဲ့သူက သူ့အလုပ်ကို စွန့်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲလည်း လမ်းမှန်တော့ လမ်းမှန်ပါပဲ၊ ဒါပေမဲ့ ဒီအပေါ်မှာ သူ့ခံစားချက်ကတော့ ရှိသေးတာပေါ့ ...

ဒါကို လုံးဝမဖော်ပြဘဲ မျိုသိပ်ထားပြီး အလိုက် သင့်နေရှာတာပဲလေ၊ မမလဲ့ ပြောနေတဲ့ မပြောရင် မလုပ် ဘူး၊ ပျင်းတယ် ဆိုတာကလည်း အိမ်မှုကိစ္စတွေကို ကိုမင်းဦးက သူ ဖီးလ်မလာတော့ တက်တက်ကြွကြ မလုပ်ဘူးပေါ့၊ ကျွန်တော် အခု ကိုမင်းဦးကို အိမ်ကနွာ စရာမလိုဘဲ ဝင်ငွေရနေမယ့် အလုပ်တစ်ခုနဲ့ ဒီနေ့ပဲ ဆက် စပ်ပေးခဲ့တယ်”

ပင်လုံ့ မျက်နှာက စိတ်ချမ်းမြေ့၍ ကြည်လင် တောက်ပနေတာကို ခိုက်က စိုက်ကြည့်နေမိပါသည်။

“တစ်ရက်ကို တစ်ခေါက်လောက်ပဲ အပြင်ထွက်ဖို့လိုတယ် ဒါကလည်း တုတုကို သူ ကြိုမို့ပြီး ခဏသွားလို့လည်း တယ်၊ မမလဲ့ကို ဈေးပို့ပြီး ခဏသွားလိုက်လည်း ရတယ် ကျန်တာက ဖုန်းတွေပဲ ဆက်နေရမှာ၊ လွယ်လွယ်ပြောရင် တော့ ပစ္စည်းတို့ ငွေတို့ကို ဒီလက်ကနေ ဟိုလက်လွှဲ ကြားက တာဝန်ယူ လွှဲပေးရတဲ့ အလုပ်ပဲ၊ ကိုယ်လုပ်အား လည်း မလိုဘူး၊ ပါးစပ်ပဲ စိုက်ရမှာ၊ မလဲ့ကို မမီပေမ သူ့အရင် ကွန်ပျူတာဝန်ထမ်း အလုပ်ထက်တော့ သုံးလေ ဆ ပိုဝင်မှာပဲ၊ သူ ဉာဏ်ရှိရင် ရှိသလောက် ငွေကတိုး





ဝင်မှာ၊ ဒီနေ့ဆို ကိုမင်းဦး အတော်ပျော်နေတယ်၊ အိမ် ကလည်း မကြာဘူးဆိုတော့ မမလဲ့လည်း သဘောတူ တယ် ...

အဲဒါကြောင့် ညနေကျ ဘီယာသောက် ခေါ်တာ၊ မမခိုက်လည်း လိုက်ခဲ့ပါလားနော်”

ခိုက်က ပြုံးနေပါသည်။ ပင်လုံ့ကိုလည်း သဘောကျ နေမိသည်။

“ဘာတွေ ပြုံးနေတာလဲ မမရဲ့”

“စဉ်းစားနေတာပါ”

“ဘာလဲ”

“ခုဟာက မင်းကို သူတို့က ပညာပေးဖို့ သင်ခန်းစာပေး ဖို့ လုပ်နေတာ မဟုတ်လား၊ တကယ်တမ်းမှာ သူတို့က ပညာပေးရတာလား မင်းက သူတို့ကို ပညာပေးရတာလား လို့ပါ ပင်လုံရယ်”

“ကျွန်တော်က ပညာမပေးပါဘူး၊ ကူညီတာပါ”

“လဲ့ဝါက မင်းကို ဘာပြောလဲ”

“မမလဲ့က ကျွန်တော့်ကို အလွန်းကောင်းတဲ့ မှတ်ချက်တွေ ပဲ ချတယ်၊ မမ မယုံရင် မေးကြည့်”

“ဟိုတစ်နေ့က တစ်ခါဖုန်းပြောရင်း ပြောပါတယ်၊ အောင် သက်ကြေတယ်၊ ဖင်ပေါ့တယ်၊ မှူတတယ်၊ အကောင်းမြင်

www.burmeseclassic.com



စိတ်ရှိတယ်၊ အပျင်းမကြီးဘူး၊ စည်းကမ်းလည်းရှိတယ်၊ စဉ်းစားပြီးမှ လုပ်တယ်၊ စိတ်လည်းရှည်တယ်၊ အိုး ... စုံလို့ပါပဲ၊ မကောင်းတာ တစ်ချက်မှ မပါပါဘူး ...

သူ စိတ်ကူးတာက ပင်လုံ့ကို ကောင်းတဲ့ပုံစံလေး တစ်ခု ပုံသွင်းပေးဖို့ ရည်ရွယ်တာတဲ့၊ ခုတော့ သူတို့က ပုံသွင်းပေးဖို့ မလိုဘဲ၊ ပင်လုံကသာ သူတို့ကို ညွှန်ကြား ပုံသွင်းခဲ့ရဦးမှာတဲ့၊ ပင်လုံ့ဆီမှာပဲ အတုခိုးစရာတွေ ပိုများ နေသတဲ့"

ပြောပြနေတဲ့ နိုက် မျက်နှာလေးက ဂုဏ်ယူကျေနပ်ခြင်းနှင့် ဝင်းပနေသလို နားထောင်နေတဲ့ ပင်လုံ့မျက်နှာလေးကလည်း ရွှန်းတောက်နေပါသည်။

"အိစံတို့ကျတော့ ပုံစံတစ်မျိုး ပင်လုံရဲ့၊ မနေ့ကတောင် ဖုန်းဆက်မေးနေတယ်၊ လှဲ့ဝါရဲ့မွမ်းမံသင်တန်းကနေ ပင်လုံ မဆင်းရသေးဘူးလားတဲ့၊ လှဲ့ဝါ သင်တန်းပြီးရင် သူ့သင်တန်းနော်တဲ့"

"မအိစံဆီလည်း သွားလိုက်တော့မယ်လေ၊ သုံးယောက်လုံးဆီ စုံအောင်နဲ့ပြီးရင် ပြီးပြီမို့လား၊ မမလှဲ့ဆီမှာတော့ ကျွန်တော်က ဂုဏ်ထူးတောင် ထွက်နေပြီ၊ မြန်မြန်ပြီးမှ မြန်မြန်နီးရမှာ"

"အမယ် ... မြန်မြန်နီးရဦးမယ်တဲ့"





"မနီးလို့ ဘာလုပ်ဦးမှာလဲ၊ နှစ်ဖက်မိဘလည်း အိုကေနေတဲ့ဟာ။ ဝါမဝင်ခင် လက်ထပ်မယ် မမနိုက်ရာ ... နော်"

နိုက်က သက်ပြင်းလေးတစ်ချက်နှင့် ခေါင်းလေး ဖြည်းဖြည်းယမ်းရင်း ...

"မ,စဉ်းစားပါဦးမယ် ပင်လုံရယ်၊ ဆုံးဖြတ်လို့ မရသေးပါဘူး"

ပင်လုံက နိုက်ကို မချင့်မရဲကြည့်ရင်း သက်ပြင်း တစ်ချက် မှုတ်ထုတ်မိသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဝင်းအိစံရဲ့ ခင်ပွန်းသည် ကိုထိန်လင်းအောင်ဟာ ပေါင်းသင်းခင်မင်ဖို့ရာ လွယ်ကူသည့်လူစားမျိုး မဟုတ်ပါ။ မဖော်ရွေတတ်တဲ့ လူစားမျိုးပင်။ သူက မိတ်ဆွေတစ်ဦးနှင့် နှစ်ယောက်စပ်တူ အိမ်ဆောက်ပစ္စည်းဆိုင် ဖွင့်ထားတဲ့သူဖြစ်ရာ နံနက်ကိုးနာရီဆိုရင် အလုပ်ကို ထွက်သွားတတ်ပြီကိုသိ၍ ပင်လုံက သူနဲ့လည်း တွေ့လို့ရအောင် မနက်ရှစ်နာရီလောက် ရောက်သွားပါသည်။

တကယ်တော့ မမခိုက်ရဲ့သူငယ်ချင်း အိမ်ထောင်တွေကို သူ ထဲထဲဝင်ဝင် ပတ်သက်လေ့လာဖြစ်သည်မှာ သူကိုယ်တိုင်ရဲ့စိတ်ထဲကကို လိုလိုလားလား ရှိလို့ပင်။

"နင်တို့ လက်မထပ်ခင် ပင်လုံ့ကို ငါတို့ နည်းနည်းပါးပါး ပိုင်းပြီး လက်ချာရိုက်ရဦးမယ်၊ ငါတို့အိမ်တွေဆီကို တစ်ယောက်တစ်လှည့် လွှတ်ပေး"

ဒါကလည်း မမလှဲ့ဝါ စ,လိုက်တဲ့စကား။ ဒီစကားကြောင့် မမခိုက်ကလည်း သူ့ကိုသွားဖို့ လွှတ်တယ်ဆိုပေမယ့်





တကယ်တမ်းက သူက မသွားလိုရင် ထိုစကားကို အနောက်အပြောင်စကားတစ်ခုလိုဖြစ်အောင် လျှောချလိုက်ပြီး သူ ငြင်းဆန်ရင် ဘယ်သူကမှ ဇွတ်ခေါ်မှာ မဟုတ်ပါ။

သူကိုက အဲဒီအိမ်ထောင်တွေကို မြင်တွေ့လေ့လာချင်တာ။ ပင်လုံရဲ့အရင်းနှီးဆုံး ယောကျ်ားလေးသူငယ်ချင်းနှစ်ယောက်ဟာ အိမ်ထောင်မပြုကြသေးပါ။ ဒီတော့ အဲဒီဘက်ကနေဘာအတွေ့အကြုံမှ မရနိုင်။ မမခိုက်ဟာ အိမ်ထောင်ပြုရမှာကိုပဲချောက်ချားစရာ တောကြီးမျက်မည်းတစ်ခုထဲ တိုးဝင်ရတော့မှာသို့လို ဝန်လေးတွန့်ဆုတ်နေတာမို့ သူ့သူငယ်ချင်းတွေရဲ့ အိမ်ထောင်ရေးတွေကို လေ့လာချင်တာ။

ဘယ်လောက်တောင် ဝန်လေးတွန့်ဆုတ်ချင်စရာဖြစ်နေလဲလို့။ ပြီးတော့ ပင်လုံ ကိုယ်တိုင်က အစစအရာရာကို အကောင်းဆုံးဖြစ်အောင် အစီအစဉ်ချပြီး လုပ်တတ်တဲ့ အကျင့်လည်း ရှိပါသည်။ ဒါကြောင့်လည်း သူ ဒီကိစ္စကို တာဝန်တစ်ရပ်လိုထားပြီး ဆောင်ရွက်နေတာပင်။

"ပင်လုံ .. အိစံက သူ မဲကျနေပ်ရင်သာ ကိုလင်းကို ကွယ်ရာမှာ ဗျစ်စိဗျစ်စိတွေ ပြောနေတာ၊ ရှေ့တင်ကျရင် ကိုလင်းကို သူ ကြောက်ရတာယ်နော်၊ ရှိန်တယ်၊ ပင်လုံ နည်းနည်းကြည့်ပြီး ဆက်ဆံ၊ တော်ကြာ သူ့ယောကျ်ားက သူ့ကို ပြဿနာလုပ်နေဦးမယ်"

မမခိုက်က ကြိုမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လုံ ဘဲလ်တီးလိုက်ချိန်မှာ တံခါးလာဖွင့်တဲ့ အိစံဟာ ပင်လုံ့ကိုမြင်လျှင် မျက်ခုံးပင့် မျက်လုံးပြူး အံ့သြနေပြီး လျှင် ...

"ဟင် ... ပင်လုံ"

"အံ့သြနေလား မမအိ၊ ရှေ့အပတ်ထဲမှာ လာခဲ့မယ်လို့ မမအိဆီ သောကြာနေ့က ဖုန်းဆက်ထားတယ်လေ၊ အဆင် ပြေရဲ့လား"

အိစံသည် ကိုယ်နဲ့စိမ်းသေးတဲ့ ပင်လုံ့ကို အားလည် နာ၍ ...

"အဆင်ပြေပါတယ်၊ လာ ... လာ ... ဝင်"

လွှဲဝါထံ အိစံ ဖုန်းဆက်မေးကြည့်တော့ လွှဲဝါက ပင်လုံဟာ တစ်ဖက်သား နေရဆိုင်ရမခက်အောင် အလိုက်သ နေပေးတတ်တဲ့နေရာမှာ အလွန်တော်ကြောင်း၊ သူ့ကို ဘာမှအာ နာစရာမရှိဘဲ လူရင်းလိုသာ တန်းပြီးဆက်ဆံချလိုက်လို့ ဆိုသည်

တကယ်တော့ အိစံသည် လွှဲဝါ ဦးစောင်အစဆွဲထုတ် လာ၍သာ ထိုအစကို ရောယောင်ဆွဲကာ လိုက်ပါရတာဖြစ်ပြ ဒီကိစ္စအပေါ် သိပ်တက်တက်ကြွကြွ ရှိလှတာ မဟုတ်ပါ။ ဒါပေ တစ်ကိုယ်တည်း အပျိုကြီးအဖြစ် ကျန်ရစ်နေတဲ့ နိုက် တစ်ယော လက်ထပ်တော့မည်လို့ ရည်စူးနေတဲ့ ယောကျ်ားဟာ ဘယ် ယောကျ်ားမျိုးလဲ ဆိုတာတော့ အကဲခတ်လို သိလိုသေးတ အမှန်ပင်။





"မနက်ပိုင်းဆိုတော့ အလုပ်တွေ ရှုပ်နေလား မမအိ"

"နည်းနည်းပါ၊ ပင်လုံ ခဏထိုင်ဦးနော်"

ဒီအချိန်ဟာ အိစံ အလုပ်ရှုပ်တဲ့အချိန်။ ရှစ်နာရီ ဆယ့်ငါးမှာ ကျောင်းကားပေါ် တင်ပေးရမယ် နှစ်တန်းကျောင်းသူ သမီးကြီးအတွက် ထမင်းဘူး ခြင်းတောင်း အသင့်ပြီးရမည်။ ရှစ် နာရီလေးဆယ်လောက်မှာ အိမ်ကထွက်ပြီး ဆိုင်ကိုသွားမည့် ခင် ွန်းသည် ကိုလင်း အတွက် ထမင်းချိုင့် ထည့်ပေးရမည်။ ပြီးရင် ိုးနာရီအတိမှာ ဒီနားက မူကြိုကို လိုက်ပို့ရမယ့် သားအငယ် သေးအတွက် ထမင်းဘူး ခြင်းတောင်း။

စီကာစဉ်ကာ ဆက်တိုက် တစ်ခုပြီးတစ်ခု ထည့်ရ တွေ။ ဒါပေမဲ့ ဒီနေ့အဖို့တော့ သားငယ်ကို မူကြိုမလွှတ်။ းငယ်က ကိုယ်ပူနေသည်။ အိမ်မှာ အိစံတို့မိသားစုနှင့်အတူ မေက လိုက်နေပါသည်။ အိစံ အထက်က အစ်ကိုကြီးက ကြီးနားမှာ တာဝန်ကျနေကာ သူတို့မိသားစုနှင့် မေမေက က်မနေနိုင်ပါ။

ဖေဖေကလည်း မရှိတော့ဘူးဆိုတော့ အိစံ အိမ် ာင်ကျပြီးကတည်းက မေမေက အိစံနှင့် အတူနေသည်။ ရဲ့အိမ်ကို ငှားရမ်းထားလိုက်ပြီး ရတဲ့အိမ်ငှားခနှင့် မေမေဟာ ာသူ ပိုလျှံတဲ့သူပါ။ သမီးအိမ်မှာ ကပ်စားနေရတဲ့ အနေ းမဟုတ်။ မြေးတွေအတွက်တောင် သူကထုတ်ပြီး ဝယ်ခြမ်း သင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားက အစ်ကိုကြီးမိသားစုက အိစံတို့လောက် ပင် မပြည့်စုံ၍ ထိုသားကြီးထံ မေမေ ငွေလှမ်းထောက်ပံ့ရတာက ရှိပါသေးသည်။ အမေ အိမ်မှာအတူနေတဲ့အတွက် အိစံ မျက်နှာ ငယ်ရတာ လုံးဝမရှိပေမယ့် တစ်ခါတစ်ရံ လင်မယား အဆင်မ ပြေတဲ့အခါတွေမှာ မေမေ နေရထိုင်ရ ကျဉ်းကျပ်မှာကို သနား သည်။ ကိုယ်တိုင်လည်း တစ်ခါတစ်ရံ ကျဉ်းကျပ်သည်။

မေမေရှိတော့ ပြဿနာမဖြစ်စေချင်တဲ့ အိစံက ပိုပြီး သည်းခံကြိတ်မှိတ်ရပါသည်။ မေမေ့ကိုငဲ့ကာ ကြီးတဲ့ကိစ္စကို သေးငယ်စေပြီး ငယ်တဲ့ကိစ္စကို မျိုမျိုချပစ်ရသည့်အတွက် ရင်ကယ် ကာ နင့်သည်းပိတ်ကျပ်နေရတာတ်သည်။ ငဲ့ရမည့်သူရှိတဲ့သူက အရှုံးပင်။ ယောက်ျားဖြစ်သူကတော့ သူ့အမေမှ မဟုတ်တာ ယောက္ခမလေ။ သားသမီးလောက် ဘယ်ငဲ့ညှာမှာလဲ။

ခုနေ အိစံရဲ့အမေနှင့် အတူနေတာ မဟုတ်ဘဲ သူ့ မိဘနဲ့အတူနေရင် သူ ပိုပြီးမျိုသိပ်ရမှာဖြစ်သည်။ သူ့မိဘ တော်ရုံမသိစေလို မကြားစေလိုတာနှင့်ပဲ တော်ရုံကို ပုံကြီးမချဲ့ အ ကျေအေးလိုက်ရမှာဖြစ်တဲ့ ယောက်ျားဟာ အိစံအမေနှင့် အတူ တော့ သည်းခံမျိုသိပ်ရဲ့မှာက အိစံလို သတ်မှတ်ထားလိုက်ပုံပင်

ယောက္ခမနှင့် အတူနေရတယ်ဆိုပြီး သူ့ဘက်က ဆင်ခြင်လိုက်တတ်သူမျိုး မဟုတ်။ ပြဿနာပိုမဖြစ်ချင်တဲ့ အိ ဘက်က ပုံဆင်ခြင်ဆိုတဲ့ အချိုးမျိုးနှင့် ရတဲ့အခွင့်အရေးကို ဆုပ်ကာ တစ်ကိုယ်ကောင်းဆန်တတ်တဲ့ ယောက်ျားမျိုးတည်

"အိစံ ... အိစံ"





"လာပြီ ... လာပြီ ... ကိုလင်း"

အိစံက မီးဖိုဘက်မှ ပြေးထွက်လာပြီး ဧည့်ခန်းက ...င်လုံ့အနားက အဖြတ်တွင် ...

"အေးအေးဆေးဆေး ထိုင်ဦးနော် ပင်လုံ"

"ဟုတ်ကဲ့၊ ရပါတယ် မမအိ၊ ကျွန်တော် မရှိဘူးပဲ မှတ် ထား၊ ဘာကူလုပ်ပေးရဦးမလဲ"

"ရတယ်၊ နေ ... နေ"

အိစံက သူတို့လင်မယားအိပ်ခန်းဆီ အပြေးအလွှား ...င်ကာ တံခါးကို ပြန်ပိတ်လိုက်ရင်း ...

"ကိုလင်း ... ဘာလဲ"

"ရေချိုးခန်းထဲက ခေါ်နေတာ၊ မင်း မကြားလို့ တံခါးကို ဖွင့်ထားရတာ၊ မပိတ်ထားနဲ့၊ ခေါ်တဲ့လူက အာခေါင်ကွဲ တော့မယ်ကွာ"

"ကိုလင်း ဘာလိုချင်လို့လဲ"

"ခေါင်းလျှော်ရည် ကုန်နေပြီ"

"ဪ ... ဗေစင်အောက်က ဗီရိုလေးထဲမှာပဲလေ ကိုလင်း ကလည်း၊ ဆပ်ပြာတုံး သွားတိုက်ဆေး ခေါင်းလျှော်ရည် အသစ်တွေ အဲဒီထဲပဲ ရှိတာပဲဟာ"

ပါးစပ်ကပြောရင်း အိစံက ရေချိုးခန်းထဲဝင် ဗေစင် ...က်ဘက်မှာ တွဲလုပ်ထားတဲ့ ဗီရိုလေးကိုဖွင့်ကာ ခေါင်းလျှော် ...ဘူးအသစ် ထုတ်ယူသည်။ ခေါင်းလျှော်ရည်ကလည်း ကုန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ မပြောပါနဲ့တော့။ ယောကျာ်းလုပ်သူဟာ သူ့ရဲ့ဆံပင် လက်တစ်ဆစ်ကို ခေါင်းလျှော်လျှင် ခေါင်းလျှော်ရည်ကို လက်တစ် ခုပ်ကြီးညှစ်ချကာ သုံးတတ်သလို နေ့တိုင်းလည်း ခေါင်းလျှော်သူ။

ခေါင်းလျှော်ရည် ချွေတာသုံးဖို့ပြောလျှင် သူက စိတ်ဆိုးတတ်သည်။ သူ ငွေတွေဒီလောက်ရှာနေတာ ခေါင်းလေး တောင် စိတ်တိုင်းကျ မလျှော်ရဘူးလားလို့ ဆိုသည်။ သူ ငွေတွေ ရှာနိုင်တာ မှန်ပါသည်။ မိန်းမကို အပ်တာလည်း မှန်ပါသည်။ သို့သော် "ဒါလေးတောင် စိတ်တိုင်းကျ မလုပ်ရတော့ဘူးလား" ဆိုတဲ့ ကိစ္စတွေက များပြားလှသည်။ အရာရာတိုင်းပင်။

"ရေမွှေးလေးတောင် အကောင်းစား မသုံးရဘူးလား"

"ပုစွန်ထုပ်လေးတောင် တစ်ပတ်တစ်နပ် မစားရတော့ဘူး လား"

"အဲကွန်းတောင် စိတ်တိုင်းကျ မဖွင့်ရဘူးလား"

စသဖြင့်တွေက မပြီးနိုင်အောင် များလှသည်။

အိစံသည် ကိုယ်က မိန်းမဖြစ်သော်လည်း ရေမွှေး အကောင်းစား မရှိပါ။ သူ့အတွက်ဝယ်တဲ့ Brand အကောင်းစား For man ရေမွှေးတွေကိုသာ ရံဖန်ရံခါ ကပ်ဆွတ်ရသည်။ အိစံ အတွက်ကတော့ တစ်သောင်းကျော် Revlon ငွေရောင်လောက် ပဲ။ ပွဲလမ်းသွားစရာရှိရင် အနံ့စွဲလှတဲ့ သူ့ရဲ့အကောင်းစားရေမွှေး ကို ကပ်ဆွတ်သည်။ ယောကျာ်းနံ့မကလို့ အခြောက်နံ့ပဲထွက် ထွက်ပစေတော့။





ပုစွန်တုပ်ကို တစ်ပတ်တစ်ခါတောင် သူ့ကိုမကျွေး ဘူးလို့ ငြိုငြင်ချင်၍ ပုစွန်တုပ် တစ်ခါဝယ်ရင် ကိုယ့်အမေတောင် ကိုယ်မသထာနိုင်ဘဲ ကလေးတွေတောင် မသထာနိုင်ဘဲ သူ့တစ် ယောက်စာ နှစ်ထုပ်ပဲဝယ်သည်။ နှစ်ထုပ်ကိုပဲ သုံးဆယ်သားကျော် ချင် ကျော်သွားသေးတာလေ။

အဲကွန်းဆိုလည်း သူရှိနေရင် မိနစ်တိုင်းစေ့ ဖွင့်ရမှ။ တစ်ခါတစ်ရံ လေအေးအေးကလေးလည်း တိုက်နေ၊ ရာသီဥတု သည်း ကောင်းနေလျက်နှင့် အိစံက အဲကွန်းပိတ်ကာ ပြတင်းပေါက် လေးတွေ ဖွင့်ထားချင်သော်လည်း မရပါ။ ဖုန်ဝင်သတဲ့။ သူ့အခန်း ကို အဲကွန်း လာမပိတ်နဲ့တဲ့။ အိုက်လည်းဖွင့် ချမ်းလည်းဖွင့်။ သူ အိမ်ပြန်မရောက်ခင် အိမ်ကိုဖုန်းလှမ်းဆက်ပြီး "အဲကွန်းဖွင့်ထား နှင့် သူလာတာနဲ့ အသင့်အေးနေအောင်" ဆိုတာမျိုးက ရှိသေးသည်။

သားငယ်က ရာသီဥတု ပူလို့မရ။ အဖုတွေ ပေါက် တတ်သည်။ အေးအေးထားမှရတဲ့ ကလေး။ ဆရာဝန်ကိုက အေး အေးလေးထားပါလို့ မှာထားတာဖြစ်သည်။ နည်းနည်းပူတာနှင့် ချွေးထွက်တာနှင့် အရေပြားမှာ တစ်ခုခုတော့ ဖြစ်ပြီ။ ဒီတော့ အိမ်ကကောင်မလေး အရီနှင့် တစ်ခန်းတည်း အတူသိပ်သည့် သားလေးအခန်းဟာလည်း အဲဗားအဲကွန်း။

သမီးကြီးနှင့် မေမေ့အခန်းကျတော့မှပဲ မီတာခ ချွေတာတဲ့အနေနှင့် အဲကွန်းမဖွင့်နဲ့ဟု မပြောရက်တော့ရာ အိမ် ၏ မီတာခဟာ တစ်လသုံးသောင်း။ ချွေတာဖို့စကား ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကမှ လှည့်ပြောလို့မရဘဲ "ငါရှာနေတာပဲ"ဆိုတာ တစ်ခွန်းနှင့် ပယ်ပယ်ချလေရာ သူရှာတာ မှန်ပေမယ့် ရှာသမျှဟာ အဖတ်မ တင်။ သမီးအရိပ်အကဲကိုကြည့်၍ မေမေက ...

"ငါ အဲကွန်းကြီးနဲ့ မနေတတ်ပါဘူးအေ၊ အသက်ကကြီး ပြီ၊ အေးလွန်းရင် ကိုက်ခဲချင်တယ်၊ မြေးကြီးနဲ့ အဘွားက အဲကွန်းမဖွင့်ဘဲ နေရအောင်၊ နော် ... ငါ့မြေး"

ပွအိုက်နေသော်လည်း ပြတင်းပေါက်လေးပဲဖွင့်ကာ နေ◌ာတ်သည်။ အဲဒီအခါ အိစံသည် စိတ်မကောင်း ကျိတ်ဖြစ်ရ ကာ ယောက်ျားကို ပိုမုန်းသည်။ အိစံအဖို့တော့ အိမ်ထောင်ကျ ပြီး ငါးနှစ်လောက်ကတည်းက အချစ်ဆိုတာ ကုန်သွားပြီ။ ဗိုလ် ကျတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ယောက်ျားကို မျက်နှာထောက် ခြင်း၊ မျိုးသိပ်ခြင်း၊ တစ်ခုလပ်မဖြစ်လိုခြင်းတို့နှင့်သာ ပေါင်းသင်း နေရတော့တာလို့ပဲ ထင်သည်။

အဆင့်မြင့်မြင့် ထည်ထည်ဝါဝါ နေနိုင်အောင် ထားပေးတာကို ကျေးဇူးတင်သလို သူနှင့်ကွဲပြီး ကသီလင်တလည်း မဖြစ်လိုတာလည်းပါသည်။ စိတ်ချမ်းသာရခြင်း၊ ပျော်ရွှင်ကြည်နူး ရခြင်းထက် စိတ်ရှုပ်ထွေးရခြင်း၊ နာကျင်ရခြင်း၊ အမြင်ကတ် ခြင်းတွေသာ နေ့စဉ်နှင့်အမျှ ပိုများနေခဲ့တာဖြစ်သည်။

သူက မချွေတာတဲ့အတွက် ကျန်ကျစရိတ်တွေ မ အောင် လျှော့တန်သလောက် လျှော့အောင် ကိုယ်ကချွေတာရသည်။ သူက Head and sholder ခေါင်းလျှော်ရည်တစ်ဘူးကို ဘယ်လော





ကြာအောင်မှ မသုံးတဲ့အတွက် ကိုယ်က ဈေးသက်သာတဲ့ ခေါင်း လျှော်ရည်လေးကိုပင် ကပ်စေးနည်းကာ ပါလေကာလေးထည့်ပြီး သုံးရသည်။

သူတောင် Head and sholder ...။ ငါလည်း Head and sholder ပဲပေါ့လို့ ယှဉ်ပြီး လိုက်မသုံးနိုင်ပါ။ ကိုယ်ပါ ဝင် သုံးနေရင် တစ်လနှစ်ဘူးကနေ တစ်လသုံးဘူး ဖြစ်သွားမှာပေါ့။ ကဲ ... ကိုယ်ပဲ အနစ်နာခံ ညှာတာပြီး လျှော့သုံးလိုက်ပါ။ သူက ငွေတွေ ရှာဖွေပေးနေတဲ့သူပဲလေ ... လို့ ကိုယ့်စိတ်ကို ကိုယ် ဆုံးမရပါသည်။

ကိုယ့်မှာ နှစ်သောင်းတန်လောက် အင်္ကျီတစ်ထည် ဝယ်ဖို့ ချိတုံချတုံ စဉ်းစားလှသော်လည်း သူ့အတွက် အင်္ကျီ ဆောင်းဘီတစ်စုံ အသစ်ကို MK မှာ တက်ဝယ်လိုက်ရင် သိန်း ကျော်ရှင်းလိုက်ရတဲ့အခါမှာလည်း ရင်ထဲအင့်ခနဲအောင့်ပြီး နှမြော သွားပါသည်။ အိမ်ဆောက်ပစ္စည်းဆိုင်မှာထိုင်တဲ့ ယောက်ျားတစ် ယောက်ဟာ ဝမ်းဆက်ကို သိန်းကျော်ကျတဲ့ဝတ်စုံဝတ်ပြီး ထိုင်နေ ဖို့ လိုလို့လား။ မင်းသားလည်း မဟုတ်။ ဘဏ်သူဌေးကြီးလည်း မဟုတ်။ နိုင်ငံခြားသား ပါတနာနှင့် တွေ့ဆုံစရာလည်းမရှိ။ ဒါပေမဲ့ ဒီငွေ သူရှာတာ၊ သူရှာတာနဲ့ သူဝယ်တာပဲလေလို့ စိတ် ကိုဆုံးမရပြန်။

အိစံရဲ့စိတ်ဟာ အဲသလို ဆုံးမရတာတွေ များလာ လွန်းတဲ့အခါ ရန်းကြွလာသည်။ ဖိလွန်းရင် ကြွတာ ထုံးစံပဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ကို ဆုံးမချုပ်ချယ်လွန်းရင်လည်း ဒီကလေးဟာ ကျဉ်းကျပ်ပြီး ထွက်ပေါက်ရှာလာမှာ။ အိစံရဲ့စိတ်ဟာလည်း ဆုံးမချုပ်ချယ်တာတွေ ခံရလွန်းတဲ့အခါ ...။

"မသိဘူးလေကွာ၊ ဟိုတလောက ဒီထဲရှာတာ ရှိမှ မ
တာ"

"သြော် ... ဘူးသစ်ကုန်နေတာမို့ပါ၊ အခုရှိသားပဲ၊ ကဲ
ရော့"

"အိပ်ခန်းတံခါး ဖွင့်ထား၊ ခုနက မင်းကိုခေါ်လည်း ထူး
သံမရ၊ အရီ့ခေါ်လည်း ထူးသံမရ၊ အိပ်ခန်းတံခါး ဖွင့်ခေါ်
လိုက်မှ မင်း ကြားတာ"

"သိပ်အော်ခေါ်မနေနဲ့၊ ဧည့်သည်ရှိနေတယ်"

"ဘယ်သူလဲ"

"ဟိုဟာပါ၊ ခိုက်ရဲ့ကောင်လေး"

"ခိုက်ရဲ့ကောင်လေး ဆိုတာ ဘာလဲ၊ ဘာကောင်လေးလဲ
ခိုင်းတဲ့ကောင်လေးလား၊ ဘာကိစ္စလဲ"

"ဘယ်ကခိုင်းတဲ့ကောင်လေးရမှာလဲ၊ ခိုက် ရည်းစား"

"ခိုက် ရည်းစားက ကောင်လေးလား"

"ခိုက်ထက် ငယ်တယ်"

ပြောမိတာ မှားပါပြီလို့ အိစံ နောင်တရသည်
ဒီလိုပဲ ဧည့်သည်ကြားမှာ စိုးရိမ်စိတ်နှင့် တားလိုက်မိတာ။ လွှ
ခနဲ ပြောမိတာ။ နောက်ဆက်တွဲ အစစ်အဆေးတွေ လာမယ်





တာ မသိမဟုတ်။ ဒီလူဟာ ရစ်ချင်ရင် ရှာကြံပတ်မွှေရစ်တာ။ ကိုယ့်ယောကျ်ားအကြောင်း ကိုယ်သိသားနဲ့ပင်။

မနက်ကျ အလုပ်သွား၊ ညနေကျ အိမ်ပြန်နောက်ကျတဲ့ ယောကျ်ားနှင့် အာလာပသလ္လာပတွေ သိပ်မပြောဖြစ်တာ ကြာပြီဖြစ်ရာ အရေးတကြီး မပြောမဖြစ်တာတွေလောက်ပဲ နှစ်ယောက်ကြားမှာ ပြောဖြစ်တာ။ ခိုက်မှာ ချစ်သူရှိတာ ဘာညာတွေ ယောကျ်ားနှင့် မပြောဖြစ်သေးပါ။

"ဘာလာလုပ်တာလဲ သူက"

"လာလည်တာပါ"

"သြော် ... ခိုက်လည်း ပါလာသလား"

"ခိုက် မပါဘူး"

"ဟင် ... ခိုက်လည်း မပါဘဲ ဒီကောင်လေးက ဘာကိစ္စ
မင်းဆီ တစ်ယောက်တည်း လာလည်ရတာလဲ၊ ဘာကိစ္စ
ရှိလို့လဲ"

"သြော် ... ကိုလင်းကလည်း၊ ဒီလိုပဲပေါ့၊ ခိုက်သူငယ်
ချင်းတွေဖြစ်တဲ့ လှဲ့ဝါတို့ စန္ဒီတို့ အိစံတို့နဲ့ သူနဲ့ရင်းနှီးသွား
အောင် ခိုက်က ဝင်ထွက်လည်ပတ်ဖို့ မှာထားလို့ပေါ့၊ ဟို
တစ်ပတ်က လှဲ့ဝါအိမ်ကို လိုက်လည်တယ်၊ သူတို့လင်
မယားနဲ့ ခုဆိုရင် တအားခင်သွားပြီ၊ သူတို့ကလည်း အိမ်
ထောင်ရေးနဲ့ ပတ်သက်တဲ့ လက်ချာတွေ ရိုက်ကြပေါ့၊
တမင်တကာ ရင်းနှီးအောင် လုပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လိုလို့လား၊ ကြာလာရင် ဆုံတွေ့ဖန်များရင် အလိုလို ခင်မင်လာမှာပဲ မဟုတ်လား၊ ကြိုတင်ပြီး လည်ပတ်နေဖို့ လိုလို့လား"

"ဪ ... ကိုလင်းကလည်း လိုလို မလိုလို၊ သူလာလည်မှတော့ နှင်လွှတ်လို့ရမလား၊ ဧည့်ခံရမှာပေါ့"

ထိန်လင်းအောင်က ခါးကိုထောက်ကာ စဉ်းစားနေရင်း ...

"ရှုပ်ရှုပ်ယှက်ယှက်ကွာ၊ ဘာသဘောမှန်းကို မသိဘူး"

"ကဲပါ ... ကိုယ့်ဟာကိုယ် ရေချိုးမှာချိုးပါ၊ ရှင် ဧည့်ခံဖို့လည်း မလိုဘူး၊ အိစံဟာအိစံ ကြည့်ရှုဧည့်ခံလိုက်မှာပေါ့"

"ခိုက်ပါလာရင် အဓိပ္ပာယ်ရှိသေးတယ်၊ ခုဟာက သူချည်းပဲ တစ်ယောက်တည်း မင်းဆီလာလည်ရတယ်လို့၊ မကြိုက်ပါဘူး"

"အမှန်က ရှင်နဲ့ပါ ရင်းနှီးခင်မင်ချင်တာ"

"အာ ... အဓိပ္ပာယ်မရှိ၊ နောက်တော့လည်း ခင်စရာရှိ ခင်သွားမှာပေါ့၊ တမင်လုပ်ယူနေဖို့ မလိုပါဘူး၊ ငါကလည်း အားတာမဟုတ်ဘူး"

"အင်းပါ၊ ရှင်အချိန်မပေးနိုင်လည်း မပေးနဲ့၊ အိစံကတော့ လာလည်မှတော့ ဧည့်ခံရမှာပေါ့"

"အူကြောင်ကြောင်နဲ့၊ ဘယ်လိုကောင်လဲ မသိပါဘူး"

"လူတစ်ကိုယ် ပုံစံတစ်မျိုးပေါ့ရှင်၊ ကဲ ... နောက်ကျနေဦးမယ်"





"လဲ့ဝါတို့က အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ဘာတွေ လက်ချာရိုက်တာလဲ"

"ဪ ... ဘယ်သိနိုင်ပါ့မလဲ၊ ကိုမင်းဦး ဆိုရင် ပင်လုံနဲ့ ခင်ကိုသွားတာ"

"ပင်လုံတဲ့လား"

"အင်း"

"အဲဒီ ကိုမင်းဦးကတော့ အားအားလျားလျား လူကိုးကွ"

"အင်းပါ ... ရှင့်ကိုလည်း အဲသလို ခင်မင်ရမယ်လို့ ဘယ်သူမှ မပြောဘူး"

"ပြောလည်း မရဘူးလေ၊ မိုးလင်းက မိုးချုပ် ငါက အားတာမဟုတ်ဘူး၊ ဆန်းဒေးတစ်ရက်ကျရင်လည်း မလာစေနဲ့နော်၊ ကိုယ့်အားရက် ကိုယ့်ဟာကိုယ် အနားယူမှာ၊ သူစိမ်းလူ ရောက်နေမှာ မကြိုက်ဘူး"

အိစံသည် ကိုလင်း ခပ်တင်းတင်း ပြောနေပုံကို အမြင်ကတ်လာကာ ...

"ခါတိုင်း ဆန်းဒေးတွေလည်း ဒီလိုပဲ မမျှော်လင့်ဘဲ ဧည့်သည်ရောက်လာရင် ဧည့်ခံရတာပဲဟာ၊ ပြီးခဲ့တဲ့ တစ်ပတ်ကျော် ဆန်းဒေးတုန်းက နယ်ကရောက်လာတဲ့ ရှင့်အစ်ကိုကြီး တစ်နေကုန် နေသွားတာပဲလေ၊ လာလည်တဲ့သူရှိရင်တော့ အိမ်ရှင်က ပြုံးပြင်နေလို့ ဘယ်ရမလဲ ကိုလင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... အဲဒါက ငါ့အစ်ကိုကြီးလေ၊ အခု ဒီကောင်က ဘာမို့လဲ၊ ဘာကောင်မို့ ငါက တစ်နေကုန် ဧည့်ခံနေရမှာလဲ"

"သူစိမ်းဧည့်သည် လာတာလည်း ရှိတာပဲ၊ ကိုလင်းက သူ့ကိုမှ ဘာဖြစ်လို့ မလိုမလား ပြောနေရတာလဲ"

"မင်းကကော ဘာဖြစ်လို့ သိပ်လိုလားနေတာလဲ"

"ဘာမှမလိုလားဘူး လာရင်တော့ ဧည့်ဝတ်ကျေရမှာကို ပြောတာ"

အိစံသည် အသံတွေ တုန်လာပါသည်။ စစချင်းမှာ ကိုလင်းရဲ့အမြင်တွေ မကြည်တော့သည်ဖြစ်၍ နောင်အရှည်ဆက်ဆံရေးမှာလည်း ကိုလင်းဟာ ပင်လုံ့အပေါ် ကြည်ကြည်ဖြူဖြူရှိဖို့ ခဲယဉ်းသွားပြီ။ အဲလိုမဖြစ်အောင်လည်း အိစံ ဘာမှမတတ်နိုင်။ ကိုလင်းဟာ မထင်ရင် မထင်သလို ထပြီးရစ်တတ် ကပ်ဖဲ့တိုက်တတ် ညစ်တတ်တဲ့သူ။

"ကျွန်မလည်း ဖိတ်ခေါ်ထားတာ ပင့်ထားတာ မဟုတ်ဘူး၊ ဒါပေမဲ့ တစ်ချိန်မှာ ကိုယ့်သူငယ်ချင်းအရင်း ခိုက်နဲ့လက်ထပ်မယ့်သူလေ၊ နည်းနည်းပါးပါးတော့ အရေးထားရမှာပေါ့၊ ကိုလင်းက အလကားနေရင်း လူတောင်မမြင်ဖူးသေးဘူး ကြိုပြီးကလန်ထားတာတော့ ဘယ်ကောင်းမလဲ"

"အေးပေါ့ ... မင်း ရင်းနှီးပေါ့၊ မင်း ဧည့်ခံပေါ့၊ ပြီးတာပဲ၊ ဘာလက်ချာတွေ ဘာတွေမှ ရိုက်မနေနဲ့၊ သူတို့ဟာ





သူတို့ ယူမယ့်ကိစ္စ၊ မင်းတို့ကဝင်ပြီး ဆရာကြီးလုပ်ပြီး လက်ချာဝင်ရိုက်နေစရာလည်း မလိုဘူး၊ မင်းတို့ ပြောချင်ရာပြော၊ သူတို့ကလည်း သူတို့လုပ်ချင်တာပဲ လုပ်မှာပဲ၊ အလုပ်ပိုတွေ ငါလည်း ဘာမှလာမလုပ်နိုင်နဲ့"

"ရှင့်ကို ဘယ်သူကမှ ဘာတာဝန်မှ ပေးမနေဘူး၊ ရှင့်ဟာ ရှင် မလိုမလား ဖြစ်နေတာ"

"ဘာတာဝန်မှ မပေးရင် ပြီးရောပေါ့"

"ရှင် အခန်းပြင် ထွက်လာရင်တော့ မိတ်ဆက်ပေးရမှာ"

"မိတ်ဆက်မနေနဲ့"

"မိတ်မဆက်လို့ ရမလား၊ ဒါ ငါ့ယောက်ျား ဆိုတာတော့ မိတ်ဆက်ပေးမှ ရမှာပေါ့၊ ကိုလင်း အဲလောက်ကြီးတော့ ဧည့်ဝတ်မပျက်နဲ့ပေါ့"

"ရှုပ်နေတာပဲ၊ သူတို့ဟာသူတို့ ယောက်ျားယူ မိန်းမယူတာ ယူကြပစေပေါ့၊ မင်းတို့ကို လျှာရှည်ပြီး ဟိုဖိတ်ဒီဖိတ်"

"ကျွန်မစ,တဲ့ကိစ္စလည်း မဟုတ်ဘူး၊ ဒါပေမဲ့ အိမ်လာလည်မယ်ပြောတာကိုတော့ လာမလည်နဲ့လို့ ငြင်းထုတ်လို့မရဘူး၊ နောက်လည်း မဆက်လို့ရတဲ့လူချင်း မဟုတ်ဘူး ကိုလင်း၊ ဆက်ကိုဆက်ဆံရမယ့်သူတွေပဲ"

"မင်းသူငယ်ချင်းတွေ မင်းပဲ ဝတ္တရားကျေအောင် ဆက်ဆံလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း အဲလိုမပြောနဲ့လေ၊ ကိုလင်း သူငယ်ချင်းအပေါင်း အသင်းအပေါ်ကိုဆိုရင် အိစံ အမြဲ တာဝန်ကျေတယ်၊ တာဝန်ကျေတာထက်ပိုတဲ့ စေတနာနဲ့ ပြုစုညှော်ဝတ်ကျေတယ်၊ အိစံ သူငယ်ချင်းအပေါ်လည်း ကိုလင်း အတွဲ့အပြန် ရှိရမှာပေါ့"

ထိန်လင်းအောင်က "ကျွတ်"ခနဲ စုတ်သတ်ကာ အိစံကို ရေချိုးခန်းထဲကနေ တွန်းထုတ်ပြီး ရေချိုးခန်းတံခါးကို ပိတ်လိုက်ပါသည်။ ရေချိုးခန်းအပြင်ကို ယက်ကန် ယက်ကန် ထွက်လာရတဲ့ အိစံသည် မခံချိမခံသာခြင်းနှင့် ရင်ကလေးနိမ့် ချည်မြင့်ချည်ဖြစ်အောင် အသက်ပြင်းပြင်း ရှိုက်ရှူနေမိသည်။

နည်းနည်းမှ မတရားတဲ့ ယောကျ်ား။ သူ့ရဲ့ဆက်ဆံရေးဟာ နိုင့်ထက်စီးနင်းဆန်သည်။ ရည်းစားဘဝတုန်းကတည်းကတော့ သူဟာ ကိုယ့်အပေါ် အနိုင်ယူတတ်တာ သိခဲ့သားပါပဲ။ ဒါပေမဲ့ ကိုယ့်ကို အလိုမလိုက်ဘဲ "ဖြစ်သင့်တာ ဒါ"ဆိုပြီး ကိုယ့်ကို ဦးဆောင်တာ၊ ကိုယ့်ကို အလျှော့မပေးတာကိုပဲ ဒါမှ အားကိုးထိုက်တဲ့ ယောကျ်ားပီသတဲ့ ယောကျ်ားလိုလို တစ်မျိုး တစ်ဖုံ ဂုဏ်ယူကျေနပ်ခဲ့မိသည်လေ။

မိန်းမကြိုးဆွဲရာနောက် မပါတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ချစ်သူဖြစ်ရတာ ပိုပြီးဂုဏ်ရှိသလိုလို။ ကိုယ်ဟာကိုယ် ကျေနပ်လို့ ဒီလူကို ယူခဲ့တာပဲ။ ဒါပေမဲ့ အဲဒီတုန်းက အလျှော့





ခပေးဘူးဆိုတာတွေက လက်ထပ်ပြီးတော့ အနိုင်ကျင့်တာတွေ ဖြစ်လာသည်။ အဲဒီတုန်းက အလိုမလိုက်တာတွေက လက်ထပ်ပြီးတော့ ငါတကောကောကာ ငါပြောတာပဲအမှန်၊ ငါ့အမိန့်အတည် ဘာမှဆင်ခြေ စောဒကမတက်နဲ့ ဆိုတာမျိုး ဖြစ်လာသည်။

အိမ်ထောင်သက် တစ်နှစ်လောက်ရှိတဲ့အချိန်မှာ သူတို့လင်မယားဟာ တစ်ရက်ခြား တစ်ခါလောက် ရန်ပွဲတွေ တချိန်းချိန်း။ ကိုယ်ကလည်း လက်ထပ်ကာစ အမောက်ကလေး ထောင်ထောင်၊ လက်မကလေးထောင်ထောင်နဲ့ သူလည်း စိတ်ရှိသလို ငါလည်း စိတ်ရှိတာပဲ ဆိုတာမျိုး တုံ့ပြန်ခဲ့မိတာကိုး။

ရန်ဖြစ်ရလွန်းအားကြီးတော့ အတူနေတဲ့မိခင်ကို ရှက်လာသည်။ သူငယ်ချင်း အိမ်ထောင်တွေနှင့်ယှဉ်ကာ ရှက်လာသည်။ ကြာလေလေ အိစံ သိနားလည်လာရသည်မှာ ကိုယ်က သည်းညည်းမခံ တုံ့ပြန်နေသရွေ့ ဒီရန်ပွဲတွေ ချုပ်ငြိမ်းစရာမရှိဘူး ဆိုတာကိုပင်။ သူကတော့ ဘယ်တော့မှ သည်းညည်းခံလိုက်မည့်သူ မဟုတ်။ ဒီတစ်လှည့် သူလျှော့လို့ နောက်တစ်လှည့် ငါလျှော့မယ်ဆိုတာ မရှိဘဲ၊ ဒီတစ်လှည့်လည်း နင်လျှော့၊ နောက်တစ်လှည့်လည်း နင်လျှော့၊ အလှည့်တိုင်း နင်ပဲလျှော့၊ ငါကတော့ တင်းတင်းပဲဆိုတဲ့လူစား။

ကိုယ်ကမလျှော့သရွေ့ ရန်တွေဖြစ်နေရမည်။ အတူ [illegible] မေမေ စိတ်ဆင်းရဲ စိတ်ကျဉ်းကျပ်ရမည်။ တချိန်းချိန်းသတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လင်မယားဆိုတဲ့ ဂုဏ်ပုဒ်ကြီး တွင်သွားမည်။ အိမ်ထောင်သက်တစ်လျှောက် အကျင့်ပါကာ သာယာတဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်လို့ ရတော့မှာကို မဟုတ်။ သားသမီးတွေကြီးပြင်းလာရင် အဖေ အမေ ရန်ပွဲတွေကိုကြည့်ပြီး စိတ်ဆင်းရဲရမည်။

ရန်ပွဲကို စိတ်ပျက်လာတဲ့ အိစံက အလျှော့ပေးလိုက်တာ၊ စကားနည်း ရန်စဲ နေလိုက်တာတွေ သိသိသာသာ ရှိလာတဲ့အခါ သူ့ဘက်ကကော တုံ့ပြန်ပြီး တစ်ခါတလေမှာ ပြောမနေတော့ဘဲ မျိုသိပ်လိုက်တာမျိုးတွေ ရှိပါသလား ဆိုတော့ မရှိပါ။ တစ်ဖက်က ငြိမ်ကျသွားပြီ ဆိုတာကို သူက ဦးကျိုးသွားပြီလို့ပဲ မှတ်ပုံပင်။

အပေါ်စီးနေရာကို သူ ခိုင်ခိုင်မြဲမြဲ ရသွားပြီလို့ ယုံကြည်လိုက်ပုံနှင့် ပုံစံကြီးကိုက အချိုးပြောင်းကာ ခပ်တင်းတင်းနှင့် သခင်ကြီးတစ်ဆူ လုပ်လာသည်။ အိမ်ထောင်ကျပြီး မကြာခင်မှာပင် ကိုယ်ဝန်ရှိကာ အိမ်ထောင်သက် တစ်နှစ်လောက်မှာပဲ သမီးကြီးကိုမွေးသည်။

ဖခင်ရယ်လို့ ပေါက်စန နီတာရဲလေးရဲ့တာဝန်ကို သေးသေးကလေးတောင်မယူ။ ကလေးကို တစ်နေ့တစ်ကြိမ် ချီပိုးချော့မြူမည်။ ဒါပဲ။ ဒါဟာ သူ့ရဲ့မဟာဖခင်ဝတ္တရားကြီးနှယ်ပင်။ သူ့အနား ကလေးရှိနေပြီး တခြားလူတွေနှင့် အလုပ်မ်းဝေ နေတုန်း





ကလေးရှူးပေါက်ရင်ဖြစ်စေ၊ အီးပါရင်ဖြစ်စေ ကော့လန်ပျံ ငိုကြွေးနေရင်ဖြစ်စေ လုံးဝကောက်မချီ။ သူ့တာဝန်မဟုတ်။ "အိစံရေ" လို့ခေါ်မည်။ အိမ်ကအလုပ်သမားအမည် ခေါ်မည်။

ကလေးငယ်တုန်း ကလေးပါခေါ်ကာ အပြင်သွားဖြစ်တာမျိုးကြုံလျှင် သူက ကလေးလည်းမချီ။ ကလေးရဲ့ပစ္စည်းစွယ်တွေ ထည့်သယ်တဲ့အိတ်လည်း မဆွဲ။ ရှေ့က ကျောကော့သို့။ အိစံသာ ကလေးတစ်ဖက်ချီ၊ အိတ်တစ်ဖက်လွယ်။ အလွန်ခင်မတန်ကို သခင်ကြီး ဘုရင်ကြီး လုပ်တဲ့သူ။ စိတ်နာနာနှင့်နောက်ထပ်ကလေး မယူဘူး ဆုံးဖြတ်ခဲ့ပါလျက် ရချင်တော့တော်တဆ ရသွားပြန်ရာ အိစံမှာ မိအေးနှစ်ခါနာ။

သူ့အလုပ်က ကိုယ်ပိုင်ဆိုင်(စပ်တူ)ဖြစ်၍ ဝင်ငွေဘယ်လောက်လဲ အတိအကျ မရှိရာ အိစံကို သူကလည်းသေချာပြော။ အိစံကလည်း သေချာမသိ။ ဆိုင်မှာတော့ စာရင်းကိုင်နှင့်င်။ ဝင်ငွေတွေ မနည်းမှန်းတော့ သိသည်။ တစ်ခါတစ်ရံ ကားလိုက်တာ သိန်းတစ်ရာ အလိုက်ပေးရတယ်ဆိုတာမျိုး၊ ကြိုပို့င့်က်ခန်းတစ်ခန်း ပေါချောင်ကောင်းတွေ့လို့ ဆွဲထားတယ် ဆိုတာ း သိရသဖြင့် သူ့ဟာနဲ့သူ ဘဏ်မှာထားသလား လှည့်ပတ်ထားလား မသိတဲ့ ငွေပိုငွေလျှံတွေ မနည်းတာ သိရသည်။

အိစံကို အပ်ငွေက တစ်လတစ်လ ပုံမှန်ပင်။ အဲဒီနှ်ဟာ မီးဖိုစရိတ်၊ ဘီလ်ပေါင်းစုံစရိတ်၊ ကလေးတွေကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကား ကျူရှင်စရိတ်၊ ကျန်းမာရေးစရိတ်၊ အဝတ်အစား အသုံး အဆောင်များ ဝယ်ခြမ်းစရိတ်တို့အပြင် ပိုပိုလျှံလျှံ ရှိသေး၍ သုံး လေးလနေရင်တစ်ခါ လေးငါးရှစ်သိန်းတန် တိုတိုထွာထွာ စိန် လက်စွပ်လေး စိန်လော့ကက်လေး ဝယ်လို့ရသေးသည်။

သိန်းဆယ်ဂဏန်းတွေချီသည့် ပစ္စည်းကြီးကြီးမ မား လိုချင်တာရှိလျှင်တော့ သူ့ကိုပူဆာ။ အိစံကလည်း မကြာ မကြာ မပူဆာလို့ထင်သည်။ ပူဆာလျှင်ဝယ်ပေးပါသည်။ ငွေရေး ကြေးရေးအားဖြင့်တော့ ဒီလင်ယောကျ်ားဟာ တာဝန်ကျေပွန်တာ ပေါ့။ ကျန်တာကတော့ လုံးဝ။ ဘယ်တစ်ချက်မှ အိစံ စိတ်တိုင်း မကျတဲ့အပြင် ရင်ထဲ နာကြည်းသွား ခံစားသွား ဒဏ်ရာရသွား တာတွေကလည်း အကြိမ်ကြိမ်ပါ။

ပြီးတော့ ကိုလင်းက ဘီယာဆိုင် ထိုင်တတ်သည်။ သူ့ပါတနာ .သူငယ်ချင်းအပါအဝင် တခြားသူငယ်ချင်းတွေ စုစုပေါင်း လေးငါးခြောက်ယောက်ဟာ ညတိုင်းနီးပါး ဘီယာ ထိုင်သည်။ တစ်ပတ်မှာ ငါးရက်လောက် ထိုင်သည်။ ဘီယာ သောက်သည်။ တစ်ခါတစ်ရံ အရက်ပြင်း ပါသည်။ မူးတူး ရီတီတီနှင့် ပြန်လာတတ်သည်။ ယိုင်ထိုးအောင်တော့ တစ်ခါ အခြေအနေ မဆိုးပါ။

အိမ်မှာလည်း သူသာ ဦးစားပေးခံရမယ့်သူလို့ ဟာသူ ယူဆသတ်မှတ်ထားသည်။ သူဟာ ဒီမိသားစုကို ရှာဖွေ





နေတာ။ အသက်သခင် ထမင်းရှင်။ အဲသလိုအချိုး ဖြစ်သည်။ ကိုယ်ကလည်း သူနှင့်မရလျှင် ထမင်းငတ်ရမည့်သူစား မဟုတ် လေရာ သူ ထိုအချိုး,ချိုးတာကို အတော်နာကျင် ခံပြင်းသည်။ သို့ပေမယ့် ဘာမှမတတ်နိုင်။ "မကျေနပ်ရင် လေဖြတ်သေ"လို့ အလေးတုန်းကလို ပြောရမည်ထင်သည်။ မကျေနပ်လည်း ကိုယ် ဘယ်နည်းနှင့်များ အရေးယူ တုံ့ပြန်လို့ရလို့လဲ။

တိုတိုမှတ်ချက်ချရရင် "တစ်ကိုယ်ကောင်းဆန်တဲ့ ယောကျ်ား"။ မေမေက အေးဆေးလုတဲ့သူမို့ သူနှင့်ဘာပြဿနာ ဖြစ်စရာမရှိ။ မေမေက အိစံကိုတောင် တစ်ခါတစ်ရံ အပြစ် င်သေး။

"ညည်းကလည်း ညည်းပဲ၊ တစ်ခွန်းအတင်မခံတာ၊ မိန်းမ ဆိုတာ ဒီလိုစိတ်မျိုးထားချင်ရင် အစောကြီးကတည်းက ယောကျ်ားမယူနဲ့၊ ယောကျ်ားယူမိရင်တော့ ညည်းစိတ်ဆို တာ ထားမနေနဲ့တော့၊ ယောကျ်ားရဲ့စိတ်ပဲ၊ သူ့စိတ်နဲ့ ကိုယ်ကိုယ်ပဲ နေလိုက်ရတာ မေမေတို့ မြန်မာမိန်းမတွေ သဘာဝပဲ သမီး"

"ဒါဖြင့် သမီး ဘိုမပဲ လုပ်တော့မယ်"

အိစံကလည်း ရွတ်သည်။ ဟုတ်တယ်လေ။ ရှေး ဘ်အဆက်ဆက်က "လင်ကိုဘုရား"လုပ်ခဲ့ကြတဲ့ မိန်းမထု မှန်းလိုက်တာ။ ဒါပေမဲ့ လင်ယောကျ်ားတိုင်းကတော့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလောက် မဆိုးတာ အိစံ သိသည်။ လဲ့ဝါ ယောကျ်ား ဆိုရင် လဲ့ဝါ တစ်ခွန်းပဲ။ လေသံပြင်းပြင်းတောင် မပြောခဲ့ သဘောကောင်းတာရော မိန်းမကြောက်တာရော ပေါင်းစပ်ကာ ထားရာနေ စေရာသွား။

ဒါကိုမြင်လျှင် မနာလိုတဲ့စိတ်နှင့် အပူလုံးတွေကြ ဒေါသတွေ ထ,လာတတ်တဲ့အခါ လဲ့ဝါ ယောကျ်ား ကိုမင်းဦးကို "အလကားလူ၊ မယားကြောက်၊ လူပေါကြီး"လို့ စိတ်ထဲကနေ ကျိတ်ပြီး ပစ်ပစ်ခါခါ ဖိပြောပစ်မိသည်။ "လူပျင်း လူဖျင်း"လို့ ရေရွတ်မိသည်။ လူပျင်းလူဖျင်းထက် စာရင်တော့ ငွေတွေအများ ကြီးရှာနိုင်တဲ့ ငါ့ယောကျ်ားက တော်တယ်လို့ တွေးပစ်လိုက် သည်။

လဲ့ဝါနဲ့ ကိုမင်းဦးကို ကြည့်မိရင် ကိုမင်းဦး အညံ့ လုပ်ပုံကြောင့် ကိုယ့်ယောကျ်ားကို ကိုယ် ပိုအမြင်ကတ်ရသည် သတ်တောင်ပစ်ချင်လာသည်။ မိန်းမအပြင်ထွက်ခွင့်ပေးမှ ထွ ရဲတဲ့သူနှင့် "နောက်ကျလိုက်တာ"လို့ ပြောရင် "နောက်ကျတော ဘာဖြစ်လဲ၊ အရေးမပါတာ လာမပြောနဲ့ မကြိုက်ဘူး"လို့ တုံ့ပြ တဲ့ယောကျ်ား။ "ကိုမင်းဦး"လို့ ခပ်တင်းတင်း ခေါ်လိုက်ရင် "ဟော ... ဘာလဲမိန်းမ"လို့ ချိုချိုလေး ထူးတတ်တဲ့ ယောကျ်ား နှင့် "ကိုလင်း"လို့ ခပ်လှမ်းလှမ်းဆီက ခေါ်မိရင် ကြားပါလျှ နဲ့ လုံးဝမထူးတတ်ပဲ အနားသွားပြီး ခေါ်နေတာ မကြားလို့လေ





မေးရင် "ငါ့ကို အဝေးက လှမ်းလှမ်းမခေါ်နဲ့၊ ပြောစရာရှိရင် အနားလာပြော"ဆိုတဲ့ ယောကျ်ား။

တော်ပါပြီ။ နှိုင်းယှဉ်တွေးနေလေ ကိုယ်ပဲ ရင်နာ ရာဘဝကို ရောက်နေသလို ခံစားရလေ။ သို့သော် အိစံသည် ကိုလင်း တစ်ယောက် ကိုသက်လို မရှုပ်မပွေတာကိုတော့ ရင်ထဲ က တကယ်ကျေကျေနပ်နပ် ကျေးဇူးတင်မိသည်။ ကိုလင်းက သူ့ဟာနဲ့သူ ခပ်တည်တည်နေတတ်သူ။ မိန်းမကြီး၊ ငယ်၊ ရွယ်၊ သတ် ဘယ်သူ့မှ အလွယ်အရောမဝင်။ မိန်းမတွေနှင့် စကားပြော င်လည်း နနချိုချိုမရှိ။ စကားလုံး တိတိကျကျ လေသံပြတ် တ်နှင့်ပင်။

ဘီယာသောက် အရက်သောက်ပေမဲ့ စားပွဲထိုးမတွေ ဆိုတော်မတွေရှိတဲ့ ဆိုင်မျိုးမှာမထိုင်။ အေးအေးဆေးဆေး ိုင်မျိုးမှာပဲ သောက်သည်။ သူက သခင်ကြီးလို ဗိုလ်ကျရတဲ့ ားထဲ မိန်းမက ရှုပ်သေးဆိုရင်တော့ တော်ပါတော့။ ပေါင်းဖို့ ကောင်းတော့ပါဘူး။ ခုတင်စွန်းမှာထိုင်ပြီး အတွေးတွေ ပြေး းနေတဲ့ အိစံသည် ...

"ဟဲတော်"

ခုမှပဲ ပင်လုံ့ကို ပြန်သတိရသည်။ အပြင်မှာ တစ် ာက်တည်း အကြာကြီး ပစ်ထားမိပြီ။ အိစံက ကမန်းကတန်း ခန်းထဲခါးဖွင့်ကာ ထွက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ပင်လုံရေ ... အားနာလိုက်တာ၊ ထိုင်ဦးနော်"

"ရတယ် မမအိစံ၊ ဖြည်းဖြည်းလုပ်၊ ကိုလင်း အလုပ်သွာ ခါနီးဆိုတော့ အလုပ်တွေ များနေမှာပေါ့၊ ကျွန်တော်က အေးဆေးပါ"

"အားတော့နာတယ် ပင်လုံရယ်"

"ရတယ် ... ရတယ်၊ ကျွန်တော်က အချိန်ကောင်းမှ ရောက်လာသလို ဖြစ်နေတယ်"

"အရီရေ"

"ရှင်"

"မွန်မွန့်ကို ကျောင်းကားဆီ လိုက်ပို့ဦးဟေ့၊ နောက်တော ကျနေမလား မသိဘူး၊ ခြံဝထွက်တော့၊ အဘွားက ဖိုးသာ မှား နေနေရတယ်"

"ဟုတ်ကဲ့ အစ်မ၊ ဟွန်းတော့မတီးသေးပါဘူး"

"သွားတော့ ... သွားတော့"

အိစံတို့အိမ်က သဃ်န်းကျွန်းက အိပ်ရာတစ်ခု ကာ ဂျူးပလက်စ်ခေါ်တဲ့ ခြံတစ်ခြမ်း အိမ်တစ်ခြမ်း နှစ်အိမ် လေးတွေ ဖြစ်ပါသည်။ သမီးရဲ့ကျောင်းကားက လမ်းထိပ်ထိ ခေါ်သည်။ နှစ်ခြံစာလောက်ပဲ လမ်းလျှောက်ထွက်ရပါမည်။

"သမီးက ကျောင်းကားနဲ့လား မမအိ"

"ဟုတ်တယ် ပင်လုံ"





"သားလေးကကော ဘယ်နနှစ်လဲ"

"သားက လေးနှစ်၊ သူလည်း ဒီနားက ဒီအိမ်ရာဝင်းထဲက ပဲ မူကြိုပို့တယ်၊ ဒါပေမဲ့ ဒီနေ့ သူက ဖျားနေတယ်"

"ဪ ... ဒါကြောင့် သားအသံ မကြားရတာ ထင်တယ်"

"အခန်းထဲမှာ သူ့အဘွားနဲ့လေ"

အိစံက ကိုလင်းအတွက် ထမင်းချိုင့်ကို ဆင့်ကာ အဆင်သင့် တင်ထားလိုက်ပါသည်။ အရီက လှဲ့ဝါအိမ်က နော်ဖော လို ပျင်းရိပျင်းရွဲ မဟုတ်။ အလုပ်လုပ်တာ ဖျတ်လတ်သွက်လက် သည်။ လှဲ့ဝါ အိမ်ကတော့ ရေခဲမြေခဲကိုက အပျင်းအခံဖြစ်နေ တာ။ ဒီမှာတော့ အရီက မျက်နှာလွှဲရတဲ့အပြင် မေမေ အတူနေတာ ကလည်း အိစံကို များစွာသက်သာရာ ရစေသည်။

မေမေက လူကြီးလည်းဖြစ်တော့ မျက်စိကလည်း မြင်တတ်ကာ လိုအပ်တာလေးတွေ တောက်တောက်တက်တက် လျှောက်လုပ်နေတတ်သည်။ ဒါကြောင့် အိစံဟာ နှမ်းဖြူးရုံလောက် သာပါ။

"အိစံ"

"လာပြီ"

ခုထိ အသံသာကြားနေရတဲ့ ကိုလင်း ဆိုသူကို င်လုံက မှန်းဆကြည့်နေမိသည်။ လေသံတစ်ခုတည်းနဲ့ ဆုံးဖြတ် ရင်တော့ ခပ်တည်တည်တင်းတင်း လူတစ်ယောက်ဖြစ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းချိုင့် ပြီးပြီလား"

"ပြီးပြီ"

ရှပ်အင်္ကျီလက်ဖျားကြယ်သီးတပ်ရင်း ထွက်လာတဲ့ လူသန့်သန့်ချောချောကို လှမ်းကြည့်ကာ ပင်လုံက ထိုင်ရာက ထ,ရပ်လိုက်ပါသည်။ ခပ်တည်တည်နေမယ် စိတ်ကူးထားပုံရတဲ့ ထိုလူဟာ တကူးတက မတ်တတ်ရပ် ဦးညွှတ်တဲ့ ပင်လုံ့ရဲ့မျှော်လင့်တဲ့ အပြုအမူကြောင့် ခြေလှမ်းတုံ့နှေးသွားပြီး လှမ်းကြည့်ပါသည်။

"ကိုလင်း ... အဲဒါ ပင်လုံတဲ့၊ ခိုက်ရဲ့အမျိုးသားလေး ပင်လုံရေ ... ဒါ အစ်မအမျိုးသားပေါ့၊ ကိုထိန်လင်းအောင်တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ် အစ်ကို၊ အစ်ကိုနဲ့လည်း ခင်မင်ရင်းနှီးချင်တာပါ၊ စကားလည်းပြောချင်တာ၊ တစ်ရက် အပြင်မှာ တစ်နေရာ လိုက်ကျွေးပါရစေ အစ်ကိုက အလုပ်များတော့ အစ်ကိုအားတဲ့ရက်မှပါ"

"ဪ ... အင်း ... အင်း၊ ဝမ်းသာပါတယ်၊ ညီ့သည်ရောက်တယ်တော့ အိစံ ပြောသား၊ ကိုယ်ကလည်း ဒီအချိန်ဆို အလုပ်သွားဖို့ ရှုပ်နေတာနဲ့၊ လုပ်ပါ ... အေးအေးဆေးဆေး နေပါ၊ အပြင်ထွက်ဖို့လည်း အိစံနဲ့သာ ချိန်းလိုက်ပါ ကိုယ့်ကို ခွင့်ပြုဦး ညီလေး"





"ဟုတ်ကဲ့ ... အစ်ကို"

အပြင်ဆိုင်မှာ စားရတာ ဝါသနာပါလှတဲ့ ကိုလင်း တစ်ယောက် လိုလိုချင်ချင်ပဲ လက်သင့်ခံသွား၍ အိစံက ပင့်သက်တစ်ချက် တိတ်တိတ်ချလိုက်မိပါသည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"တီတီ … တီတီ"

ခိုက်က ဖုန်းကိုဖွင့်ကာ …

"ဟယ်လို"

"ခိုက်"

"အေး"

"ပင်လုံ ရှိလား"

လှဲဝါ အမေးကြောင့် ခိုက်က ဘေးမှာထိုင်နေတဲ့ ပင်လုံ့ကို မျက်စောင်းတစ်ချက် အခြောက်တိုက်ထိုးလိုက်ရင်း …

"မရှိဘူး"

"အာ … ဒီကောင်လေး၊ ဘယ်ရောက်နေလဲ မသိဘူး"

"ငါ ဘယ်သိမလဲ"

ပင်လုံက ရှုပုပ်ပုပ်ရှိနေတဲ့ ခိုက်ရဲ့ရုပ်ကိုကြည့်ရင်း ပြုံးစိစိ ရှိနေပါသည်။





"ပြည်လမ်းဆိုင်ကိုလည်း ငါ ဆက်ပြီးပြီ၊ မရှိဘူးတဲ့၊ ဒဂုံစင်တာမှာတဲ့"

"ပြည်လမ်းဆိုင်ဖုန်းနံပါတ်က သိလိုက်ရပြန်ပြီ"

"အာ … နင်ကလည်း၊ မဂ္ဂဇင်းထဲမှာ ဆိုင်ကြော်ငြာပါနေတာပဲဟာ၊ အဲဒီမှာ ဖုန်းနံပါတ် ပါတာပဲ"

"ဩော် … ဩော် …၊ ဟုတ်နေတာပေါ့လေ"

"ဟဲ့ … ခိုက်၊ နင်လည်း အခု ဒဂုံစင်တာမှာ မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီမှာ ပင်လုံ မရှိဘူးလား"

"ဟင့်အင်း"

"သေချာရဲ့လား၊ မိန်းမ … နင် စိတ်မပုပ်နဲ့နော်"

"ဘာလို့ စိတ်ပုပ်ရမှာလဲ၊ ရှိမှမရှိတာကို၊ နင် သူ့ဟဲန်းဒ်ဖုန်း ဆက်လိုက်ပေါ့ဟဲ့၊ ဘာလို့ ငါ့ဆီဆက်နေလဲ"

"သူ့ဟဲန်းဒ်ဖုန်းက ပိတ်ထားလို့ပေါ့၊ အစုတ်အပေလေး၊ အကျင့်မကောင်းဘူး၊ ဖုန်းကို ပိတ်ပိတ်ထားတတ်တယ်"

"အောင်မာ … ဖုန်းပိတ်ထားတာနဲ့ပဲ အကျင့်မကောင်းတာနဲ့ ဘာဆိုင်လဲ၊ အနှောင့်အယှက်တွေများလို့ ပိတ်ထားတယ်နေမှာပေါ့"

"နင် ငါ့ကို စောင်းပြောနေတယ်ပေါ့လေ"

"ဩော် … နင့်ကို ပြောစရာလား၊ နင်က ဘာနှောင့်ယှက်လို့လဲ၊ တခြားမိန်းကလေး အနှောင့်အယှက်တွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ အလကားနေ ဖုန်းဆက်ခေါ်၊ ဖုန်းဆက်ချိန်း လုပ်ကြတယ်တဲ့၊ ဒါကြောင့် ဖုန်းပိတ်ထားရတာတဲ့”

ခိုက်က တကယ်တော့ လှဲ့ဝါတို့ကိုပဲ စောင်းပြော နေတာပင်။

တကတဲ ... ဖုန်းလှမ်းဆက်ပြီး ခေါ်ခေါ်နိုင်ကြလွန်း တယ်။

“မပိုစမ်းနဲ့၊ နင် ကြားထဲက လုပ်ကြံပြောနေတာ”

“သြော် ... မယုံလည်းနေဟယ်”

“ပင်လုံ ပြောသံ မကြားပါဘူး”

“သူက နင့်ကို ဘာကိစ္စ သံတော်ဦးတင် ပြောနေရမှာလဲ၊ နင်နဲ့တွေ့ရင် နင်နဲ့ဆိုင်တဲ့ကိစ္စပဲ ပြောမှာပေါ့”

“ကဲပါဟယ်၊ သူ့ကို ဆက်သွယ်ပေးစမ်းပါ”

“ဟဲ့ ... ငါလည်း ဘယ်လိုလုပ် သွားဆက်သွယ်မလဲ၊ ဖုန်းပိတ်ထားပါတယ်ဆိုမှ ငါနဲ့လည်း မတွေ့တာ သုံးလေး ရက်ရှိပြီ”

“ဟယ် ... ဟုတ်ရဲ့လား”

“ဟုတ်တာပေါ့ဟဲ့၊ မဟုတ်ဘဲ ပြောစရာလား”

“ကျွတ် ... ဒီကောင်လေး ဘယ်သဝေထိုးနေတယ် မသိဘူး၊ ပြောတော့ဖြင့် မမလှဲ့ကို ကူညီပါ့မယ်၊ ကိုမင်းဦး လိုတာ ရှိခေါ်လိုက်နဲ့၊ ခေါ်မယ်လုပ်တော့ ဖုန်းပိတ်ထားတယ် ... ဟွန်း”





“နင်တို့ကလည်း ဘယ်လောက်တောင် ခေါ်နေသလဲမှမသိ တာ၊ သူ ကြောက်ပြီး ရှောင်လောက်အောင် ခေါ်နေလားမှ မသိတာ”

“ဟဲ့ ... သူ့ပါတာ ကိစ္စတွေ အဆင်ပြေတယ်၊ သူကအပြုံး လေး ချိုချို ချိုချိုနဲ့ အပြောအဆိုလည်း ညက်ညောသလား မမေးနဲ့၊ သူနဲ့သွားလိုက်တာ ဟိုတစ်နေ့က ငါ သိန်းချီ သက်သာလာတယ်”

“ကိုယ့်အလုပ်ကိစ္စ ကိုယ့်ဟာကိုယ်လည်း သွားဦးပေါ့ဟဲ့”

“ဘာလဲ ... နင်က တိုတာလား”

“မတိုပေါင်၊ ဆက်သွယ်သို့မရရင် ပြောတာပါ”

“အခုက ငါ မဟုတ်ဘူးဟဲ့၊ ကိုမင်းဦး ကိစ္စပါ၊ ကိုမင်းဦး လည်း သူ့ကို ဆက်ဆက်နေတာပဲ၊ ဆက်မရဘူး”

“အရေးကြီးတဲ့ကိစ္စရှိရင် ငါ့ကိုမှာထားလေ၊ ငါနဲ့တွေ့ရင် ပြောလိုက်မှာပေါ့”

“အရေးကြီးလှတယ်တော့ မဟုတ်ဘူး၊ ကိုမင်းဦးက ပင်လုံ ကို ကျွေးချင်လို့၊ နင်ပါ ပါတယ်”

“ဟိုတလောက ဘီယာလည်းတိုက်၊ ကျွေးလည်းကျွေးပြီး ပြီမို့လား”

“ထပ်ကျွေးချင်တာ၊ ကိုမင်းဦး တစ်ယောက် အိမ်ထိုင်ရင်း နဲ့ အလုပ်တွေဖြစ်နေတာ၊ ပင်လုံ လုပ်ပေးတာလေ၊ ကြား ထဲက မိတ်ဆက်ပေးသွားတာ၊ ကိုယ်က ပါးစပ်ပိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဂိုဒေါင်မှာပဲ သူတို့ထားရင်း အလုပ်တွေဖြစ်တာ၊ ဘယ်နရက်ပဲ ရှိသေးလို့လဲ၊ နေရင်းထိုင်ရင်း နှစ်သိန်းလောက် ကျန်တယ်၊ ဒါတောင် ကိုမင်းဦးက စ,လုပ်တာမို့လို့ မတင်းရဲဘဲ မြန်မြန်ထုတ်ပစ်လို့၊ တစ်လမှာ နှစ်ခါသုံးခါပဲ အလုပ်ဖြစ်ရင်ကို မဆိုးဘူး"

"ဟုတ်လား၊ ဝမ်းသာစရာကြီးပေါ့၊ ငါ နားမလည်ပေမယ့် ကြားရတာတင် အားရစရာကြီး"

"ပြီးတော့လေ ငါ ပင်လုံ့ကို ပြောထားတယ်၊ ငါ တရုတ်ပြည်သွားစရာရှိတယ်၊ ငါနဲ့ တစ်ခေါက်လောက် လိုက်ခဲ့စမ်းပါလို့ သူ့ကိုခေါ်ထားတာ သိလား၊ ပင်လုံက တရုတ်စကားလည်း ရတယ်၊ ယိုးဒယားစကားလည်း ရတယ်၊ မိုက်တယ်"

ခိုက် မျက်နှာက ရှုပုပ်လာရပါသည်။ အမယ်လေးလေး၊ တရုတ်ပြည်တောင် အဖော်လိုက်ပေးဖို့ ခေါ်သတဲ့။ တကာတဲတော်။ နီးနီးနားနား။ ဒီပင်လုံတစ်ယောက်ကို သူတို့က ဘာမှတ်နေကြတယ် မသိဘူး။ ဒီမှာတော့ ခိုက်က သာမန်အသိမိတ်ဆွေတုန်းက ဗန်ကောက်ကို အတူသွားဖြစ်တာ ဘာမှမဟုတ်ပေမယ့် ခုလို ပတ်သက်မှု ရှိလာတော့ နိုင်ငံရပ်ခြားကို ခရီးအတူသွားတယ်ဆိုတဲ့ အဖြစ်မျိုး မသင့်တော်ဘူးထင်၍ ဒီတစ်ခါ ဗန်ကောက်သွားရင် အတူမသွားဘူးလို့ ပြောထားတာ။

"ဘာလဲ ... တိတ်သွားပါလား၊ မကြည်ဘူးလား"





"မကြည်စရာ မရှိပါဘူးရှင်၊ ရှင်တို့ဟာရှင်တို့ တရုတ်ပြည်သွားသွား၊ ကုလားပြည်သွားသွားပါ၊ ကဲ ... ဒါပဲ၊ ရှင်ဖုန်းကြိုးစားဆက်လိုက်ဦး လဲ့ဝါ"

"အေး ... အေး"

ခိုက်က ဖုန်းကိုပိတ်ပြီး ပင်လုံ့ကို ခပ်စွေစွေကြည့်လိုက်ပါသည်။

"ဘာလဲ ... မမကလည်းပြဿနာပဲ၊ အဲဒါကြောင့် ကျွန်တော်ဖုန်းပိတ်ထားတယ် မဟုတ်လား၊ မမနား မကပ်ရတော့လို့ ဖုန်းကိုပိတ်ထားတာ နှစ်ရက်ရှိပြီ"

"ရှင်က ပိတ်ထားတော့ ကျွန်မဖုန်းထဲကိုပဲ အားလုံးက ဝင်ဝင်လာလိုက်တာပေါ့၊ ခုလည်း ထပ်ကျွေးချင်သေးလို့တဲ့၊ ကိစ္စက"

"အဲဒါ မမခိုက် သူငယ်ချင်းတွေလေ၊ သူတို့တွေနဲ့လည်း သွေးစည်းချစ်ကြည်အောင် မမခိုက်ပဲ လုပ်နိုင်းတာလေ၊ သူတို့တွေ ကျွန်တော့်အပေါ် အမြင်ကြည်လင်အောင် လုပ်ရမယ်ဆို"

"ဟုတ်ပါတယ် ပင်လုံရဲ့၊ အခုဟာက အမြင်ကြည်လင်ရုံမကတော့ဘူး။ ကြည်လင်တာထက်လွန်လို့ ထွင်းဖောက်တောင် မြင်နိုင်နေပြီ၊ တကာတဲ ဖြစ်နေကြတာ"

ပင်လုံက ခိုက်ရဲ့ ချစ်စဖွယ် ရန်လိုဟန်လေးဖြင့် ချစ်စနိုး ပြုံးရယ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တူတူ ... တူတူ"

"ကဲ"

နိက်က ဖုန်းကိုကြည့်ကာ ခေါ်နေတဲ့နံပါတ်ကို ကြည့်ပြီး ...

"ဟာ ...၊ ရှင့်ကို ချောင်းဖမ်းနေကြတဲ့ ဖုန်းတွေ မပြီးတော့ပါလား ကိုပင်လုံရေ၊ ဘာတွေများ ဒီလောက်တောင် စွဲမက်စေတဲ့ဆေးတွေ ကျွေးခဲ့ပါလိမ့်"

နိက်က မျက်ခုံးတွန့်လေးနှင့် ဖုန်းကိုဖွင့်ရင်း ...

"ဟယ်လို"

"ဟဲ့ ... နိက်"

"ဘာလဲ၊ ခုပဲ လဲ့ဝါ ဖုန်းချသွားတယ်"

"ဩော် ... ဒါကြောင့် နင့်ဖုန်း Busy ဖြစ်နေတာကိုး၊ ငါကလည်း အသေဆက်ဆက်ခေါ်နေတာ၊ ဟဲ့ ... နိက်၊ ပင်လုံ နင်နဲ့ရှိလား"

"မရှိဘူး"

"ဒါဖြင့် ငါ့ကို ပြည်လမ်းဆိုင်ရဲ့ ဖုန်းနံပါတ် ပေးစမ်းပါ"

"ဆက်မနေနဲ့တော့ အိစံ၊ ခုနကပဲ လဲ့ဝါက ပြည်လမ်းဆိုင်ကို ဖုန်းဆက်ပြီးတော့ ပင်လုံရှိလား မေးပြီးပြီ၊ မရှိဘူးတဲ့၊ ဒဂုံစင်တာမှာတဲ့"

"အခု သူ့ဆိုင်မှာ တကယ်မရှိဘူးလား"

"မရှိဘူး"





"လဲ့ဝါက ဘာတွေ အရေးကြီးနေတာလဲ"

"နင့်လိုပဲ နေမှာပေါ့၊ နင်ကော ဘာတွေအရေးကြီးနေလို့လဲ"

"ပင်လုံလေ၊ ငါ့သားနဲ့ သမီးနှစ်ယောက်ကို မျှော်လင့်ချက်ရောင်ခြည်လေးတွေ သူပဲ သမ်းပေးသွားတာ"

နိက်က အူကြောင်ကြောင်လေး နားမလည်နိုင်အောင် ဖြစ်မိသည်။

"ဘာကိုလဲ"

"ဟိုတစ်နေ့က ငါ့သား ဖျားနေတာကို ပင်လုံပဲ ဆေးခန်းပို့ပေးတာ၊ သူ့ကို အားတော့နာပါတယ်ဟာ၊ မပို့နဲ့လို့ ပြောပါတယ်၊ ခါတိုင်းလည်း ငါ့ဟာငါ ကားငှားသွားနေကျပဲဟာ၊ နေ့လယ်တွေ ညနေတွေ သွားစရာရှိရင် ကိုယ့်ဟာကိုယ် ကားငှားပြီး ဖြေရှင်းနေကျပဲလေ၊ ဒါပေမဲ့ ပင်လုံက လိုက်ပို့မယ်ဆိုပြီး ပို့ပေးတာပါ ...

သမီးကြီးလည်း မူကြိုက ပြန်ရောက်နေပြီဆိုတော့ မေမေ့ရော သမီးကြီးပါ ငါတို့ခေါ်သွားကြတာ၊ အပြန်ကျတော့ ပင်လုံက မြကျွန်းသာရှေ့က ဖြတ်တာနဲ့ ငါ့ကလေးနှစ်ယောက်ကို အစထောင်တာပေါ့၊ မြကျွန်းသာ ရောက်ဖူးလားပေါ့၊ ကလေးနှစ်ကောင်ကလည်း မရောက်ဖူးဘူးပေါ့၊ ငါ့ဘို့အဖေမ မပို့ဖူးတာ၊ ဘယ်လိုလုပ် ရောက်မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပင်လုံက အထဲမှာ ဘန်ဘန်ကားတို့၊ မြင်းကမ္ဘာ
ရှိလာကိုစတာတို့ ဘာတွေ ဘယ်လိုရှိတယ် ပြောပြ
ကလေးတွေ သွားရေတမြားမြား ကျနေကြတာလေ၊ ပင်
က ဒီစနေ လိုက်ပို့ပေးမယ် ပြောသွားတယ်၊ ငါက
အားနာတော့ နေပါစေ ရပါတယ်ပေါ့ဟယ်၊ မပို့ပါနဲ့
ပြောပါတယ် ...

ကလေးတွေ ဂျီတိုက်တာနဲ့ ငါက ကိုလင်းကိုတော
ပို့ပေးဖို့ ပူဆာနေတာ၊ အဲဒီဖခမည်းတော်က သိတဲ့အတိုင်း
သူ့ကိစ္စပဲ သူ အရေးကြီးတာလေ၊ သားသမီးကိစ္စဆို
ငါ့ကိစ္စ၊ ငါ့တာဝန်၊ သူ့ကိစ္စ မဟုတ်ဘူးလေ၊ ကားငှား
ပို့ပေးလိုက်တဲ့၊ ဆိုလိုတာက ငွေကလွဲရင် မရနိုင်ဘူးလေ

"ပြောရင်း ပြောရင်းက စိတ်တွေတိုပြီး မောသံကြီး
ပါလာပြီ၊ စိတ်လျှော့စမ်းပါ အိစံရယ်"

"အဲဒါ ဒေါကန်စရာပဲဟာ၊ သိပ်မုန်းတာပဲ၊ အဲဒါကြော
ငါက သင်း မပါဘဲ မဖြစ်,ဖြစ်အောင်သွားမယ်၊ က
တွေကို လိုက်ပို့မယ်၊ ဒါပေမဲ့ အမှန်တိုင်း ပြောရရင်
တစ်ခါမှ မရောက်ဖူးတဲ့နေရာ၊ ဘယ်နား ဘာလုပ်၊ ဘ
နား ပိုက်ဆံပေး၊ လက်မှတ်ဝယ် ဆိုတာတွေလည်း
သေချာမသိတာက တစ်ချက်၊ နောက်တစ်ချက်က
အဖေဖြစ်ပြီး လိုက်မပို့တာကို သူစိမ်းမိတ်ဆွေက လို
တယ်ဆိုတာလည်း ဖြစ်စေချင်တာကတစ်ချက် ...





အဲဒါကြောင့် ငါ ပင်လုံကို အကူညီတောင်းမလို့၊
ဟိုတစ်နေ့က နေပါစေလို့ အားနာပါးနာ ငြင်းလိုက်ပေမယ့်
အခုတော့ လိုက်ပို့ပေးပါလို့ အကူအညီတောင်းမလို့ဟ"

"ဟင်း ...၊ ရှင်တွေမောလိုက်တာ အိစံရယ်"

"ဟုတ်တယ်၊ တအား စိတ်တိုတယ်၊ မိသားစုကို ဘာအချိန်
မှ မပေးဘူး၊ သူ့အားရက် တနင်္ဂနွေမှာ သူ အိမ်မှာနေတယ်
ဆိုရင် အဲဒါ မိသားစုကို အချိန်ပေးတာ လုံးဝမဟုတ်ဘူး၊
သူ့ဟာသူ အနားယူချင်လို့နေတာ၊ သူ့ဟာသူ တစ်ယောက်
တည်း စလောင်းကြည့်မယ် အခွေကြည့်မယ်၊ အိပ်ရင်အိပ်
မယ်၊ သူ့အခန်းထဲပဲ သူ အောင်းနေတယ်၊ ငါအားတဲ့ရက်
သားနဲ့သမီးကို ဘယ်လေးပို့လိုက်မယ် ဆိုတာ မရှိဘူး၊
တအားစိတ်နာတယ်ဟာ၊ ငါတို့ဘာသာ တက္ကစီငှားပြီး
လျှောက်လည်ရအောင် ကလေးတွေက အဖေမပါဘဲ
မွေးထားတာတွေ ကျနေတာပဲ၊ ဖအေ မရှိတဲ့အတိုင်းပဲ"

"ဟား ဟား ...၊ နင်ကလည်းဟယ်"

"အဲဒါကြောင့် ငါ ပေါက်ကွဲပြီး ပင်လုံကို ရှာနေတာ၊ သူ့
ဖုန်းကလည်း ပိတ်ပဲ ပိတ်ထားနိုင်လွန်းတယ်"

ကိုယ်က ပေါက်ကွဲမလား ကြံပါတယ်၊ အိစံက
ပေါက်ကွဲနေနှင့်တာကို "နင်တို့က တစ်ဆိတ်ရှိ ပင်လုံပဲ လိုက်ရှာ
နေမ်းနေကြရအောင်" အစချီပြီး ပြောချင်တာတွေကို မျိုချပစ်လိုက်
ရပါသည်။ ဒေါ်တွေကန်နေတဲ့ အိစံကို စိတ်လျှော့သွားအောင်သာ
ချော့မော့ဖျောင်းဖျရမှာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပင်လုံ့ကို ပြောပြလိုက်ပါ့မယ် အိစံရယ်"

"နင် ပြောပြီးရင် ငါ့ဆီလည်း ဖုန်းခေါ်ခိုင်းဦး၊ မခေါ်ချ ရင်လည်း ဖုန်းပဲဖွင့်ထားပေးပါလို့၊ ငါဆက်ပါ့မယ် ငါ့သေချာပြောပြ ရှင်းပြချင်သေးတာ၊ နို့မို့ရင် သူ့ကိုခေ ပြီး ဟိုမိုနိုင်း ဒီမိုနိုင်း လုပ်တယ်ဆိုပြီး ပင်လုံ ကျွဲမြီး နေဦးမယ်၊ ငါ ရေရာအောင် ရှင်းပြပါ့မယ်"

"အင်းပါ၊ ငါလည်း ပြောပြမှာပါ၊ ပင်လုံက အဲသလိုလည် ထင်မှာ မဟုတ်ပါဘူး၊ စိတ်လည်းဆိုးမှာ မဟုတ်ပါဘူ သူ ပို့ပေးချင်တဲ့ စေတနာရှိလို့ပဲ သူကစပြီးတော့ထော လောကွတ်ချော်ပြီး ပို့ပေးမယ် ပြောသေးတာပဲ"

"အေး ... ဘာပဲဖြစ်ဖြစ် ပင်လုံ့ကို ရှာပေးဟာ၊ တွေ့ ပြောပြ၊ ငါ့ဆီ ဖုန်းဆက်ခိုင်းပေး၊ မမေ့နဲ့နော်"

"အေးပါဆို၊ ဒါပေမဲ့ ..."

"ဘာဒါပေမဲ့လဲ"

"နင့်ယောကျ်ားသိရင် ကြည်ပါ့မလားဟယ်၊ နင်တို့ မယားချင်း ပြဿနာတက်တာက မဆန်းဘူး၊ တော် ပင်လုံ့ကို ကိုလင်းက မဆိုင်တာတွေ ဝင်ပါရကောင်းလ မြှောက်ပေးရကောင်းလားနဲ့ အထင်တွေလွဲပြီး အမြင် နေပါဦးမယ်"

"လွဲလွဲ ... ကတ်ကတ်"





"ဟဲ့ ... ဘယ်ဖြစ်မလဲ၊ ယောကျ်ားချင်း ပြဿနာတက် နေပါဦးမယ်"

"မတက်စေရဘူးဟာ၊ နင်ဘာမှမပူနဲ့"

"ပြီးရောဟာ"

"အေး ... အေး ... ဒါပဲ"

အိစံလည်း ကိုယ့်ဒေါသနှင့်ကိုယ် သူလိုချင်တာသာ သိတော့တဲ့ပုံပင်။ ခိုက်က ဖုန်းပိတ်ပြီး ပင်လုံ့ကို မျက်ခုံးလေး ၍ ကြည့်လိုက်ပါသည်။

"ဟား ဟား ... မမအိစံက ဘာတဲ့လဲဗျ"

"မြကျွန်းသာတဲ့ ... စနေနေ့တဲ့"

"အင်း ... မမအိစံလည်း သနားပါတယ်"

"ရှင်ကလည်း ဘာဖြစ်လို့ လောကွတ်ချော်ထားရတာလဲ ပင်လုံရယ်"

"လောကွတ်ချော်တာ မဟုတ်ပါဘူး မမခိုက်ရဲ့၊ တကယ် စေတနာနဲ့ ပြောမိတာပါ"

"အေးလေ၊ မ,ကလည်း စကားအဖြစ် ပြောတာပါ၊ ကိုလင်း မကြိုက်မှာကို စိုးရိမ်တာပါ"

"ဒီလူက သိပ်မခိုက်ဘူးဗျ၊ ကိုမင်းဦးလို မဟုတ်ဘူး၊ ပဒေသရာဇ်ဆန်တယ်၊ မမအိစံက သနားဖို့ကောင်းတာ၊ ယောကျ်ားဆိုတာ ကိုယ့်မိန်းမကိုယ် ကြင်နာရမယ်မဟုတ် လား မမခိုက်၊ ငါ့ကောင်းမွေဆိုးမွေကို ရောပြီးခံရမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမပဲ၊ ငါ့ထက်အားနွဲ့တဲ့ ငါ့မိန်းမပဲ၊ ငါ့ကလေးတွေရဲ့ မိခင်ပဲဆိုတဲ့ ကြင်နာတဲ့အမြင်နဲ့ ဆက်ဆံပေးရင် တော်ရုံ တန်ရုံကိစ္စက ပြေလည်ပါတယ် ...

မမအိစံက ပြည့်ပြည့်စုံစုံနေရပေမယ့် သူ့နှလုံးသား ထဲမှာ ကွက်လပ်တစ်ခုလို အမြဲဟာနေတယ်၊ အဲဒါကို ကိုထိန်လင်းအောင်က မြင်တတ်ပုံမရဘူး"

"ပင်လုံ"

"မမခိုက်"

"အိမ်ထောင်ပြုရမှာကို မ,ကြောက်လာပြီ၊ ယောကျ်ားတွေ ဟာ ကာလတစ်ခုကိုရောက်ရင် ပြောင်းလဲအေးစက်သွား တတ်တာမျိုး ထင်တယ်"

"လူချင်းကွဲပါတယ် မမခိုက်၊ ကိုမင်းဦး ဆိုရင်ကော"

"ကိုမင်းဦး ကျပြန်တော့လည်း လုံ့ဝါပဲ ပင်ပန်းရလွန်းတယ်၊ စီးပွားရေးကတစ်ဖက်၊ လူမှုရေးကတစ်ဖက်၊ အိမ်တွင်းမှုက တစ်ဖက်"

"မမလဲ့ကိုက အဲသလိုပဲ ထားချင်တာ၊ သူ့မှာကို သူလုပ် ပေးရမှ ကျေနပ်တဲ့ဉာဉ် ရှိတာ၊ ဒီတော့ ဘေးကလူတွေက ရေသာခိုနေတာ၊ ဝီရိယကောင်းကောင်း ကြိုးကြိုးစားစား လူတစ်ယောက်နဲ့ ထပ်ယှူကြည့်၊ အဲဒီလူလည်း တစ်ချိန်မှာ အချောင်ခိုသွားမှာပဲ၊ သူက ဘယ်လိုပင်ပန်း ပင်ပန်း သူလည်း ကျေနပ် ယောကျ်ားလည်းကျေနပ် သူတို့ဟာသူတို့ အဆင်





ပြေတယ်လေ၊ အဲဒါဆို ပြီးတာပဲပေါ့၊ ကာယကံရှင်တွေ ပြေလည်နေမှတော့ သူတို့အိမ်ထောင်ရေးကို ဝေဖန်နေစရာ မလိုတော့ဘူးလေ"

"မ,အဲသလောက် ပင်ပန်းမခံနိုင်ဘူး"

"မမခိုက်က ဘာဖြစ်လို့ ပင်ပန်းခံရမှာလဲ၊ မမခိုက်က မမလဲ့ မဟုတ်သလို ကျွန်တော်ကလည်း ကိုမင်းဦး မဟုတ် ဘူး"

"ကိုလင်းလို တစ်ကိုယ်ကောင်း ဆန်တတ်တာမျိုးရော"

"အဲဒါမျိုး ကျွန်တော်တို့မိသားစုပုံစံမှာကို မရှိခဲ့တော့ ကျွန်တော့်မှာ ဘယ်နည်းနဲ့မှ ရှိလာမှာမဟုတ်ဘူး၊ ကျွန်တော့် အဖေက ရေခဲတုံးကြီးလို အေးပေမယ့် မိသားစုကို အချိန် ပေးပြီး အမြဲကြင်နာနွေးထွေးတယ်၊ မာမီ့ စီမံခန့်ခွဲမှုကို ဒက်ဒီက အမြဲအသာတကြည် သဘောတူပေမယ့် မာမီက ဒက်ဒီ့ကို ဘယ်တော့မှကျော်ပြီး မလုပ်ဘူး"

ပင်လုံက ခိုက်ရဲ့မျက်နှာကလေးကို နီးနီးကပ်ကပ် ကြည့်ရင်း ...

"ကျွန်တော့်ကို ချစ်တယ် မဟုတ်လား"

"... ..."

"ဟင် ... မမခိုက်၊ ကျွန်တော် ချစ်သလို မမခိုက်လည်း ကျွန်တော့်ကို ချစ်တယ် မဟုတ်လား၊ ကျွန်တော် သိပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခုချိန်မှာ ကိုယ့်ဘဝလေး စိတ်ချမ်းသာနေရတာလောက် စိတ်မချမ်းသာရတော့မှာ ကြောက်တယ် ပင်လုံ၊ ဒါပေမဲ့ တစ်ချိန်ချိန်တော့ ... ..."

"အဲဒီတော့ မမရဲ့ အကန့်အသတ် အတိအကျမရှိတဲ့ ဘယ်တော့မှန်းမသိတဲ့ အချိန်တစ်ချိန်ကို ကျွန်တော်က ဘယ်လောက်ကြာအောင် စောင့်နေရမှာလဲ"

ခိုက်က သက်ပြင်းလေးချည်း ချနေမိပါသည်။ ကိုယ်မပြောနိုင်တဲ့ အချိန်ထိ စောင့်ပါလို့ ပြောဖို့ရာကျတော့လည်း အားနာစရာကြီး။ အမိပ္ပာယ်လည်း မရှိပါ။ ပထမတော့ သူငယ်ချင်းတွေထံက ပင်လုံ့ အပေါ် ဘာမှတ်ချက်တွေ ထွက်လာမလဲ စိတ်ဝင်စားတာ။ ခုတော့ မှတ်ချက်ကောင်းတွေလည်း ထွက်လာပါလျက်နှင့်။ တကယ်တမ်းတွင် အပြည့်အဝ စိတ်ချမ်းသာရသည် မရှိကြတဲ့ သူငယ်ချင်းတွေရဲ့ အိမ်ထောင်ရေးတွေကို ကြည့်ရင်း ကြည့်ရင်း သတ္တိတွေ နည်းနေတာ။

အရင်တုန်းကမှ အဝေးမြင် မြင်ရခြင်းဖြစ်သည်။ ခုတော့ သူတို့ဆီကို ရောက်ရောက်နေတဲ့ ပင်လုံရဲ့အနီးကပ်အမြင်တွေ အတွေ့အကြုံတွေကို ပြန်သိနေရတာ။

"မမခိုက် ကြံကြံဖန်ဖန်တွေ တွေးပူ တွေးကြောက်နေလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ လူချင်းတူတာမှ မဟုတ်တာ။ လူ တစ်ယောက်တည်းမှာတောင်မှ လက်တစ်ဖက်တည်းရဲ့





လက်ချောင်းလေးတွေတောင် အတိုအရှည် မတူတာလေ။ နည်းနည်းတိုတာရယ်၊ များများတိုတာရယ်၊ ရှည်တာရယ် ဝတာလေးရယ်၊ သွယ်တာလေးရယ်"

စားပွဲပေါ်တင်ထားတဲ့ ခိုက်ရဲ့လက်ချောင်းလေးတွေကို သူ့လက်ညှိုးလေးနှင့် တို့ကာ ထောက်ကာ ပြောနေတဲ့ဆီ ခိုက်က ရင်ကလေးဖိုဖိုနှင့် ငေးကြည့်နေမိသည်။ အင်း ... တကယ်တော့ ခိုက် သူ့ကိုချစ်ပါတယ်လေ။ ခိုက်ရဲ့ဘဝလေးဟာ အခုလောက် သာသာယာယာ ရှိနေရာကနေ အခုလောက်တောင်မှ သာသာယာယာ မရှိတော့ပဲ စိတ်ရှုပ်တွင်းထဲ ခုန်ဆင်းရသလိုဖြစ်မှာကို ကြောက်နေတာ။

တစ်သက်မှာ ဘယ်ယောက်ျားကိုမှလဲ တစ်ကြိမ်မှ ချစ်ခဲ့ဖူးသေးတဲ့ ခိုက်ရဲ့နှလုံးသားလေးမှာ "ပင်လုံ"ဆိုတဲ့ တံဆိပ်လေးကတော့ ခပ်နိုပ်ထင်ရှားပြီး နေတာပါ။ ဒါကို ဝန်ခံလိုက်ဖို့သာ ဝန်လေးနေခဲ့တာ။

"တီတီ ... တီတီ"

"ဟော ... မမ်စန္ဒီပဲ ကျန်တော့တယ်၊ ဟား ဟား"

ဖုန်းမြည်သံ ထွက်ပေါ်လာတာနှင့် ပင်လုံက ခိုက်ကို မျိုစယ်လိုက်ပါသည်။

"ဟောတော်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပေါ့၊ စန္ဒီပဲ၊ ဘယ်လိုများ ဖြစ်နေကြတာလဲ၊ ရှင်ကလည်း ဗေဒင်ဟောတတ်တဲ့ အတိုင်းပဲ၊ ရှင် နိမိတ်ဖတ်တာနဲ့ တကယ် စန္ဒီအစစ် ဖြစ်နေပြီ"

"မစန္ဒီကတော့ ကျွန်တော့်ဆီ ဆက်မရလို့ မမခိုက်ဆီဆက်တာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်မှ သူနဲ့ဘော်ဒါမဖြစ်သေးတာ"

"တီတီ … တီတီ"

"ကဲပါ … မမရဲ့၊ နားထောင်လိုက်ပါ၊ ကျွန်တော်လည်း ဖုန်းဖွင့်တော့မှာပါပဲ၊ တခြားအလုပ်ကိစ္စတွေ ဆက်နေကြရင် ခက်မယ်"

"လှဲ့ဝါရော၊ အိစံရော ပင်လုံ့ကို ရှာဖမ်းနေကြတယ်နော်"

ခိုက်က ပင်လုံ့ကို ဟိုမိန်းမတွေ လှမ်းခေါ်လိုက်မှာကိုလည်း မကြိုက်နိုင်ပြန်ပေ။

"တီတီ … တီတီ"

"ကျွတ် …၊ ဟယ်လို၊ ပြော … ပြော … နင်တို့အားလုံး ဒီမနက် ဘာဖြစ်နေကြသလဲ။ မျောက်မီးခဲကိုင်မိသလို ဆိုတာမျိုး ခုန်တဆွဆွကို ဖြစ်နေကြတာပဲ"

"အီး ဟီး ဟီး … အီး … ဟင့်"

"ဟင် … ဘယ်လိုဖြစ်တာလဲ၊ စန္ဒီ … နင် ဘာဖြစ်တာလဲ"

"မိခိုက် … အီး ဟီး ဟီး"





"ဟဲ့ … စန္ဒီ၊ ဘာဖြစ်တာလဲ၊ လန့်လိုက်တာဟယ်၊ ငါ့ကိုပြောစမ်းပါ၊ ဘာဖြစ်လို့ ဒီလောက်တောင် ငိုနေတာလဲ"

"မိခိုက် … ငါ့ … ငါ့ကိုလာခေါ်"

"နင့်ကို ဘယ်က လာခေါ်ရမှာလဲ"

"ငါ … (……)လမ်းထိပ်က မိုးစားသောက်ဆိုင် ဆိုတဲ့ဆိုင်မှာ"

"နင် တစ်ယောက်တည်းလား"

"အေး … အီး ဟီး"

"ဟဲ့ … နေပါဦး၊ ဘာဖြစ်နေတာလဲကို ပြောဦး"

"နောက်မှ ပြောမယ်ဟာ၊ ခုလာခေါ်ဟာ"

"နင်က နင့်ဟာနင် ကားငှားပြီး ဘာကြောင့် မပြန်နိုင်ရတာလဲ"

"ငါ့အိမ်က ထွက်လာကတည်းက ပိုက်ဆံအိတ်အမှားကြီးဆွဲလာတာ၊ ပိုက်ဆံတစ်ရာပဲ ပါတယ်၊ ကားငှားလာတာလည်း ကားခမပေးရသေးလို့ ကားက ဆိုင်ရှေ့မှာပဲ ရပ်စောင့်နေတယ်"

"အဲဒီကားနဲ့ပဲ အိမ်ပြန်ပြီး အိမ်ရောက်မှ ပိုက်ဆံယူပြီး ရှင်းပေးလိုက်ပေါ့ဟဲ့၊ ရတာပဲဟာ"

"ဒီဆိုင်မှာ ဝင်ထိုင်တော့ ငါ အစားအသောက် မှာစားထားတာပေါ့၊ အခု အစားအသောက်ဖိုး ရှင်းမယ်၊ စောင့်နိုင်းထားတဲ့ တက္ကစီနဲ့ပဲ ပြန်တော့မယ်လုပ်ပြီး ပိုက်ဆံအိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်မှ ပိုက်ဆံတစ်ရာပဲ ပါတာ သိရတာ ... အီး ဟီး ဟီး"

"ဟဲ့ ... ခြော် ...၊ ဒါများဟာယ်၊ ဒီလိုပဲ ကလေးပေါက်ြီး လို ငိုနေစရာလား၊ ငါက ဘာများဖြစ်သလဲလို့၊ တကတဲ လန့်ဖျပ်သွားတာပဲ"

"နင် ဘာမှမသိပဲနဲ့ ... အီး"

"နင်ပြောတာကို သိပြီလေ"

"ဒါပဲမကသေးဘူး၊ ကျန်သေးတယ်၊ ခုချက်ချင်း လာခဲ့ ဟာ၊ နင်ကလည်း"

"အေးပါ ... အေးပါဟာ၊ လာပြီ ... လာပြီ၊ စိတ်ညစ် လိုက်တာ"

ခိုက်က ဖုန်းကိုပိတ်ကာ ထိုင်ရာ ထ,ရပ်လိုက်ပါသည်။

"ဘာတဲ့လဲ မမခိုက်"

ခိုက်က စန္ဒီ့အဖြစ်ကို ပင်လုံ့ကို ပြောပြလိုက်ပါသည်။

"ဘာများဖြစ်နေလို့လဲ မသိပါဘူး ပင်လုံရယ်"

"တစ်ခုခုတော့ ရှိလိမ့်မယ်၊ ကျွန်တော် လိုက်ခဲ့မယ် မမခိုက်"

"အင်း ... ပင်လုံ လိုက်ခဲ့ရင် ကောင်းတယ် ထင်တယ်၊ စန္ဒီ့ငိုပုံကြီးက ဘာဖြစ်နေမှန်း မသိဘူး၊ တစ်ခုခု ဘာကူညီ ရမယ်မှန်း မသိပါဘူး ပင်လုံရယ်"





"ကျွန်တော့်ကားနဲ့ပဲ သွားလိုက်တာပေါ့"

ခိုက်နဲ့ ပင်လုံ စန္ဒီ ရှိနေတဲ့ စားသောက်ဆိုင်လေးဆီ ချက်ချင်းပဲ ထွက်လာခဲ့ကြပါသည်။ ဆိုင်ရှေ့ရောက်တာနှင့် ဆိုင်ဝနှင့် အနီးဆုံးစားပွဲမှာ ခိုက်တို့ကို အငိုမျက်လုံးကြီးတွေနှင့် မျှော်နေတဲ့ စန္ဒီ့ကို လှမ်းတွေ့ရသည်။ စန္ဒီက ဆိုင်ထဲက အပြေးအလွှားထွက်လာကာ ငိုတော့မယ် လုပ်နေပြန်၍ ခိုက်မှာမနည်းချော့ကာ ဆိုင်ရှေ့က တက္ကစီကားကို အရင်ဆုံး ပိုက်ဆံရှင်းရသည်။

အဲဒီနောက် သုံးယောက်လုံး ဆိုင်ထဲပြန်ဝင်လာကာ ခုနစားပွဲမှာပဲ ထိုင်မိကြသည်။ ဆိုင်မှာ လူရှင်းတဲ့အချိန်ဖြစ်၍ ဆိုင်က စားပွဲထိုးတွေ ကောင်တာက ဝန်ထမ်းတွေဟာ စန္ဒီ့ကို အားလုံး သတိပြုမိနေကြပါသည်။ ဆိုင်မှာလာဝင်ထိုင်စား၊ ငွေရှင်းကာနီးကျတော့ ပိုက်ဆံမပါတာသိပြီး တစ်နေရာကို ဖုန်းဆက်ရင်း ငိုနေတဲ့ မိန်းမကို စိတ်မှန့်ရဲ့လားလို့ မထင်ရင်တော့ မထင်တဲ့လူ စိတ်မနှံ့လို့ပဲပေါ့။

"ကဲ ... အရင်ဆုံး ပြောမယ်၊ လုံးဝထပ်မငိုနဲ့၊ ဝိုင်းအုံကြည့်နေလိုက်ကြတာ တစ်ဆိုင်လုံးပဲ၊ ငါ ရှက်တယ်နော်၊ အကြောင်းစုံကို မငိုပဲ ပြောပြ"

ပင်လုံကလည်း စန္ဒီ့ကို ပြုံးပြလိုက်ပါသည်။

"နင် ပင်လုံ့ကိုလည်း ရှက်မနေနဲ့"

"မရှက်ပါဘူး ဘာဖြစ်လဲ၊ ငါ့အိမ်ကိုတောင်ခေါ်ပြီး ငါ့ရဲ့ အိမ်ထောင်ရေးကို ပွင့်ပွင့်လင်းလင်း မြင်အောင် သိအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြပြီး ငါ့သူငယ်ချင်းအပေါ် သစ္စာရှိတဲ့ ခင်ပွန်းသည်တစ်ယောက်ဖြစ်ဖို့ သေချာဆွေးနွေး တောင်းဆိုမယ်လို့ ရည်ရွယ်ထားပြီးသား၊ အဲဒီတော့ ပင်လုံ့ကိုရှက်ပြီး မပြောချင်စရာ အကြောင်းမရှိဘူး"

"အခု ဘာလဲ၊ ကိုသက် ကိစ္စပဲလား"

"ဒါပဲရှိတာပဲဟာ ... အင့်"

"မငိုနဲ့ ... ပြောပြီးသား"

"မငိုပါဘူး"

"ရှိုက်သံကြီးလည်း မထွက်နဲ့"

"ငါ ... ငါ သူ့နောက်ပဲ လိုက်လာတာ"

"ဘယ်သူနဲ့လဲ သူက"

"ဟိုတစ်ခါ ဖူးဖူးနဲ့ပဲ"

"အဲဒီကောင်မလေးလည်း ဘယ်လိုဖြစ်နေသလဲ၊ အံ့သြဖို့ကောင်းလိုက်တာ၊ ငယ်ငယ်ရွယ်ရွယ် သနရုပ်ပနဲ့၊ သူ့လည်းရှားမယ်မထင်ပါဘူးဟာ၊ ကိုယ့်အပျိုလေးဂုဏ်မှ မထိန်းဘူးဟယ်"

"နင်တို့ ယုံမှာတောင် မဟုတ်ဘူး၊ သူ့အမေကပါ ဝိုင်းဖုံးပေးတာ၊ လောကကြီးမှာ သမီးကို ကိုယ်တိုင်ဝိုင်းဖျက်နေတဲ့ မအေတွေက ရှိသေးတယ်၊ သူ့သမီးကို အရေးပေးတယ် မျက်နှာသာပေးတယ်၊ သူ့သမီး မှုဆာရင် ရတယ်ဆိုတာကို သူကပါ ဂုဏ်ယူနေတာ"





"နင်ကလည်း သူနဲ့သွားတာလာတာ ခုမှမ မဟုတ်ဘဲ၊ အထူးတဆန်းလုပ်ပြီး ကားနဲ့ နောက်ယောင်ခံလိုက်နေတော့ ပင်ပန်းရုံပဲပေါ့၊ ဘာထူးမှာလဲ၊ ဘာကိစ္စ လျှောက်လိုက်နေရတာလဲ"

"ဆီဒိုးနားမှာ စတိတ်ရှိုး ရှိတယ်လေ၊ နင် သိတယ်မဟုတ်လား"

"ဘာဆိုင်လို့ စကားဦးက ပြောင်းသွားတာလဲ"

"ငါ ကြည့်ချင်တယ်လို့ သူ့ကို ပူဆာတာ အဲဒီည မအားဘူး ဘာဘူးနဲ့ လျှောက်ပြောပြီး ငြင်းတယ်၊ ဒါပေမဲ့ သူဖုန်းပြောနေတော မသင်္ကာလို့ ငါ သူ့ကို ခုတလော ချက်ကင်လိုက်နေတာ၊ သူ အဲဒီဟာမကို လိုက်ပို့ပေးမယ်လို့ ပြောထားတယ်လို့ ငါ ထင်တယ်ဟာ"

နိုက်က သက်ပြင်းရှည်ကြီးချရင်း ...

"ခြေလှမ်းရှုပ်နေတာတောင် သိပြီးနေမှဟယ်၊ ဘွဲ့ယူနေတုန်းကလည်း မျက်စိနဲ့ တပ်အပ်မြင်ရပြီးမှတောင် နင် အ,တုံးအ,အယောင်ဆောင်ပြီး သူပြောတိုင်း ယုံသလိုလိုနဲ့ နေခဲ့ပြီးပြီပဲ၊ တစ်ခါတစ်ရံ ကိုယ်မသိတဲ့ နေရာတောင် သူတို့ရောက်ချင်ရောက်မှာလေ၊ သူတို့စတိတ်ရှိုးသွားကြည့်ကြရင်တောင် နင် သိခဲ့ရတဲ့ကိစ္စပဲ၊ ဒါ ဒီလောက်ဖြစ်ပြီး ငိုစရာလား"

"ငိုတာက ..."



www.burmeseclassic.com

www.burmeseclassic.com



"မဲ့လာပြန်ပြီ၊ လုံးဝမငိုနဲ့ဟာ"

"ငါ ... ငါ သူတို့ကားနောက်က လိုက်တာ၊ ကားထဲမှာ ဖူးဖူးကိုလည်း တွေ့ပြီးသား"

"အင်း ... အဲဒီတော့"

"ဒီလမ်းထဲဝင်တော့ တက္ကစီဒရိုင်ဘာက ပြောတယ်၊ ဒီလမ်းက အတွင်းပိတ်တဲ့၊ ဟိုဘက်ကို မပေါက်ဘူးတဲ့"

"နင် ဘာတွေလျှောက်ပြောနေတာလဲ၊ အဆက်အစပ်မရှိ ဟာ"

"ဆက်စပ်ပါတယ်၊ နားထောင်၊ လမ်းတစ်ဖက်ပိတ်ဆိုတော့ ဆက်ဝင်သွားရင် တစ်နေရာမှာ ကားချင်းသွားဆုံနေမှာတဲ့ အဲဒီတော့ ငါလည်း မဆုံရဲဘူးလေ၊ သူ့ကို နောက်ယောင်ခံ လိုက်မှန်းသိရင် တအားဒေါကန်မှာပဲ၊ အဲဒါနဲ့ ဒီဆိုင်မှာပဲ ကားရပ်ပြီး ငါ့ကိုမမြင်အောင် ဆိုင်ထဲဝင်ထိုင်နေရတာ"

"ခုထိ ငိုစရာ မတွေ့သေးဘူး"

"အဟင့်"

"ဟဲ့ ... လုပ်ပြန်ပြီ"

"ဒီလမ်းဆုံးမှာက တည်းခိုခန်းဟဲ့၊ တည်းခိုခန်း ဆိုင်ဘုတ်ကြီး မြင်နေရတယ်၊ ခုထိ သူတို့ကား ဒီရှေ့ကပြန် ဖြတ်မထွက်သေးဘူး ဆိုတော့ အီး ဟီး၊ အဲဒါ ငိုစရာမဟုတ်ရင် ဘာလဲ ... ဟင်၊ အီး ... ခုထိကို ပေါ်မလာဘူး၊ ငါ သေချင်တယ်၊ သင်းတို့ကိုလည်း သတ်ချင်တယ်"





ခိုက် ဘာမှ ပြန်မပြောနိုင်တော့ပေ။ မျက်နှာပူပူနဲ့ ပင်လုံ့ဘက် တစ်ချက်ဝှေ့ကာ ကြည့်လိုက်မိသည်။

"မမစန္ဒီ"

"အင်"

"ဒီလမ်းက တစ်ဖက်ပိတ် မဟုတ်ပါဘူးဗျ၊ ဘယ်သူပြောလဲ"

"တက္ကစီဒရိုင်ဘာ သေချာပြောတာပဲ"

"သူက အမှတ်မှားပြီး အဲသလိုထင်တာ ဖြစ်ပါလိမ့်မယ်၊ တစ်ဖက်ပိတ်နေတာ ဟိုဘက်လမ်း မစန္ဒီရဲ့၊ ကျွန်တော် သေချာသိပါတယ်၊ ပိတ်သွားတဲ့ နံရံကြီးက ဘုန်းကြီးကျောင်း နံရံကြီး၊ အဲဒီနံရံမှာ ကပ်ဖွင့်ထားတဲ့ အာပူလျှာပူ ဆိုင်လေးတောင်ရှိတယ်"

"ဟင်"

"ဟုတ်တယ်ဗျ၊ အဲဒီအာပူလျှာပူက ကောင်းလို့ ကျွန်တော်တောင် နှစ်ခါ သုံးခါ လာစားဖူးသေးတယ်"

"ဟယ်"

စန္ဒီသည် မျက်ရည်တွေ ဘာတွေသုတ်ကာ ရှုံ့တွဲ မျက်နှာပြေကာ မျက်လုံးတွေ ဘာတွေလဲ ကျယ်လာသည်။ ...ထားက ရုတ်ခြည်း ကြည်လင်ဝင်းတောက်လာကာ ...

"လမ်းဆုံးမှာ တည်းခိုခန်းနဲ့ ပိတ်မသွားတာ သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ အင်း ... ကျွန်တော် မမှားဘူးဆိုရင် မှ

တာ သေချာတယ်ဗျာ"

"ဩော် ... ဒါကတော့ ရှင်ပြောမှလား ပင်လုံရယ်၊ မမှာ

ဘူးဆိုမှတော့ မှန်ပြီပေါ့၊ သေချာပြီပေါ့၊ ရှင်ကလည်းတ

မျိုး၊ ဒီမိန်းမက ဂေါက်ရတဲ့ကြားထဲ"

"ဟုတ်ပါတယ်၊ သေချာပါတယ် မမနိုက်ရ"

"ဒါဖြင့် သွားကြည့်မယ်"

"ဗျာ"

"ဟင်"

စန္ဒီက ပိုက်ဆံတစ်ရာပဲပါတဲ့ သူ့အိတ်ကို ကော

လွယ်ကာ ...

"လာလေ ... သွားကြည့်မယ်"

"ဘာကိုသွားကြည့်မှာလဲ စန္ဒီ"

"ဒီလမ်းထဲကိုလေ"

"ပင်လုံက ဒီလမ်းဟာ ဟိုဘက်မှာ ပိတ်မနေဘူးလို့

ပြောတာနော်၊ အဲဒီတည်းခိုခန်းထဲမှာ ရှင့်ယောက်ျား ရှိမေ

ဘူးလို့ မပြောဘူးနော်၊ ရှင် သွားကြည့်ဖို့ရာ စိတ်နိုင်

လား၊ ဘာကိုမှ ကံသေကံမ တွက်မထားနဲ့၊ သွားကြည့်

ဟာ နင့်အတွက် အကျိုးရှိမရှိကို သေချာစဉ်းစားဦး"

စန္ဒီက ငိုင်နေပါသည်။





"ဒီလမ်းဆုံးဟာ ပိတ်ရင်လည်း ပိတ်နေမယ်၊ ပွင့်ရင်လည်း

ပွင့်နေမယ်၊ ဒီတော့ ကိုသက်ဟာ ရှင်ထင်သလို တည်းခိုခန်း

မှာ ရှိရင်ရှိမယ်၊ မရှိရင် မရှိဘူး၊ အဲဒီမတင်မကျ အသိ

လေးကိုပဲ လက်ခံပြီး နင် ဒီကနေ လှည့်ပြန်သွားမလား၊

ဒါမှမဟုတ် သွားကြည့်မယ်ဆိုရင် နင် စိတ်ချမ်းသာသွား

ရတာလည်း ဖြစ်ရင်ဖြစ်မယ်၊ အရမ်းနာကြည်းခံစားသွား

ရမှာလည်း ဖြစ်ရင်ဖြစ်မယ်၊ နင် ရွေးချယ်ဖို့က နှစ်လမ်း၊

နင် စဉ်းစား"

စန္ဒီက ငူငူငိုင်ငိုင် ဖြစ်နေရာမှ ပင်လုံ့ကို တစ်ချက်

မ်းကြည့်သည်။ စန္ဒီ့ မျက်ဝန်းများက အကြံဉာဏ်တောင်းခံတဲ့

က်လုံးများ။ ပင်လုံက ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"ကျွန်တော် တစ်ခုပြောရမလား မစန္ဒီ"

"ပြော"

"ဟိုတ် ... ပင်လုံနော်"

"ဗျာ ... မမနိုက်"

"ဘာတွေပြောမလို့လဲကွာ၊ မင်းပေးတဲ့ အကြံဉာဏ်က

သူ့အတွက် အားဆေးဖြစ်ရင် ကိစ္စမရှိဘူး၊ သေဆေးဖြစ်

ရင် ခက်ဦးမယ်"

"ပြောပစေ နိုက်၊ ငါ ပင်လုံ ပေးမယ့် အကြံကို နားထောင်

ချင်တယ်၊ သူက ယောက်ျားတစ်ယောက်လေ၊ ပြောပါ

ပင်လုံ၊ ထင်တာတစ်ခုခု"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆိုရင် သွားကြည့်လိုက်မယ်"

"ပင်လုံ"

ခိုက်က ဟန့်သည်။

"သွားမကြည့်ရဘဲ လှည့်ပြန်သွားရင် မစန္ဒီ စိတ်ထဲမှာ ရှိရင်ရှိနေမှာ ဆိုတာကြီးပဲ စွဲသွားမှာ၊ ရှိမှာမဟုတ်ဘူးဆိုတဲ့ အထင်က စွဲသွားမှာ မဟုတ်ဘူး၊ ရှိရင်ရှိနေကြမှာ၊ ငါလက်ပူးလက်ကြပ် မကြည့်လိုက်ရဘူး ဆိုပြီး တနုံ့နုံ့ နှောင်တရနေမှာ၊ ဝင်ကြည့်ခဲ့မိရင် ကောင်းသား၊ ဝင်ကြည့်မိခဲ့ရင် ကောင်းသားနဲ့၊ မဖြစ်နိုင်ပါဘူးလို့ကို တွေးမှာမဟုတ်တော့ဘူး၊ အခုကိုပဲ မမြင်ရဘဲနဲ့ ဟုတ်တယ်ထင်လို့ ငိုနေပြီးပြီ မဟုတ်လား"

"ဟုတ်တယ်၊ ပင်လုံ ပြောတာ ဟုတ်တယ်"

"သွားကြည့်လိုက်ရင် စိတ်ချမ်းသာရာ ရနိုင်တဲ့ ရာခိုင်နှုန်းက ငါးဆယ်ရှိတယ်၊ စိတ်ညစ်ရဖို့က ငါးဆယ်ပဲရှိတယ်"

"ပင်လုံ ... အဲဒီရာခိုင်နှုန်း ငါးဆယ်ဖိုး စိတ်ညစ် စိတ်ဆင်းရဲလိုက်ရရင် သွားမကြည့်ခဲ့မိလို့ တနုံ့နုံ့ဖြစ်ရတာထက် အဆတစ်ရာ ဆိုးမှာလေ၊ တစ်မျိုးပြန်တွက်ရင် သွားမကြည့်မိရင် တအားစိတ်မဆင်းရဲရဘူး၊ သွားကြည့်ရင် ငါးဆယ်ရာခိုင်နှုန်း စိတ်ဆင်းရဲရဖို့ ရှိတယ်"

ပင်လုံက ပခုံးကို တွန့်ရင်း ပြုံးတုံ့တုံ့နှင့် ...





"အဲဒါ မစန္ဒီ ဆုံးဖြတ်ပစေပေါ့၊ ကျွန်တော်သိပြီ၊ မမခိုက်သာဆိုရင် ဘယ်တော့မှ သွားကြည့်မှာ မဟုတ်ဘူး"

"ပင်လုံနော်"

ခိုက် မျက်နှာက စူပုပ်ကာ ရင်ထဲလည်း ဒိန်းဒိန်း ဒိုင်းဒိုင်း တုန်ဟည်းသွားပါသည်။ အို ... ဖျတ်ခနဲ စဉ်းစားလိုက်မိရုံနှင့် အသည်းတွေ နှလုံးတွေ ပြုတ်ကျ ကြေမွသလို နာကျင်လိုက်တာ။ ခိုက်သာဆိုရင် စန္ဒီ့လိုပဲ မသိချင်ယောင်ဆောင်ကာ မျိုသိပ်ပြီး နေနိုင်မှာမဟုတ်ပါ။ နှလုံးသွေးရပ်ပြီး သေများသေသွားမလား မသိပါဘူး။

"ငါ သွားကြည့်မယ်"

"စန္ဒီရေ"

"မမေးနဲ့ သေချာတယ်၊ သွားမယ် ... လာ"

"ကျွတ် ... တကယ်လားဟာ"

"တကယ် ... တကယ်၊ ကဲ ... ပိုက်ဆံ အရင်ရှင်းလိုက်"

"စန္ဒီ"

"လာ ... ပင်လုံလာ၊ ပင်လုံ့ကားဆိုတော့ ပိုကောင်းတယ်၊ မိခိုက်ကားဆိုရင် ကိုသက်က သိတယ်၊ မတော်တဆ မြင်သွားဦးမယ်"

"စန္ဒီ ... နင် ပြဿနာတော့ မရှာရဘူးနော်"

"မရှာပါဘူးဟာ၊ ပြဿနာလည်း မရှာရပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မှမခိုက် ... ဟိုး တည်းခိုခန်းထဲအထိဝင်ပြီး တံခါးခေါက်ရမှာမျိုးလည်း မဟုတ်ပါဘူး၊ မစန္ဒီက သိရုံပဲသိချင်တာ၊ မြင်ချင်တာ မဟုတ်ဘူး၊ ဟုတ်တယ်နော် မစန္ဒီ"

"အင်း"

"တည်းခိုခန်းခြံဝင်းရှေ့က ဖြတ်လိုက်ရင်ကို အထဲမှာကားရှိမရှိ မြင်ရမှာပဲဟာ၊ ပြီးသွားပြီ"

"မမြင်ရရင်ကော"

"မမြင်ရရင် မြင်ရတဲ့နေရာအထိ ဝင်ကြည့်တာပေါ့"

"ပင်လုံ၊ စန္ဒီ၊ အေးဟာ၊ သဘောဟာ"

ကားပေါ်ရောက်သည်နှင့် ခိုက်က နောက်ခန်းဝင်ထိုင်ကာ ကိုယ်ကိုလျှော့ချ၍ ပုထားသည်။ ပင်လုံနှင့် စန္ဒီက ရှေ့ခန်းမှာ။ တွေ့ကြတယ်ဆိုရင် ကိုသက်ကို မျက်နှာပူသည်။ ကြည့်လည်း မကြည့်ချင်။ မြင်လည်း မမြင်ချင်။

ပင်လုံက ကားကို ခပ်ဖြည်းဖြည်းပဲ မောင်းသွားပါသည်။ ဒီနားတစ်ဝိုက်မှာ မြန်မာထမင်းဆိုင်တစ်ဆိုင်လည်း ကောင်းတာမို့ ပင်လုံ ရောက်ဖူးပါသည်။ အဲဒီတည်းခိုခန်းကိုလည်း ဖြတ်သန်းသွားလာ မြင်နေကျ။ စတိုင်ခပ်ပွဲပွဲ တည်းခိုခန်းမျိုးမို့ မစန္ဒီယောကျ်ားဟာ မရိုးသားသူကြီး ဖြစ်ရင်တောင် ဒီနေရာတော့ မလာလောက်ဘူးလို့ စိတ်က အပိုင်ထင်မိ၍ပင်။

"ဟင်"

"ဘာလဲ စန္ဒီ၊ ဘာလဲ ... ဘာလဲ"





ခိုက်က ပုနေရာမှ မေးလေသည်။

"ခြံဝင်းလေးက ကျဉ်းကျဉ်းလေး"

"အထဲမှာ ကားတော့ သုံးစီးရပ်ထားတယ် မစန္ဒီ၊ တခြားဘေးဘက်တွေ နောက်ဘက်တွေလည်း ရပ်မရနိုင်ဘူးတွေ့လား၊ ဒီကားသုံးစီးလည်း မဟုတ်ဘူးမို့လား"

"ဟင့်အင်း ... မဟုတ်ဘူး"

"ဒါဖြင့် ကိုသက် ဒီမှာမရှိဘူးပေါ့ မစန္ဒီရဲ့"

"အေးပေါ့နော်"

"ဟိုမှာ လမ်းကကျဉ်းပြီး ကွေ့သွားပြီ တွေ့လား"

"ဟယ် ... ဟုတ်သားပဲ၊ လမ်းမှမပိတ်နေတာ"

"လမ်းထိပ်ကကြည့်တော့ ဒီခြံတစ်ခြံရဲ့ အုတ်တံတိုင်းဟောင်းဟောင်းကြီးကို လှမ်းမြင်နေရတော့ လမ်းပိတ်ပြီ ထင်ရတာ၊ အမှန်က လမ်းက ကွေ့သွားတာ တွေ့လား"

"ဟုတ်ပါရဲ့"

"ကဲ ... ကိုသက်က ဒီကိုလာတာ မဟုတ်နိုင်ပါဘူး မစန္ဒီရဲ့"

နိုက်က လျှောထိုင်နေရာမှ ကိုယ်ကိုမတ်၍ ပြန်ပြင်ထိုင်ကာ ဘေးဘီကို ဟိုကြည့် ဒီကြည့် လေ့လာသည်။ ဒီလမ်းသွယ်လေးအတိုင်း ဆက်သွားရင် ဟိုဘက်တစ်နေရာမှာတော့ တခြားလမ်းမကြီးတစ်ခုကို သွားပေါက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီတော့ သူတို့က ဒီဘက်က ထွက်သွားပြီ

ငါက အလကားနေရင်း ထိပ်ကနေ ငုတ်တုတ်ပိတ်

နေရတာ မတန်လိုက်တာဟယ်"

"ဟွန်း ... ငိုက ငိုလိုက်ရသေးတယ်"

"ဒါတော့ အသည်းကို ကျွဲခတ်သလို ဖြစ်တာကိုး"

"မစန္ဒီ စောင့်နေတာ ဘယ်လောက်ကြာလဲ"

"တို့ရောက်တာ မိနစ်နှစ်ဆယ်လောက်ရှိတော့ ခို

ဖုန်းဆက်တာပဲ၊ ခိုက် ရောက်လာတာ ဆယ်မိနစ်

ငါးမိနစ်ပဲလေ၊ ဒဂုံစင်တာနဲ့ သိပ်မှမဝေးတာ၊ ခို

ရောက်တော့ ဆိုင်မှာ အခုဆယ်မိနစ်လောက်ပဲ နေ

တာလေ"

"ဒီတော့ မိနစ်လေးဆယ်၊ အလွန်ဆုံး လေးဆယ့်ငါး

ပေါ့၊ ဒီလိုနေရာကိုလာတဲ့ လူတစ်ယောက်မှာ တင်

လောက်နဲ့တော့ ပြန်မပြေးပါဘူးဗျာ၊ မစန္ဒီရဲ့ အမျိုး

ဒီကိုလာတာ ဟုတ်ကို မဟုတ်ပါဘူး"

စန္ဒီ့မျက်နှာက လန်းဆန်းကြည်လင်လာကာ အ

ကလေး တောက်ပလာရင်း ...

"အဟင်းဟင်း ... မျက်ရည်တွေတောင် နမြောတယ်"

ပါးစပ်ကို လက်ဝါးလေးနှင့် အုပ်ကွယ်ရယ်

ရှက်ကိုးရှက်ကန်း ပြော်ရှာပါသည်။





"ငါက ဟိုဟာမနှစ်ကောင်ကို မခေါ်ချင်ဘူး ခိုက်ရဲ့၊

ဒါကြောင့် နင့်ကို လှမ်းခေါ်ရတာပါဟာ၊ နင်က အပျို

မဟုတ်လား၊ ဟိုဟာတွေကတော့ ငါနဲ့ ဘဝတူ အိမ်ထောင်

သည်တွေလေ၊ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင်

စိတ်တွေ ထားတာမဟုတ်ပေမယ့် အလိုလိုနေရင်း မသိ

စိတ်က နှိုင်းနှိုင်းတွေးမိတာပဲ၊ ကိုလင်း ဗိုလ်ကျတာတွေ

နိုင့်ထက်စီးနင်း တစ်ကိုယ်ကောင်းဆန်တာတွေ ကြားရရင်

ကိုသက်က အဲသလိုကြီး မကြမ်းတမ်းတာ တော်ပါသေးရဲ့

လို့ ငါ ဖြစ်မိသလို၊ လဲ့ဝါတို့ အိစံတို့ စိတ်ထဲမှာလည်း

ကိုမင်းဦးနဲ့ ကိုလင်း၊ ကိုသက်လောက် မရှုပ်ပွေတာ

တော်ပါသေးရဲ့လို့ ဖြစ်ကြမှာပဲ ...

တစ်ခါတလေကျတော့လည်း ရှက်လို့ မဟုတ်ပေ

မယ့် စိတ်က သိမ်ငယ်မိတယ်ဟာ၊ အဲဒါကြောင့် နင့်ကိုပဲ

ငါ လှမ်းခေါ်လိုက်ရတာ၊ နင် အလုပ်ရှုပ်သွားပြီ၊ ငါတောင်း

ပန်ပါတယ်ဟာ"

"တောင်းပန်စရာ မလိုပါဘူးဟာ၊ နင်ကလည်း၊ ငါက

နင် ပိုခံစားရမှာတွေကိုသာ အားမပေးချင်တာ၊ ကျန်တာ

ဘာမဆို ကူညီဖို့ အသင့်ပါပဲ"

"ပင်လုံ ... ကျေးဇူးပဲနော်၊ ပြီးတော့ ပင်လုံ့ အကြံဉာဏ်

ကို လက်ခံမိတာလည်း ပိုမှန်သွားတယ်"

"ရပါတယ် မစန္ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"နောင်လည်း အကူညီတောင်းစရာရှိရင် ပင်လုံ့ကို ခေါ်လိုက်လို့ ရမလား"

"ရပါတယ် မစန္ဒီ"

ခိုက်က သက်ပြင်းကြီးချရင်း ...

"ကဲ ... ဒေါ်စန္ဒီ၊ အိမ်ပဲပြန်မောင်းပို့မယ်နော်"

"အေး"

"ပင်လုံ ဒီဘက်ကွေ့လိုက်၊ ပြီးရင် ..."

စန္ဒီ့ကို သူ့အိမ်ထိ ဆိုက်ဆိုက်မြိုက်မြိုက်ချကာ ပြန်ထွက်လာကြလျှင်တော့ ခိုက်သည် မျက်မှောင်လေးကြုတ်ကာ...

"အမယ်နလေး ... ရင်တွေ တုန်လိုက်တာ ပင်လုံရယ်၊ အတင်းမကန့်ကွက်ချင်လို့ သွားကြည့်ဖို့များ အကြံပြုရတယ်လို့၊ မတွေ့လို့ တော်ပါသေးရဲ့၊ ပက်ပင်းသွားတိုးနေရင် မဟာပြဿနာ၊ နာနုပ်လို့ရမှာ မဟုတ်တော့ဘူး"

"မမကလည်း ဖြစ်မှ မဖြစ်နိုင်တာ၊ ကိုသက်က တကယ်ပဲ ဒီအထိလုပ်မယ်ဆိုရင်တောင် ဒီတည်းခိုခန်းကိုတော့ မသုံးလောက်ဘူးလို့ ကျွန်တော် တွက်ပြီးသား၊ ဒီနေရာက ခပ်အော့အော့ပါ၊ လမ်းပွင့်တယ်ဆိုတာလည်း သိထားတယ်၊ ကျွန်တော်က အားလုံးတွက်ပြီးပြီ၊ ရှိကိုမရှိနိုင်ဘူးထင်လို့ မစန္ဒီကို သွားကြည့်ဖို့ တိုက်တွန်းတာပေါ့"

"အင်း ... ဉာဏ်က ပြေးတယ်၊ ဒါဖြင့်လည်း ကိုသက်က ဒီလမ်းထဲ ဘာလုပ်ဖို့ ဝင်လာလဲ မသိဘူးနော်"





"ဟိုဘက်လမ်းမကြီးရောက်ဖို့ ဖြတ်လမ်းတိုအဖြစ် သုံးတာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ်ရင် ကားပေါ်မှာ မဒီလေး ပါလာတော့ ဘယ်သူများ လိုက်လာမလဲ၊ ရှဲဒိုးလုပ်မလဲ ဆိုပြီး မျက်ခြည်ဖြတ်တဲ့ သဘောလည်း ဖြစ်နိုင်တယ်၊ နောက်တစ်ခုက ဒီဘက်ထိပ်မှာ ကားဘီးလေထိုးတဲ့ဆိုင်လေး ရှိတယ်၊ လေလာထိုးတာလည်း ဖြစ်နိုင်တာပဲ၊ ထမင်းဆိုင်လည်း တွေ့တယ် မဟုတ်လား၊ ချောင်ကျပြီး အရသာကောင်းတယ်၊ လေးဆယ့်ငါးမိနစ်အတွင်း စားပြီးလို့ ပြန်သွားတာလည်း ဖြစ်နိုင်တာပဲလေ"

ခိုက်က ပင်လုံ့ကိုသာ မခို့တရို့ မျက်စောင်းလေး ရွယ်မိတော့သည်။

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဟယ်လို"

"ဟဲ့ ... ခိုက်၊ ပင်လုံ ရှိလား"

"နင်တို့ ဘယ်လိုဖြစ်နေကြလဲ၊ ငါ့ဆီဖုန်းဆက်သမျှဟာ ပင်လုံ့ကို ရှာဖွေနေကြတာချည်းပဲ၊ ခါတိုင်းများ ငါ့ဆီဖုန်း ခေါ်ရင် ငါနဲ့စကားပြောဖို့ သက်သက်ပဲ၊ ခုဆိုရင် ပင်လုံ ရှိလား၊ ပင်လုံ ဘယ်မှာလဲ မေးဖို့ပဲ ငါ့ဆီဆက်ကြတယ်"

"အဟဲ ... ခိုက်ကလည်းဟာ၊ ဟုတ်လား ... အိစံတို့ ...
တို့လည်း ဒီတိုင်းပဲလား"

"ဒီတိုင်းပဲ"

"သြော် ... ငါကတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသ...
ပေါ့ဟယ်၊ ပင်လုံ့ကိုလည်း သေသေချာချာ လေ့လာ...
သပ်ရင်း ငါ့ကိစ္စရှိတာလေးတွေလည်း သူ့ကိုမေးမြ...
အကူအညီတောင်းရင်း၊ ပင်လုံက အစုံသိတယ်ဟာ၊ ဗဟုသု...





လည်းရှိ၊ လူသိလူခင်လည်း သိပ်များတယ်၊ အခု ငါက ငါ့ဆိုင်ခန်းရဲ့ ဆောင်းတစ်ခန်းကို တစ်ဆက်တည်း ငှားချင်တာ၊ အဲဒီဆိုင်ပိုင်ရှင်က ပင်လုံနဲ့ အခင်မင်ကြီး မဟုတ်ပေမယ့် ဆက်စပ်ပြီး သိတယ် ...

အဲဒီကိစ္စလေးလည်း သူ့ကို အကူအညီ တောင်းနေတာ၊ ပြီးတော့ ငါက ပင်လုံ့ကို နင့်အတွက် စာမေးပွဲပါ စစ်နေတာနော်၊ အနီးကပ် စစ်ဆေးပေးနေတာ၊ နင့်အတွက်ပါဟဲ့၊ အဲသလို စာမေးပွဲစစ်ကြည့်တော့မှ သူ ဘာလေးတွေ အားနည်းသလဲ၊ အားသာသလဲ ဆိုတာ ..."

"သြော် ... သြော် ...၊ စာမေးပွဲ စစ်နေတာကိုး"

"ဒါပေါ့ဟာ၊ အားရင် အားသလို နင့်အတွက် ဝိုင်းကူအကဲခတ်ပေးနေတာပဲ"

"သြော် ... အေး ... အေး"

"နင့်လေသံက ငေါ့တော့တော့ပါလား"

"မဟုတ်ပါဘူးဟယ်၊ ကဲ ... ပင်လုံ ဒီမှာမရှိဘူး၊ သူ ပြည်လမ်းဆိုင်မှာလည်း မရှိဘူး၊ နင် သူ့ကိုအလိုရှိရင် အိစံနဲ့လုပေတော့"

"ဟင်"

"နင် ခုန သူ့ဖုန်းခေါ်ကြည့်တာ မရလို့ ငါ့ဆီဆက်တာမို့လား"

"ဟုတ်တယ်၊ ဖုန်းမအားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါနဲ့ပြောနေတာ၊ အဲဒါကြောင့် မအားတာ၊ ပင်လုံ အခု အိစံဆီမှာတဲ့"

"အောင်မာ ... ဒီမိန်းမက ပင်လုံ့ကို ခေါ်ထားပြီး ဘာလုပ် နေတာလဲ"

"မသိဘူး၊ နင်တို့ဟာနင်တို့ ရှင်းကြ"

"အိစံ တစ်ယောက်က လွှန်ကိုလွှန်တယ်၊ မနေ့ကလည်း ငါ ပင်လုံ့ဆီဆက်တော့ ပင်လုံ သူ့ဆီရောက်နေတယ်၊ တောက်လျှောက်ဆွဲထားပါလား၊ ဘယ်လိုဖြစ်နေလဲ၊ သူ့ အလုပ်တွေ ဖိနိုင်းနေတာပဲနေမယ်"

"နင်လည်း ခိုင်းဖို့ ခေါ်တာပဲ မဟုတ်ဘူးလား၊ မနေ့က လည်း နင် ပင်လုံ့ဆီ ဆက်သေးတယ်ဆိုတော့ နင်လည်း မနေ့က ကိစ္စရှိလို့ပဲပေါ့"

"အမယ် ...၊ မနေ့က ငါက ငါလိုချင်တဲ့ လိပ်စာတစ်ခုပဲ မေးတာပါနော်၊ မခေါ်ပါဘူး ငါ့ဆီ"

"ခေါ်လည်း ရပါတယ်၊ နင်တို့ချင်းချင်းသာ လုကြ"

"အမယ် ... နင့်အသံကြီးက စိတ်ကောက်သံကြီး၊ နင် အခု ဘယ်မှာလဲ ခိုက်"

"ငါ ဂျန်ရှင်အိတ်ဆိုင်ကို လာနေတာ၊ ခဏနေရင် ပါ့ကင် ထဲ ဝင်တော့မယ်၊ ပါ့ကင်ထဲဝင်ရင် ဖုန်းလိုင်းမမိတော့ဘူး"

"ငါက အခု သစ္စမ္မရုံသီမှာဟဲ့၊ မေမေက တရားစခန်းဝင်နေ တော့ လိုတာလေး ငါလာပေးတာလေ၊ နင့်ဆီ ဝင်လာခဲ့ ဦးမယ်၊ ခဏတွေ့ရတာပေါ့ဟယ်"





"လာလေ"

ခိုက် ဖုန်းပိတ်ကာ ပါကင်ထိုးနေချိန်တွင် ခိုက်ရဲ့ ကားနဲ့ မလှမ်းမကမ်းမှာ ပါ့ကင်လာထိုးတဲ့ ကားတစ်စီးထဲမှ လူ တစ်ယောက်က ခိုက်ကို လက်လှမ်းပြလိုက်တာ မြင်လိုက်ရ၍ ခိုက်က ဘယ်သူများပါလိမ့်ဟု ကားတံခါးပိတ်ရင်း လှမ်းကြည့်မိ ပါသည်။

"ခိုက်ခိုက်"

"ဩော် ... ကိုသက်"

ကိုသက်က သူ့ကားကို ပါ့ကင်ထိုးပြီး ရီမှုတ်နှင့် လှမ်းပိတ်ရင်း ခိုက်ဘက် လျှောက်လာသည်။ စပို့ရှမ်နီညို ဘောင်း ဘီနက်နှင့် ကိုသက်ပုံစံက သန့်ပြန့်ပြီး ကြည့်ကောင်းနေပါသည်။ ကျောင်းတုန်းက သက်မောင်မောင် ဆိုတဲ့ ဒီလူတစ်ယောက် ချောဖြောင့်လွန်း၍ ခိုက်တို့ သူငယ်ချင်းအုပ်စု ခိုးခိုးကြည့်ကြရတာ မှတ်မိသေးသည်။

သူ့ ဟိုဘက်ကော်ရစ်ဒါက ပတ်သွားလျှင် သူ့နောက် က သိသိသာသာ မလိုက်ဘဲ ဒီဘက်ကော်ရစ်ဒါကနေ ပတ်ပြီး မျက်နှာချင်းဆိုင် ဘွားခနဲ သွားဆုံအောင် ခိုက်တို့ လုပ်ကြတာ။ ကိုသက်ကို မြင်မြင်ချင်း ရင်ခုန်စွဲလမ်းခဲ့ရရှာတဲ့ စန္ဒီ့အတွက် ဖြစ်ပါသည်။ ကျန်တဲ့ ခိုက်၊ လှဲ့ဝါနှင့် အိစံကတော့ စန္ဒီ ကြိုက်တဲ့ လူချောကြီးကို ကပ်တီးမှုးလဲ ဝိုင်းရိုတ်ပေးကြရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ကို မိန်းကလေး တစ်ယောက်ယောက်နှင့် တွဲတွေ့လိုက်လျှင် စန္ဒီ တစ်နေ့လုံး ရှမ်းနည်းနေမြဲ။ နောင်ကြာ တော့လည်း ရိုးတောင် ရိုးလာလောက်အောင်ကို ကိုသက် တစ်ယောက်က ဘေးမှာ မိန်းကလေးတစ်ယောက် တွဲပါတတ်မြဲ။ ဒါပေမဲ့ ဘယ်သူဘေးမှာပါပါ သူ့ကို သေငယ်ဇောနဲ့ မြောမတတ် ငေးမောကြွေကျ မြေခနေတဲ့ စန္ဒီ့ကို အမြဲပြုံးတုံ့တုံ့လေး ကြည့်ကြည့်သွားတတ်မြဲ။

"သူက နည်းနည်းတော့ ပွေတယ်နော်၊ ကောင်မလေးလှလှ မြင်ရင် ရောချင် တွဲချင်တဲ့ပုံမျိုးပဲ၊ ဘာမှတော့ ဟုတ်ပုံမရ ဘူး၊ တွဲတာကတော့ မရေတွက်နိုင်အောင်ပဲ၊ နင် စဉ်းစား ပါဦးဟာ စန္ဒီ"

လဲ့ဝါ ဦးဆောင်ပြီး ခိုက်တို့အားလုံး စန္ဒီ့ကိုဖျက်ဖို့ စဉ်းစား ကြိုးစားခဲ့ကြဖူးသေးသည်။ သို့ပေမဲ့ တစ်ဖက်သတ်တုန်း ကတောင် အသေအလဲ ဖြစ်နေတဲ့ စန္ဒီဟာ ကိုသက်ကလည်း သူ့ ကို စာကလေးတစ်စောင်ပေးရော ဘယ်လိုမှ ပြောမရ ဆိုမရ တားမရ ဆီးမရ။ ဘယ်သူ့မှ အသိမပေးဘဲ တိတ်တဆိတ် ခေါင်း ညိတ်အဖြေပေးပစ်လိုက်ပါသည်။ ကိုသက်ကလည်း သူ့ကို သည်း ခံခွင့်လွှတ်ပြီး ချစ်လှတဲ့ စန္ဒီ့ကိုသာ သူ့ဘဝရဲ့ လက်တွဲဖော် အဖြစ် ရွေးချယ်လိုက်တာ။

"ကိုသက် စစ်တီးမှာထ လာတာလား"





"အင်း ... ဒီမှာ ခိုက်ခိုက်ဆိုင် ရှိတာလည်းသိတော့ ခဏ တက်လာဦးမလို့"

"ကိစ္စတစ်ခုခု ရှိလို့လား ကိုသက်"

"အင်း ... စကားနည်းနည်း ပြောချင်လို့ပါ"

ဘာများပါလိမ့်လို့ ခိုက်မှာ ဇဝေဇဝါနှင့် အနည်းငယ် န့်ဖျပ်ချင်လာပါသည်။ ဘုရား ... ဘုရား။ စန္ဒီ့ကို ကိုသက် က်စက်မယ့် အကြောင်းအရာ တစ်ခုခု မဟုတ်ပါစေနဲ့။ ကိုသက် နေနဲ့ ခိုက်ကို အရေးသိမ်မပါလှပဲ အာလာပသလ္လာပစကားမျိုး ပြောစရာ အကြောင်းက သိပ်မရှိလေရာ သတ္တိခဲမကြီး ခိုက် ာ ခြေလှမ်းတွေတောင် မှားယွင်းရသည်။

သူ့ရဲ့ဇာတ်လမ်းတစ်ခုခုကို ပြောပြပြီး စန္ဒီ့ကို သူ က်ဖျက်တာမျိုး၊ လမ်းခွဲမှာမျိုး၊ ဆင်တူယိုးမှား အကြောင်းအရာ စ်ခုခု မဟုတ်ပါစေနဲ့။

"ဒါဖြင့် ဆိုင်မှာဆိုရင် လူရှုပ်နေမယ်၊ မွန်းဘောကာရီမှာ ထိုင်မလား ကိုသက်"

"ကောင်းသားပဲ၊ စကားအေးအေး ပြောလို့ရတာပေါ့"

ခိုင်က ဖုန်းကို ကမန်းကတန်းနှိပ်ရင်း ...

"အတော်ပဲ၊ လဲ့ဝါကလည်း ခိုက်ဆီလာနေတာ ဒီနားရောက် နေပြီ၊ မွန်းဘောကာရီပဲ လိုက်ခဲ့ဖို့ ပြောလိုက်ဦးမယ်၊ ဟယ်လို၊ ဟဲ့ ... လဲ့ဝါ၊ အေး ...၊ နင် ဆိုင်ထဲကိုမလာခဲ့ နဲ့တော့၊ အပေါ်ထပ် မွန်းဘောကာရီကို လာခဲ့၊ အေး ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ ငါ့ဆိုင်ရှိတဲ့ အထပ်မှာပဲလေ၊ ဒီမှာ ကိုသ
လည်း ရှောက်နေလို့ ... အေး၊ ခုလာခဲ့"

လွဲ၀ါက ဟိုဘက်ကနေ "ကိုသက်က ဘာ
ရောက်နေတာလဲ" မေးနေပေမယ့် ခိုက်က မဖြေဘဲ ဖုန်းပိတ်လို
သည်။ ဒါမှ အသည်းယားပြီး မြန်မြန်လာမှာလို့ ထင်တဲ့အတ
ခိုက်နှင့် ကိုသက် မီနူးကြည့်ပြီး မှာပြီးကာစလေး ရှိသေးသ
လွဲ၀ါ ဆိုင်ထဲ၀င်လာပါသည်။ သူရှိနေတဲ့ သင်္ခမ္မရာ်သီနဲ့ ဂျန်ရှင်အိ
ကလည်း ပြေးလာရင်တောင် ခဏလေးရယ်လေ။ ရောက်ရော
ချင်းပင် ...

"ကိုသက် ... ဘယ်လိုလဲ၊ သတင်းတွေ ကြားတယ်
"ဟုတ် ... ဘာ့ ... လဲ"

လွဲ၀ါကတော့ တုတ်ထိုးအိုးပေါက် ပြောရဲဆိုရဲ
ဖြစ်၍ အားနာပါးနာ ဟန်ဆောင် ပန်ဆောင် မရှိပေ။ လွဲ
ရောက်လာ၍ ခိုက်က အားရှိလာကာ ...

"ဟုတ်တယ်၊ ဟိုတလောကလည်း ရိပ်ခနဲ တွေ့လိုက်တ
"ဘာတွေ့တာလဲ၊ မြွေလား ကျီးကန်းလား"
"ကိုသက်ကို ပြောတာ"
"ဒီလိုပဲ သွားလာနေတာဗျာ၊ တွေ့တာ ဆန်းလား"
"တစ်ယောက်တည်းမှ မဟုတ်တာ"
"သြော် ... ဒါမျိုး ကြုံတတ်ပါတယ်၊ မထူးဆန်းပါဘူ
အရေးလည်း မကြီးပါဘူး"





"ဒါဖြင့် အရေးကြီးတာက ဘာလဲ၊ မိခိုက်ဆီကို တမင်တကာ
လာခဲ့တာလား၊ ခရီးသွားဟန်လွှဲ တွေ့တာလား"
"ဝယ်စရာလေးလည်းရှိလို့၊ ဒီမှာ ဝင်ဝယ်ရင်း ရောက်နေမှ
တော့ ခိုက်ဆီကို ခဏဝင်မယ်လို့ စိတ်ကူးလာတာ၊ ဟုတ်
တယ်ဗျ၊ လွဲ၀ါ ပြောသလို အရေးကြီးတာ ပြောစရာရှိလို့၊
လွဲ၀ါပါ ရောက်လာတာ ပိုကောင်းတယ်၊ လွဲ၀ါကိုလည်း
ပြောပြဖို့ ရည်ရွယ်ထားပါတယ်၊ စကော့ဈေးရောက်ရင်
ပေါ့၊ အိစံ ကျကော့ အိမ်မှာပဲ နေတဲ့သူဆိုတော့ အိမ်ကို
တော့ သွားပြောဖို့ အစီအစဉ်မရှိဘူး၊ သူ့အမေတို့ သူ့
ယောက်ျားတို့ရှိတော့ မသွားချင်ဘူး"
"ရှင် ဘာပြောစရာရှိလို့လဲ ကိုသက်"
"ဟို ... ဟို ... စန္ဒီ့ အတွက် စိတ်ဆင်းရဲစရာတော့
မဟုတ်ပါဘူးနော်"
"ခင်ဗျားတို့က သူငယ်ချင်း စိတ်ဆင်းရဲမှာ စိုးရိမ်နေတယ်၊
ခင်ဗျားတို့ သူငယ်ချင်းက ပျော်ရွှင်နေတာပါဗျ၊ စိတ်မချမ်း
သာတာက ကျုပ်ပါ"
"ဟင် ... ရှင်က ဘာကို စိတ်မချမ်းသာတာလဲ၊ စန္ဒီနဲ့
နေရတာကို စိတ်မချမ်းသာဘူး ဆိုတဲ့အထိ ဖြစ်နေပြီလား"
"အာ ... ကျွတ်၊ နေကြပါဦးဗျာ၊ ကျွန်တော်ပဲ ပြောပါရစေ"
"ပြောရှင်၊ ပြော ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်က သက်ပြင်းတစ်ရှိုက်နှင့် ခေါင်းကိုအသာယမ်းလိုက်ရင်း သူ့ဟဲန်းဒ်ဖုန်းကို ခိုက်တို့ကိုပြကာ ...

"ခါတိုင်းဆိုရင် ကျွန်တော် မနက် အိမ်ကထွက်၊ ညနေ အိမ်ပြန်ရောက်၊ အဲဒီကြားထဲမှာ စန္ဒီ ဖုန်းမဆက်ဘူးဆိုရင် အကြိမ်တစ်ဒါဇင်တော့ ဆက်ပြီးသားပဲ၊ အဲဒါ အနည်းဆုံး ခင်ဗျားတို့ သိတယ်မို့လား၊ အခုဘယ်နနာရီလဲ၊ အင်း ... ဆယ်နာရီပဲ ရှိပါသေးတယ်၊ ကျွန်တော် အိမ်ကထွက်လာတာ တစ်နာရီခွဲနီးပါးတော့ ရှိပြီပေါ့၊ Ring သံ လုံးဝမြည်မလာသေးဘူး၊ စန္ဒီ မဆက်သေးဘူးဗျ"

"ဘာဖြစ်လို့လဲ"

"အဲဒါ ကျွန်တော်က မေးချင်တာ၊ ခင်ဗျားတို့ စန္ဒီ အချိုးပြောင်းသွားတာ သိသိသာသာ နှစ်ပတ်လောက်ရှိပြီ"

ခိုက်ရော လှဲ့ဝါပါ မျက်လုံးကိုယ်စီဝိုင်းကာ ...

"ဘယ်လို အချိုးပြောင်းတာလဲ !"

"တစ်ခုခုကို လျှို့ဝှက်ပြီး ကျိတ်လုပ်နေတာ ယောကျ်ားတစ်ယောက်အနေနဲ့ ကျွန်တော် ရိပ်မိလာတယ်၊ စန္ဒီက ကျွန်တော့်အပေါ် အသည်းအသန် သဝန်တိုစိတ်မချတာ ခင်ဗျားတို့အားလုံး သိကြပါတယ်၊ အဲဒါ လုံးဝမရှိတော့ဘူး၊ ဖုန်းဆက်တတ်တဲ့အကျင့်ကအစ ပျောက်သွားတယ်၊ ကျွန်တော် သတိထားမိထားမိနေရာက တစ်ရက်ကျတော့ ကျွန်တော်က သူ့ဖုန်းဆီ လှမ်းခေါ်လိုက်တယ်၊ သူ့ဆီက





ခဏနေ မောင်ရေ၊ ခဏနေ မောင်လား အသံတွေ လုံးဝနီးပါး မကြားရတာ စိတ်ထဲတစ်မျိုးဖြစ်တာနဲ့ တမင်လှမ်းခေါ်တာ ...

သူ အိမ်မှာမရှိဘူးဗျ၊ အပြင်မှာ၊ အဲဒါကတစ်ချက်ပေါ့နော်၊ နှစ်အချက်က သူ့ဘေးမှာ အဖော်တော့ပါတယ်၊ သေချာတာက ခင်ဗျားတို့ မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်အသံ မသဲမကွဲ ဘေးကကြားရတယ်၊ ဒါပေမဲ့ သူ့ကိုမေးတော့ သူက သူတစ်ယောက်တည်း ဈေးဝယ်နေတာလို့ ပြောတယ်၊ သူက မညာတတ်တော့ မပိရိဘူး၊ ဖုန်းကိုတောင်အုပ်ပြီး ရှူးတိုးတိုး လုပ်လိုက်သေးတယ် ...

သူညာပြောပြီဆိုတာ သိတော့ ကျွန်တော် သူ့ကို အကဲခတ်ကြည့်တယ်၊ ညနေတွေ ညတွေမှာ တိုးတိုးတိုးတိုး ဖုန်းပြောတယ်၊ ဒါပေမဲ့ဗျာ၊ အဲဒီအထိ ကျွန်တော်က သိပ်ဆိုးဆိုး မတွက်ထားပါဘူး၊ ဘာမှန်းသာ မသိတာ၊ မနေ့ကကျတော့ သူ့ကို ကျွန်တော် ကောင်လေးတစ်ယောက်နဲ့ အပြင်မှာ တွေ့လိုက်တယ်"

လှဲ့ဝါနှင့် ခိုက် တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်မိကြပါသည်။

"ဘာလဲ ... မယုံဘူးပေါ့ ... ဟုတ်လား၊ ယုံချင်စရာလည်း မရှိဘူးလေ၊ ဒါပေမဲ့ ကျွန်တော် တကယ်တွေ့တယ်၊ ဒီကောင်မောင်းတဲ့ကားပေါ်မှာ စန္ဒီက ဘေးမှာ ရယ်လို့မော



www.burmeseclassic.com

www.burmeseclassic.com



ရှိ၊ ကျွန်တော် နံပါတ်မှတ်လို့ မရလိုက်ပေမယ့် ကားက ဟော်ဒ်ဘူးအဖြူရောင်၊ တွေ့တဲ့ကတော့ ကားအတူစီးသွားတယ်၊ ရယ်မောသွားတယ်ဆိုတဲ့ ရိုးရိုးသာမန်ပုံစံလောက်နဲ့ တွေ့ရတာဖြစ်ပေမယ့် စန္ဒီ့မှာ ဒီလိုသူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းမရှိတာ ကျွန်တော်သိတော့ ဒါ လုံးဝမရိုးဘူး၊ မရိုးသားဘူး၊ ပြီးတော့ ကျွန်တော့်ကိုလည်း သူ ဘာမှမပြောဘူး"

"ဗိုလေ ..."

ခိုက်က ပါးစပ်အဟ ...။

"ခိုက် အသာနေစမ်း၊ နင်မပြောနဲ့ ငါပြောမယ်"

ခိုက်က လဲ့ဝါကို နားမလည်ပါးမလည် ကြည့်မိသည်။ ဒါဖော့ ဗင်လုံလေ။ ဗင်လုံ ဆိုတာ ခိုက်ရော လဲ့ဝါရော သိနေတာပဲဟာ၊ သို့သော် လဲ့ဝါက ရေကြီးခွင်ကျယ် အေးစက်နေတဲ့ မျက်နှာထားနှင့် ...

"ရှင် အခုပြောနေတာ ဆံတစ်ပင်တင်း ဖြစ်နေတဲ့သဘောလား၊ ကိုယ့်မိန်းမ အကောင်တစ်ကောင်နဲ့ တွဲနေတယ်ဆိုပြီး သဝန်တိုနေတာပေါ့၊ ဟုတ်လား"

"သဝန်တိုတာ မဟုတ်ဘူး လဲ့ဝါ၊ သဝန်တိုတယ်ဆိုတာ ရည်းစားဘဝလောက်မှာပဲ အသုံးများတာပါ၊ လင်မယားဘဝမှာ သူ နောက်တစ်ယောက်နဲ့တွဲလို့ ကျွန်တော် သဝန်မတိုဘူး၊ ဒေါသဖြစ်တာ သိတ်ပစ်ချင်တာ၊ မယုံကြည်နိုင်





တဲ့စိတ်နဲ့ ဒေါ်တော်ကြီး ဓာတ်ပျက်နေလို့ လာပြောပြတာဗျ၊ လုံးဝမထင်ဖူးတဲ့ ကိစ္စလေ၊ မဖြစ်သင့်တဲ့ မဖြစ်ရမယ့် ကိစ္စ"

"ဒီတော့ ရှင် ဘာလုပ်ချင်လဲ"

"ဘာလဲဗျ၊ ခင်ဗျားမေးခွန်းက၊ ဒီကိစ္စ ခင်ဗျားတို့ သိနေကြသလား"

"မသိပါဘူး၊ စန္ဒီကလည်း တကယ်ပဲ သူ ရှုပ်တိရှုပ်ပွေ လုပ်နေရင် ကျွန်မတို့ကို ဘယ်ဖွင့်ပြောမှာလဲ၊ ဒါပေမဲ့ အခု ကျွန်မတွေးနေမိတာကတော့ စန္ဒီ နှစ်နဲ့ချီပြီး ခံစားနေခဲ့ရတဲ့ ခံစားချက်ကို ရှင် အခု ကိုယ်ချင်းစာတတ်သွားပြီဆိုတာပဲ၊ ရှင် ခံစားဖူးသွားပြီလေ၊ သဝန်တိုတာ တစ်ခုတည်း မဟုတ်ဘူး၊ ဒေါသလည်းပါတယ်၊ ဝမ်းနည်းတာလည်းပါတယ်၊ ရှက်တာလည်းပါတယ်၊ ရှင် ခုလိုခံစားရတာ ကျွန်မတော့ အရမ်းဝမ်းသာတာပဲ"

"ဟာဗျာ ... ခင်ဗျားတို့ကလည်း"

"ရှင်ခံရပြီဆိုပြီး ဝမ်းသာတာ မဟုတ်ပါဘူး ကိုသက်ရဲ့။ ရှင် စန္ဒီ့အတွက် ခံစားရတယ် ခံစားချက်ရှိတယ် ဆိုတာကို ကျွန်မ်သူငယ်ချင်းအတွက် ဝမ်းသာတာ"

"ခံစားချက် ရှိတာပေါ့ဗျ၊ ကိုယ့်မိန်းမပဲ၊ ဘာတွေ ဘယ်လိုဖြစ်ဖြစ် ကိုယ့်မိန်းမကတော့ မိန်းမပဲပေါ့"

"ဪ ... ရှင်တို့က အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ကာယကံရှင် မဟုတ်တော့ ပေါ့ရှတ်ရှတ်
နောက်ပြောင်နေနိုင်တာပေါ့ လို့ဝါ၊ ပြောပါ၊ ခင်ဗျားတို့
ကျွန်တော့်ကိုလည်း ခပ်ချဉ်ချဉ်ရှိကြမှာဆိုတော့ ပြော
တာသာ ပြောကြပါ၊ ကျွန်တော် ပြောချင်တာက ကျွန်
ကို ကလဲ့စားချေရုံမျိုးလောက်ပဲဖြစ်ဖြစ် စန္ဒီ မလုပ်သင့်ဘူ
ဗျာ၊ လုံးဝမဖြစ်သင့်ဘူး၊ သဝန်တိုတာမျိုးထက်စာ
ယူကျုံးမရတာက ပိုပါတယ်"

နိုက်သည် ကိုသက်ကို လို့ဝါ တမင်တကာ ဟ
ပေးချင်နေတယ်ဆိုတာ နားလည်သော်လည်း စန္ဒီ ဖြေရှင်းမရ
မှာကိုလည်း စိုးရိမ်မိရာ ...

"ဒါဝေမဲ့ ကိုသက် ထင်သလို မရိုးမသား ပတ်သက်
ဟုတ်ချင်မှ ဟုတ်မှာပါ၊ တစ်ထစ်ချ မစွပ်စွဲပါနဲ့ဦး ကိုသ
ရယ်"

"သူ ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ ထားနေတာ
ရိုးသားတဲ့ကိစ္စတစ်ခုကို လင်ရယ် မယားရယ်ကြားမှာ
ကွယ်ထားမလား"

"စန္ဒီ့အပေါ်မှာလည်း ကိုသက် မပြောဖြစ်ခဲ့တာတွေ အများ
ကြီးရှိတယ် မဟုတ်လား"

"ဒါတွေ ခုချိန်မှာ ပြောနေလို့ အပိုပဲဗျ၊ ကျွန်တော် သိချ
တာက ဒီကိစ္စကို ခင်ဗျားတို့ သိမသိဆိုတာရယ်၊ မသိ
ဆိုရင် ဒီကိစ္စကို စုံစမ်းပြီး ပိုင်းဝန်းတားဆီး ကာကွ
ပေးဖို့ရယ်၊ ဒါပဲ"





ကိုသက်ရဲ့ မျက်နှာဟာ သွေးရောင်လျှမ်းနေသည်။ တားဆီးကာကွယ်ပေးရမည်ဆိုတဲ့ စကားကြောင့် ထိုကိစ္စအတွက် စန္ဒီ့ကို သူ မစွန့်လွှတ်ဘူးလို့ ဆိုလိုတဲ့သဘောပင်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ကျွန်တော်က မစန္ဒီရဲ့ပုံစံကို ပြင်လိုက်တာ မမခိုက်ရဲ့၊ ကိုသက်အကြောင်း ကျွန်တော် ဟိုဟိုဒီဒီ လိုက်စုံစမ်းလိုက်ပြီးပြီ၊ ကိုသက်က ဘာမှမဟုတ်ဘူး၊ နည်းနည်းလေးကြောင်တတ်တာလေးပဲ၊ ကီပင်လ်လည်း မဟုတ်ဘူး၊ စမောလ်လည်းမဟုတ်ဘူး၊ ဘာအလေးအနက်မှ မဟုတ်ဘူး၊ ရောတတ်တာတွဲတတ်တာလေး တစ်ခုပဲ၊ မိန်းမလှလှလေးတစ်ယောက်က တောင်းဆိုရင် ပူဆာရင် ဟင့်အင်း မပြောတတ်တာ၊ ကြည့်ကျက်ငြင်းဖို့ကိုပဲ အားနာနေတာ၊ အဲသလို မိန်းမလှလေးတွေက သူ့ကို သဘောကောင်းကြီးဆိုပြီး ခင်မင်တာ အားကိုးတာကိုလည်း သူက သဘောကျတာ၊ သူလုပ်ပေးမယ်၊ သူ ကူညီမယ်၊ သူ့နားမှာ 'ဦး' 'ဦး'နဲ့ 'အစ်ကိုကြီး' 'အစ်ကိုကြီး'နဲ့ ကောင်မလေး လှလှပပတွေ ချွဲနွဲ့ဝိုင်းကပ်နေမှာမျိုးကို ကြောင်တတ်တဲ့လူမျိုး သက်သက်ပဲ ...





ဘယ်မိန်းကလေးကိုမှလဲ သွားမဖောက်ပြန်ဘူး၊ ဘာမှမဟုတ်ဘူး၊ ဟိုပို့ပေး ဒီပို့ပေး၊ သွားလာ စားသောက်ဒါပဲ။ မစန္ဒီကလည်း အသည်းနုလွန်းတယ်၊ နောက်ကလိုက်ချောင်း၊ ဖုန်းတွေဆက်၊ ငိုလိုက် ယိုလိုက်၊ တကယ်ဖြစ်နေတာထက်ကို ပူလောင်မွန်းတူနေတာ၊ သူ့ယောက်ျားနောက် ရှဲဒိုးလိုက်ဖို့ ကျွန်တော့်ကို ခေါ်တယ်၊ သူ့မှာအဲသလိုလိုက်ချောင်းရတာကိုက သူ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်နေပြီ မမရဲ့ ...

ကျွန်တော် သူ့ကို သူ့ယောက်ျားအကြောင်း ရှင်းလည်းပြပြီးပြီ၊ ဘာမှလဲ မဟုတ်တာကိုလည်း မြင်အောင်ပြပြီးပြီ၊ ဖုန်းလိုက်လိုက်ဆက်မနေဖို့လည်း တားထားတယ်၊ သူလုပ်တာက ယောက်ျားအတွက် အနှောင့်အယှက်တောင်ဖြစ်သေးတယ်၊ ခုတော့ မစန္ဒီလည်း နည်းနည်းတည်ငြိမ်သွားပြီဗျ၊ သူ့ယောက်ျားကို ဖုန်းလိုက်ဆက်တာ။ ရုံးကိုမပြောမဆို ဗြုတ်ခနဲ ပေါက်ချသွားတာ၊ နောက်က ရှဲဒိုးလိုက်တာ၊ ဒါတွေကို သူ ရပ်လိုက်ပြီ။ ကိုသက်ကို ကျွန်တော်က ကောင်းတယ်၊ အပြစ်မရှိဘူးလို့ ပြောတာတော့ မဟုတ်ပေမယ့် အဆိုးကြီး မဟုတ်ပါဘူးဆိုတာ သူ ဖြေသာအောင် ပြောပြတာပါ။ တကယ်ဖောက်ပြန်နေတဲ့လူတွေက ဘယ်လိုလဲ ဆိုတာပါ ဗဟုသုတသိရအောင် ပြလိုက်သေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



စမောလ်ထားနေတဲ့ လူတစ်ယောက်က အချိန်မှန် အိမ်ပြန်နိုင်ပါ့မလား၊ ကိုသက်က ကိုလင်းလောက်တောင် အိမ်ပြန်မိုးမချုပ်ဘူး၊ ရုံးဆင်းလို့ ဟိုသွား ဒီလာရှိလည်း ခဏပဲ၊ သူ့အသိထဲမှာ သူ့ကိုယ်သူ အပြစ်ရှိလှတယ်လည်း သူ ထင်မနေဘူး၊ ဒါ သူ့ဝသီ သူ့ဗီဇလို ဖြစ်နေတယ် မဖြစ်ရင် ကောင်းပေမယ့် တော်ရုံတန်ရုံ အရေးမပါတာကို ပစ်ထားလိုက်ပါလို့ မစန္ဒီကို ဖျောင်းဖျထားတာ၊ တော်ကြာ ကိုယ်လိုက်လုပ်မှ ရှက်ရမ်းရမ်းပြီး အရေးပါလာဦးမယ် ဟိုတစ်နေ့ညက မစန္ဒီကို စားသောက်ဆိုင်တစ်ဆိုင်ကို ခေါ်သွားပြလိုက်တယ်၊ နာမည်ကြီး ကောင်မလေးတွေ လှတဲ့ဆိုင်လေ၊ အောက်ကနေမှုံးပြီး သီချင်းတွေတောင်းနေတာ၊ ယိုင်တိယိုင်ထိုးနဲ့ ပန်းကုံးတွေတက်စွပ်၊ လက်ဆွဲ ဂျိတ်ဆက်တွေဖြစ်၊ စားပွဲထိုးတွေက ပွဲစားတွေပြန်လုပ် အပြင်ခေါ်ထုတ်သွားနဲ့ ရှုပ်ယှက်ခတ်နေတာ၊ အဲဒီလူတွေ ထဲမှာ ကိုသက် မပါဘူးလေ၊ ဒါက အကောင်းဘက်က မြင်ပြီး ကျေနပ်ဖို့ပဲ မဟုတ်လား"

နိုက်က ရင်ကိုဖိကာ ...

"အမယ်လေး ... ညဘက် စားသောက်ဆိုင်တောင် ခေါ် သွားလိုက်သေး၊ ခုမှသိတယ် ကြည့်စမ်း၊ အဲဒီနေ့က သူတို့ လင်မယား စကားများတာ ရှင်သိရဲ့လား ပင်လုံ၊ လင်မ ယား စကားများတယ် ဆိုပေမယ့် ကိုသက်ကချည်





ဒေါ်ကန်တာပါ၊ စန္ဒီက ဘာမှပြန်မပြောဘူးတဲ့၊ သူ့သူငယ် ချင်းတစ်ယောက် မွေးနေ့ပါတီသွားတာပါလို့ ပြောတယ်တဲ့၊ ကိုသက်က မ,တို့တွေဆီ ဖုန်းတွေဆက်တယ်၊ စန္ဒီကြိုမှာ မထားတော့ အိုးနင်းခွက်နင်းတွေ ဖြစ်ရတာပေါ့၊ မ,တောင် စိတ်ထဲမှာ စန္ဒီ့ကို တကယ်များ ဒီမိန်းမ ဇာတ်လမ်းတစ်ခု ရှိနေပြီလား တွေးမိသေးတယ်၊ ရှင် ကြည့်ကျက်လည်းလုပ် ဦး ပင်လုံရေ၊ တကတဲမှပဲ၊ သူများလင်မယား ကွဲကုန်ဦး မယ်၊ ဟိုလူ့ကူညီရ ဒီလူ့ကူညီရနဲ့ သူ့မှာ မိုးပေါ်က သီကြားမင်း ကျနေတာပဲ၊ အားလုံးက ဝိုင်းခင်မင်ကြ အား ကိုးကြတာကို ရှင် သဘောတွေကျ ကျေတွေနပ်နေတာ"

"အဟားဟား ... မမကလည်း၊ ကျွန်တော်က ကျွန်တော် ကူညီလိုက်လို့ လူတစ်ဖက်သား ပြေလည်သွားရင် အရမ်း စိတ်ချမ်းသာတာပဲ၊ အဲဒါ ကျွန်တော့် ဝါသနာပဲ မမနိုက် ရဲ့။ အခုလည်း ကိုသက်ကို မစန္ဒီက ဖွင့်ပြောလိုက်ပြီးပါ ပြီ၊ အဲဒါ နိုက်ရဲ့ခင်ပွန်းလောင်း၊ လက်ထပ်တော့မှာ၊ မစန္ဒီ အကူညီတောင်းလို့ လိုက်ကူညီပေးတာ ဆိုတာ ကိုသက် သိပြီးသွားပြီ၊ ဒီနေ့ပဲ ကိုသက်ဆီကနေ မမနိုက် ဆီ ဖုန်းလာလိမ့်မယ်၊ ညကျ ကျွန်တော်တို့ နှစ်ယောက်ကို ကိုသက်က ဒင်နာကျွေးချင်လို့"

"အမယ်လေး ... အဲဒီ ဒင်နာလိုက်စားရတဲ့ အလုပ်ကို လည်း စိတ်တွေကုန်လှပြီ၊ လှဲဝါတို့လင်မယားကတောင်



www.burmeseclassic.com

www.burmeseclassic.com



လင်ကရွေးလိုက်၊ မယားကရွေးလိုက်၊ ဘယ်နှခေါက်ရှိနေပြီလဲ"

"ပျော်စရာကောင်းပါတယ် မမကလည်း"

နိုက်က ပင်လုံကို ခပ်စိုက်စိုက်လေး ကြည့်လိုက်ပါသည်။

"ရှင် စဉ်းစားကြည့်စမ်း ပင်လုံ"

"ဘာလဲ မမနိုက်"

"ပင်လုံနဲ့ မ,နဲ့က မိတ်ဆွေလည်း မဟုတ်တော့ဘူး သမီးရည်းစားလိုကျတော့လည်း မတူဘူး၊ လက်ထပ်မယ်လို့ ရည်ရွယ်စိတ်ကူးထားတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အခု ပြန်ကြည့်လိုက်တော့ မင်းကို လုံးဝခြင်းထားတဲ့ အချိန်တွေတုန်းက မင်း မ,နား အရှမ်းကပ်တယ်၊ ကြိုးစားအားထုတ်ရတုန်း ရှိသေးတာကို၊ ခုနောက်ပိုင်း လူကြီးတွေပါသိ၊ သဘောတူကြတယ်လို့ အသိတွေပေးထားပြီး တစ်နေ့ လက်ထပ်ဖြစ်မှာ သေချာတဲ့ အနေအထားလည်း ရောက်ရော တစ်နေ့ တစ်နေ့ မင်းကို မြင်တွေ့ရဖို့ ဖူးမြော်ရဖို့ မပြောနဲ့၊ တစ်ခါတလေ ဖုန်းတောင်ဆက်လို့မရဘူး ဖြစ်လာရော"

"အာ ... မမ,ကလည်း၊ အဲဒါက မမဆန္ဒအရ မမရဲ့ သူငယ်ချင်းတွေကို ကျွန်တော်က, အဝင်တာဖျူးဝင်နေရတာလေ"





"မဟုတ်ပါဘူး၊ အဲဒီ ခေါင်းစဉ်ကို စ,မိတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ရှင့်အနေနဲ့ ဝတ်ကျေဝတ်ကုန် တစ်ခါလောက်သွား မျက်နှာပြပြီး ပြီးလိုက်လို့ ရပါတယ်၊ သုံးယောက်ထဲမှာ လုံ့ဝါတစ်ယောက်လောက်ပဲ လက်ချာတွေရိုက်ချင်၊ ဆံရာမကြီးလုပ်ချင်တဲ့သူ ပါတာ၊ ကျန်တဲ့နှစ်ယောက်က လုံ့ဝါရဲ့ ဖော်လိုလောက်ပါပဲ၊ အဓိက,က ရှင့်ကိုက စိတ်ပါနေတာ"

"မမနိုက်ကလည်း"

"မမနိုက်က မလည်းနဲ့၊ ရှင့်ကိုယ်၌က စိတ်အားတွေ ထက်သန်နေတာ ပင်လုံရဲ့၊ ခုတော့ ရှင့်အမေတွေ ရှင့်အစ်မတွေဆီကလည်း ကြားဖူးနားဝတွေ ရှိပြီး သိရပြီ၊ ရှင်ဟာတဲ့ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်လေယာဉ်စရိတ်နဲ့ကိုယ်သွားပြီး ဟိုး မြစ်ကြီးနားက သူငယ်ချင်းပြဿနာကိုတောင် လိုက်ရှင်းပေးတယ်ဆိုတာ ..."

အဲသလို ရှေခြားမြေခြားတွေ့ပါ လိုက်ကူညီတာမျိုး၊ မိန်းမတောင် လိုက်ခိုးပေးတာမျိုး၊ တစ်အိုးတစ်အိမ်ပါ ဟားရမ်းထူထောင်ပေးခဲ့တာမျိုး၊ ဘယ်သူကမှ အကူညီမတောင်းဘဲနဲ့တောင်၊ ရှင်တို့အိမ်မှာ မွေးလည်းမွေးစား လက်တိုလက်တောင်းလည်းခိုင်းဖို့ ခေါ်လာပို့ထားတဲ့ ရှစ်နှစ်ကိုးနှစ် သမီးလေးကို သူ့အဖေဘက်ကအမျိုးတွေ လက်မကြည်ဖြူလာအောင် ကိုယ်ဖိရင်ဖိ ကြိုးစားတာ ပိုက်လေလည်း



www.burmeseclassic.com

www.burmeseclassic.com



သိန်းချီကုန်ပြီး ရှင် ငှက်ဖျားတောင် မိလာတာဆို၊ ရှင့်ကို ပင်လုံရေ တစ်ခုလောက်ကွာလို့ စကားမစလိုက်နဲ့ အိမ်ပစ် ဆိုင်ပစ် အလုပ်ပစ် ကူညီတော့တာဆို"

"အာ ... မမခိုက်ကလည်း ကျွန်တော်က သူငယ်ချင်းတွေ အကူညီလိုနေတာရှိရင် မသိချင်ယောင်ဆောင်မနေတတ်လို့ပါ"

"မိတ်ဆွေအပေါင်းအသင်းကို ကူညီချင် ရက်ရောချင်တဲ့ စိတ်ရှိတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းက ပြဿနာတစ်ခုခုရှိတဲ့ဟာကို ဝင်ပြီးဆေ့စပ်ချင် ညှိနှိုင်းပေးချင် ဖြေရှင်းပေးချင်တဲ့ ဝါသနာ၊ ကိုယ့်ကိုယ်ကိုယ် Negotiator ကြီးလို လုပ်ပေးတာ အောင်မြင်သွားတဲ့အပေါ် ဂုဏ်ယူကျေနပ်သာယာတတ်တဲ့အကျင့် ရှိနေတာ ပင်လုံရဲ့"

"အာ ..."

"မအာနဲ့တော့၊ အဲဒါ လုံးဝဟုတ်တယ်၊ ရှင့်ဒက်ဒီရဲ့မှတ်ချက်ကလည်း ဒီတိုင်းပဲ၊ ဉာဏ်အားလည်းစိုက်တယ်၊ လူအားလုပ်အားလည်းစိုက်တယ်၊ ငွေအားလည်းစိုက်တယ်၊ ဆံထုံးလည်းစိုက် ဆီလည်းစိုက် ဆိုတာမျိုးပေါ့၊ စ,သိရကတည်းက ဟိုမှာဆုံပြီး မြန်မာချင်းဆိုတာလည်းသိရော မဝင်နဲ့ အကူအညီ တောင်းလိုက်တာတစ်ခုကို ပင်လုံ သေချာဂရုစိုက် ကူညီပေးရင်း သိကျွမ်းခင်မင်ကြတာပဲလေ၊ အဲဒီတော့ ... ..."





"အဲဒီတော့ ဘာဖြစ်လို့လဲ မမခိုက်"

"အိမ်ထောင်သည်ဘဝမှာ ဒီအချက်ကလည်း ထည့်တွက်ရမယ့် အချက်မျိုးပဲ ပင်လုံ၊ ကိုယ်ယောကျ်ားက တလန်းလန်းနဲ့ တခြားကိစ္စတွေပဲ လိုက်လုပ်နေမယ့် အဖြစ်မျိုးတော့ ဘယ်မိန်းမမှ သဘောကျမှာ မဟုတ်ဘူး"

"အာ ... မမကလည်း၊ ကျွန်တော်က အဲလောက်ကြီးလည်း လိုက်လုပ်နေမှာမှ မဟုတ်ပဲ၊ အခုက လူလွတ်မို့ပါ"

"အဲဒီစကားက မယုံရဆုံးပဲ၊ လူလွတ်မို့ လူပျိုမို့ ဒီလိုနေတာပါ၊ အိမ်ထောင်ကျရင် ပြင်မှာပါ ဆိုသမျှက အိမ်ထောင်ကျပြီးရင် ဘယ်တော့မှ ပြင်မရတော့ဘူးမှတ်၊ ယောကျ်ားတစ်ယောက်ရဲ့ အကျင့်ဗီဇဆိုတာ မိန်းမက ချွတ်နိုင်ခဲပါဘိခြင်း ပင်လုံရယ်"

"မမခိုက် ... ဘာတွေပြောနေတာလဲ၊ မမပုံစံက စိတ်ပျက်လက်ပျက်ကြီး ဒီကိစ္စလောက်က ဒီလောက်အပြစ်ကြီးလို့လား၊ ဒီလောက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းလို့လား၊ ဒီလောက်တွေဝေဖို့ လိုလို့လား"

"အင်း ... အဲဒီအဖြေကို မသိတာ"

"မမကလည်းဗျာ"

"တီတီ ... တီတီ ... တီတီ"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



ခိုက်က ဖုန်းကိုကြည့်ကာ အိစံ အမည်တွေ့လျှင် ...

"ဘာလဲ၊ ပင်လုံ့ဖုန်း ပိတ်ထားလား"

"ဟုတ်"

သူ့ကိုအလိုရှိတဲ့ဖုန်းတွေ များလှ၍ ပင်လုံက နိုက်အနားရောက်လျှင်တော့ ဖုန်းကို ပိတ်,ပိတ်ထားလိုက်တတ်သည်။

"ကြည့် ...၊ ရှင့်ဆီခေါ်မရလို့ ကျုပ်ကိုခေါ်တာ၊ အရင်က များ အိစံ ဆိုတာ သူ့ယောကျ်ားနဲ့ ရန်မဖြစ်သရွေ့ မ,ဆီ ဖုန်းကိုမခေါ်ဘူး၊ သူ့ယောကျ်ားနဲ့ ရန်ဖြစ်မှ ရင်ဖွင့်ဖို့ မ,ကိုခေါ်တာ၊ ခုတော့ နှစ်ရက်ခြား တစ်ခါဆိုသလိုမှန်လို့"

"တီတီ ... တီတီ"

"ဟယ်လို"

ခိုက်က ခပ်ဆောင့်ဆောင့် အသံနှင့် ထူးလိုက်ပါသည်။

"ပင်လုံရှိလားဟဲ့ ခိုက်"

"အေး ရှိတယ်၊ ဘာလုပ်ဖို့လဲ"

"အမယ်လေး ... အသံကြီးကလည်း၊ ဟဲ့ ... သူ ဒီနေ့ ငါ့အမေကို ဗေဒင်ဆရာကြီး '......'ဆီက ဘွတ်ကင်ယူထား ပေးမယ်ပြောတယ်၊ အဲဒါ နံပါတ်ဘယ်လောက်လဲ၊ ဘယ်တော့ သူလာခေါ်မလဲ သိချင်လို့"

"နေဦး"





နိုင်က ပင်လုံ့ဘက်လှည့်ပြီး ...

"ဗေဒင်ဆရာ ဆီမှာ အိစံအမေ နံပါတ်ဘယ်လောက်လဲ"

"ဆယ့်နှစ်ရအောင် ယူပေးထားတယ်လို့"

"ဟဲ့ ... အိစံ၊ ဆယ့်နှစ်တဲ့"

"ပင်လုံ့ကို ဖုန်းပေးလိုက်စမ်းပါ၊ ငါမေးမလို့"

"မေးမနေနဲ့တော့၊ နင်တို့သားအမိ ကိုယ့်ဘာသာပဲ သွားလိုက်တော့၊ ပင်လုံ မအားဘူး၊ ငါ နိုင်းထားတာရှိတယ်"

"ဟင် ...၊ သူက ပို့ပေးမယ် ပြောထားတာ"

"အေး ... အခု မပို့နိုင်တော့ဘူး၊ သူ အလုပ်တအားရှုပ်နေတယ်"

"ဖုန်းတောင် မပြောနိုင်လောက်အောင် ရှုပ်နေတာပေါ့"

အိစံအသံက အောက်ကလိအာ။

"ဟုတ်တယ်ဟေ့၊ ကိုယ့်မင်္ဂလာကိစ္စတောင် ကိုယ်မလုံးပန်းနိုင်အောင် အလုပ်တွေများလွန်းလို့၊ သူ့ကို ခြေချုပ်ချထားတယ်၊ ဒီကနေစပြီး မင်္ဂလာဆောင်ကိစ္စ သူ ရှုပ်နေပြီ သိလား၊ မင်္ဂလာဆောင်တဲ့ ပွဲကျမှပဲ သူ့မျက်နှာကို ပြန်တွေ့နိုင်မယ်၊ ဒီကြားထဲတော့ ကိုယ့်ကိစ္စ ကိုယ့်ဟာကိုယ်ပဲ ကြည့်ကျက်ဖြေရှင်းလိုက်ကြတော့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးနော်... လေသံကြီးက၊ အေးပါဟယ်၊ နင်တို့ မင်္ဂလာဆောင်ကိစ္စ ရှုပ်တော့မယ်ဆိုတော့ အဲဒါကို ဦးစားပေးရမှာပေါ့၊ နင်တို့ ယူပြီးသွားမှ အေးအေးဆေးဆေးကျမှပဲ ..."

"အေး ... ဒါပဲနော်"

နိုက်က ဖုန်းကိုပိတ်ချလိုက်တော့သည်။ စိတ်တွေတိုကာ မျက်နှာကလည်း စူပုပ်ပုပ်။ ပင်လုံ့ကိုများ အားအားလျားလျား သူတို့ဝိုင်းနိုင်းဖို့ ကျနေတာပဲ။ လူကဲခတ်သလိုလို အင်တာဗြူးသလိုလိုနဲ့ နိုင်းလို့ကကောင်းနေတော့ ခုထိ ဘာမှတ်ချက်မှ မယ်မယ်ရရ ထွက်မလာပဲ လေ့လာလို့ပဲ မပြီးနိုင်အောင် ဖြစ်နေကြတာ။

"တီတီ ... တီတီ"

နိုက်က ဖုန်းကို အံကြိတ်ကြည့်ကာ နှိပ်ဖွင့်လိုက်ရင်း ...

"ဟယ်လို"

"နိုက်လား"

"အေး ... လုံ့ဝါ၊ ပင်လုံ မအားဘူး၊ ဟုတ်တယ် မအားဘူး၊ လာလို့မရဘူး x x x x ... ... ... ... x x x x ... ... ... ... x x x x ... ... ... x x x x ...

အေး ... အေး ... ဒါပဲ"





ပင်လုံက နိုက်ကို ချစ်စနိုးကြည့်ကာ တဟားဟားပွဲတွေကျနေပါတော့သည်။

"ရယ်မနေနဲ့တော့၊ လက်ထပ်ပြီးရင်တော့ ရှင် ဒီအကျင့်ကို ဖျောက်တော့ ပင်လုံ၊ ခုကတည်းက လေ့ကျင့်၊ ဟွန်း"

❖ ❤ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အိမ်ထောင်ရေးတစ်ခုမှာ လင်ယောကျ်ားဘက်ကဖြစ်စေ၊ ဇနီးမယားဘက်ကဖြစ်စေ အားနည်းချက် ချို့ယွင်းချက်ဆိုတာကတော့ ပုထုဇဉ်တိုင်း ရှိကြတာချည်းပင်။ တချို့က နည်းနည်းဆိုး များများကောင်း၊ တချို့က အသင့်အတင့်ဆိုး အသင့်အသင့်ကောင်း၊ တချို့က များများဆိုး နည်းနည်းကောင်း။

လုံးဝရာစရာမရှိ ဆိုးတယ်ဆိုတဲ့သူ လောကမှာမရှိသလို စင်းလုံးချော မြူမတင်အောင် ကောင်းတယ်ဆိုတဲ့သူလည်း လောကမှာ မရှိနိုင်တာပါ။ တချို့က ဒီအပြစ်ကို ခွင့်လွှတ်နိုင်ပေမယ့် တချို့က ဒီအပြစ်ကို ခွင့်မလွှတ်နိုင်ပဲ ဟိုအဖြစ်ကိုတော့ ဥပေက္ခာပြုထားနိုင်တာမျိုး။ လူချင်း စိတ်ချင်း မတူညီတဲ့အတွက် တချို့အိမ်ထောင်တွေဟာ ဘာမဟုတ်တဲ့ ပြဿနာမျှလောက်နဲ့ ကွဲကြ ကွာကြ။ ဒီပြဿနာမျိုးပဲရှိတဲ့ တခြားအိမ်ထောင်တစ်ခုကျတော့ ကွဲကွာရတဲ့အထိ မဖြစ်ဘဲ ဆက်လက်စွဲမြဲလို့။





ချစ်ခြင်းမေတ္တာကို ခိုင်ခိုင်မာမာ အခြေခံထားပြီး ဆင်ခြင်တုံတရားလေးနဲ့ တည်ဆောက်ခဲ့တဲ့ အိမ်ထောင်တို့ဟာ၊ ပေါ့ပေါ့လေးတွေးကာ စိတ်လှုပ်ရှားမှု တဒင်္ဂကြောင့် တည်ဆောက်ခဲ့တဲ့ အိမ်ထောင်တွေထက် စာလျှင်တော့ အုတ်မြစ်ခိုင်မာတယ် ဆိုရမှာပင်။ ကုသိုလ်ကံကြမ္မာနှင့်လည်းဆိုင်ကာ ထီထိုးသလိုပဲလို့ ဆိုလေ့ရှိကြတဲ့ ဒီအိမ်ထောင်မှုကိစ္စကြီးကို အလွယ်တည်ဆောက်ဖို့ မသင့် တော်သလို အလွယ်ဖြိုဖျက်ဖို့လည်း ကောင်းတဲ့အရာ မဟုတ်ပါ ချေ။

နေ့တွေ နှာမ်တွေ ဇာတာတွေ တိုက်ကြ၊ အခါကောင်းတွေ ရွေးချယ်ကြ၊ ဘယ်လောက်ကြီးပဲ ခြိမ့်သဲ ဝှဲချီးကျင်းပ ကျင်းပ၊ နှစ်ဦးအကြား နားလည်မှု သည်းခံခွင့်လွှတ်မှု ညှာတာထောက်ထားမှု အနစ်နာခံမှု ဆိုတာတွေ မရှိခဲ့ရင်တော့ "နောင်ပြင်ရန်ခက်တဲ့အမျိုး"လို့ဆိုကြတဲ့ အိမ်ထောင်မှုကိစ္စကြီးမှာ ပြီးပြည့်စုံခြင်း၊ ချမ်းမြေ့သာယာခြင်း ဆိုတာတွေ ဘယ်လိုပိုင်ဆိုင် ခံစားနိုင်ကြပါမည်လဲ။

တကယ်တမ်းတော့ ကာယကံရှင်တို့နှစ်ဦးအပေါ်သာ အရာရာ မူတည်နေတယ်ဆိုတာ နားလည်နှလုံးသွင်းထားနိုင်ဖို့ လိုအပ်ပါသည်။ အဲဒီအသိလေးတစ်ခုနဲ့ စိုးရိမ်တာတွေ၊ ပူပန်တာတွေကို ဘေးကိုဖယ်။ ဘဝတစ်ခုကို အစပြုဖို့ လက်တွဲတော့မည့် ခိုက်နဲ့ပင်လုံတို့ရဲ့ မင်္ဂလာဖိတ်စာကလေးက မကြာခင်မှာပဲ ဆွေမျိုးမိတ်သင်္ဂဟ အသိုင်းအဝိုင်းကြားထဲ ပျံ့နှံ့ခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိမ်းမြားမင်္ဂလာ ညှော်ခံပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့ ပြည်လမ်းနေ ဦးတင်ဦး+ဒေါ်ချောကလျာ တို့၏

သားထွေး

မောင်ပင်လုံ B.A(English)

Glamour Men's Fashion

နှင့်

ရန်ကုန်မြို့၊ သုခဝတီလမ်းနေ ဦးအောင်ထွန်း+(ဒေါ်ခင်အေးချမ်း) တို့၏

တစ်ဦးတည်းသောသမီး

မချမ်းနိုက်နိုက် B.A(Eco)

Fascination Fashion Centre

တို့ကို

မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားမင်္ဂလာ ဖ ◌င်နှင်းမည်

ဖြစ်ပါ၍ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပါရန်

ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

❖ ❤ ❖

လမင်းမိုမို

www.burmeseclassic.com